

ရခိုင်လျှောက်ထုံးများ
နန္ဒာထွန်း

ရခိုင်လှမြင့် စီစဉ်သည်

# နန္ဒာထွန်း
# ရခိုင်လျှောက်ထုံးများ

ဖြန့်ချိရေး
ရခိုင်သားကြီးစာပေ
၁/၅၅၊ ကျွန်းရွှေဝါလမ်း
ဘုရင့်နောင်ပွဲရုံတန်း၊ ရန်ကုန်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓါနကျသောတာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| - နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။<br>- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။<br>- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။<br>- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။ | - စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။<br>- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။<br>- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။<br>- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။ | - တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။<br>- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။<br>- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။<br>- တမျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။ |

# ပုံနှိပ်ထုတ်ဝေမှုမှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | ■ | ၄၈၁/၂၀၀၂ (၆) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ■ | ၈၄၇/၂၀၀၂ (၁၁) |
| မျက်နှာဖုံးဓါတ်ပုံ | ■ | နန္ဒာထွန်း |
| ထုတ်ဝေသူ | ■ | ဦးတင်ရှိန်<br>စန်းရောင်ရှိန်စာပေ<br>၄/၁၇၇၊ မေခလမ်း<br>မြောက်ဥက္ကလာပ၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ■ | ဒေါ်ခင်ခင်ဝင်း<br>ကလျာအော့ဖ်ဆက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသည့် ကာလ | ■ | ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | ■ | ၁၀၀၀ |
| တန်ဖိုး | ■ | ၁၀၀၀ ကျပ် |
| အတွင်းဖလင် | ■ | အောင်တင်အေးနှင့် သမီးများ<br>၃၄ လမ်း၊ ရန်ကုန်မြို့။ |
| စာစီစာပြု | ■ | ရခိုင်သားကြီးကွန်ပျူတာ |
| မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း | ■ | ဦးခင်မောင် |

# မာတိကာ


၁။ သီရိရာဇာမင်း၏ အိပ်မက်လျှောက်ထုံး ၇

၂။ ထိုမင်းလက်ထက် ဥပါပျံ နန်းပြသဒ်၌ကျသည်ကို လျှောက်ထုံး ၉

၃။ စန္ဒာသူရိယမင်းကြီးလက်ထက်
မြေလှုပ်၊ ဂြိုဟ်သွား၊ ပျားစွဲသည့် လျှောက်ထုံး ၁၀

၄။ သူရိယကေတုမင်းလက်ထက်
ငှင်းတငှက် သားတစ်ချိုလျက် နန်းတော်၌ ကျနားသည့် လျှောက်ထုံး ၁၂

၅။ မဟာသူရိယ စန္ဒြားမင်း၏သားတော်
အိမ်ရှေ့မင်း သူရိယစန္ဒြားအတွက် အိမ်ရှေ့မိဖုရားရွေးရန် လျှောက်ထုံး ၁၃

၆။ စူဠစန္ဒြားမင်းအား ရှေးထုံးမဖျက်သင့်ကြောင်း လျှောက်ထုံး ၁၅

၇။ ဒသရာဇာမင်းလက်ထက် ဘိသိက်တော်အစီအရင် လျှောက်ထုံး ၁၇

၈။ ဒသရာဇာမင်းလက်ထက်
ပလ္လင်တော်၌ ပျားစွဲသည့်အကြောင်း လျှောက်ထုံး ၂၅

၉။ ဒသရာဇာမင်းလက်ထက် အမတ်တော်ကိုယ်ရံကြီးဇေယျဗိုလ် စစ်ချီစဉ်
တပ်ဦးတွင် ကြိုးကြာငှက် သားရေကို ကိုက်ချီပျံလာရာ
မင်းရသည့်အကြောင်း လျှောက်ထုံး ၂၇

၁၀။ ဒသရာဇာမင်းလက်ထက် မဟာမုနိဘုရား ချွေးထွက်သည်၊
အချိန်မဟုတ် မိုးကြီးရွာသည်၊ မိုးကြိုး နန်းမှာကျသည့်
နိမိတ်များအကြောင်း လျှောက်ထုံး ၂၈

၁၁။ အနုလို(နေ့လုံး)မင်းလက်ထက် ပြည်စိုးကြီးအမတ် ဗိုလ်ဓမ္မဇေယျစစ်ချီစဉ်
တပ်ဦးတွင် ကျီးနှင့်ဖျိုင်းခွပ်သည့် လျှောက်ထုံး ၂၉

၁၂။ မင်းထီးလက်ထက် နွားခိုးမှုဖြတ်ရန် လျှောက်ထုံး ၃၂

၁၃။ ရာဇသူ(ဝရဓမ္မရာဇာ)မင်းလက်ထက်
တောင်နန်းမိဖုရားမြှောက်ရန် လျှောက်ထုံး ၃၅

၁၄။ ဝရဓမ္မရာဇာမင်းလက်ထက် နိမိတ်များအကြောင်း လျှောက်ထုံး ၃၈

၁၅။ မင်းစောမွန်(နရမိတ်လှ)မင်းလက်ထက်

ညီတော်ကိုမာန်ဝင်၍ သံတွဲကိုမတိုက်သင့်ကြောင်း လျှောက်ထုံး ၃၉
၁၆။ မင်းစောမွန်(နရမိတ်လှ)မင်းလက်ထက်
မြို့မပြောင်းသင့်ကြောင်း လျှောက်ထုံး ၄၃
၁၇။ မြောက်ဦးမြို့ နရနု(အလီခင်)မင်းလက်ထက် အင်းဝမြို့ နရပတိမင်းတို့
အပြန်အလှန်ပြုကြသော ရာဇသံ စာသဝဏ်လွှာနှစ်စောင် ၄၆
၁၈။ မင်းပါကြီး ကုလားပြည်ကိုသိမ်းရာ အကြံပြုလျှောက်ထုံး ၅၁
၁၉။ တပ်တော်ထွက်၍ စစ်ချီစဉ်ဖြစ်သော တိတ်နိမိတ်နှစ်ချက် လျှောက်ထုံး ၅၆
၂၀။ မင်းပါကြီးလက်ထက်
တပင်ရွှေထီးချီလာရာတွင် လျှောက်ထုံး (မဟာပညာကျော်) ၅၈
၂၁။ မင်းတရားရွှေထီးထံ မဟာပညာကျော်လျှောက်ထုံး ၆၅
၂၂။ မင်းဖလောင်းလက်ထက် မြို့သစ် ပြောင်းသင့်၊မပြောင်းသင့် လျှောက်ထုံး ၆၆
၂၃။ ရခိုင်ဘုရင် မင်းဖလောင်းထံမှ တောင်ငူဘုရင်
ဘုရင့်နောင်ကျော်ထင်နော်ရထာထံသို့ စာသဝဏ်ပေးပို့ခြင်း ၆၈
၂၄။ မင်းဖလောင်းလက်ထက် ဥသလင်းစားအရေးတွင်
မင်းအားညွှန်ပြသော လျှောက်ထုံး ၇၁
၂၅။ မင်းဖလောင်းလက်ထက် ရှေးစား ငစနေအား
အပြစ်မှလွှတ်ပေးသော လျှောက်ထုံး ၇၇
၂၆။ သူမိုက်တို့စကားကို မယုံအပ်ကြောင်း လျှောက်ထုံး ၇၉
၂၇။ အကျင့်ပျက်မိဖုရား ရှင်နှောင်းအရေးတွင် ကယ်မသောလျှောက်ထုံး ၈၂
၂၈။ မင်း၏သားတော်လတ် သံတောင်စား အပြစ်ကျူးလွန်ရာတွင် လျှောက်ထုံး ၈၄
၂၉။ သူဌေးခွန်သာကြီး သားသမီးအမွေမှု ဖြတ်ထုံး ၈၅
၃၀။ ပြည်သူဆင်းရဲသားတို့ အမွေကို မင်းတို့ ခံသင့်၊မခံသင့် လျှောက်ထုံး ၈၆
၃၁။ အကျင့်ပျက် တန်ဆောင်မိဖုရားအရေးတွင်
မင်းအားညွှန်ပြသော လျှောက်ထုံး ၈၇
၃၂။ မင်း၏ ပတ္တမြားလက်စွပ် သုံးကြိမ်တိုင်ပြန်ရောက်သည်တွင်
မှုခင်းစီရင်သော လျှောက်ထုံး ၉၁
၃၃။ ရဟန်းတစ်ပါး၏ ရွှေငွေအမွေမှု ဖြတ်ထုံး ၉၅
၃၄။ ငွေအိုးတွေ့ရာ အဝေမညီမျှ ဖြတ်ထုံး ၉၇

၃၅။ သိဟိုဠ်မင်းက ပဟေဠိသဝဏ်လွှာပို့ရာ၌ ဖြေကြားသည့်လျှောက်ထုံး ၉၈
၃၆။ သိဟိုဠ်ကျွန်းသူဌေး၏ အဖိုးလက်ထက်က မြီဟောင်းအမှုဖြတ်ထုံး ၁၀၀
၃၇။ သူဌေးတစ်ဦး မြေမြှုပ်အသပြာ အခိုးခံရမှုကို
ဖော်ထုတ်စီရင်သော ဖြတ်ထုံး ၁၀၂
၃၈။ သံတွဲမြို့ကို မည်သူ့အား စားစေသင့်ကြောင်းလျှောက်ထုံး ၁၀၄
၃၉။ သားတော် သံတောင်စား ငစုန် အပြစ်ကျူးလွန်ရာတွင် လျှောက်ထုံး ၁၁၇
၄၀။ ရှိုပြည် ပသိကုလားမင်းအား မင်းကြီးဘုန်းတော်ကိုသိစေသော
အစီအရင်လျှောက်ထုံး ၁၂၁
၄၁။ ရိုးကျွန်းမှ ရှင်ယောင်စေတီဖျက်မှုတွင် လျှောက်ထုံး ၁၂၄
၄၂။ ကုလားမျာလီ မီးချောင်းစားအရာတောင်းခြင်းနှင့် မိဖုရားကြီးလာဘ်စားမှု
လျှောက်ထုံး ၁၂၆
၄၃။ မိန်းမတစ်ဦး၏ သန္ဓေရှင်ယိုးစွပ်မှုဖြတ်ထုံး ၁၂၈
၄၄။ ယိုးဒယားအမတ်ဟောင်း ကံသာမြို့စားအား
ချီးမြှောက်ကယ်မသော လျှောက်ထုံး ၁၃၀
၄၅။ ငယ်ကျွန်ငလုံးတင် အမ်းမြို့စားအရာတောင်းရာ၌ လျှောက်ထုံး ၁၃၃
၄၆။ ထားဝယ်သား လူတစ်ထောင်ခန့် ခိုဝင်လာရာ၌ လျှောက်ထုံး ၁၃၅
၄၇။ ခမည်းတော် နန်းဟောင်းရာ ဖျက်သင့်၊မဖျက်သင့် လျှောက်ထုံး ၁၃၆
၄၈။ ပြင်မြို့ဟောင်း ဖျက်သင့်၊မဖျက်သင့် လျှောက်ထုံး ၁၃၈
၄၉။ ဒေလီမြို့ကို တိုက်သင့်၊မတိုက်သင့် လျှောက်ထုံး ၁၄၀
၅၀။ ဆင်ကဲကြီး သေလွန်ရာတွင် လျှောက်ထုံး ၁၄၂
၅၁။ ဗလကျော်သူနှင့် တုရင်မဏိသူတို့ ခိုဝင်သည့်အရေးတွင် လျှောက်ထုံး ၁၄၅
၅၂။ မင်းနှင့်စပ်သော အဆောင်အရွက်နှင့်ပတ်သက်၍ လျှောက်ထုံး ၁၄၉
၅၃။ အတွင်းသင်းမှူး ချစ်သူကို
သားတော်ထွေး၏ အကြီးတော်ခန့်သင့်၊မသင့် လျှောက်ထုံး ၁၅၁
၅၄။ သေသောအခါ ငရဲသို့ ရောက်အပ်သူကို လျှောက်ထုံး ၁၅၄
၅၅။ မင်းတို့ ကျင့်အပ်၊တင့်အပ်ရာ
ဘုန်းကျက်သရေကို ညွှန်ပြသော လျှောက်ထုံး ၁၅၆
၅၆။ ပဲခူးမင်းတမန် စကားတောင်စားအရေး၌ လျှောက်ထုံး ၁၆၁

၅၇။ ရခိုင်ပြည်၌ တရားမစောင့်သောမင်းများအကြောင်း လျှောက်ထုံး ၁၆၇

၅၈။ ပြည်အင်္ဂါ၊ မင်းအင်္ဂါ၊ မှူးမတ်အင်္ဂါ စသည်များ လျှောက်ထုံး ၁၆၉

၅၉။ မင်းရာဇာကြီးလက်ထက် တောင်ငူကို စစ်ကူသင့်၊မသင့် လျှောက်ထုံး ၁၈၁

၆၀။ မင်းရာဇာကြီးမှ သားတော်မင်းခမောင်းအား အပြစ်ပေးမည်ရှိရာ
အမတ်ပညာဝံသလျှောက်ထုံး ၁၈၆

၆၁။ သီရိသုဓမ္မရာဇာလက်ထက် သူငယ်တို့ဆိုသောစကားကို
အမတ်ငလက်ရုံးလျှောက်ထုံး ၁၈၉

၆၂။ နရပတိမင်းကြီးမှ ဘုရားတည်ရန်အကြောင်း မေးလျှောက်သည်ကို
ဆရာတော် တစ်ကျိပ်နှစ်ပါး မိန့်ဆိုသည့်ထုံး ၁၉၁

၆၃။ မင်းမိဖုရား သားသမီးတို့ကို မှူးမတ်ပြည်သူတို့ အိမ်ထောင်ဖက်
ပြုကောင်း၊မပြုကောင်း ဆရာတော်တစ်ကျိပ်နှစ်ပါး မိန့်ဆိုသည့်ထုံး ၁၉၅

၆၄။ ထီးနန်းတိုင်းပြည်ကို မည်သို့သောသူမျိုးအား အပ်သင့်ကြောင်း
ဆရာတော်တစ်ကျိပ်နှစ်ပါးတို့ မိန့်ဆိုသောထုံး ၁၉၈

၆၅။ အင်းဝကို မတိုက်သင့်ကြောင်း လျှောက်ထုံး ၂၀၁

၆၆။ ရခိုင်မင်းထံ အင်းဝအမတ် မင်းကြီးနန္ဒကျော်ထင်၏
အင်းဝမြို့အကြောင်း လျှောက်ထုံး ၂၀၄

၆၇။ စန္ဒပရမရာဇာ၏သားတော် ဥဘော်ဝေအတွက်
နို့ထိန်းနို့တိုက်ရွေးရန် လျှောက်ထုံး ၂၀၇

၆၈။ အဘယမဟာရာဇာလက်ထက် အမတ်ခန့်ထားရန် လျှောက်ထုံး ၂၁၀

၆၉။ ကျွန်တို့ကို လက်နက်အပ်ရန်မသင့်ကြောင်း လျှောက်ထုံး ၂၁၂

၇၀။ ဒါးပိုင်ကြီး ငသောကြာ စစ်တွေကျွန်းကုလားတို့အား ဆုလာဘ်ပေးပြီး
အားစုကြောင်း လျှောက်ထုံး ၂၁၄

၇၁။ စန္ဒဝိမလမင်းလက်ထက် နိမိတ်များအကြောင်း လျှောက်ထုံး ၂၁၈

၇၂။ စန္ဒဝိမလမင်းလက်ထက် စနည်းသုံးရပ်အကြောင်း လျှောက်ထုံး ၂၂၂

၇၃။ စစ်ချီရာ နိမိတ်များအကြောင်း လျှောက်ထုံး ၁၀၆

၁

# ကြမ်းကျွံခြင်း

‘လက်ထဲမှာလည်း စာအုပ်တစ်အုပ်နန့်ကာ ဆရာ။ ထိုင်ပါပလင်။ ဇာပြောစရာ ဟိပါလေ။ ’

‘ဒေ ရခိုင်လျှောက်ထုံးများစာအုပ်ပြီးဗျာယ်။ ဒေစာအုပ်ပိုင် ၁၉၆၈–ခုနှစ်လောက်က ဟံသာဝတီပုံနှိပ်တိုက်ကလေ့ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကဝိသာရမထေရ်ရီးခရေ **မဟာပညာကျော်လျှောက်ထုံးများ** ဆိုရေ စာအုပ်တစ်အုပ် ထွက်ခဖူးရေလို့ ငါဖတ်ဖူးရေဝေး’

‘ဟုတ်ပါရေ ဆရာ။ ယင်းစာအုပ်က ရှာလို့တောင် မရလိုက်ပါဗျာယ်’

‘အမှန်ဆို ငါရို့ရခိုင်တိမှာ လျှောက်ထုံးတိ အေထက်မက ဟိလီဖို့ဒေ။ ထပ်ပနာ ရှာသင့်ရေ’

‘ဟုတ်ပါရေ။ ကျွန်တော်ကလေ့ ယင်းပိုင် ရခိုင်လျှောက်ထုံးတိကို စုပနာထုတ်ကတ်မေဆိုပြီးကေ လွန်ခရေ(၆)နှစ်လောက်က ကျွန်တော်ထုတ်ခရေစာအုပ်တိမှာ ကြော်ငြာထည့်ခဖူးရေခါ ဒေဆရာ နန္ဒာထွန်းက အဂုရိုက်ဖို့ပျင်နီရေ **ရခိုင်လျှောက်ထုံးများ** ဆိုပနာ စာမူတစ်အုပ်ကိုရာ ပို့ဖူးပါရေ။ ကျန်လူတိ တစ်ယောက်ပါးကလေ့ သတင်းအစအနတောင် မရပါကာ ဆရာ’

‘အေးနှင့်ရာဝေ။ အဂု ဒေစာအုပ်ကိုရာ အကောင်းဆုံး လုပ်ပီးလိုက်ကတ်ဖို့ဗျာယ်။ နောက်နောင် ရခိုင်လျှောက်ထုံးတိ ရောက်လာကေလေ့ နောက်တစ်အုပ်အသစ်လုပ်ကတ်ဖို့နှင့်ရာ။ အေစာအုပ်မှာ အမှာစာအနေနန့် ဇာအကြောင်းကိုရီးဖို့လို့ မင်း စဉ်းစားထားလေ။ ငါကတော့ ဘဝင်မကျရေ ကိစ္စတစ်ခုဖြစ်တေ လှမြင့်အောင်(တောင်ကုတ်) ရွှေကျွန်းသန္တာ(၂)မှာရီးလားခရေ ‘ရခိုင်ပြည်နယ်၏ မြို့နယ်မဂ္ဂဇင်းများ’ဆိုရေ ဆောင်းပါးကို မင်း ပြန်ပြောရီးသင့်ရေလို့ ထင်ရေ။ ငါမဟိရေခါက ဖြစ်လားခရေကိစ္စတိဖြစ်နီလို့ မင်းပြောမှလေ့ သဘာဝကျဖို့’

‘ကျွန်တော် တစ်ခုလေ့ မပြောပဲနီစွာကို ဆရာ ဘဝင်မကျဖြစ်နီပါရေဟာန်။ ပြောစရာတိအများကြီးဖြစ်လို့ မပြောပဲနီစွာပင် ကောင်းဖို့လားလို့ မပြောစွာပါရာ’

‘ယာ ယင်းဆောင်းပါးမှာ စီစဉ်သူ၊ စီစဉ်သူလို့ အခါတစ်ရာလောက် ပါနီစွာကိုတောင်မှ မင်းမပြောကေ မင်းနာမည်တိုက်ရိုက်ပါမှ မင်း ပြောဖို့လား’

‘ဟုတ်ပါဗျာယ်ဆရာ။ ကျွန်တော် အတတ်နိုင်ဆုံး အစီအစဉ်တကျ စဉ်းစား

ဗျာယ် ပြောပါမေ’

‘ကိုရမ္မာဆိုစွာ ၁၉၇၆–ခုလောက်က ကိုရမ္မာရို့ စစ်တွေကောလိပ်မှာ တက်နီရေခါကပင် ကျွန်တော်နန့် ရင်းနှီးဖူးသူပါ။ နာမည်ရင်းက ကိုဖိုးနု။ ရမ်းဗြဲမြို့မှာ နီပါရေ။ ကိုရမ္မာရေ ရမ္မာဝတီမဂ္ဂဇင်းအမှတ်(၃)ကို ထုတ်ဝီဖို့အတွက် ရန်ကုန်မှာ လိုအပ်တေကိစ္စတိကို ကူညီဆောင်ရွက်ပီးဖို့ ကျွန်တော့်ကို အကူအညီတောင်းပါရေ။ ကျွန်တော်ကလေ့ အလွယ်တကူနန့်ဗျာယ် အတတ်နိုင်ဆုံးကူညီပါမေလို့ သဘောတူလိုက်ပါရေ။ ယင်းမဂ္ဂဇင်းကိုလုပ်ရစွာ ကောင်းကောင်း တာဝန်ပေ့ါပါရေ ဆရာ။ အတွင်းအပြင်အဆင်၊ မျက်နှာဖုံးဒီဇိုင်းတိကိုလေ့ ကိုရမ္မာကိုယ်တိုင် ဆောင်ရွက်ပနာ အားလုံးကိုအပြီးသတ် ပြင်ဆင်ပီးပါရေ။ ကိုဖိုးနုရေ ရမ္မာဝတီမဂ္ဂဇင်းတိကို အကြိမ်ကြိမ်လုပ်ခဖူးသူဖြစ်လို့ ဒီဇိုင်းဇာပိုင်လုပ်ရဖို့ဆိုစွာကို ကျွန်တော့်ထက် ပိုလို့သိသူပါ။ ယေနန့် ရမ္မာဝတီမဂ္ဂဇင်း အမှတ်(၃)ကို မျက်နှာဖုံးဒီဇိုင်းဆင်ဗျာယ် မျက်နှာဖုံးရှင်တိနာမည်ကို ကွန်ပျူတာစာစီ၊ ဖြတ်ညှပ်ကပ်လုပ်၊ ပြီးခါမှ သေသေသပ်သပ် စနစ်တကျ ကျွန်တော့်ကိုအပ်ပါရေ။ ကျွန်တော်ကလေ့ အပြီးသတ်မျက်နှာဖုံးကို စာပိစီစစ်ရေးမှာ အဖုံးခွင့်ပြုချက်ရအောင် ဆောင်ရွက်ပါရေ။ ယင်းမှာ (၁)လ၊ (၁)လခွဲကြာရေခါ စာပိစီစစ်ရေးက ခွင့်ပြုချက်ရလို့ ယင်းမျက်နှာဖုံးကို ဖလင်ခန်းမှာအပ်၊ ဖလင်ခွဲပနာ မဂ္ဂဇင်းစာအုပ် ထွက်လားခလီယင့်ဆရာ။ စာအုပ်ထွက်လို့ အင်တန်လောက်ကြာခါမှ ကိုရမ္မာ ကျွန်တော့်ပါးကိုရောက်လာရေ။ အစ်ကိုလုပ်စွာ ကျွန်တော် အဆဲခံနီရဗျာယ်လတ်။ ဇာဖြစ်လို့လဲ မျက်နှာဖုံးရှင်နာမည် ရှေ့နောက်လွဲပနာ အစ်ကိုထည့်ပီးလိုက်စွာ သိရေမနားကိုလတ်။ ကျွန်တော်က မလုပ်လိုက်။ ကျွန်တော် တစ်ခုဆိုတစ်ခုလည်း မလုပ်လိုက်။ ယေကေ အသူလုပ်လေ။ တရားခံအသူလေ။ နောက်ဆုံး သေချာစီစစ်လိုက်တေခါ ဖလင်ခန်းမှာ မျက်နှာဖုံးဒီဇိုင်းမှာကပ်ပီးလိုက်တေစာ ကွာကျလားခလို့ ပြန်ကပ်လိုက်တေခါ ရှေ့နောက် လွဲလားခရေလတ်။ တရားခံက ကျွန်တော် ရခိုင်လှမြင့်ပါ’

‘ဒေကိစ္စကို မင်းနန့် ကိုရမ္မာရာသိရေ။ လှမြင့်အောင်(တောင်ကုတ်) ဇာပိုင်သိလားခလေ’

‘သူ့ကို ကိုရမ္မာပြောပြလို့ သိရေဆိုဗျာယ် ယင်းဆောင်းပါးမှာ ပါရေဝ်’

‘ယေကေ ထိုကိစ္စဝ်။ ကျိန်းရိပ်မြေ(၂)က မျက်နှာဖုံးသျှင်ကိစ္စလေ’

‘ဟုတ်တေဆရာ။ ကျိန်းရိပ်မြေ(၂)ကို အဂု ဦးခင်မောင် ဒီဇိုင်းဆင်ရေ။ မျက်နှာ

ဖိုးကို သူပျင်ရေ။ သူဒီဇိုင်းဆင်ဖို့အတွက် မြို့နယ်က ပို့ပီးလိုက်တေဓါတ်ပုံတိကို သူ့ကိုအပ်တေ။ မျက်နှာဖိုးရှင်နာမည်တိစွာ ဓါတ်ပုံနောက်မှာ ရီးလို့ပါရေ။ ယေခါ သူပျင်ရင်းဆင်ရင်း အတွင်းမှာပါရေ အလှစာမျက်နှာသျှင်နန့် မျက်နှာဖိုးသျှင်နာမည်လွဲပနာပါလားခရေ။ ယင်းကိစ္စတော့ခါ ကျွန်တော် တောင်းပန်ပါရေ။ ကျွန်တော်မှားစွာပါရာ။ တရားခံက ရခိုင်လှမြင့်ပါ။ သူရို့မသိပဲဟိလီရေကိစ္စတစ်ခုက စိုင်းတင်မဂ္ဂဇင်းမှာလေ့ မျက်နှာဖိုးသျှင် နာမည်လွဲလားစွာတစ်ခုလေ့ ဟိနီပါသိရေဆရာ’

‘ဟုတ်လာ’

‘နောက်တစ်ခုက မြောက်ဦးမဂ္ဂဇင်းအမှတ်(၂)မှာ **သိကြားမင်းက ပီးရေဆီး** လို့ ဝတ္ထုတစ်ပုဒ်နာမည် ဖတ်ဖူးရေမဟုတ်ပါ လား။ ယင်းဝတ္ထုကို ဦးခင်မောင်က ခေါင်းစီးကို သေချာလုပ်ဗျာယ် မဂ္ဂဇင်းတစ်အုပ်လုံးဖလင်ခွဲဖို့ ဖလင်ခန်းကို အပ်လိုက်ပါရေ။ ယေခါ ဖလင်ခန်းက ဖလင်ဆရာက သိကြားမင်းကပီးရေ ဆီးမဖြစ်နိုင်၊ ဆီရာဟိဖို့ဆိုပနာ ဝစ္စနှစ်လုံးပေါ်က်ကို ဖျက်ပီးလိုက်ပါရေဆရာ။ မဂ္ဂဇင်းက အသေအချာအကျအနလုပ်လို့ ထွက်လာရေအခါမှ နမူနာစာအုပ်ကိုကြည့်လိုက်တေခါ ‘သိကြားမင်းမှာပီးရေ ဆီ’ ဖြစ်နီရေ။ ယေခါ သိရေမနားဝေ ဦးခင်မောင်၊ မင်းဇာပိုင် လုပ်လိုက်စွာလေ၊ ဇာကိုလေအစ်ကိုကြီး၊ ကျွန်တော်တစ်ခုလည်း မသိကာ၊ ယာကြည့်ယာ မင်း။ ကျွန်တော် သေချာလုပ်ပီးလိုက်တေဝါ၊ တစ်ခုခုမှားစွာရာဟိဖို့ ပြန်ရှာကြည့်ကတ်တေခါ တရားခံက ဖလင်သမား။ ကျွန်တော်ရို့ပြန်ပနာ ယင်းဝတ္ထုမှာ ဝစ္စနှစ်လုံးပေါ်က်ကို ဆော့ပန်နန့်ရီးဗျာယ် ထည့်ပီးလိုက်ပါယင့်ဆရာ။ တစ်ယောက်လည်း မသိလီကတ်။ နတ်မြစ်မဂ္ဂဇင်းအမှတ်(၁) မျက်နှာဖိုးမှာလေ့ ခြီထောက်တစ်ဖက်လိုနီလို့ ဘိုင်စကုတ်မင်းသမီးတစ်ယောက် ခြီထောက်ကိုဖြတ်လို့ ထည့်ပီးဖူးရေဝါ’

‘ဟုတ်လာ’

‘မြောက်ဦးမဂ္ဂဇင်းအမှတ်(၂)မျက်နှာဖိုးကို ကြည့်ပနာ သူက ရသမြောက်အောင် ခံစားချင်ရေလို့ ဆိုပါရေကာဆရာ။ မျက်နှာဖိုးကို သူမြင်ရေအမြင်နန့် ကျွန်တော် ပြရေအပြကတော့ တူနီရေ။ ကျကွဲလားရေ ပန်းကန်တစ်ချပ်ကို စပ်ဟပ်ကြည့်ရေပိုင် ကြည့်စီချင်လို့ ကျွန်တော်ပြလိုက်စွာပါ။ သူကလေ့ ယင်းပိုင် မြင်ပါရေလတ်’

‘အေး ဟုတ်တေ’

‘ကျွန်တော် စီစဉ်ထုတ်ဝီလိုက်တေ မဂ္ဂဇင်းတိမှာ စာအုပ်အလှပျင်ဆင်သူကို

ရှာမတွေ့လို့ဆိုရေ။ ဟုတ်တေ၊ စာအုပ်အလှ ဒီဇိုင်းပြင်ဆင်သူရေ တစ်ယောက်တည်း မဟုတ်တေအတွက် ကျွန်တော် မထည့်မိ။ ဥပမာပြောရဖို့ဆိုကေ မျက်နှာဖုံးဒီဇိုင်းကို ဦး စိန်ကြီး၊ အတွင်းပြင်ဆင်မှုကို ဦးခင်မောင်၊ ကဗျာပျင်ဆင်မှုကို ခင်မောင်စော။ အေပိုင်ဖြစ်နီရေအတွက်နန့် ကျွန်တော် မထည့်မိ။ ကျွန်တော့်ဘက်က မှားရေဆိုကေလေ့ မှားလားခရေရာဟိပါဖို့'

'သူက ပြောရေဝေ၊ ကျွန်ုပ်တို့ ရခိုင်ပြည်နယ်မဂ္ဂဇင်းတိမှာ စာအုပ်အလှပျင်ဆင်မှုကိုရှာလျှင် ဘဲဥအစရှာရသည်ထက် ခက် သည်လတ်ဝေ။ မင်း ဇာပြောဖို့လဲ'

'ဟုတ်တေဆရာ။ စာအုပ်အလှပြင်ဆင်မှုကို မြန်မာပြည်ထွက် ထိပ်တန်းမဂ္ဂဇင်းတိနန့် နှိုင်းယှဉ်ဖို့ဆိုကေ သူပြောရေပိုင် ဟိဖို့နှင့်ရာ။ ဂုလက်ဟိ မြန်မာပြည်မှာ စီးပွားရေးမဂ္ဂဇင်း၊ ဘာသာရေးမဂ္ဂဇင်း၊ စာပေမဂ္ဂဇင်း အားလုံးပေါင်းလို့ မဂ္ဂဇင်းပေါင်း (၁၀၀) ကျော်ထွက်တေလတ်ဆရာ။ ယင်းမဂ္ဂဇင်းတိထဲက ထိပ်တန်းမဂ္ဂဇင်း (၄–၅)အုပ်နန့် နှိုင်းဖို့ဆိုကေ ကျွန်တော်ရို့မဂ္ဂဇင်းရေ ညံ့ဖို့နှင့်ရာ။ ယင်းထိပ်တန်းမဂ္ဂဇင်းတိရေ တစ်ကြိမ်ရိုက်ကေ အုပ်ရေသုံးလေးသောင်းစီ ရိုက်ကတ်တေလတ်ဆရာ။ ကျွန်တော်ရို့မဂ္ဂဇင်းတိက အုပ်ရေ(၂၀၀၀)ရိုက်တေမဂ္ဂဇင်းတောင် ခပ်ရှားရှား။ ကျွန်တော်ရို့မဂ္ဂဇင်းတိမှာ ဒီဇိုင်းပြင်ဆင်ခရေ တစ်အုပ်လုံးကိုမှ အဂုထိ နှစ်သောင်းခွဲရာယူရေ။ ယင်းထိပ်တန်းမဂ္ဂဇင်းတိမှာ ဒီဇိုင်းပြင်ဆင်ခကို သိန်းဂဏန်းထိတောင်ပီးကတ်တေလို့ပြောရေ။ ယင်းပိုင်ကွာဟမှုကို တူဆိုလို့ အရည်အခြင်းတူနိုင်ပါဖို့လားဆရာ။ နောက်တစ်ခုက မြို့နယ်မဂ္ဂဇင်းတိကိုလုပ်တေခါ မြို့နယ်ကပို့လိုက်တေ ဓါတ်ပုံနန့်လုပ်ရစွာ။ တစ်ခါတစ်လီ ဓါတ်ပုံမပါ။ တစ်ခါတစ်လီ ဖြစ်ကတတ်ဆန်း ဓါတ်ပုံရိုက်လို့ပို့လိုက်စွာ။ ယင်းဖြစ်ကတတ်ဆန်းဓါတ်ပုံကို ဒီဇိုင်းနာက လက်မခံ။ ကျွန်တော်က တောင်းတောင်းပန်ပန်နန့် ထည့်ပီးပါလို့ပြောရေခါ စာအုပ်ထွက်လာရေအခါလေ့ ဖြစ်ကတတ် ဆန်းဗျာယ်မနားယေ။ မဂ္ဂဇင်းလုပ်ဖို့ထည့်ရေ ဖေသာကလေ့အနည်းသျှေ။ ယင်းဖေသာနန့် လုပ်ရစွာဖြစ်လို့ လက်ရာကောင်းကောင်းက မဖြစ်လာ'

'အမှန်ဆို ဒေစာအုပ်လုပ်ငန်းကို ကျွန်တော် အယင်ကပင် လုပ်ဖူးသူတစ်ယောက်မဟုတ်ပါ။ ဝါသနာ၊ စေတနာကိုအရင်းခံဗျာယ် ကျွန်တော်လုပ်နီစွာရာ။ ဇာမြို့နယ်ကို မိန်းဖို့လဲမိန်းကြည့်။ ကျွန်တော် ကူညီစီစဉ်ဆောင်ရွက်ပီးရေ မဂ္ဂဇင်းတိမှာ ငွေကြေးမလုံလောက်ကေ ငွေကြေးစိုက်ထုတ်ပီးရေ။ ဖြတ်စားလပ်စားလုပ်

တေလို့ တစ်ခါလည်းမဟိ။ စာရင်းအင်းနန့် အတိအကျ လုပ်ပီးရေဝ်။ သူက စီစဉ်သူ ‘စားသာရေ၊စားသာရေ’လို့ အကြိမ်ကြိမ်ပြောကေလေ့ ကျွန်တော်က တစ်ခါလေ့ မစားရဖူးပါကာ ဆရာ။ အထင်နန့် ယမ်းမပြောသင့်။ ကျွန်တော်လုပ်တေ ကုန်ကျစရိတ်ကို အတိအကျ ပြန်စီစစ်ပြီးမှ ဒေစကားကို ပြောသင့်ရေ။ ကျွန်တော် စီစဉ်ထုတ်ဝီခရေစာအုပ်တိမှာ ကျွန်တော် တတ်နိုင်သလောက် ကူညီဆောင်ရွက်ခစွာရာဟိရေ။ ကျွန်တော့်လက်ရာ တစ်ခုလည်းမပါ။ ကျွန်တော် တစ်ခုလည်းမတတ်။ တတ်တေလူတိပါးကိုလားပနာ အကောင်းဆုံးလုပ်ကိုင်ပီးပါလို့ အကူအညီတောင်းခံယင်း ထုတ်ဝီလိုက်တေ မဂ္ဂဇင်းတိပါရာ။ ကျွန်တော် စီစဉ်ထုတ်ဝီခဖူးရေ မဂ္ဂဇင်းတိ၊ ကိုယ်တိုင်ထုတ်ဝီရေ စာအုပ်တိ စုစုပေါင်းလိုက်ကေ အုပ်(၈၀)ကျော်လောက် ဟိနီပါဖျာယ်။ ယင်းစာအုပ်တိထဲက အများပါရေ မဂ္ဂဇင်း၊ ညွှံ့ရေမဂ္ဂဇင်း။ ဒေ(၃)အုပ်လောက်ကိုဆွဲဖျာယ် မှတ်တမ်းတင် ရီးသားကတ်ဖို့ဆိုကေ ကျွန်တော်ထုတ်ဝီခသမျှ စာအုပ်တိထဲက ကောင်းရေကြိုက် တေဆိုရေစာအုပ် တစ်အုပ်တစ်လီတောင် မဟိပါလားဆရာ။ ယင်းစာအုပ်တိကိုကား ဇာဖြစ်လို့ ဖော်မပြစွာလေ။ ကျွန်တော့်ကြိုးစားမှု၊ ကျွန်တော့်လုပ်ရပ်တိကို အသိအမှတ်မပြုကတ်လား မပြောတတ်ပါကာ။ အမှန်ဆို ကိုလှမြင့်အောင်ရို့ပိုင် လုပ်တတ်၊ ကိုင်တတ်၊စီစဉ်တတ်တေလူတိ ဦးစီးဦးဆောင်ပြုပနာ လုပ်ဖို့ဆိုကေ လုပ်စားလို့တောင်ရပါရေ။ ကျွန်တော်ရေ ဒေလုပ်ငန်းနန့် လုပ်ကိုင်စီးပွားရှာနီသူမဟုတ်ကြောင်း ကိုလှမြင့်အောင်ကို ပြောပြချင်ရေ။ ယုံဖို့ကားမဟုတ်။ ဇာဖြစ်လို့လဲဆိုကေ သူ့ဆောင်းပါးမှာ ကျွန်တော့်ကို အတိအလင်း စွပ်စွဲထားစွာမဟုတ်လား ဆရာ။ နောက်တစ်ခုက စီစဉ်သူဆိုစွာ မြန်မာစာအုပ်လောကက စီစဉ်သူတိနန့် ရခိုင်စာအုပ်လောကမှာပါဟိရေစီစဉ်သူနန့် ကောင်းကောင်းကွာခြားပါရေ။ ဆရာသိပါရေ။ မြန်မာစာအုပ်လောကမှာ စီစဉ်သူဆိုစွာ က စာအုပ်တစ်အုပ်ကို သူ့ငွေနန့်၊ သူ့သဘောနန့် သူ့စိတ်တိုင်းကျ အယ်ဒီတာတိကိုငှားပနာ ဆောင်ရွက်တေလူကို ခေါ်ပါရေ။ အဂု ရခိုင်စာအုပ်တိမှာ စီစဉ်သူလို့ ထည့်ပီးရစွာက ယင်းပိုင်မဟုတ်ပါ။ ထုတ်ဝီဖို့ စာအုပ်ကိစ္စနန့်ပတ်သက်လို့ ရန်ကုန်မှာ ဆောင်ရွက်တေအခါ အဆင်ပြေအောင် သက်ဆိုင်ရာရုံးတိနန့် ပြောဆိုရေခါ ဝင်လို့ပြောနိုင်အောင်အတွက် နာမည်ခံပီးရေ ‘အမည်ခံစီစဉ်သူ’ပါရာ။ စီစဉ်သူအကြိုက် လုပ်ချင်ရေဆီ လုပ်ချလိုက်စွာ မဟုတ်ပါ။ သက်ဆိုင်ရေအယ်ဒီတာ၊ စာတည်း၊ စာပေကော်မတီရို့က ညွှန်ကြားရေအတိုင်း

တာသဝေမတိမ်း ဆောင်ရွက်ရစွာပါရာ။ တစ်ခါတစ်ခါ စာတည်းဆိုသူရို့ ကျွန်တော့်ကိုပုတ်ပြတ်ခိုင်းစွာ ငါရိုခိုင်းစွာအတိုင်းလုပ်ပီးဆိုပနာ ရာဇသံပီးစွာကို ဆရာကိုယ်တိုင် ခံဖူးရေမဟုတ်ပါလာ။ ကျွန်တော် ဇာစာအုပ်ကိုလေ့ ကံထရိုက်ယူဗျာယ် ပုတ်ပြတ်မလုပ်ပီးဖူးပါ။ စာအုပ်ထွက်လာခါပြီးမှ စာရင်းအတိအကျနန့် တင်ပြဗျာယ် ကုန်ကျစရိတ်ကို တောင်းခံပါရေ။

နောက်ထပ် မပြောမဖြစ် ပြောမထွက်တေ ကိစ္စတိကိုလေ့ အခွင့်အခါသင့်လို့ ကိုလှမြင့်အောင်နန့် လူချင်းဆုံဖြစ်ကေ ရှင်းပြလိုက်မေ။ အမှန် ဆို ကျွန်တော်ရေ ဖေသာအနည်းသျှေနန့် စာအုပ်ကောင်းကောင်းထွက်ဖြစ်အောင် ကြိုးစားနီသူ၊ ကျေကျေနပ်နပ်နန့် အခိုင်းခံနီရရေ လူတစ်ယောက်ပါရာဆရာ’

‘ဇာပင်ပြောပြော မဂ္ဂဇင်းဒီဇိုင်းအပြင်အဆင်တိ အေထက်မက ပိုကောင်းလာအောင်၊ မဂ္ဂဇင်းတိ ပိုလို့အရည်အချင်းဟိလာအောင်  မင်း ပိုလို့သတိထားရဖို့။ မင်းနန့် ကိုရမ္မာ အင်တာဗျူးစွာမှာ မင်း၏ဓါတ်ပုံနန့် ကိုရမ္မာဓါတ်ပုံကို အကောင်းဆုံး ထည့်သင့်ရေ’

‘ယော် ဓါတ်ပုံမထည့်ကေလေ့ မထည့်လို့။ ထည့်ပြန်ကေလေ့ သူ့ဓါတ်ပုံကို အကောင်းဆုံးနန့် အလှပသျှေထည့်ပြန်ရေလို့ ပြောကတ်ဖို့ဟာန်ဆရာ။ အမှန်ဆို ဒေကိစ္စတိစွာ ကျွန်တော် ကြမ်းကျွံခြင်းလို့ သဘောထားပီးပါပလင်’

‘ဇာဝေ ကြမ်းကျွံရေ’

‘ဟုတ်တေဆရာ၊ ကျွန်တော် ကြမ်းကျွံစွာ။ ဆရာ ကြမ်းကျွံဖူးလာ’

‘ကျွံဖူးရေဝါ’

‘ကြမ်းဇာကြောင့်ကျွံလေ။ မသိလို့ကျွံရေ။ နားမလည်လို့ ကျွံရေ။ သတိမထားလို့ ကျွံရေ။ ကျွန်တော် ဒေစာအုပ်လုပ်ငန်းကို မကျွမ်းကျင်လို့ မှားရေ။ မတတ်ပဲလုပ်လို့ မှားရေ။ တစ်ခါတစ်ခါ အပို လုပ်မိလို့ မှားရေ။ အေအမှားတိကို ဘောလုံးသမားစကားနန့် ပြောဖို့ဆိုကေ ဂိုးသွင်းချင်လွန်းလို့၊ ဖြစ်စီချင်လွန်းလို့ ကျွံလားခရေ စေတနာလူကျွံဘောလို့ သဘောထားပီးကတ်ပါပလင်’

ဆရာမောင်ထွန်းရေ ကျွန်တော့်ရှင်းလင်းပြောပြချက်တိကို သဘောကျမကျတော့ မသိ။ ခေါင်းတညိတ်ညိတ်နန့် ပြုံးဗျာယ်နီလီယင့်။

ရခိုင်လှမြင့်

၁၅–၁–၂၀၀၃

**‘နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’**

# <u>လျှောက်ထုံးအမှတ် (၁)</u>

# သီရိရာဇာမင်း၏အိပ်မက်တော် လျှောက်ထုံး

ဧည၀တီဒုတိယမြို့တည် ကံရာဇာကြီးမင်း ဆက်နှစ်ဆယ့်ရှစ်ဆက်မြောက် သီရိရာဇာမင်းသည် မိဖုရားဝိမလဒေဝီကုမ္မာရီနှင့် သက္ကရာဇ်(၆၇)ခုနှစ်တွင် ဧည၀တီပြည်ကြီးဝယ် ထီးနန်းစိုးစံလျက်ရှိသည်။ စက်တော်ခေါ်ရာ တစ်နေ့သောအခါ၌ မင်းကြီးသည် နေလကိုဆွတ်ယူ၍ မိဖုရားကြီးအားပေးရသည်ဟု အိပ်မက်တော် မြင်မက်လေသည်။ မင်းပွဲခံရာ၌ မှူးမတ်တို့သို့ အိပ်မက်ကိုပြန်ဆိုလေသည်။ ယင်းသောအခါ မင်းတိုးစားအမတ်ဝိမလ၊ ပြောင်းပြာစား အမတ်ဒေဝကျော်ထင်တို့ လျှောက်ထုံးသော်ကား –

အသျှင်မင်းမြတ် … သူရိယနေကိုသာ ဆွတ်ယူ၍ပေးရသည်ဟု မြင်မက်တော်မူလေသော် ဘုန်းအာဏာကျက်သရေတောက်ထွန်းသော သားတော်ကို ဖွားမြင်ရာသည်။ စန္ဒာလကိုဆွတ်ယူပေးရသည်ဟု မြင်မက်မူလည်း စကြာမဒ္ဒာမင်းနှင့်ထိုက်သော သမီးတော်ကို ဖွားမြင်မည်အမှန် ဖြစ်ပါသည်။ ယင်းသို့အကြောင်း ရေးထုံးဟောင်းအလာရှိပါသည်။ ယခုအရှင် မင်းကြီးမြင်မက်သော အိပ်မက်တော်တွင် နေလအစုံကို ဆွတ်ယူတော်မူ၍ မိဖုရားကြီးသို့ပေးရသည်ဟု မြင်မက်သည့်အလို ဇမ္ဗူဒီပါကျွန်း၌ ပြိုင်ဘက်မရှိအောင် ဘုန်းရောင်ထွန်းလင်း အမင်းမင်းတို့ဝပ်စင်းညွတ်လာရသော သားတော်မြတ်ဖွားမြင်တော်မူပါမည်။ လရောင်ပမာချမ်းအေးစွာဖြင့် ဂုဏ်ရောင်ခသော အတုမရှိသည့် သတ္တဝါတို့၏ အထွတ်အထိပ်ဖြစ်တော်မူသော ဘုရားရှင်နှင့် သားတော်ကြီးတွေ့ဖူးရမည်

အမှန်ဖြစ်ပါသည်။ မင်္ဂလာရှိသော ကောင်းကျိုးကြီးပေးမည့် အိပ်မက်တော်ဖြစ်ကြောင်း လျှောက်တင်ကြလေသော်– ပြည့်ရှင်မင်းကြီးသည် လွန်အားရတော်မူခြင်းရှိ၏။

ထို့ကြောင့် အသပြာတစ်ထောင်တန်သော ပတ္တမြားလက်စွပ်တစ်ကွင်းစီနှင့် ဆင်ပေါက်တစ်စီးစီ အမတ်နှစ်ယောက်အား ဆုပေးတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၂)

## ထိုမင်းလက်ထက် ဥပါပျံ နန်းပြာသဒ်၌ကျသည်ကို လျှောက်ထုံး

အိပ်မက်တော်အရ ထိုမင်းသားကိုဖွားမြင်တော်မူသောအခါ၌လည်း သပိတ်လုံးခန့်ရှိသော ဥပါကြယ်သည် အနောက်အရပ်ကပျံလာ၍ နန်းတော်ပြာသဒ်၌ ကျလာသည်။ ထိုသို့ကျလာသည်ကို အမတ်ပညာရှိ မင်းတိုးစားဝိမလလျှောက်သည်ကား "အရှင်မင်းမြတ် ဥပါကြယ်ကြီးသည် အနောက်အရပ်က ပျံလာလျက် နန်းတော်ပြာသဒ်မှာ ထွန်းသည့်အလို့ သားတော်လက်ထက်၌ ဘုံသုံးပါးတွင် အတုမရှိ မြတ်စွာဘုရား ကောင်းကင်ခရီးဖြင့် မဇ္ဈိမဒေသမှ ကြွလာတော်မူ၍ ဤရက္ခပုရတိုင်း ဓညဝတီပြည်သို့ ကြွရောက်မည့်အကြောင်းကိုပြသော တိတ်နိမိတ်မင်္ဂလာဖြစ်ပါသည်"ဟု လျှောက်လေသော် ပြည့်ရှင်မင်းကြီးက စားကျေးတစ်မြို့ပေးတော်မူလေသည်။ နေနှင့်လကိုအကြောင်းပြု၍ သားတော်ကို "စန္ဒသူရိယ" ဟူသောအမည်ကို ပေးတော်မူလေသတည်း။

## ဗျာက်ထုံးအမှတ် (၃)

# စန္ဒသူရိယမင်းကြီးလက်ထက် မြေလှုပ်၊ ဂြိုလ်သွားမညီ၊ ပျားစွဲသည့် ဗျာက်ထုံး။ (သက္ကရာဇ် ၉၇-၁၄၉)

သက္ကရာဇ်(၉၇)ရောက်သောအခါ ခမည်းတော်သီရိရာဇာမင်းကြီး လွန်တော်မူလေသည်။ ထိုအခါသားတော်စန္ဒသူရိယ အိမ်ရှေ့မင်းသည် မိဖုရားစန္ဒိမာလာနှင့်ခမည်းတော်အရိုက်အရာ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူလေသည်။ သက်တော်ငါးဆယ့်ငါးနှစ်ရှိသောအခါ မြေပြင်းစွာလှုပ်သည်။ ဂြိုလ်သွားမညီ ဆုတ်တက်နေသည်။ နန်းတော်မှာ ပျားစွဲသည်။ ထိုသို့အတိတ်သုံးပါးဖြစ်သည်ကို ပညာရှိအမတ်မျိုး တောင်ကုပ်စားအမတ် ဓမ္မဇေယျဗျာက်သည်ကား 'အရှင်မင်းမြတ် မြေလှုပ်သောအလိုဓါတ်လေးပါးအခိုးဖြင့် ဥတုသုံးပါး၌ ခိုက်သောအခါ ကြိမ်လတ်မူ မြေတုန်လှုပ်မြဲဖြစ်ပါသည်။ ဂြိုလ်ဆုတ်တက်မညီ ဖြစ်သည်မှာလည်း နက္ခတ်နှစ်ဆယ့်ခုနှစ်လုံးစသော အတွင်းတာရာ၊ အပြင်တာရာကြယ်တို့သည် နေအားပဌာနပြုလျက်သွားကြရာ နေသည် ဒက္ခိဏာယဉ်၊ ဥတ္တရာယဉ်၊ အသွား၌လွန်၍သွားသော် လရက်ရပ်၍နေသော် နာရီ၊ ဗီဇနာ၊ ခရာတို့၌ နက္ခတ်တာရာတို့သည် လကိုယှဉ်လျက်သွားမြဲ မပြမလိုက်နိုင်ရာရှိ၏။ ထိုသို့အဖြစ်ကို အစိတ်အဖြာမသိနိုင်သောသူတို့သည် ဂြိုလ်သွားဆုတ် တက်သမုတ်လေ၍ ပြက္ခဒိန်လာသည့်အလိသာဖြစ်သည်။ မင်း၌မည်သို့ အပြစ်မရှိ။ နန်းတော်မှာ ပျားစွဲသည့်အလို ထိုပျားသည်အရည်ကိုထားခဲ့၍ ပျံလေသော် ပြည့်ရှင်မင်းကို တိုင်းတစ်ပါးကအထူးထူးသော လက်ဆောင်ဘဏ္ဍာအသွင်း ရောက်ပေလိမ့်မည်။ အိမ်မဖွဲ့ပျံသော်လည်းကောင်း၊ အိမ်ဖွဲ့၍ အရည်ကို စုပ်ယူပျံသော်လည်းကောင်း၊ ပျားပျံသောအရပ်ကို တူရူပြု၍ ခေါင်းဆေးတော်

မူရပါမည်။''ယင်းသို့လျှောက်လေသော် သက်တော်ငါးဆယ့်နှစ်နှစ်တွင်အဘိက် သိတ်ခံတော်မူ၍ စန္ဒသူရိယမင်းကြီးသည် မိမိပိုင်တော်မူသောနိုင်ငံများ၌ စေတီ၊ တန်ဆောင်၊ ဘုရား၊ တံတား၊ ကျောင်း၊ ဇရပ်များတည်ကာ သက်တော်စေ့ ကောင်းမှုပြုတော်မူသည်။ ပညာရှိအမတ်ဓမ္မဖေယျကို အဖဝိမလစားသော မင်းတုံးမြို့ကို ထပ်မံ၍ စားကျေးပေးတော်မူလေသည်။

## ***ဆွေးနွေးချက်***

မြတ်စွာဘုရားရှင်၏ ဘိုးတော်၊အဥ္စနမင်းသည် မဟာသက္ကရာဇ် ၈၆၄၅ ခုနှစ်ကို ကာဝစန္ဒေကိန်းဟူ၍ (၂)ခုကြွင်းထားပြီးဖြိုသည်။ ရခိုင်ပြည် ရာလမာဟုမင်းနှင့် ထိးနန်းခေတ်ပြိုင်ကျပါသည်။ ရာလမာဟုမင်းသည် တကောင်းအဘိရာဇာအနွယ် ကံရာဇာကြီးမင်းဆက်(၂၄) ဆက်မြောက်ဖြစ်သည်။ စန္ဒာသူရိယမင်း၏ခမည်းတော် သီရိရာဇာမင်း၌ ပြဆိုခဲ့သော သက္ကရာဇ် (၆၇–၉၇)သည်ဘိုးတော် အဥ္စနမင်းဖြိုခဲ့သော သက္ကရာဇ်မှစတင်ရေတွက်ခြင်း ဖြစ်သည်။ ၎င်းသက္ကရာဇ်(၁၄၈)သို့ရောက်သောအခါ ပထမသင်္ဂါယနာတင် အရှင်မဟာကဿပသည် သာသနာသက္ကရာဇ်နှင့်ညီစေရန် (၁)ခု ကြွင်းထားပြီးဖြိုသည်။

ရာဇဝင်ဖြတ်ပြည့်ရှင် အဇာတသတ်မင်းလက်ထက်ဖြစ်သည်။ ရခိုင်ပြည် စန္ဒသူရိယမင်းနှင့်ထီးနန်းအပြိုင်ကျသည်။ စန္ဒသူရိယမင်းသည် သက္ကရာဇ် ၉၇ တွင်နန်းတက်ပြီး သက်(၅၂)၊ သက္ကရာဇ် ၁၄၉ ခုတွင် နတ်ရွာစံခဲ့သည်။ သက္ကရာဇ် ၁၄၈ကိုဖြိုသည်နှင့် ကြုံ၍ ဖြိုပြီးသက္ကရာဇ်(၂)ခုတွင်နတ်ရွာစံသည်ဟု မှတ်ရပါမည်။

## လျှောက်ထုံးအမှတ် (၄)

# သူရိယကေတုမင်းလက်ထက် လင်းတငှက်သားတစ်ချီလျက် နန်းတော်၌ကျနားသည့် လျှောက်ထုံး

စန္ဒသူရိယမင်း ကသည်သားမြေးဆက်ကာ မင်းဆက်နှစ်ဆယ့်ငါးအဆုံး၊ သူရိယကေတုမင်းသည် မိဖုရားသုဘာသီလနှင့် သက္ကရာဇ်(၁၉၅–၂၄၉)တွင် ဓညဝတီထီးနန်းတော်ကို ဆက်ခံစိုးအုပ်တော်မူသည်။ သားယောကျ်ား မွေးဖွားထွန်းကားခြင်းမရှိ၍ သားဆုတောင်းကြလေသော် ငှက်လင်းတတစ်ကောင်သည်သားတစ်ကိုချီ၍ နန်းတော်မှာလာနားသည်။ ထိုတိတ်နိမိတ်ကို ပညာရှိအမျိုးစဉ်ဆက်လာခဲ့သော သောင်းတီးစား ဥတ္တမသိရိကျော် လျှောက်သည်ကား–

အသျှင်မင်းမြတ် ...၊ ''ငှက်မျိုးတွင် လင်းတသည်အသက်ရှိသော သတ္တဝါတို့၌ အသက်ကုန်မှ စားပါသည်။ ငှက်သူတော်မျိုးဖြစ်ပါသည်။ မိမိတို့သွားရာသို့လည်း အစာကိုချီယူ ပျံသွားရိုးမရှိ၊ မိဘတို့စားခဲ့သော အဟာရနှင့်သာ ကြီးမြင့်အောင်ကျွေးမွေးပါသည်။ ထိုငှက်မျိုး သားတစ်ကိုချီယူလျက် နန်းတော်မှာနား၍ သားတစ်ကိုချခဲ့သည့်အလို ဘုန်းပညာကျက်သရေနှင့်ပြည့်စုံသောသားတော်ကို မိဖုရားဖွားမြင်တော်မူပါမည်'' ဤသို့ လျှောက်ထားလေသည်။ ပြည့်ရှင်မင်းသည် အမတ်ကြီးသို့ အဖိုးအနဂ္ဃထိုက်သော ပတ္တမြားလက်စွပ်တစ်ကွင်း ဆုပေးတော်မူသည်။

## လျှောက်ထုံးအမှတ် (၅)

## မဟာသူရိယစန္ဒရားမင်း၏သားတော် အိမ်ရှေ့မင်း သူရိယစန္ဒရားအတွက် အိမ်ရှေ့မိဖုရားရွေးချယ်ရန်လျှောက်ထုံး ( ၃၀၆-၂၄၉)

သက္ကရာဇ်(၂၄၉)ခုရောက်သောအခါခမည်းတော် သူရိယကေတု နတ်ရွာစံတော်မူသည်။ သားတော်မဟာသူရိယစန္ဒရားမင်းသည် မိဖုရားသုပဘာဒေဝီနှင့် ပြည်ကြီးစည်းစိမ်ကို အုပ်စိုးတော်မူလေသည်။ ၅၇–နှစ်နန်းစံခဲ့ပြီးသက္ကရာဇ် ၃၀၆–ခုတွင် နတ်ရွာစံလေသည်။ ထိုမင်းကြီး၏သားတော်ကား သူရိယစန္ဒရား ဖြစ်လေသည်။ ထိုမဟာသူရိယစန္ဒရားမင်းကြီးသည် သားတော်အိမ်ရှေ့မင်းနှင့် ပေးမြားရန် မင်းသမီးကို မေးတော်မူလေသည်။ ထိုအခါ ပညာရှိအမတ် သောင်းထီးစား ဥတ္တမသီရိကျော် လျှောက်သည်ကား ''အရှင်မင်းမြတ်၊ ပတ္တမြားကျောက်ကောင်းတို့တွင် ဂေါပလ္လင်စသောအနာရှိလျှင် မင်းမသုံးရ၊ စိန်ကျောက်တို့တွင် ခလုတ်တောစာငယ်နာမစင်၊ တောကြောင်မွေးမှင်စသောအပြစ်မကင်းလျှင် မင်းမသုံးထိုက်၊ မျိုးစပါးတို့မှာလည်း အရောရောပါလျှင် အပင်အသီးမညီ၊ ရွှေ၌လည်း ကြေးနီ၊ သံ မလွတ်လျှင် အရည်အသွေးမပြောင်၊ ထို့အတူ သာကီဝင်မင်းတို့၌လည်း နွယ်တော်သန့်စင်မှ အမျိုးသန့်စွာစဉ်လာကြီးမြင့် အကျင့်မဖောက်စေလို၍ ရှေးဘေးလောင်းဘီတော်၊ ခမည်းတော်ထီးနန်း မင်းဆက်မောင်နှမရင်းချာ ပေးမြားတော်မူခဲ့ကြောင်း ထုံးဟောင်းနှင့်ဖြစ်ပါသည်။ သားတော်နှင့်သမီးတော် စောစန္ဒီကိုပေးမြားလျှင် သင့်မြတ်တော်မူပါသည်''။ ဤသို့လျှောက်လေသော် သူရိယစန္ဒရားနှင့် သမီးတော်စောစန္ဒီကို မောင်နှမရင်းချာပေးမြားတော်မူလေသည်။ ပညာရှိအမတ်ကို ငွေအသပြာတစ်ရာ ဆုပေးသနားတော်မူသည်။ (ထိုသူရိယစန္ဒရားမင်းကြီးသည် သက္က

ရာဇ် ၃၀၆ နှန်းတက်ပြီး၊ ၃၅၅ တွင်လွန်သည်။)

### ဆွေးနွေးချက်

လျှောက်ထုံးအမှတ်(၄)၌ပြဆိုခဲ့သောသက္ကရာဇ် ၁၉၅–၂၄၉ သည်နဝ–ခ–ဆ (ဓနဥကိန်း) ၆၀၉ ဖြင့်ဖြိုရန်သက္ကရာဇ်ဖြစ်သည်။ စန္ဒသူရိယမင်းမှ ၁၆ဆက်မြောက် သူရိယစိတြမင်းသည် ဓနဥကိန်းအရ၊ သက္ကရာဇ် (၆၀၉)ခုကိုဖြိုခဲ့သည်။ အိန္ဒိယ သကမင်းလည်း ၎င်းသက္ကရာဇ် (၆၀၉)ခုကို နဝခဆကိန်းဟုဖြိုသည်။ ထို့နောက် စန္ဒသူရိယမင်း၏ အနွယ်တော် (၃၂)ဆက်မြောက်ဖြစ်သော (ဝေသာလီကျောက်လှေ ကားမြို့) သီရိစန္ဒြားမင်းလက်ထက် ဥတ္တမကိန်းအရ၊ သက္ကရာဇ် (၅၆၀)ကိုဖြိုသည်။ မြန်မာပြည် ပုပ္ပါးစောရဟန်းမင်းလည်း ၎င်းသက္ကရာဇ် (၅၆၀)ကိုဖြိုသည်။

ထို့နောက်ဖြစ်သော သက္ကရာဇ်သည် ယခုသုံးနေသော ကောဇာသက္ကရာဇ်ဖြစ် သည်။

## လျှောက်ထုံးအမှတ် (၆)

## စူဠစန္ဒရားမင်းအား ရှေးထုံးမဖျက်သင့်ကြောင်း လျှောက်ထုံး

သက္ကရာဇ် (၅၆၀)ကိုဖြိုခဲ့သော သိရိစန္ဒရားမင်းမှသုံးဆက်မြောက်ဖြစ်သော မြေးတော် စူဠစန္ဒရားမင်းသည် ကောဇာ(၉၅)ခုတွင် မိဖုရားကြီးစန္ဒာဒေဝီနှင့် ဝေသာလီ ထီးနန်းကိုဆက်ခံစိုးအုပ်တော်မူသည်။ ထိုမင်းသည် မင်းကောင်းတစ်ပါးပင်ဖြစ်သည်။ သို့ရာတွင် ပျက်ချိန်ဆိုက်လာသောအခါ အကျင့်စရိုက်ဖောက်ပြန်လာသည်။

စူဠစန္ဒရားမင်းသည် ကုလားမင်းကဆက်သော ကုလားမင်းသမီး၊ ပြူမင်းက ဆက်သော ပြူမင်းသမီးတို့ စကားကိုသာနားထောင်လျက် အပျော်အပါးများလာသည်။ တောတောင်အနှံ့ လှည့်ပတ်ပျော်ရွှင်နေလေ့ရှိသည်။ ပညာမဲ့သောသူတို့ကို အပေါင်းအဖော်ပြု၏။ တိုင်းပြည်ရေးရာတို့၌ ပေါ့လျော့လေသည်။ ထိုအခြေအနေကိုပြုပြင်နိုင်ရန် ရှေးပညာရှိမှူးမတ်မျိုးစဉ်လာ စစ်တကောင်းမြို့စား ဝိဓိုရ်ရအမတ်လျှောက်သည်ကား

အသျှင်မင်းမြတ်။ ရှေးဘေးတော်၊ ခမည်းတော်တို့ထုံးကို ဖျက်သင့်သည် မဟုတ်ပါ၊ ရာဇသေင်္ဂနင်း မင်းစဉ်ဖြစ်လျက် အပျက်အချော်၊ သရော်ကြမ်းတမ်း၊ သော့ သွမ်းသောအမှုကို မလေ့လာရာ၊ မင်းတို့စကားအမှားထွက်ဝင် ဆိုချေလျှင်မူ ပြည်သူရိ ပါး၊ စစ်မက်များသည်။ အပျော်အရွှင်သဘင် ပွမ်းသော် လူသွမ်းသည်။ အမှုတကာ ယုတ္တာယုတ္တိ၊ မင်းမည်သို့လျှင် ပြည်ရိသည်။ ချောပစ်စကား၊ မင်းပါးအမတ် လျှောက်တင် လတ်သော်၊ ရိပ္ပတ်တသ္တဝါ၊ မြို့ရွာ ကျေးကျွန်း၊ မှုသားထွန်းသည်။ ဥတုရာသီ၊ မညီနေ လ၊ အာကာသဓါတ်၊ နက္ခတ်ဂြိုဟ်သွား၊ မတရားလျှင်၊ နားဖျားလည်းထူး၊ ခိုးသူနှောင့် ယှက်၊ မိုးလည်းဖျက်သည်။ ထိုသို့ရှေးထုံးဟောင်းနှင့်အညီ လျှောက်လေသော်လည်း

## ၁၆

ထိုမင်းသည် အမျိုးအရိုးမှန်လျက် လူပျက်တို့စကားကို နားထောင်မိလေ၍ ရေ၌ အပျော်ကျူးလွန်ကာ လှည့်ပတ်ရာအရပ်၌ ရေနစ်၍ အနိစ္စရောက်ရလေသည်။ (ထိုမင်း အနိစ္စရောက်သောနှစ်ကား ၁၃၁–ခုနှစ်ဖြစ်သည်။)

## လျှောက်ထုံးအမှတ် (၇)

# ဒသရာဇာမင်းလက်ထက်
# ဘိက်သိက်တော်အစီအရင် လျှောက်ထုံး

အထက်စူလစန္ဒရားလွန်ပြီးနောက် သက္ကရာဇ်၄၈၅–ခုတွင် ကောလိယမင်း၏ သားတော် ကုမ္မာဘသသည် သက်တော်ဆယ်နှစ်ရှိလတ်၍ ဧည၀တီ ပရိန်မြို့တော်ဝယ် ထီးနန်းတက်တော်မူသည်။ ဒသရာဇာအမည်ကို ခံတော်မူသည်။ သက်တော်(၁၅) နှစ်ရှိသောအခါ အဘိက်သိက်ခံရန်မိန့်တော်မူသည်။ ထိုသို့မိန့်တော်မူသောအခါ အဘိက်သိက်သဘင်ဝယ် ကိရိယာအင်္ဂါစုံအပ်ကြောင်း ရှေးပညာရှိအမျိုးအမတ် ကဝိကျော် လျှောက်တင်လေသည်ကား–

နွယ်မြစ်စဉ်လာ မြတ်ရာဇာတို့၊ စကြာရောက်ရာ အကြောင်းပေ။ ပရမေဘုန်းသမ္ဘာ၊ မဟာဇိနီ၊ သာကိန်ကေရာဇာတို့၊ ကြီးကျယ်စွာမင်းတံဆိပ်၊ ဘိက်သိက်တော်စံ၊ တိုင်းနိုင်ငံကို၊ စိုးစံကွပ်ညှပ်နှိပ်၍၊ လူတို့ထိပ်ရှေးစဉ်လာ၊ ဘိက်သိက်သွန်းရိုး၊ မော်ကွန်းထိုးသည်၊ မင်းမျိုးမြတ်ကညာနှင့်၊ လက်ျာရစ်ခရုသင်း၊ မင်းတို့သုံးရ၊ ဗြာဟ္မဏလည်း၊ မူလသိက္ခာ၊ ကျမ်းအမှာကို၊ မှီစွာကျင့်သုံး၊ ဘေးဘိုးဆင်းသက်၊ ဘိသိက်ဆက်မှန်ရာ၏။ ဂင်္ဂါငါးရပ်၊ ရေစီးသွေမမြန်၊ ဝစ္ဆံကြာမျိုး၊ မညှိုးပန်းသပြေနှင့် ညွန့်ဝေမြက်မြေဇာ၊ ရေသဖန်းပျဉ်၊ ယှဉ်သည့်နံသင့်ရာ၌၊ ပန်းစုံစွာသစ်လေးပင်၊ တောင်မြောက်လေးရပ်၊ တင့်အပ်စိုက်ထားကျင်မှ၊ စစ်အင်္ဂါလေးပါးခင်း၊ ပုဏ္ဏားငါးရာ၊ ဖြူစွာခရုသင်းနှင့်၊ သဲတလင်းညီညွတ်ရာ၊ ဂင်္ဂါမြစ်ကမ်း၊ ပွဲလမ်းမပြတ်၊ မဏ္ဍပ်သုံးဆောင်မှာလည်း၊ ဖြူဝါနီဆင်စရိုး၊ငှက်ပျော၊ ကြံ၊ အုန်း။ ပင်လုံးသီးပင်၊ ဝန်းကျင်ရေဖြည့် ရေပြည့်အိုးနှင့်၊ မညှိုးသပြေရွက်ပေ၊ ဒန်းဆတ်သွားတည့်။ ချရားခက်ဆိုင်၊ စံကားလှိုင်၍၊ သင်းကြိုင်စေ

ကြောင်းထားမှ၊ ဖြောင့်မမှားသည်၊ တရား၌လိမ္မာ၊ အမတ်သူဌေးဘီဘိုးရိုးမှန်စွာနှင့်၊ မင်္ဂလာအခါ နက္ခတ်ကောင်း၊ ပညာမြော်မြင်၊ ရေမြေရှင်လည်း၊ ဂုဏ်လျှင်အသိ၊ ဂတိလေးပါး တရားတည့်စေကြောင်းတည်း။ ရှေးထုံးဟောင်းကျမ်းအလာ၊ မညီယုတ်တက်၊ ပေါ့ပျက်မရှိသာခဲ့။ ကြီးတေဇာကျွန်းလုံးမိုး၊ ဘိက်သိက်ခံပြီး၊ သစ္စာကြီးသည်၊ စောထီးမင်းကောင်းမျိုးတို့၊ ဆိုရိုးရှေးအမှာ ကိုယ်၏အသက်၊ ပစ္စတ်ခြပုံး၊ နှလုံးမခြားသာတည်း။ သတ္တဝါတို့ကို၊ မေတ္တာစုံခွေရစ်၊ ညွန့်သစ်တက်လေ၊ ကြက်သရေကြောင့်၊ ဖြိုးဝေလူနတ်ချစ်၏။ လေးပါးအပြစ်ရှင်းရှင်းကွာ၊ ပြည်သူလုပ်ခွန်၊ မလွန်စားတို့ရာသည်၊ မဟာနွယ်စစ်ဘုန်းပွင့်သစ်။ ရဟန်းသိက္ခာ၊ မင်းမှာဘိက်သိက်၊ သူတော်စိတ်သည်၊ မဖိတ်ကျင့်ရိုးမြတ်အကျိုး ဟူ၍ရှေးထုံးဟောင်းစာတမ်းဖြင့်လျှောက်ထားလေသည်။

ထိုသို့ရှေးထုံးဟောင်းစာတမ်းဖြင့် လျှောက်တင်လေသော် ရှေးဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့ထုံးနည်းအတိုင်း၊ နှစ်ဦးအပေါ် ကဆုန်လဆန်း (၁၅)ရက်နေ့၌လည်းကောင်း၊ မြေမနာ နေလနက္ခတ်မပုတ်သောနှစ်၌ လည်းကောင်း၊ နက္ခတ်မပြုသောနှစ်၌လည်းကောင်း၊ ဘိက်သိက်ခံရန် မဏ္ဍပ် သုံးဆောင်လုပ်ရသည်။ ယင်းသို့ဆောက်လုပ်ရာ၌ ဂင်္ဂါမြစ်နား၌မြေဖြူ မြေနီ ရှိသော၊ သေလောဒကမြေ၌လည်းကောင်း ဘုရား၊ ကျောင်းမြေလွတ်သော အရပ်၌လည်းကောင်း၊ ကြက်သရေမင်္ဂလာရှိရာ အဥ္စနနဒီမြစ်နား၊ ပရိန်မြို့မှ အရှေ့တောင်ဘက်ကျသောဂဟာပတိအရပ်ကို မဏ္ဍပ်သုံးဆောင် ဆောက်လုပ်ရန် ရွေးချယ်သတ်မှတ်လေသည်။

ထိုနေရာသို့ ကလိန်တောင်မြေ၊ အမရာတောင်မြေ၊ သီရိဂုဏ်တောင်မြေ၊ ကတညုတတောင်မြေ၊ နီလာတောင်မြေ၊ မောရပဗ္ဗတတောင်မြေတို့ကို ဆောင်ယူ၍ထားရပေ၏။

မဏ္ဍပ်ဆောက်လုပ်ရန် သစ်၊ ဝါး၊ ကြိမ် တို့ကို အသည်သားတို့က အရင်းအဖျားမမှားစေရ မှတ်သားခုတ်ယူ၍ ပေးရသည်။ အမိုးအကာကို ကန့်လန့်ကာရွက်ဖျင်တို့ဖြင့်ပြုလုပ်ရန် တလိုင်း၊ မြောက်စည်သားတို့က ရှာဖွေပေးရသည်။ ယင်းသို့ သစ်၊ ဝါး၊ ကြိမ်နွယ်အမိုးအကာတို့စုံလင်လတ်သော် မဏ္ဍပ်ဆောက်လုပ်ရန်နေရာ၌ ရွှေထွန်၊ ငွေထွန်၊ သံထွန်တို့ဖြင့် မြေညီအောင် ထွန်ကြရသည်။ ထိုသို့ထွန်ကြရာ၌ ရွှေထွန်ကို မျိုးရိုးစဉ်ဆက် သူဌေးမှန်၊ သူ၏ သားသည် ဝါမောင်းသောတန်ဆာကိုဆင်လျက်ထွန်ရသည်။ ငွေထွန်ကို မျိုးရိုးစဉ်ဆက်မှန်သော သူကြွယ်၏သားသည် နီမောင်းသောတန်ဆာကို ဆင်လျက်ထွန်ရသည်။ သံထွန်ကို မျိုးရိုးစဉ်ဆက်ကြီးသော တောင်သူကြီး၏သားသည် စိမ်းသောတန်ဆာကို ဆင်လျက်ထွန်ရသည်။

ထိုသုံးမျိုးသောထွန်တို့၌ နွားလားဥသဖနှင့်ချည်းထွန်ကြရသည်။ ယင်းသို့ ထွန်ပြီးသောမြေ၌ နွားနို့ရည်ကို အနှံ့ဖြန်းရလေသည်။ ပြီးသော် နွားချေးမှုန့်အနှံ့ဖြူးရသည်။ ပြီးပြန်သော် မုယောပြောင်း၊ ပဲ၊ နှမ်း၊ စပါးတို့ကိုကြဲဖြန့် ရလေသည်။

ထိုသို့ကြဲဖြန့်ပြီးလျှင် ရာဇမတ်ထောင့် မြီလုံစွာကာလျက် ဟုန်းနတ်ပူဇော်သောပုဏ္ဏားတို့က၊ စန္ဒီပရမိသွာ၊ ဗိဿနိုးစသောနတ်တို့ကို လှည်းရထားဖြင့်တင်၍ ရာဇမတ်ကျမ်းလာ ဂါထာမန္တာန်တို့ကို ရွတ်ဖတ်ရလေ၏။ ယင်းသို့ရွတ်ဖတ်ပြီးလတ်သော် ပရောဟိတ်တစ်ဆယ့်နှစ်ပါးသည် ဘူမိဇာလစသော အောင်ခြင်းရှစ်ပါးအစုံ မင်္ဂလသုတ်၊ ရတနသုတ်စသော ပရိတ်တို့ကိုရွတ်ရလေ၏။ သံဃာတော်တစ်ဆယ့်နှစ်ပါးတို့က ကမ္မဝါစာလည်း ဖတ်ကြလေ၏။ ယင်းသို့ပြုပြီးသော် နတ်ပူဇော်သောပုဏ္ဏားတို့က သရဏာသရရှိန္ဒ ဘူမိဇာလဂါထာရွတ်လျက် ခရုသင်းသံပေးရလေ၏။ ယင်းသို့ပြီးလတ်မူ မင်္ဂလာမဏ္ဍပ်ဆောက်လုပ်ရန် သစ်၊ ဝါး၊ ကြိမ်၊ အမိုး။ အရံ၊ ကန့်လန့်ကာတို့၌ ပရိတ်တော်ရေ၊ ခရုသင်းရေတို့ဖြင့် ဖြန်းစေရ၏။ ယင်းသို့ပြီးမှဟူးရားသွေး ပုဏ္ဏားလေးယောက်နှင့် ဟူးရားတတ် ပုဏ္ဏားတစ်ရာ့ရှစ်ယောက်တို့သည် ဖြူစင်သော အဝတ်တန်ဆာဆင်လျက် ပနက်ချအခါကို စောင့်၍နေရ၏။

ပနက်ချရန်သဘော်သားတို့မှာ ညိုသောတန်ဆာကိုဆင်လျက် ရွှေပနက်ကိုကိုင်ရသည်။ ပရိတ်ရွတ်သောပုဏ္ဏားတို့မှာ နီသောတန်ဆာကိုဆင်လျက် ငွေပနက်ကိုကိုင်ရသည်။ လယ်သူကြီးတို့မှာပြာသော တန်ဆာကိုဆင်လျက် သံပနက်ကိုကိုင်ရသည်။ ထိုသို့စုံလင်စွာ ကိုင်နေလင့်၍ အခါနာရီစောင့်ရသည်။ နက္ခတ်ကောင်းသောအခါနာရီရောက်လတ်သော် မီးပေါက်ခုနှစ်လုံးကို ခုနှစ်ကြိမ်ဖေါက်၍ မောင်း၊ ကြေးနင်း၊ ခွက်ခွင်း၊ ဒုံမင်း၊ ခရုသင်းတို့ကို အသံစုံအောင်တီးမှုတ်ကြပြီး တပြိုင်နက်တည်း ချရလေသည်။

ထိုမဏ္ဍပ်ကို အသည်သားတို့ဆောက်လုပ် မိုးကာရသည်။ မဏ္ဍပ်တို့ကား သီဟာသနမဏ္ဍပ်၊ ဂဇာသနမဏ္ဍပ်၊ မောရသနမဏ္ဍပ်ဟူ၍ သုံးမည်သုံးဆောင်ဖြစ်သည်။ ထိုမဏ္ဍပ်သုံးဆောင်တွင် သီဟာသနမဏ္ဍပ်၌ ဖြူသောတန်ဆာဖြင့် ခြယ်ရသည်။ ဂဇာသနမဏ္ဍပ်ကို နီမောင်းသောတန်ဆာဖြင့်ခြယ်ရသည်။ မောရာသနမဏ္ဍပ်ကို ညိုမောင်းသောတန်ဆာဖြင့်ချယ်ရသည်။ ယင်းသို့ဆင်ပြီးသောအခါ သီဟာသနမဏ္ဍပ်မှာ ပရိတ်ရွတ်ပုဏ္ဏားတို့စောင့်၍နေရသည်။ ဂဇာသနမဏ္ဍပ်မှာ သဘော်သားတို့စောင့်ရသည်။

ဘိက်သိက်သွန်းရန်အတွက် ဘာဂီရနဒီဂင်္ဂါမြစ်ရေကို ဒါဂါစားက ရွှေအိုးခုနှစ်လုံးနှင့်ထည့်၍ ပွဲသဘင်အစုံတီးမှုတ်လျက်ပို့ဆက်လာရသည်။ သတ္တဘောင်

ဂင်္ဂါမြစ်ရေကို မောက်သူဇာစား၊ သလ္လာနဒီဂင်္ဂါမြစ်ရေကို စစ်တကောင်းစားတို့သည် လည်း အထက်နည်းတူပွဲသဘင်စုံနှင့် ပို့ဆက်ကြရသည်။ အရဇာဝတီမြေကိုမြို့သစ်စား က လည်းကောင်း၊ ဥတ္တရမဓုမြေကို မိုးစဲစားကလည်းကောင်း၊ ပွဲလမ်းသဘင်စုံနှင့် ပို့ဆက်ရသည်။ ရွှက်မညှိုးပန်းကို စိန်တင်စားက ပွဲလမ်းသဘင်စုံနှင့် ပို့ဆက်လာရသည်။

ကစ္ဆပနဒီမြစ်ရေ၊ အဥ္စနနဒီမြစ်ရေတို့ကို ခပ်မည့်အခါကောင်းသော နက္ခတ် ရောက်လတ်သော် အမျိုးအစဉ်နန်းရိုးမှန်သော မင်းသားရှစ်ယောက်၊ အမျိုးအရိုးမှန်သော ဘိက်သိက်မင်္ဂလာပုဏ္ဏားသမီးရှစ်ယောက်၊ အမျိုးအရိုးမှန်သော သူဌေးသမီးရှစ်ယောက် ၊အမျိုးအရိုးမှန်သော သူကြွယ်သမီးရှစ်ယောက်တို့သည် ဆန်းကြယ်လှပသော အဝတ် တန်ဆာကိုဝတ်ဆင်လျက် မင်းသမီးတို့မှာ ရွှေအိုး၊ ပုဏ္ဏားသမီးတို့မှာ ငွေအိုး၊ သူဌေး သမီးတို့မှာ ကြေးအိုး၊ သူကြွယ်သမီးတို့မှာ သဲအိုးတို့ကို စုံလင်အောင် ကိုင်ဆောင်ကြ ရသည်။

ဘိက်သိက်ဆက် မင်္ဂလာပုဏ္ဏားရှစ်ယောက်နှင့် စကြာဝတေးလေးယောက်၊ အမတ်ရှစ်ယောက်၊ သူဌေး၊ သူကြွယ်၊ တောင်သူကြီး၊ သင်းတော်မှူးရှစ်ယောက်စီ၊ ၎င်းတို့အားလုံးသည် ရေခပ်မြစ်ဆိပ်သို့ တူရိယာအစုံအလင်တီးမှုတ်၍ သွားကြရသည်။ မြစ်ဆိပ်သို့ရောက်သော် မင်းသမီးတို့သည် ငှက်ဆင်လှေတော်မှာစီးရသည်။ ပုဏ္ဏား သမီးတို့သည် ရွှေလောင်းလှေတော်မှာ၊ အမတ်သမီးတို့သည် လွှမ်းကျင်လှေတော်မှာ၊ သူဌေးသမီးတို့သည် ဗားမဲ့လှေတော်မှာ၊ သူကြွယ်သမီးတို့သည် ရှုးကျောင်းလှေတော်မှာ ဘိက်သိက်ပုဏ္ဏားတို့သည် သက္ကဒါန်လှေတော်မှာစီးရသည်။ အမတ်ရှစ်ယောက်တို့သည် အားလပ်သော လှေတော်၌စီးကြရသည်။ သူဌေး၊ သူကြွယ်တို့သည် ဂွတ်လှေတော်မှာစီး ရသည်။ တောင်သူကြီးနှင့်သင်းမှူးတို့သည် သရေလှေတော်မှာစီးကြရသည်။ ဤသို့အ သီးသီးလှေပေါ်၌ စုံညီရှိသောအခါ မီးပေါက်ခုနှစ်လုံး သုံးချက်စီဖောက်ပြီး လှေတော် ထွက်လေသည်။

နတ်ပူဇော်သောပုဏ္ဏားတို့သည် ခရုသင်းမှုတ်၍လိုက်ရသည်။ စောင်းတီးပုဏ္ဏား တို့က စောင်းတီးလျက်လိုက်ရသည်။ ရေခပ်မည့်အခါ ကောင်းသောနက္ခတ်တိုင်လျှင် မီးပေါက်ခုနှစ်လုံး၊ ခုနစ်ကြိမ်ဖေါက်၍ တူရိယာအသံ ဆယ်ပါးစုံအောင် တီးမှုတ်ပေးရ သည်။ ရေခပ်မည့်သူများ ခပ်ကြရသည်။ ရေခပ်ပြီးသောအခါ လှေများကမ်းသို့ ပြန်ကပ် လာရသည်။ ကမ်းသို့ရောက်လျှင် မီးပေါက်ခုနှစ်လုံး သုံးချက်စီဖောက်လိုက်လေသည်။ ကမ်းသို့ရောက်ကြပြီးသော် လာရင်းအစီအစဉ်အတိုင်း မဏ္ဍပ်သို့သွားကြရသည်။ မဏ္ဍပ် သို့ရောက်သောအခါ ပန်းတင်ပုဏ္ဏားတို့ကပန်းကိုလမ်းအပြည့်ကြဲခင်းထားရလေသည်။ စီ

ရှိရေခပ်သားတို့လည်း လမ်းတလျှောက်လုံး ရေဆွတ်ဖြန်းထားရသည်။ ပရိတ်ရွတ်ပုဏ္ဏားတို့ကလည်း ပရိတ်ရွတ်လျက်နေကြရသည်။ မင်းသမီးနှင့်ပုဏ္ဏားသမီးတို့ခပ်သောရေကို သီဟာသနမဏ္ဍပ်၌ထားရလေသည်။ အမတ်သမီးတို့ခပ်သောရေကို ဂဇာသနမဏ္ဍပ်၌၊ သူဌေးသမီး၊ သူကြွယ်သမီးတို့ခပ်သောရေကို မောရာသနမဏ္ဍပ်၌ထားရလေသည်။ ဤသို့ရေထားကြရာ၌လည်း မီးပေါက်ခုနှစ်ချက်ဖေါက်လျက် တစ်ပြိုင်နက်တည်း ထားကြရသည်။

မဏ္ဍပ်ကို ထိုသို့စီရင်ခင်းကျင်းပြီးလတ်သော် နန်းတော်မှသည် မင်္ဂလာမဏ္ဍပ်သို့ရောက်သည်ထိ နေပြောက်မထိုးစေရ။ ရွှေဖျင်၊ ငွေဖျင်တို့ဖြင့် မိုးကာရ၏။ ထိုလမ်းတလျှောက် လက်ဝဲလက်ျာတို့၌ ကြိ၊ ငှက်ပျော၊ အုန်းပင်တို့ကို စိုက်ထားရသည်။ မင်္ဂလာမဏ္ဍပ်တွင်း၌လည်း သီးမျိုးစုံချိတ်ဆွဲထားရသည်။ ကြိ၊ အုန်း၊ ငှက်ပျော၊ ဒန်း၊ ဆတ်သွားသပြေ၊ ထိန်၊ ကုက္ကို၊ လက်ပံပင်များကို လည်းမညှိုးမနွမ်းရအောင်ပြုစု စိုက်ပျိုးထားရသည်။ မြို့တွင်း၊ မြို့ပြင်လမ်းတို့၌လည်း အလားတူ သစ်ပင်ပန်းပင်တို့ကို လမ်းအပြည့် လှပအောင် စိုက်ပျိုးထားရသည်။ လမ်းတလျှောက် ရေအိုးစင်များထားရှိပြီး၊ ရေပြည့်အိုးများထားရှိရသည်။ နတ်ကြီးရှစ်ပါးကိုလည်း နတ်သည်တို့က အချိုပွဲပြုလုပ်ခင်းကျင်းပွဲပေးရသည်။

ယင်းသို့ အလုံးစုံပြီးကုန်လတ်သော် ပြည့်ရှင်မင်းကြီးသည် ဗြဟ္မာမင်းကဲ့သို့ တန်ဆာကို ဆင်တော်မူ၏။ မိဖုရားသည်လည်း နတ်မင်းမိဖုရားကဲ့သို့ တန်ဆာဆင်တော်မူ၏။ ဆင်စီး၊ မြင်းစီးတို့လည်း စစ်ဝတ်တန်ဆာအပြည့်ဆင်လျက် ရှေ့တစ်ဆယ့်နှစ်တပ်၊ နောက်တစ်ဆယ့်နှစ်တပ် စီရင်ထားရှိသည်။

ရှေ့တွင်တပ်ဆယ့်နှစ်တပ်မှာ လက်ဝဲအမတ်၊ လက်ျာအမတ်၊ ရှေ့ဝင်းမှူး၊ လက်ဝဲဝင်းမှူးတို့သည် အစဉ်အတိုင်းလိုက်ရသည်။ နောက်တစ်ဆယ့်နှစ်တပ်မှာလည်း အနောက်မျက်နှာ မှူးမတ်၊ လက်ဝဲ လက်ကျာဝင်းမှူးတို့လိုက်ရသည်။ မင်းမိဖုရားသွားတော်မူရာ၌ စစ်အင်္ဂါလေးပါး စုံလင်အောင်လိုက်ရသည်။ မင်းမိဖုရားသွားတော်မူသောအမိုးတွင်း လမ်း၌လိုက်ရသည်ကား မင်းကြီးရှေ့ လက်ဝဲလက်ျာ ဘိက်သိက်သွန်းမင်္ဂလာ ပုဏ္ဏား(၁၀၀)၊ ၎င်းတစ်ရာတွင် လက်ဝဲက စကြာဝတေးပုဏ္ဏားနှစ်ယောက်၊ လက်ျာက စကြာဝတေးပုဏ္ဏားနှစ်ယောက်၊ ပုရောဟိတ်ပုဏ္ဏားအကြီးသည် နဝရတ်စီသောခရုသင်းကို ရွှေပန်းတောင်းနှင့်ထည့်၍ လက်နှစ်ဖက်စုံဖြင့် ကောင်းစွာကိုင်လျက်လိုက်ရသည်။ ဟူးရားတိုင်လေးယောက်နှင့် ဟူးရားတတ်ပုဏ္ဏားတစ်ရာ၊ နတ်ပူဇော်ပုဏ္ဏားတစ်ရာ၊ စောင်းတီးပုဏ္ဏားတစ်ရာ၊ ပရိတ်ရွတ်ပုဏ္ဏား တစ်ရာ၊ ပန်းတင်ပုဏ္ဏား

တစ်ရာ ထိုင်းရာသောပုဏ္ဏားတို့သည် ခရုသင်းမှုတ်၍လိုက်ရသည်။ ဘိသိက်သွန်းမင်းသမီးရှစ်ယောက်၊ ပုဏ္ဏားသမီးရှစ်ယောက်၊ သူဌေးသမီးရှစ်ယောက်၊ သူကြွယ်သမီးရှစ်ယောက်တို့လည်း လိုက်ကြရသည်။ ကောင်းသောအခါ ရောက်လတ်လျှင် မြောက်စည်၊ ဒိုးမင်း၊ မောင်း၊ ကြေးနင်း၊ ခွက်နင်း၊ ပတ်သာ၊ ခရုသင်း၊ စောင်းညှင်းစသော အသံဆယ်ပါးဖြင့် မြောက်လျှင်းစေ၍ မီးပေါက်တစ်ဆယ့်ငါးလုံး ခုနှစ်ကြိမ်ဖောက်ပြီးသောအခါ၌ နဝရတ်ကိုးပါးစီခြယ်ပြီးသော် ရတနာထမ်းစင်၌ မိဖုရားကြီးနှင့်အတူ စီးတော်မူလျက် ထွက်တော်မူလေသည်။

မင်္ဂလာမဏ္ဍပ်သို့ရောက်တော်မူသောအခါ၌လည်း ထိုနည်းတူ မီးပေါက်ဖောက်ရသည်။ ယင်းသောအခါ ပုဏ္ဏားတစ်ဆယ့်နှစ်ယောက်တို့သည် မြတ်စွာဘုရားဟောတော်မူအပ်သော ပိဋကတ်တော်ကို ဆောင်ယူလာခဲ့ပြီး၊ သီဟာသနမဏ္ဍပ်၌ ထားရလေသည်။

တစ်ရာ့ရှစ်ပါးရှိသော ဝိနည်းဓိုရ်ဆရာတော်တို့သည် နန်းတော်သို့ကြွလာပြီး နန်းတော်စွန်းတွင် ပရိတ်တရားတော်ကို ရွတ်ကြလေသည်။ နန်းကို ပြည်စိုးကြီး အမတ်က ဆေးရသည်။ ပြည့်ရှင်မင်းကြီးသည် မောရာသနမဏ္ဍပ်၌ ရေချိုးတော်မူ၍ ဂဇာသနမဏ္ဍပ်တွင် ခေါင်းဆေးတော်မူသည်။ ပြီးမှ–

''ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ သရဏံ ကတော ဥပါသတ္တံ မံ ဒေထ၊ သကျပုတ္တာသာသနေ သဒ္ဓါ သရဏမုပေတိ''ဟူသောဂါထာကို မင်းကြီးရွတ်တော်မူ၍ သီဟာသနမဏ္ဍပ် အလယ်၌ ရွှေအင်းပျဉ်ဖြင့်ပြီးသော ရေသဖန်းပျဉ်ဝယ် ထိုင်တော်မူလေသည်။

ယင်းသောအခါ မင်းသမီးရှစ်ယောက်တို့သည် ဆန်းကြယ်သောတန်ဆာကိုဆင်လျက် မင်းရှေ့တူရူနေလေ၍ နဝရတ်စီခြယ်သောလက်ျာရစ် ခရုသင်းကိုကိုင်ပြီးသော် ဂင်္ဂါငါးရပ်ရေကို စုံလင်စွာထည့်လေသည်။ ရေထည့်ပြီးသော် လက်နှစ်ဖက်စုံဖြင့် ကောင်းမွန်ရှိသေစွာကိုင်ပြီးလျှင် မင်းကြီးဦးခေါင်း၌ စိုက်ရလေသည်။

အရှင်မင်းကြီး။ ။ရှေးကမ္ဘာအစဉ်၌ဖြစ်သော မဟာသမတ မင်းကောင်းမင်းမြတ်တို့ကျင့်တော်မူသောတရားတော်ကို မြဲစွာကျင့်ဆောက်တည်တော်မူပါလော့။

အရှင်မင်းကြီး။ ခပ်သိမ်းသောပြည်တောင်မင်းတို့ကို အမျက်မလွန်စေခြင်း၊ ခပ်သိမ်းသောသူတို့ကို ကောင်းစွာချီးမြှောက်စေခြင်း၊ ခပ်သိမ်းသောသူတို့အား ရင်ဝယ်သားတမျှ ချစ်ခင်သနားခြင်း၊ ခပ်သိမ်းသောသူတို့၏ အစီးအပွားကိုစောင့်ရှောက်ခြင်း၊ ခပ်သိမ်းသောသူတို့၏အသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ ထင်မှတ်ခြင်းပြုတော်မူပါလော့။

အရှင်မင်းကြီး။ လောဘ၊ဒေါသ၊မောဟတို့၏ပိတ်ပင်ခြင်းကို ကင်းစေ၍ မိုက်မဲ သော အဝိဇ္ဇာမောဟတရားကို လင်းတော်မူပါလော့။

အရှင်မင်းကြီး။ ကျက်သရေရှိသောအမှုကိုသာပြုတော်မူခြင်း၊ ကျက်သရေရှိသောစကားကိုသာ ဆိုတော်မူခြင်း၊ ကျက်သရေရှိသောလုံ့လ အကြံကိုသာ ပြုကြံခြင်းတို့ကို ပြုတော်မူပါလော့။ ဤသို့သောစကားတို့ကို မင်းသမီးရှစ်ယောက်တို့ဆိုလေ၍ မင်းကြီးထိပ်တင်၌ ဘိသိက်ရေစင်ကို သွန်းကုန်၏။

ထို့နောက်တဖန်ဘိက် သိက်မင်္ဂလာတော်အရအမျိုးအရိုးမှန်သော ပုဏ္ဏားရှစ်ဦးတို့သည် ဂင်္ဂါငါးရပ်ရေကို လက်ျာရစ်ခရုသင်း၌ထည့်ပြန်၍ လက်နှစ်ဖက်ကိုစုံပြုပြီးကိုင်လျက် မင်းကြီးဦးခေါင်း၌စိုက်ပြန်သည်။

အရှင်မင်းကြီး။ ဣတိပိသောဘဂဝါ အစရှိသောဂုဏ်တော်၊ သွာက္ခာတောအစရှိသောတရားဂုဏ်တော်၊ သုပတိပန္နောအစရှိသောသံဃာ့ဂုဏ်တော်တို့ကို အာရုံပြု၍ သာသနာထွန်းလင်းအောင်ပြုတော်မူပါလော့။

အရှင်မင်းကြီး။ ခပ်သိမ်းသောသတ္တဝါအပေါင်းတို့အား ကိုယ်တော်၏သားနှင့်အမျှချစ်ခင်ခြင်း၊ ပြည်သူတို့စီးပွားကို ကိုယ်တော်၏စီးပွားကဲ့သို့ ထောက်ထားစောင့်ရှောက်တော်မူပါလော့။ ခပ်သိမ်းသောသတ္တဝါတို့၏ ဇီဝိတိန္ဒြေအသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ စောင့်ရှောက်တော်မူပါလော့။

အရှင်မင်းကြီး။ ခပ်သိမ်းသောပြည်ထောင်မင်းတို့အား အမျက်မလွန်ခြင်း၊ တရားစောင့်ခြင်း၊ ပညာရှိစကားကိုနာလွယ်ခြင်း၊ အမျိုးစောင့်ခြင်းများကို အမြဲစောင့်ထိန်းတော်မူပါလော့။ ဤသို့စကားကိုပုဏ္ဏားတို့ဆိုပြီးသော် မင်းကြီးထိပ်၌ ဘိသိက်ရေစင်ကို သွန်းလေ၏။

ထို့နောက် အမျိုးအရိုးမှန်သော သူဌေးရှစ်ယောက်၊ သူကြွယ်ရှစ်ယောက်တို့သည် ခရုသင်း၌ ဂင်္ဂါငါးရပ်ရေကိုထည့်ပြန်၍ လက်နှစ်ဖက်ကို စုံပြုလျက်ကောင်းမွန်ရှိသေစွာ မင်းကြီး ဦးခေါင်း၌စိုက်ပြန်လေ၏။

အရှင်မင်းကြီး။ ခပ်သိမ်းသောသူတို့အား ကိုယ်တော်၏အသက်ကဲ့သို့ စောင့်တော်မူပါလော့။

အရှင်မင်းကြီး။ ခပ်သိမ်းသောသူတို့၏စီးပွားဥစ္စာကို ကိုယ်တော်၏ စီးပွားဥစ္စာကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်တော်မူခြင်း၊ ပြည်ထောင်မင်းတို့အား အမျက်ကိုမလွန်စေခြင်း၊ပြည်သူတို့၏ဥစ္စာကို အခွန်ဘဏ္ဍာခံယူရာ၌ တရားတော်နှင့်လျော်ညီအောင် ခံယူတော်မူခြင်း။ တရားမသိ သိန်ဖျင်းမိုက်မဲ သော့သွမ်း ကြမ်းကြုတ်သူတို့ကိုရှောင်ကြဉ်

ခြင်း။ ပညာရှိသူတော်ကောင်းတို့စကားကို နာလွယ်ခြင်းများပြတော်မူပါလော့။ ဤသို့ဆိုပြီးသော် မင်းကြီးထိပ်၌ ဘိက်သိက်ရေစင်သွန်းလေ၏။

ယင်းသို့ ဘိက်သိက်တော်သွန်းပြီးနောက်သူဌေး၊ သူကြွယ်တို့သည်–

အရှင်မင်းကြီး။ ။အကျွန်ုပ်တို့သွန်းလောင်းအပ်သော ရေစင်ကို ခံယူတော်မူ၍ အကျွန်ုပ်တို့ဆိုလေသော စကားအတိုင်း ကျင့်ဆောင်တော်မူ၍ ပြည်သူတို့၏လုပ်ခွန် ဆယ်ဘို့တစ်ဘို့ ခံယူစားသုံးတော်မူလျက် မင်း၏စည်းစိမ်ကိုဝန်ခံပြီးသော် ပြည်ကို တရားသဖြင့် စောင့်ရှောက်ပါလော့။

အရှင်မင်းကြီး။ ကျွန်ုပ်တို့ဆိုလေသောစကားအတိုင်း ကျင့်တော်မူပါသော်ကား ပစ္စုပ္ပန်သံသရာ၊ နှစ်ဖြာအကျိုးတက်ခါတိုးလျက်၊ တက်သစ်သောနေဝန်း၊ ဆန်းသစ်သောလ ကဲ့သို့ တစ်နေ့တစ်ခြား ကြက်သရေတော်ပွင့်လင်း၍ ပြည်ထောင်မင်းအပေါင်းတို့ ဦးခေါင်းညွတ်လာ သဒ္ဒါပြည့်ဖြိုး၊ သူခိုးဓါးပြ၊ မထချမ်းသာ၊ သာသနာလည်း၊ ကောင်းစွာတည်ပေ။ စားရေမရှား၊ မင်းအားပြည်သူ၊ တောင်းဆုယူလျက်၊ အသက်ရာကျော်၊ စံတော်မူရသည် ဖြစ်စေသောဝ်။

ယင်းသို့မဟုတ်၊ အကျွန်ုပ်တို့၏စကားသစ္စာအတိုင်းမတည်၊ မင်းကောင်းမင်းမြတ်တို့ ဝန်ခံအပ်သော ဘိက်သိက်သစ္စာပျက်ခဲ့ပါသော် ကမ္ဘာဆူဝေ၊ လေမုန်တိုင်းဆင်၊ ငလျင်တော်လဲ၊ မြေကြီးကွဲ၍၊ ငရဲမီးလျှံ၊ အဝှန်ပြောင်ပြောင်၊ တောက်လောင်ကြေညက်၊ သူပျက်သူလျှောင်၊ ထောင်ထောင်ထားထား၊ ခိုးသားတန္တာ၊ စသည်ထွေထွေ၊ နေလတံခွန်၊ ငှက်ပျံငှက်ယုတ်၊ စုန်းဘုတ်တစ္ဆေ၊ နန်းတက်နေ၍ မြွေမြွေလန့်ခြောက်၊ မြွေဟောက်ငန်းကြား၊ တက်၍စားသည် ဖြစ်စေသောဝ်။

ဤသို့ဆိုလတ်ပြီးသော် ပြည့်ရှင်မင်းကြီးကလည်း၊ သာသနာတော် အညစ်အကြေးမှတပါး၊ ပြည်သူသတ္တဝါတို့အား အသက်ဇီဝိတိန္ဒြေကို ခွင့်ပေးတော်မူရလေသည်။ ယင်းသို့ ပြုပြင်စီရင်ပြီးလေသော် လာတော်မူသည့်အစီအစဉ်အတိုင်း မြို့တော်နန်းမသို့ ပြန်ဝင်တော်မူလေသည်။

ဘိက်သိက်ပြုရာ မဏ္ဍပ်သုံးဆောင်ကိုကား အဥ္စနနဒီမြစ်သို့ တစ်စမကျန် မျှောလိုက်ရလေသတည်း။

## လျှောက်ထုံးအမှတ် (၈)

## ဒသရာဇာမင်းလက်ထက် ပလ္လင်တော်၌ ပျားစွဲသည့်အကြောင်း လျှောက်ထုံး

ဒသရာဇာမင်းသည် ရှေးမင်းဘေးတော်၊ ခမည်းတော်တို့နည်းအတိုင်း ဘိက်သိက်ပွဲသဘင်ကို ခမ်းနားပြည့်စုံစွာ ခင်းကျင်းခံယူတော်မူသည်။ ထိုသို့ ဘိက်သိက်ခံပြီး၍ငါးလရှိသောအခါ ပျားကြီးတစ်အုံသည် အနောက်အရပ်ကပျံလာ၍ ရာဇပလ္လင်၌ မြောက်ဘက်နားက စွဲလေသည်။ ထိုပျားအရည် ရင့်လတ်သော်အရည်ကို စုထားခဲ့လျက် မြောက်သို့ပျံလေသည်။ ထိုနိမိတ်ကို အမတ် မောက်သူဇာမြို့စား ကဝိကျော်လျှောက်ထုံးပြသည်ကား–

အရှင်မင်းမြတ်။ ဘေးတော်စန္ဒသူရိယမင်းလက်ထက်ဘုရား မြတ်စွာမဇ္ဈိမဒေသကကြွလာတော်မူ၍ မဟာမုနိရုပ်ရှင်တော်ကို သွန်းလုပ်ပါသည်။ ကောဇာသက္ကရာဇ် ၄၆၅– တွင် ပုဂံပြည်မင်းအလောင်းစည်သူက ဘိတော်မင်းနန်ကို နန်းတင်လာပါသည်။ နန်းတင်ရာပါသော ပျူတလိုင်းတို့ပင့်ဆောင်၍မရသော် ဖိုကျင်ထိုးလေရာ ရုပ်ရှင်တော်ကွယ်ခဲ့လေသည်။ မင်းငါးဆက်မြောက် ကွယ်ပျောက်လျက်ရှိပါသည်။ ယခုအရှင်မင်းမြတ်၊ ဘုန်းပညာကျက်သရေ၊ တရားသီလဂုဏ်တော်ကြောင့်ပျားတို့သည် ပန်းဝတ်၌ရှိသော အချိုအရသာမြတ်ကို ဆောင်ယူဆက်သ၍ မြောက်သို့ထိုပျားပျံလေသည်မှာ ပျားညွှန်ရာအရပ်သို့ ရုပ်ရှင်တော်မဟာမြတ်မုနိရှိသည် အမှန်ဖြစ်ပါသည်။ ဤသို့လျှောက်လေသော်ပြည့်ရှင်က အမတ်ကြီးဆင်ကဲနှင့် ဒါးပိုင်ကြီး နှစ်ယောက်ကိုစေတော်မူ၍ ရှာစေသည်။ ရုပ်ရှင်တော်ကို မြောက်အရပ်၌ပင်တွေ့လေ၍ ပင့်ဆောင်ယူခဲ့ပြီးလျှင်အထက်၊ သူရိယမင်း ကိုးကွယ်တော်မူခဲ့ရင်း အရပ်ကတည်ုတတောင်တွင်ကောင်းမွန်စွာ ရတနာ

ခုနှစ်ပါးဖြင့်ခြယ်၍ သိမ်တော်ဆောက်လုပ်ပြီး၊ နဝရတ်ကိုးပါးဖြင့်စီခြယ်သော ပလ္လင်တော်၌တင်၍ ကိုးကွယ်တော်မူသည်။ အရံကျောင်းတစ်ရာ ဆောက်လုပ်တော်မူသည်။ ခေါင်းဆေးတော်ကန်၊ လက်ဆေးတော်ကန်၊ မဟာရံတံတိုင်းသုံးထပ်၊ တံခါးလေးရပ်၊ အစောင့်အနေ၊ ဆွမ်းတင်စည်တီး၊ မျက်နှာတော်သုတ်တံခွန်ဆွဲ၊ တံမြက်ခတ်၊ ကျီးနှင်စာခြောက်၊ ပျူတစ်ထောင်၊ တလိုင်းငါးရာ၊ ကမ်းယံငါးရာ၊ ကုလားတစ်ထောင်၊ မြို့ငါးရာ၊ ချင်းငါးရာ၊ လူပေါင်းလေးထောင်ကို အသီးသီးစား မြေနေမြေပေးချတော်မူ၍ မော်ကွန်းကျောက်စာထိုးလျှက် ရွှေကရားနှင့် ရေစက်သွန်းချတော်မူသည်။

## လျှောက်ထုံးအမှတ် (၉)

# ဒသရာဇာမင်းလက်ထက် အမတ်တော်ကိုယ်ရုံကြီး ဇေယျမိုလ်စစ်ချီစဉ် တပ်ဦးတွင် ကြိုးကြာငှက် သားရေကိုကိုက်ချီပျံလာရာ ဖမ်းရသည့်အကြောင်း လျှောက်ထုံး

ဒသရာဇာမင်း သက်တော်နှစ်ဆယ်တွင် အနောက်ဘင်္ဂလား တစ်ဆယ့်နှစ်မြို့တို့သည် သက်နှင့်ပေါင်းလျက် သောင်းကျန်းကြလေသည်။ ထိုအခါ အမတ်ကိုယ်ရုံကြီး ဇေယျမိုလ်ကို စစ်ချီတိုက်ခိုက်စေသည်။ အမတ်ဇေယျမိုလ် စစ်ချီသည့်ကာလ တပ်ဦးတွင် ကြိုးကြာငှက်သည် သားရေတစ်ခုကိုကိုက်ချီလျက် ဝဲပျံလာရာ ငှက်နှင့်သားရေကို ဖမ်းဆီးရမိလေသည်။ ထိုငှက်နှင့်သားရေကို မင်းထံဆက်လာသည်။ ထိုနိမိတ်ကို အမတ်ပညာရှိကဝိကျော် လျှောက်လေသည်ကား–

အရှင်မင်းမြတ်။ တပ်ဦးတွင်မြင်သော နိမိတ်သည်တိတ်ရအလို၊ ထိုငှက်ကြိုးကြာနံမှာ ကုလား၊ မှောက်မှားရောရှက်၊ သက်ကား သားရေ၊ မိတ်ဆွေပြုလျက်၊ ခြားနားချက်မှာ တိတ်အလာပေ၊ သားရေနှင့်ငှက်၊ ပျံလျက်မလွတ်၊ ကိုင်းညွတ်တုံလာ၊ ချင်းအစာလည်း၊ မကွာစုံဖက်၊ ပို့ဆက်လာပြန်၊ ထိုကျွန်နှစ်ပါး၊ ကုလားနှင့်သက်၊ ငှက်နှင့်သားရေ၊ အနေမယွင်း၊ ချက်ချင်းမကြာ၊ အောင်မြင်ပါမည်။ ဤသို့လျှောက်လေသော် အမတ်ကြီးသို့ ဆင်ပေါက်တစ်စီး ဆုပေးတော်မူသည်။

## လျှောက်ထုံးအမှတ် (၁၀)

## ဒသရာဇာမင်းလက်ထက် မဟာမုနိဘုရားချွေးထွက်သည်၊ အချိန်မဟုတ်မိုးကြီးရွာသည်၊ မိုးကြိုးနန်းမှာ ကျသည်၊ နိမိတ်များ လျှောက်ထုံး။

ဒသရာဇာမင်း အသက်၃၁–နှစ်ရောက်သောအခါမဟာမုနိဘုရားမှာ ချွေးထွက်သည်၊ အချိန်မဟုတ် မိုးကြီးရွာ၍ မြစ်ရေကြီးသည်။ မိုးကြိုး နန်းမှာကျသည်။ ယင်းသို့ တိတ်နိမိတ်ဖြစ်လေသည်။ ထိုသို့ဖြစ်ခြင်းနှင့်ပတ်သက်၍ ပုရောဟိတ်ပုဏ္ဏား ရာဇဂုရု လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ တိတ်ထုံမှတ်စု၊ ဣည္သုအမှာ၊ စူဠာမုနိ၊ အသိတိကျမ်း၊ ဓါတ်ဆန်း ဓါတ်ပျက်၊ နရစက်နှင့်ဂြိုဟ်ပျက်ဒသာ၊ ဒွါဒရာရုပ်၊ ဥစ်က သစ်ဆက်၊ စန်းလက်မလျှော်၊ ဇာတာတော်လည်း၊ နံပေါ်ကိန်းစု၊ ရာဟုမရဏ၊ အထွက်ကကြိ၊ နဝင်းထိုလည်းတို့သို့အလှမ်း၊ အာယုစန်းမူ၊ ကူးသန်းနင်းပြန်၊ သထွန်ထောင့်ခံမိ၊သမသတ်ခွင်၊ လက်တွင်နံနေ၊ ဂြိုဟ်ရှစ်တွေလည်း၊ အနေမလှ အာကာသက၊ ပြသည့်အကြောင်း၊ ဂြိုဟ်ပြောင်းလည်းကြိမ်၊ စည်းစိမ်တော်မြတ်၊ နန်းပြသဒ်နှင့်၊ ဥပါဒ်ကြီးဘိ၊ အနိဝပုန၊ ကိန်းကာအတွေ့ မလွေ့ကြိုက်ထို၊ နံယုန်ဆန်းတက်၊ ဆယ့်နှစ်ရက်တွင်၊ ဂြိုဟ်ပျက်အကူး၊ စန်းဦးအပြတ်၊ နဝရတ်ရွှေဘုံ၊ ကွာကိန်းကြုံပါသည်။ ရှေးပညာရှိများထားခဲ့သော ဒဏ္ဍာန်ကယ်ကျမ်း ထွက်ရှိပါကြောင်းနှင့် လျှောက်ထားလေသော် ပုဏ္ဏားတော်သို့ အသပြာတစ်ထောင် ဆုပေးတော်မူသည်။

## လျှောက်ထုံးအမှတ် (၁၁)

# အနုလုံ(နေလုံး)မင်းလက်ထက် ပြည်စိုးကြီးအမတ် ဗိုလ်မွေဇေယျစစ်ချီစဥ် တပ်ဦးတွင် ကျီးနှင့်ဖျိုင်းခွပ်သည့် လျှောက်ထုံး

ထိုမင်းလွန်ပြီးနောက် သက္ကရာဇ် ၆၀၈–ခုရောက်သောအခါ နယ်သိမ်းမင်း၏ သားတော်နေလုံးသည် နှမတော်စောရွှေနန်းနှင့် ပြည်ကြီးစည်းစိမ်ကို အုပ်စိုးတော်မူလေသည်။ ထိုမင်းလက်ထက် ကုလားနှင့်သက် ပေါင်းဖက်ဆိုးသွမ်းလေသည်။ ထိုအခါ ပြည့်ရှင်မင်းက ပြည်စိုးကြီးအမတ်ကို စစ်သူရဲမက်အလုံအလောက်ဖြင့် ချီတက်စေတော်မူသည်။ စစ်သူကြီးအင်္ဂါလေးပါးနှင့်ပြည့်စုံသော အမတ်ဆင်ကဲကြီးလည်း လိုက်ပါချီတက်ရသည်။ ထိုသို့စစ်ချီသောကာလ တပ်ဦးတွင် ကျီးနှင့်ဖျိုင်းခွပ်ကြသည်။ ကျီးအတောင်ကျိုးလျှင်ဖမ်းမိသောအကြောင်းကို မင်းထံ လျှောက်ထားလေသည်။ ထိုအခါပညာရှိအမျိုးသားမြေးစဥ်ဆက်လာခဲ့သောအမတ်ပညာရှိ ဝိလိဇ လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ကျီးနံကုလား၊ ဖျိုင်းကားမြန်မာ၊ နံမှာအလို၊ နဂိုယာယီ၊ ကိန်းနှစ်လီတွင်၊ ယာယီကျိုးကန်း၊ ပင်ပန်းကုလား၊ ထွားထွားကြေညက်၊ ပျက်မည့်အကြောင်း၊ လုံးပေါင်းပြီးစီး၊ ခရီးမကြာ၊ အောင်မြင်ပါမည်။ ယင်းသို့လျှောက်လေလျှင် အမတ်စစ်သူကြီးလည်း မဆိုင်း ချီတက်လေသည်။ ကုလားတို့လည်း စစ်တကောင်းအရပ်က တပ်အခိုင်အခန့်ဖြင့် ခုခံတိုက်ခိုက်ကြသည်။ ရခိုင်စစ်သူကြီးလည်း ရွတ်ရွတ်ချွံချွံဖိစီး တိုက်ခိုက်လေသည်။ ငါးရက်ကြာတိုက်သောအခါ စစ်တကောင်းမြို့ကို ရခိုင်တို့ရရှိလေသည်။ ကုလားတို့သည် စစ်တကောင်းမှဆုတ်ခွာကြပြီး၊ ဒါဂါမြို့က ကုလားအိမ်ရှေ့မင်းနှင့် ပူပေါင်းပြီး အခိုင်အလုံနေကြသည်။

ရခိုင်အမတ်ကြီးလည်း၊ လောက်ချေးပူရာအရပ်သို့တိုင် ချီတက်သွားပြီး တပ်ချစွဲရပ်နေသည်။ ဒါဂါမြို့သို့ ဆက်လက်ချီတက်တိုက်ခိုက်ကြရာ ကုလားမင်းသားက ဗလဝါဟူသောဆင်ကိုစီး၍ ခုခံတိုက်ခိုက်သည်။ ရခိုင်အမတ် စစ်သူကြီးက နတ်ယာဉ်ပျံဟူသောဆင်ကိုစီးသည်။ စစ်မြေပြင်၌ ဆင်နှစ်စီး ဆုံကြလေသည်။ နှစ်ဖက်လုံးမှ ဆင်ကိုချွန်းဖွင့်ပြီး ရင်ဆိုင်တိုက်ခိုက်ကြသည်။ ဆင်နှစ်စီးလုံးသည် စွန်ရဲထိုးသကဲ့သို့ အဟုန်နှင့်ဝင်ကြရာ အစွယ်ချင်း ယှက်ကြလေသည်။ ရခိုင်အမတ်ကြီးစီးသော နတ်ယာဉ်ပျံဆင်က ကုလားမင်းသားစီးသော ဗလဝါဆင်ကို အစွယ်ဖြင့်ဦးစွာထိုးမိလေသည်။ ဗလဝါဆင်သည် နာကျင်ဒဏ် ပြင်းလှသောကြောင့် နောက်သို့ဆုတ်ပြီး လှည့်ထွက်ရန်ပြုလေသည်။ ထိုအခိုက်တွင် ရခိုင်စစ်သူကြီးသည် ကုလားမင်းသားကို လှံဖြင့်ထိုးလိုက်လေသည်။ ကုလားမင်းသားလည်း ဆင်ပေါ်မှ အောက်သို့ကျလေသည်။ ရခိုင်စစ်သူကြီးသည် ကုလားမင်းသားကို ဖမ်းမိရလေသည်။ ကုလားစစ်သည်တို့လည်း ကစဥ့်ကလျား ရရာပြေးကြလေသည်။

စစ်သူကြီး ဓမ္မဇေယျသည် မောက်သူဇာမြို့သို့ချီတက်သွားပြီး တပ်ချလိုက်လေသည်။ ထိုမှနေ၍ ဒီလီပဆာမင်းကို တိုက်ခိုက်လေသည်။ ဒီလီပဆာကုလားမင်းလည်း၊ မခုခံနိုင်သောကြောင့် ရှုံပြည်သို့ ဝင်ရောက်ပြေးခိုအောင်းနေလေသည်။

ဒီလီပဆာကုလားမင်းသားအား ကုလား၊ ဘင်္ဂလာလက်နက်များကို ပို့ဆက်စေသည်။ ငနှလုံးမင်းသည် အမတ်ဆင်ကဲကြီးအား ကုလားပြည်ကို အအုပ်အချုပ်ပြုလုပ်ရန်ထားခဲ့၍ စစ်သူကြီးဓမ္မဇေယျမှာ ကုလားပြည်က ကုလားတစ်ဝက်ကို၊ အိမ်ထောင်ပျက်မကွဲစေဘဲ ခေါ်ဆောင်လာရမည်ဟု မိန့်တော်ပို့လာသည်။ ထို့ကြောင့် အမတ်ကြီးဓမ္မဇေယျသည် ဆင်ကဲကြီးအား မောက်သူဇာမြို့တွင်ထားခဲ့သည်။ အမတ်ကြီးဓမ္မဇေယျသည် ကုလားတစ်ဝက်ကို အိမ်ထောင်နှင့်တကွခေါ်ယူပြီး၊ ရခိုင်ပြည်သို့ပြန်လာခဲ့လေသည်။ ပြန်ရောက်သောအခါအမတ်ကြီးဓမ္မဇေယျအား "မဟာဝေသဝဏ္ဏ"ဟူသော ဘွဲ့အမည်ပေး၍ ချီးမြှင့်လေသည်။ ဖမ်းမိရာပါသော ကုလားမင်းသားကိုလည်း ဆေးကုသပေးသည်။ အနာကောင်း၍ ကျန်းမာသောအခါ စစ်တွေမြို့ကို စားကျေးပေးတော်မူသည်။

ကုလားအမတ်နှစ်ရာမှာ တန်ဆာကိုသိမ်းစေ၍ အတွင်းမိန်းမသုံး မောလိပ်အစုမှာ ဖွဲ့လေသည်။ ကုလားမင်းသား၌ ပါရင်းလူငါးရာ ကျေးကျွန်တို့ကိုလည်း ပါရင်းအတိုင်းပေးသနားတော်မူသည်။ ဘီးတော်ဒသရာဇာမင်း ဖွဲ့တော်မူခဲ့သည့် အစုသားတလိုင်း၊ ပျူ၊ ကမ်းရံတို့မှာ ဆင်အစု၊ ပန်းထိမ်အစု၊ မြှောက်စည်အစုသားတို့ကို ရှိမြဲရှိစေ။ ထို့ပြင်အစုသားတို့မှာ မြန်မာဖြစ်စေ၊ အစုနှုတ်၍ မြန်မာတို့ကဲ့သို့ အသည်ကာလအမှုကို ထမ်း

စေ။ အမိန့်တော်ပြည်တ်၍ အသည်ကာလဖြစ်စေသည်။

အသည်သားတို့က အမှုထမ်းလူပေါင်းတစ်သိန်းကိုလက်ျာသင်း ငါးသောင်း၊ လက်ဝဲသင်းငါးသောင်း၊ ၎င်းလူတို့ကို လက်ျာလက်ဝဲနံများမှာ ခြသေ့်ရုပ်ထိုးစေ၍ ကိုယ်ရံတော် တပ်ဖွဲ့တော်မူသည်။ တလိုင်းနှင့်ကမ်းယံတို့အစား ကုလားဒိုင်းဝင်းတာအစို့ ဖွဲ့တော်မူသည်။ ကုလားတစ်သောင်းကို ဆင်စာ၊ မြင်းစာရိတ်အစု၊ ကုလားနှစ်ထောင်ကို သစ်ခုတ်ဝါးခုတ်၊ ဟရာအစု ဖွဲ့သည်။

ကုလားတစ်သောင်းကို မင်းတရားလယ်တော်လုပ်အစုဖွဲ့သည်။ အစုသား ကုလားတစ်သောင်းကို ဟင်းသီးဟင်းရွက်၊ ငရုတ်၊ ကြက်သွန်၊ ကွမ်းဆက် ဖွဲ့တော်မူသည်။ အစုသား ကုလားနှစ်ထောင်ကို နန်းတော်မှစ၍ မိဖုရား၊သားတော်၊ သမီးတော်၊ မှူးတော်၊ မတ်တော်များအိမ်တွင် ရေခပ်စေရန် ထားသည်။

လေးကိုင်တပ် အစုသားကုလားတစ်ထောင်၊ ရက်ကန်းယဉ်သည် အစုကုလားတစ်ထောင်၊ ထမ်းစင်ထမ်း၊ ယဉ်ထမ်းစော်တလီအစု ကုလားနှစ်ရာ။ ကြိမ်ခွဲ၊ ကြိမ်တိုင်၊ ဆပ်ကျာအစု ကုလားတစ်ထောင်။

ဆားချက်အစု ကုလားတစ်ထောင်၊ အစေခံ ကုလားနှစ်ရာ၊ တံငါပိုက်သည်အစု ဖွဲ့သည် ကုလားတစ်ထောင်၊ မြို့တွင်းမြို့ပြင် မသန့်မစင်ရှိသမျှကို သန့်ရှင်းအောင်လုပ်ဆောင်ရသော ဟရီအစု ကုလားတစ်ထောင်။

လူသတ်ပရဝါ အစုသားကုလားငါးရာ၊ လက်သမားအစု ကုလားငါးရာ၊ ပန်းထိမ်ပန်းဘဲအစု ကုလားတစ်ထောင်၊ လှတိုက် လက်သမားအစု ကုလားတစ်ထောင်၊ ဖောင်ထိန်းဖောင်ဖွဲ့ ဝရိအစု ကုလားသုံးထောင်၊ ဒဂီးခပ်စောပန်းခင်အစု ကုလားငါးရာ၊ အရပ်ရပ်ကုလားပေါင်း(၄၇၅၀၀)ကို နောင်အစဉ်အဆက်ဖြစ်အောင် မော်ကွန်းထိုးတော်မူသည်။ မင်းသုံး၊ မိဖုရားသုံး၊ မင်းသား၊ မင်းသမီးသုံး၊ မှူးမတ်သုံး အသီးသီးအစုနှင့် ခွဲဝေ ဖွဲ့တော်မူသည်။

## လျှောက်ထုံးအမှတ် (၁၂)

## မင်းထီးလက်ထက် နွားခိုးမှုဖြတ်ရန် လျှောက်ထုံး

မင်းထီးသည် အသက်(၇)နှစ်အရွယ် သက္ကရာဇ်၆၄၅တွင် လောင်းကြက်မြို့ထီးနန်း၌ ဘုရင်ဖြစ်၍ မင်းပွဲသဘင်ညီလာခံပြုရာ၌ မယ်တော် သုဘဒ္ဒာဒေဝီ၏မောင်ရင်းတော်သူဒါဂါမြို့စားဦးရီးတော် အနန္တဘယရင်ခွင်ပေါ်၌ ထိုင်တော်မူလျက်သာ ခံတော်မူသည်။

မင်းကြီးသည် ရခိုင်ရာဇဝင်၌ အလွန်ထင်ရှားသော မင်းတစ်ပါးဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် သူတပါး၌အကျိုးပြုမှုကို လိုလားသည်။ အကျင့်သီလရှိသည်။အမျက်စောင်းမာန်နည်းသည်။ ဘုရားပုထိုး၊ သိမ်ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်များပြုလုပ်လှူဒါန်းတော်မူသည်။ အဂတိတရားမလိုက်စား၊ တရားဖြောင့်မတ်မှန်ကန်သည်။ ဤသို့အစစကောင်းမြတ်သည့် ဂုဏ်ရှိခြင်းကြောင့် အနီးအဝေးကျော်ကြားသည်။

မင်းထီးသည် တိုင်းပြည်အုပ်ချုပ်ရန် အမိန့်တော်ပြဌာန်းထားရှိသည်ကား–
“သားမကောင်းလျှင် အဘ ၊ မယား မကောင်းလျှင် လင်၊ တပည့် မကောင်းလျှင် ဆရာ၊ ကျွန်မကောင်းလျှင် သခင်၊ သမီးမကောင်းလျှင် အမိကို စီရင်ရမည်”ဟူ၍ ယင်းသို့ မင်းအာဏာတော် ဥပဒေငါးရပ်ကိုထုတ်ပြန်လျက် အုပ်ချုပ်တော်မူလေသည်။

တစ်နေ့သောအခါ လောင်းကြက်မြို့နေ သူဌေးစနဥယ၏ ကျွန်နှစ်ယောက်သည် နွားတစ်ကောင်ကို ခိုးယူသတ်စားကြလေသည်။ နွားခိုးတို့သည် ထိုအမှုကြောင့် မင်းမှုထမ်းထံအဖမ်းခံကြရသည်။ ထိုအခါ ကျွန်ရှင်သူဌေးသည် မင်းဒဏ်သင့်တော့မည်ကို အလွန်ပင် စိုးရိမ်ခြင်းဖြစ်ကာများစွာ ကြောက်ရွံ့လျက်ရှိလေသည်။ အပြစ်မှ ချမ်းသာရစေရန် ဦးရီးတော်အနန္တဘယထံ ချဉ်းကပ်ပူဆာလေသည်။ ငွေအသပြာတစ်ထောင်ကိုလည်း တံစိုးလက်ဆောင်အဖြစ်ယူပါရန် တောင်းပန်ပြီးပေးလေသည်။

ဦးရိုးတော် အနန္တဘယသည်လည်း တူတော်မင်းထီးမှာ ယော်ရွယ်သူဖြစ်၍ မိမိ ရင်ခွင်၌ပင်ထိုင်လျက် ဘုရင်ပြုသူဖြစ်သည်။ မိမိကိုလည်း ဘခင်သဖွယ် ချစ်ခင်မှတ် ထင်ရိုးရှိသည်။ သို့ကြောင့် ဤနွားခိုးမှုတွင် မိမိကျွန်ရှင်ခံခြင်းမျှဖြင့် ရာဇဒဏ်မင်း ပြစ်မသင့်တန်ရာဟု မှတ်လေသည်။ မင်းပြစ်သင့်တော့မည့် သူဌေးအားလည်း သနားခြင်း ရှိလေသည်။ ထို့ကြောင့် ကျွန်ရှင်ခံပေးရန်သဘောတူကာ တာဝန်ယူလိုက်မိလေသည်။ အမှုကိုမင်းထီးကိုယ်တိုင်ပင် စစ်မေးတော်မူသည်။ မင်းထီးက နွားခိုးများကိုမေး၏။ 'သင်တို့သည် အဘယ်သူ၏သားမြေး ကျွန်တို့ပေနည်း''နွားခိုးတို့က ကျွန်တော်မျိုးတို့ သည် ဦးရိုးတော်အနန္တဘယ၏ ကျေးကျွန်ရင်းများဖြစ်ကြပါကြောင်း လျှောက်ထား ကြလေသည်။ မင်းထီးလည်း ဦးရိုးတော်သို့မေးမြန်း၏။ ''နွားခိုးများလျှောက်တင်သည် မှန်၏လော'' ဦးရိုးတော်ကလည်း မှန်ကြောင်းထွက်ဆိုလျှောက်ထားလေသည်။ အမှုမှာ ဦးရိုးတော်နှင့်သာသက်ဆိုင်၍ နေလေရကား ဘုရင်မင်းထီးသည် ရှေးအမတ်ပညာရှိမျိုး မှဖြစ်သော စစ်တကောင်းမြို့စား ဝိမလအမတ်သို့ မေးလေသည်။

''ဤသို့အာဏာကိုဖျက်သူအား ကျမ်းဂန်အလိုအသို့နည်း'' မည်သို့ရှိသည်ကို ဘေးတော်၊ ဘီတော်၊ ထီးနန်းမင်းဆက်စီရင် ထုံးစာဟောင်းနှင့် လျှောက်ထားရမည်'' ဟု အမိန့်တော်ရှိလေသည်။ ထိုသောအခါ ပညာရှိအမတ် ဝိမလ လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ မင်းကျင့်ဝတ်ပကတိတရားခုနစ်ပါးကို ကျမ်းဂန် လာသည်ကား–

သာမသာမျာနုဂေါမစ္စော

ဇနပဒေါပိသဇ္ဇနော၊ ဒုဂ္ဂံဒုဂ္ဂုဏောပေတံ

ဒဏ္ဍော ဒေါသာနုရူပကော။

တော သောအယက္ခယသမ္ပတ္တိ

မိတ္တဥ္ဇာ ယသံယုတ္တံ။

သတ္တပကတိသောဟော်ရွံ့ ဂုတ္တာန်တိ ဝိစက္ခဏာ။ ဟူ၍ရာဇနိတိ ကျမ်း၌လာပါ သည်။ သာမိ=လိမ္မာတော်ဖြောင့်တရားစောင်သော ပြည့်ရှင်မင်းလည်းတစ်ပါးသာ၊ မျာနု ဂေါ မိမိအရှင်ဖြစ်သောမင်းအလိုတော်သို့တရားသဖြင့် လိုက်၍ဆုံးမပေတတ်သော အမစ္စော အမတ်ပညာရှိလည်းကောင်း၊ ဇနပဒေါ ဇနပုဒ်ပြည်ရွာတိုင်းကား၌ဖြစ်ထွန်းသော သဇ္ဇ နောပိ– သူတော်ကောင်းဖြစ်သောပညာရှိလည်းကောင်း၊ ဒုဂ္ဂံဒုဂ္ဂုဏော ပေတံ–ဖျက်ဆီး ကူးမြောက်ခြင်းငှာ ခဲယဉ်းစွာသော မြို့ရိုး၊ တံတိုင်းပြအိုး၊ တန်ဆောင်း၊ ကျုံး၊ မြောင်း၊ ရင်တားနှင့် ပြည့်စုံသောမြို့ရှိခြင်းလည်းကောင်း၊ ဒေါသာနုရူပတော– အပြစ်ရှိသောသူအား အပြစ်အားလျော်စွာ၊ ဒဏ္ဍောမျက်နှာကြီးငယ်၊ မဖယ်မရွေး၊ ဒဏ်ပေးခြင်းလည်းကောင်း၊

အကျွယသမ္ဘတိတောသော– ပြည်သူတို့၏ အခွန်ကိုမလွန်စေရ၊ ဆယ်ဘို့ တစ်ဘို့ခံယူ၍ မကုန်ခန်းနိုင်သော ကျိကျဘဏ္ဍာ သစ္စာမြောက်မြားစွာရှိခြင်းလည်းကောင်း၊ ဘယသံ ယုတ္တံမိတ္တံ– ရန်သူရောက်လတ်သောအခါ ညီညာကူပံ့ဆောင်ရသော ပြည်ထောင်ဖက်ချင်း မိတ်ဆွေခင်ပွန်း မင်းရှိခြင်းလည်းကောင်း၊ ဣတိ ဤသို့ နီတိဝိစက္ခဏာ ရာဇနီတိ၌လိမ္မာ ကုန်သောပညာရှိတို့သည်၊ ဝုတ္တာ–ဆိုအပ်ကုန်၏။ ဤသို့ကျမ်းဂန်လာကြောင်းနှင့် အမတ်ကြီးလျှောက်လေရာ ပြည့်ရှင်မင်းအမိန့်တော်ရှိသည်ကား–

ငါငယ်တော်မူသော်လည်း ကေသရာဇာခြင်္သေ့မျိုးသည် ရွှေဂူ၌သာ အိပ်သကဲ့သို့ ခြင်္သေ့လည်း ရွှေခွက်နှင့်သာတည်သည်။ ဆဒ္ဒန်ဆင်ဖြူမျိုးမှန်လျှင် ဆင်မည်းဖွားရိုးမရှိ။ နေလတို့သည် မိမိအရောင်ကိုဖျက်၍ မထွန်း၊ သမုဒ္ဒရာတို့မူလည်း ကမ်းကိုရေလျှံရိုးမဟုတ်။ ငါတို့မင်းမျိုး၌လည်း အနီးအဝေး မရွေးလေရာ။ အာဏာသားနား၊ ထားသော စကားဖျက်ရိုး ထုံးဟောင်းမလာ။ မင်း တည်ကြည်မှ ပြည်သာသည်။ အနွယ်တော်စောင့်သောတရား၊မဖျက်သင့်။ ငါလည်း သိတော်မူသည်ပင်။ အမိန့်တော်ရှိ၍ အမှုကိုမှန်သည့်အတိုင်း ဆုံးဖြတ်လေသည်။ ဦးရီးတော်အနန္တဘယအား လူသတ်တို့လက်သို့ လွှဲအပ်လိုက်လေသည်။

လျှောက်ထုံးပြုသူ အမတ်ကြီး ဝိမလသို့လည်း မင်းတုံးမြို့ကို စားကျေးပေးတော်မူလေသည်။ သက်တော်(၁၅)နှစ်သို့ရောက်သောအခါလွန်လေပြီးသော ဦးရီးတော်အနန္တဘယ၏သမီးတော် မြတ်ရွှေညာကို တောင်နန်းစံမိဖုရားအဖြစ် ချီးမြှင့်တော်မူသည်။ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့နည်း ဘိသေကမင်္ဂလာကိုလည်း ခံယူတော်မူသည်။

(မင်းထီးသည် ၆၄၅–တွင်နန်းတက်ပြီး၊ ၇၅၁–တွင် နတ်ရွာစံလွန်လေကြောင်း ရခိုင်ရာဇဝင်ကျမ်းများမှာ ပြဆိုပါသည်။)

## လျှောက်ထုံးအမှတ် (၁၃)

# ရာဇသူ (ဝရဓမ္မရာဇာ)မင်းလက်ထက် တောင်နန်းမိဖုရားမြှောက်ရန် လျှောက်ထုံး

မင်းထီးလွှန်ပြီးနောက် သက္ကရာဇ် ၇၅၆ ရောက်သောအခါသက်တော် (၃၅)နှစ်ရှိ ရာဇသူသည် ခမည်းတော်နန်းကျငယ် သိဥ္စည်းမင်း၏ထီးနန်းရိုက်ရာကို ဆက်ခံစိုးစံ တော်မူရသည်။ မင်းပြုသောအခါ ဝရဓမ္မရာဇာဟူသောအမည်ကို ခံယူတော်မူသည်။ တိုင်းပြည်အုပ်ချုပ်ရန် အမိန့်တော်ပြဌာန်းထားရှိတော်မူသည်ကား–

''ရှေးဘိတော်၊ ဘေးတော်၊ ဘိုးတော်၊ခမည်းတော်တို့ ပေးသနားတော်မူခဲ့သည့် အဆောင်အရွက် စားကျေးမြို့ရွာ၊ သူကြီးကလန် အစို့ အငန်းသားတို့မှာ သားမြေးစဉ် ဆက် စားသုံးဆောင်ရွက်ကြီးစိုးမြဲရှိသည့်အတိုင်း ကြီးစိုးထမ်းရွက်ကြစေ''။ တုတ်ခွန် ဘဏ္ဍာခံယူသုံးဆောင် ဆက်သွင်းသည်များမှာလည်း – အသည်သားတို့မှာ တစ်နှစ်လျှင် အိမ်ကြီး ငါးသပြာ၊ အိမ်ငယ် နှစ်သပြာခွဲ။ အစို့အခွန်သားတို့မှာ အိမ်ကြီး ဆယ်သပြာ၊ အိမ်ဝယ်ငါးသပြာ၊ အရိုင်းတို့မှာ ဓါးတစ်စင်း၊ ယာတစ်ခင်းလျှင် သုံးသပြာစီသာ တောင်း ခံမြဲထုံးစံရှိသည့်အတိုင်း အစဉ်အလာ ခံယူသုံးစားဆက်သွင်းစေ။

အမှုထမ်းသင်း ကိုယ်ရံမှစ၍ ဝင်းသား၊ ဒိုင်းသား၊ ဟရာစီရီတို့ကို အခွန်အတုတ် မတောင်းမခံစေနှင့်။ အစို့ရင်းမှာသာ ထမ်းရွက်နေထိုင်စေ။ မင်း၊ မိဖုရား မင်းသား၊ မှူးမတ်တို့မှာလည်း ရှေးအသီးသီးပေးဖွဲ့တားခဲ့၍ ရှိသည့်လူကို သာသုံးစေ။ အခြားသူ တို့ကို ကပ်ခိုမထမ်းစေနှင့်။

တရားတပေါင်လက်ရောက်နှုတ်လွှန်၊ မြေမှု၊ ရေမှု၊ အိမ်မှု၊ငွေမှုများမှာလည်း တရားဆွေလေးယောက်၊ ပြည်စိုးလေးယောက်တို့ မြို့လေးမျက်နှာက တရားမဏ္ဍပ်နှင့်

စီရင်မြဲကို စီရင်စေ။ ပြီးပြေလျှင် အမှုကြီးငယ်ကိုထောက်၍ ငါးသပြာတန်သည်၊ နှစ်သပြာတန်သည်ကို စီရင်သူက ခံယူစားသုံးစေ။ မင်းရာဇာစိုးထူးဆို၍ မကုန်မကျစေနှင့်။ တရားဆွေပြည်စိုးတို့ စီရင်၍မပြီးသော် အမတ်လေးယောက် စုံညီစီရင်ဆုံးဖြတ်စေ။ မပြီးမှု အမှုသည်နှစ်ဦးကို အတွင်းသို့ဝင်စေ။

ခိုးမှုရိုးမှုများမှာလည်း ရိုက်ပုတ်ထောင်းသတ်၍ မစစ်မမေးစေနှင့်။ ပညာဖြင့်သာပေါ်အောင်စစ်။ ခိုးသည်မှန်လျှင် စာထိုး၍ ဟရီအစို့မှာဖြည့်။

အသက်သေဆုံးလျှင် မည်သူမဆို သေစားသေစေ။ မူးမတ်မယားကို ပြစ်မှားသူတို့မှာ မျက်နှာတွင်ဆေးရေး၍ မောင်းလည်ပြီးလျှင် မိန်းမယောကျ်ားနှစ်ယောက်ကို ရေခပ်စီရီအစို့မှာဖြည့်။ ဘိသိက်ဆက်မင်္ဂလာပုဏ္ဏား၊ မရောစေနှင့်။

ရဟန်းသံဃာတို့မှာလည်း မြတ်စွာဘုရား ဟောတော်မူရင်းစကားကို ရှည်ကြာ၊ ထွန်းလင်းအောင် ဝဋ္ဋဂါမဏိမင်းလက်ထက် သီဟဠဘာသာအက္ခရာ တင်ထားခဲ့သည့် ပိဋကတ်သုံးပုံကိုသာ သင်ကြားလေ့လာရမည်။ ပုထုဇဉ်တို့ ပြုလုပ်သောကျမ်းဂန်များကို မလေ့လာသင့်။ နောက်ကိုလည်း ကျမ်းဂန်မလုပ်စေနှင့်၊ ဝိနည်းမိုရ်ဆရာတော်က နိုင်အောင်တားမြစ်။ ထိုသို့ အာဏာတော် ပိုင်းဖြတ်ထားတော်မူသည်။

ထိုမင်းသည် နန်းတက်ပြီးတစ်နေ့သောအခါ မြတ်နိုးတော်မူသော အမတ်ကြီးမနုဟာသမီး မြတ်ကုံးကို တောင်ညာနှင်း၍ ဘိက်သိက်ခံတော်မူရန် ပညာရှိအမတ်မျိုးစစ်တကောင်းစား ဝိမလကို မေးတော်မူလေသည်။ အမတ်ကြီး လျှောက်ထုံးမူကား–

'အရှင်မင်းမြတ်။ မိန်းမကောင်းလက္ခဏာကို ရှေးပညာရှိတို့ဆိုလေခဲ့သည်ကား ကုက္ကုဋ္ဋိဘရိယာ၊ အင်္ဂါညီညွတ်၊ မိန်းမမြတ်တို့၊ လင်ဝတ်လင်မှု၊ အနုအရင့်၊ အခွင့်လိမ္မာ၊ သဒ္ဒါရက်ရက်၊ ရမ္မက်နည်းပါး၊ စကားတည်ကြည်၊ ဆိုသည်အချက်၊ ထွက်လည်းနာဖွယ်၊ ပြစ်ခြောက်သွယ်မှု၊ ယူဖွယ်မရှိ၊ ဟိရိသြတပ်၊ စောင့်ကြပ်ကိုဝယ်၊ ပျက်ရည်သွမ်းမှု၊ မပြုဖြောင့်ဖြောင့်၊ အမျိုးစောင့်၍၊ မထောင့်လိမ့်လက်၊ အိပ်စက်ဝတ်စား၊ အသွားအနေ၊ အစေအသုံး၊ ရှေးထုံးနှိုင်းညှို၊ ဂတိမလိုက်၊ စရိုက်ရန့်ကြမ်း၊ မိန်းမသွမ်းနှင့်၊ မပြွမ်းရောနှော၊ သဘောတည့်မတ်၊ သူ့ထက်မြတ်သည်၊ မန္တတ်မင်းနှင့်ထိုက်ရာသော်ဝ်။ ထိုသို့သော မိန်းမကို စကြာမန္ဒတ်မင်းတို့သော်လည်း ဘိက်သိက်ခံအပ်ကြောင်းကို ထုံးကောင်းရှိပါသည်။

လောကီလက္ခဏာကျမ်းတွင်လည်း ရာဇဒေဝီမိဖုရားကြီးသည် သီလစာဂံ၊ အကျင့်သီလမြဲခြင်းလည်းကောင်း၊ ကေသမသျှံဆံပင်နက်၍ ကောင်းခြင်းလည်းကောင်း၊ လက္ခဏာဝါဒီ ခြေလက်သေးသွယ်နူးညံ့ခြင်းလည်းကောင်း၊ အရေးအကြောင်း နက်ခြင်းလည်းကောင်း၊ သဒ္ဒိ–အသံသာယာဖွယ်ရှိခြင်း လည်းကောင်း၊ မံသံအသားနူးညံ့ခြင်း

လည်းကောင်း၊ ဗဟုတာ– များသော မောင်းမအပေါင်းတို့အား ရိပ်ခြေသိစွာလိမ္မာခြင်းလည်းကောင်း၊ ထိုအင်္ဂါခုနှစ်ပါး မိဖုရားကြီး၌ရှိအပ်ကြောင်းကိုလည်း ရွေးထုံးကောင်းလာပါသည်။ အရှင် မိဖုရားမြတ်ကုံးသည် ထိုသို့အင်္ဂါတို့နှင့်ပြည့်စုံလျှင် တောင်ညွှာထားမိဖုရားကြီး မြှောက်ထိုက်ပါသည်။ ဤသို့လျှောက်လေသော် ပြည့်ရှင်မင်းက အမတ်ဝိမလသို့ သပြာတစ်ထောင် ဆုပေးတော်မူသည်။

# လျှောက်ထုံးအမှတ် (၁၄)

## ဝရဓမ္မရာဇာမင်းလက်ထက် နိမိတ်များ လျှောက်ထုံး

သက္ကရာဇ် ၇၆၃ ခု၊ ထိုမင်းသက်တော်၄၂–နှစ်ရောက်သာအခါ မဟာမုနိဘုရား ရောင်တော်လွှတ်သည်။ လျှောင် အကြိမ်များစွာ လှုပ်သည်။ တော်လဲသည်။ ဥက္ကါပျံသည်။ နတ်အမြောက်သံ အကြိမ်များစွာ ကြားသည်။ တောင်ပြိုသည်။ နန်းသို့ မိစ္ဆာဝင်သည်။ နဂါးချေးလွှတ်သည်။ ကြာသပတေးကြယ် လကိုထွင်းသည်။ စနေ အင်္ဂါဂြိုဟ်ပျံသည်။ ထိုသို့တိတ်နိမိတ်များကို အမတ်ပညာရှိဝိမလ လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ဘုရားပုထိုး အရောင်လွှတ်သည်၊ တောင်ပြိုသည်များမှာ မင်း၌အကြောင်း ထုံးဟောင်းရှိပါသည်။ ဥက္ကါပျံသည်၊ နဂါးချေး လွှတ်သည် ရပ်ရှစ်မျက်နှာ တိမ်သွေးသို့ မြင်သည်များမှာ မင်း၊ မိဖုရား၊ မင်းသား၊ ဥပရာဇာတို့အကြောင်း။ လျှောင် အကြိမ်များစွာ လှုပ်သည်။ တော်လဲသည်များမှာ ပြည်သူတို့အကြောင်း။ နတ်အမြောက်သံကြား သည်၊ စနေ အင်္ဂါဂြိုဟ်ပျံသည်များမှာ စစ်ချီစစ်ရောက်ရာသောအကြောင်း။ ကြာသပတေးကြယ်လကို ထွင်းသည်၊ ကြာသပတေးကြယ်ပျံသည်၊ လကိုထွင်းသည် များမှာရဟန်း၊ ပုဏ္ဏား၊ မိကြီး၊ ဘကြီး၊ ဆွေကြီး၊ မျိုးကြီး၊ မှူးကြီး၊ မတ်ကြီးတို့အကြောင်း။ နန်းတွင်းသို့ မိစ္ဆာဝင်သည်မှာ နန်းသူတို့ သိက္ခာပျက်သည့်အကြောင်း၊ ယင်းသို့ ထုံးဟောင်း လောကီကျမ်းများရှိပါသည်။ ဤသို့အမတ်ကြီးလျှောက်လေသော် ပြည့်ရှင်မင်းက ဝိမလအမတ်ကြီးသည် လူအိုဖြစ်ချေပြီ။ ဝင်ထွက်သွားလာရာ ရွှေထမ်းစင်စီး၍သွားစေဟု ဆုအခွင့် ပေးတော်မူသည်။

## <u>လျှောက်ထုံးအမှတ် (၁၅)</u>

## မင်းစောမွန် (နရမိတ်လှ) လက်ထက် ညီတော်ကို မာန်ဝင်၍ သံတွဲကိုမတိုက်သင့်ကြောင်း လျှောက်ထုံး

သက္ကရာဇ် ၇၆၆–ခုနှစ်တွင် ပြည်သူတို့ညီညွတ်ကြပြီး၊ ဝရဓမ္မရာဇာ(ရာဇသူ)၏ သားတော် မင်းစောမွန်(နရမိတ်လှ)ကို မိဖုရားစောစစ်နှင့် ထီးနန်းအပ်နှင်း မင်းမြှောက်ကြလေသည်။

နရမိတ်လှမင်းသည် ခမည်းတော်လက်ထက်က ရောက်လာသော ပြူမလွန်စား ရာဇသူ၏သမီးရွှေဆုံကို မိဖုရားအရာမြှောက်ပြီး ယောက္ခမရာဇသူကို ကိုယ်ရံကြီးအမတ်အရာခန့်ထားသည်။ မိဖုရားရွှေဆုံ၏ ဆွေသားမျိုးသားကျေးကျွန်တို့ကို အသီးသီး ကျေးစားပေး၍ ထားသည်။ ထိုသူတို့သည် ပြည်သူတို့ကိုနှိပ်ကွက်ရက်စက်ပြုကြသည်။ မင်းလည်း မိဖုရားရွှေဆုံ အလိုသို့သာ လိုက်လျက်ရှိသည်။ မင်းကျင့်တရားနှင့်မညီ။ ပြုလိုရာပြုလေသည်။ အမတ်သွန်းများနှင့်ပေါင်းဖက်ပြီး ပျော်ရွှင်မှုတို့ဖြင့်သာ အချိန်ကုန်လျက်ရှိလေသည်။ တိုင်းရေးပြည်မှုများ၌ အားထုတ်မှု အလွန်ပင်နည်းလေသည်။ ခမည်းတော်လက်ထက်ကရှိနှင့်သော မှူးဟောင်း၊ မတ်ဟောင်းအချို့တို့သည် ထိုအချက်များကို မကြည့်မမြင်နိုင် ရှိကြသည်။ သို့နှင့် ခမည်းတော်လက်ထက်က မှူးဟောင်း၊ မတ်ဟောင်း၊ သူကြီးကျေးခေါင်တို့သည် ညီတော်သံတွဲစား(အလီခင်)ဆီ သွားရောက်ခစား လျှောက်ထားကြလေသည်။

အရှင့်သားတော် ကြာလျှင်တိုင်းပြည်ပျက်အံ့သော အကြောင်းဖြစ်ပါသည်။ ထီးနန်းတိုင်းပြည်ကို သိမ်းယူတော်မူပါ။ ဤသို့လျှောက်တင်ကြလေသော် သံတွဲစား

နရနု(အလီခင်) အမိန့်တော်ရှိသည်ကား– ငါတို့အနွယ်တော် သာကီဝင်မင်းဆက် အမျိုးဖောက်၍ ဝိလုပ္ပနွလုယက်တိုက်ဖျက်၊ ထီးနန်းတက်ရိုး ထုံးမရှိ။ အစ်ကိုမှာ အသာအရာဖြစ်သည်။ မိစ္ဆာမိုက်မှားမကြံရာဟု အမိန့်တော်ရှိလေသည်။

ထိုအကြောင်းများကို မင်းစောမွန်(နရမိတ်လှ)ကြားသိလေရာ စိတ်မာန်ပြင်းစွာဝင်၍ သံတွဲသို့ချီမည်ရှိသောအခါ ရှေးအမတ်ပညာရှိ အသက်တစ်ရာ ဝိမလအမတ်လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ရှေးသူဟောင်းစကားရှိပါသည်။ ပင်လယ်မြစ်ကြောင်း ဝဲခနောင်း၌ တိမ်းစောင်းမဖယ်သာ။ မာလိန်အမတ် ရေကြောင်းလွှတ်သော် ကူးခတ်မရောက်ရာ။ ပြည့်ရှင်မင်းမြတ် အကျင့်ချွတ်လျှင် ဥပါဒ်သတ္တဝါ ထုံးဟောင်းရှိပါသည်။ ညီတော်သံတွဲစားနှင့် မှူးမတ်ပြည်သူတို့ကို မာန်တော်မရောက်ကောင်းပါ။ အရှင်မင်းကြီးသည် ရှေးဘီးတော်၊ ဘိုးတော်၊ ခမည်းတော်တို့နှင့်မတူ၊ အမျိုးစောင့်သောတရား ပျက်ချေသည်။ ခမည်းတော် စားကျေးပေးခဲ့သော သံတွဲမြို့၌ ညီတော် ချမ်းအေးသာယာငြိမ်သက်စွာနေလေသည်။ ထိုသို့ ရှိသည်ဖြစ်လျက် သူလျှောင်သူဖျက်တို့စကားကို နားဝင်တော်မူလျက် ယောက္ခမတော် အမတ်ရာဇသူကိုခန့်တော်မူ၍ တစ်နှစ်တစ်ကြိမ် တိုက်စေပါသည်။ သို့တိုက်စေသော်လည်း ညီတော်၌ဂုဏ်သီလမြဲခြင်းကြောင့်လည်းကောင်း၊ မှူးမတ် ကျေးကျွန် အင်္ဂါစုံစွာရှိသည်ဖြစ်၍လည်းကောင်း၊ သုံးကြိမ်ပျက်ကာ ပြန်ခဲ့ရပါသည်။ ချီတော်မူမည် ကြံတော်မမူသင့်ပါ။

ရှေးကျမ်းဂန်အဆို တလိန်ကရာဇ်မင်း ကအသကမင်းကို စစ်ပြုသောအကြောင်း နိဒါန်းဟောင်းတွင်လည်း–

ဆဒ္ဒန်ပြောင်မုန်၊ ရဲဟုန်နှင့်ချိုး၊ ချွန်ချွန်ထိုးသို့၊ အကျိုးရှိသင့်၊ တို့ခွင့်မသာ၊ မင်္ဂလာအောင်မြေ၊ အနေသင့်ရာ၊ ဗိုလ်ပါဆင်မြင်း၊ သိမ်းသွင်းမပျက်၊ ရဲမက်မပြို၊ ရန်ကိုနှိပ်နွံ၊ အကြံပညာ၊ သည်သာဖြစ်ခံ၊ သူရဲမရှား၊ လက်ရုံးအားမှာ၊ အမှားအမှန်၊ အလွန်အကျူး၊ သူရူးအင်္ဂါ၊ မိစ္ဆာအကျင့်၊ နိမ့်မြင့်ရှုံးနိုင်၊ အပိုင်ခဲခက်၊ လက်နက်ဗိုလ်ခြေ၊ အသေအဆုံး၊ ထုံးမပြလောက်၊ ထွင်းဖောက်မြောက်မြား၊ ဂုဏ်ကိုးပါးစုံ၊ ပညာလုံမှု၊ ဗိုလ်ပုံမပန်း၊ ဉာဏ်စွမ်းနဂို၊ တွင်းပြင်ရှိက၊ ကြီးဘိစစ်အင်၊ မြင်းဆင်ရထား၊ ခြေသည်အားနှင့်၊ လေးပါးစုံညီ၊ ရောက်ငြားတုံလည်း၊ ပိုက်ခြီစီးပြီး၊ စစ်သူကြီးတို့၊ ထုံးမှီးလိမ္မာ၊ သို့ကိုသာလျှင်၊ စစ်အင်လေးမည်၊ အပ်သည်ရှေးရိုး၊ ရန်ချိုးနိုင်သည်၊ သူ့ပြည်သာယာ၊ ဝတီ သာသို့၊ ပမာတမျှ၊ အသကမြင်း၊ စစ်တွင်းရှုံးမည်၊ ဆိုသည်စကား၊ သိကြားစင်လျက်၊ ပျက်သည်ထုံးစံ၊ နန္ဒိသေန၊ အသကမတ်၊ ညီညွတ်ပြည့်စုံ၊ ပညာလုံ၍၊ ဗိုလ်ပုံရန်ငြိမ်၊ ကလိန်ဂရာဇ်၊ သူ့စစ်

နွမ်းညှိုး၊ အကျိုးမရှိ၊ ပန်းနယ်ရှိ၍၊ ကစိကစက်၊ ကြေညက်ဘရမ်း၊ အမတ်သွန်းနှင့်၊ မင်းကြမ်းတသွန်၊ မာန်တံခွန်ကို၊ ကဲလွန်စတင်၊ ကိုယ်ရှင်ကိုယ်ဝယ်၊ အလမွယ်သို့၊ အန္တရာယ်ရောက်၊ ပြေးပေါက်လမ်းမှား၊ သေပျောက်ငြားလည်း၊ တရားမရမင်းသုည ဟု– လျှောက်စာထုံးဟောင်း ရှိပါသည်။

အရှင်မင်းမြတ်။ ထိုမှတုံလည်း၊ သူလျှောင်သူပျက်၊ ပေါင်းဖက် စကား၊ မင်းကြီးမှားမူ၊ တိုင်းကားမစည် ပျက်တတ်သည်။ ရှေးထုံးဟောင်း အလာတင်လည်း။

ကြွက်ကြီး တွင်းအောင်း ကြွက်ငယ်လောင်းရုံး ပေါင်းတွင်းကို ဖျက်လိမ့်မည်။ ကျောင်းတစ်ဆယ်ကို ရှင်ငယ်တစ်ယောက်စားလိမ့်မည်။ အကျီခါးတို့၊ လူပျို့အမတ်များလိမ့်မည်။ ပုတီးလက်စွဲ လူစဉ်းလဲလည်း များလိမ့်မည်။ ယင်းသောအခါ မိုးမရွာ၊ အစာတော်မွတ် ရှားလိမ့်မည်။ တော်မြစ်ကူးတို့ လူမပို့လည်း ကူးလိမ့်မည်။

ကြွက်မင်းပြေးရာ၊ မဇ္ဈိမာသို့ ရောက်လိမ့်မည်။

ပြူနှင့်တလိုင်း ငါးဇင်ရိုင်းသို့ ပြုလိမ့်မည်။

ကြွက်မင်းတဖန် တွင်းသို့ပြန်သော် အကြီတွင်းသစ် ရှာလိမ့်မည်

တွင်းသစ်ရခါ များမကြာ ကြမ္မာကုန်အံ့သောဝ်။

ထိုသို့သိုက်ဒါတ် ဟောင်းထွက်ရှိပါသည်။

တိုင်းပြည်ပျက်ရာသော တိတ်ကြီး၊ နိမိတ်ကြီးထင်မြင်သည်မှာလည်း ဒါတ်လေးပါးချောက်ခြား ဖေါက်ပြန်၍မိုးလည်းမရွာ သတ္တဝါတို့လည်း တော်မွတ်ပင်ပန်း၊ ညှိုးနွမ်းရိပါးရှိသည့်အတွင်း မြို့စားရွာစား၊ ကျွန်းစားချောင်းစား ပေးတော်မူသည်မှာလည်း တစ်မြို့တစ်ရွာ၊ တစ်ချောင်းတစ်စို့မှ လွတ်သည်မရှိ၊ ထိုကျေးစားတို့ကလည်း တဒ္ဓဝ၊ မကောင်းသော အမူအကျင့်တို့ဖြင့် တိုင်းပြည်ပျက်ကြောင်းကိုသာ ပြုကြပါသည်။

အရှင်မင်းမြတ်။ ညီတော်၊ သားတော်၊ ဆွေတော်၊ မျိုးတော်မှစ၍ မှူးကောင်းမတ်ကောင်းတို့ကို မနှိပ်စက်အပ်ပါ။ နှိပ်စက်ချေသော် ပြည်နာသည်။ ပြည်နာချေမူ၊ ရန်သူပေါ်ပေါက် ပြည်လုံးမှောက်၍ ပျက်စီးခြင်းသို့ရောက်တတ်ပါသည်ဟူ၍ အမတ်ကြီးလျှောက်ထားလေရာ၊ မင်းရိုးမှန်လျက်၊ သူမိုက်တို့နှင့်ပေါင်းမိ၍ ပညာရှိစကားကိုမယူ၊ မှောက်မှားသဖြင့် အမတ်ကြီးဝိမလကို မာန်အောင်ကျွန်းသို့ ပို့လေသည်။

များမကြာမီ အင်းဝမင်းခေါင်သား မင်းရဲကျော်စွာတိုက်ခိုက်၍ မင်းစောမွန် အနောက်ကုလားပြည်သို့ ပြေးရသည်။ တစ်ဆယ့်ကိုးနှစ်ကျော်ကြာပြီးမှ တစ်ဖန် ထီးနန်းပြန်ရသည်။ ထိုကာလ၊ နှစ်နှစ်ဆယ်ခန့်ကို မြန်မာ့တစ်လှည့်၊ မွန်တစ်လှည့် စစ်ပြုအုပ်ချုပ်ကြလေသည်။

နောက်ဆုံး ကလေးကျေးတောင်ညိုမြင်းကို ရခိုင်သားတို့တိုက်ခိုက်၍ ထွက်သွားလေမှ မြန်မာနှင့်မွန်တို့လည်း နောက်ထပ်မလာတော့ချေ။

(ဤလျှောက်ထုံး၌ မင်းစောမွန်သည် တရားမစောင့်၊ ပညာရှိစကား မနာယူ၊ မိုက်မှားမှုများကြောင့် တိုင်းပြည်ပျက်ခဲ့ရသည်ကို မှတ်သား၍ သံဝေဂရဘွယ်ဖြစ်ပါသည်။)

## လျှောက်ထုံးအမှတ် (၁၆)

# နရမိတ်လှ (မင်းစောမွန်) လက်ထက် မြို့မပြောင်းသင့်ကြောင်း လျှောက်ထုံး

နရမိတ်လှမင်းသည် အင်းဝမင်းရဲကျော်စွာ လာရောက်တိုက်ခိုက်သည်ကြောင့် ကုလားပြည်သို့သွားရောက်ပြီး ခိုလှုံနေခဲ့ရာ နှစ်ပေါင်းနှစ်ဆယ်နှစ်နှစ်ကျော်မျှ ကြာညောင်းလေသည်။ ရခိုင်သားတို့တိုက်ခိုက်၍ ကလေး တောင်ညိုမင်း၊ မိဖုရားနှင့်အပေါင်းပါတို့ မြန်မာပြည်သို့ပြန်သွားကြသောအခါ နရမိတ်လှညီတော်သံတွဲစား နရသူ(အလီခင်)သည် နောင်တော်ထံလူစေလွှတ်ပြီး လျှောက်ထားစေသည်။ နောင်တော်လည်း ကုလားမင်းအကူအညီဖြင့်ချီလာခဲ့၍ သက္ကရာဇ်(၇၉၁)ခုတိုင်ရောက်မှ ဒုတိယအကြိမ်ထီးနန်းကို ပြန်လည်စိုးစံရလေသည်။ သားတော်များကို အိမ်ရှေ့မပေး။ ညီတော်နရနုကို အိမ်ရှေ့နှင်းတော်မူသည်။

နရမိတ်လှမင်းသည် ခမည်းတော်လက်ထက်က မျူးကြီး၊ မတ်ကြီး၊ သားမြေးတို့ကို စီစစ်တော်မူပြီး၊ အသီးသီးပညာအရည်အချင်းအလျောက် အနိမ့်အမြင့် သူကောင်းပြုတော်မူသည်။ မာန်အောင်သို့အပို့ခံရသူ အမတ်ကြီးဝိမလ၏သား မြကျော်အောင်ကိုလည်း ကဝိကျော်အမည်နှင့် လေးမြို့ချောင်းကို စားကျေးပေးတော်မူသည်။ မိမိကား မင်းစောမွန်ကြီးအမည်ကို ခံတော်မူသည်။

မင်းစောမွန်သည် ယခင်နန်းကျစဉ်က အလေ့အကျင့်စရိုက်ဆိုးတို့ကို ပစ်ပယ်လေသည်။ သူတော်ကောင်းတို့စရိုက်ကို နှစ်မြိုက်လက်ခံလာသည်။ ပညာရှိသူတော်ကောင်းတို့နှင့်ပေါင်းဖက်ကာ ပျက်စီးယိုယွင်းလေသောအရာတို့ကို ပြုပြင်ပြီး၊ တိုင်းပြည်တိုးတက်သာယာရေးကို ကြိုးပမ်းဆောင်ရွက်တော်မူလေသည်။

မင်းစောမွန်သည် ပျက်စီးလျက်ရှိသော လောင်းကြက်မြို့အဖြစ်ကိုကြည့်ပြီး၊ မနှစ်သက်နိုင်တော့ချေ။ ထို့ကြောင့် မြို့ပြောင်းမည့်အကြောင်း အမိန့်ရှိတော်မူလေသည်။ ထိုအခါလေးမြို့စား ပညာရှိအမတ် ကဝိကျော်လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ သင့်တင့်အပ်သော မြို့ပြ၊ ကျုံး၊ မြောင်းစသော အင်္ဂါခုနစ်ပါးနှင့်ပြည့်စုံပြီး၊ ပဋိရူပစသော စက်အင်္ဂါလေးပါးညီညွတ် ထွန်းလင်းသောနေရာပင်ဖြစ်စေကာမူ ကျန်းဂန်လာသည်မှာ–

ယတ္တ– အကြင်တိုင်းပြည်၌၊ ရာဇာစ– မင်းသည်လည်းကောင်း၊ မိစ္ဆာသပ္ပေါ်– များသောအကျင့်အကြံရှိသည်ဖြစ်၍၊ နိဗ္ဗောဂေါ်– ဝေဖန်ခွဲခြမ်း ပေးကမ်းချီးမြှင့်ခြင်းကို မပြု၊ စတုဂတိဂမနော– လေးပါးသောအဂတိသို့ လိုက်စားလေ့ရှိ၏။ ဗာလုအသေဝနော– မိုက်သောသူတို့နှင့် ပေါင်းဖက်ယှဉ်တွဲ မှီဝဲရောနှောလေ့ရှိ၏၊ တံရဋ္ဌံ– ထိုတိုင်းနိုင်ငံသည်၊ ဒုက္ခံ– ဆင်းရဲပျက်စီးခြင်းသို့ရောက်သည်၊ ဘဝေ–ဖြစ်ရာ၏။ ဤသို့ကျမ်းဂန်လာပါသည်။

အထက်တိုင်းပြည်မပျက်မီ အရှင်မင်းမြတ် ထီးနန်းစိုးစံတော်မူသောအခါလည်း၊ ရှေးမင်းတို့နည်း ဘိက်သိက်တော်ကို မခံရှိလေ။ ယခု ကံကုသိုလ်ပေးလာပြန်၍ ထီးနန်းတိုင်းပြည်ကို ရမြဲရပြန်ရာ၊ ဘိတော်စသော ခမည်းတော်မင်းမြတ်တို့နည်း ဘိက်သိက်ခံတော်မူပြီးမှ မြို့သစ်ပြောင်းတော်မူလိုလျှင်လည်း ပြောင်းတော်မူသင့်ပါသည်။ ရှေးပညာရှိတို့အမှာစာတမ်းထုံးမှာလည်း– ရဟန်းတို့မှာ ကမ္မဝါတင်၊ သိမ်ဝင်သိက္ခာ၊ ဓမ်မာ(ဓမ္မာ)တရား၊ မြဲသင့်ကြောင်း။ မင်းတို့မှာလည်းဘိက်သိက်ခံရာ သမ္မာမင်းမြတ်ကောင်းဟူ၍ ထုံးဟောင်းလာသည့်အတိုင်း ရာဇပုံတွင်လည်း ရဟန်း–သိက္ခာ၊ မင်းမှာ=ဘိက်သိက်၊ သူတော်စိတ်ကို မဖိတ်ကျင့်ရိုး၊ မြတ်အမျိုး–ဟူ၍ဆိုလေသည်။ တိုင်းပြည်၊ သတ္တဝါ၊ ကြမ္မာကပ်ဥပဒ် ဆိုက်ရောက်၍ (အနှစ်နှစ်ဆယ်ကျော်မျှ) မြန်မာနှင့်မွန်တို့ မင်းမူလျက်ရှိလေရာ ဘိက်သိက်တော် မင်္ဂလာရပုဏ္ဏားတို့သည် ပန်းတင်၊ စောင်းတီး၊ စန္ဒီ၊ ဟူးရား၊ ဟုန်းနတ်၊ ပရိတ်ရွတ်အစိုပုဏ္ဏားတို့နှင့် ရောနှောလျက်ရှိလေသည်။ ဘိက်သိက်မင်္ဂလာတော်ရပုဏ္ဏားတို့ ရှေးအစဉ်ကျင့်ရိုးသော်ကား– အင်း– မန္တာန်– ဆေး၊ ပယောဂ၊ ဟူးရား၊ ဗေဒင်၊ မန္တာန်များကိုလည်းမလေ့လာခြင်း၊ ရေမချိုးမီ ဆေးကွမ်းထမင်းစသည်တို့ကိုမစားခြင်း၊ တူရည့်ဝွယ်နှင့်စလွယ်ကို မကွာခြင်း၊ ရာသီရောက်သောမိန်းမ၊ မီးနေသောမိန်းမတို့နှင့် မရောမစပ်ခြင်း၊ လင်သေ၊ လင်ကွာမိန်းမကို အိမ်ထောင်ဖက်မပြုခြင်း၊ သားငါး၊ ငါးပိမစားခြင်း၊ တိုင်သူပြည်သားတို့အိမ်သို့ လှည့်လည်သွားလာ တောင်းစားမပြုခြင်း။ ပိဋကတ်ကျမ်းဂန် အဘိဓာန်စသော ပရိတ်မင်္ဂလာပီသစွာ ရွတ်ဖတ်တတ်ခြင်း၊ ကျမ်းဂန်၌လည်း ရာဇဘိသေကမ္မတော သမ္မောတော၊ သာရဗြာဟ္မ ဝံသာနုရက္ခိတဗ္ဗောဟူ၍ လာရှိတော်မူ

သောကြောင့် ဘိက်သိက်တော်ဆက်ပုဏ္ဏားတို့၏ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံမှ ဘိတော် ဘိုးတော်စသော ခမည်းတော်မင်းမြတ်တို့ကို ဘိသိက်တော်ဆက်ရပါသည်။ ဘိက်သိက်သွန်းရှေးရိုးမှန်အောင် ရွေးစစ်တော်မူ၍ ဘိက်သိက်ရေသွန်းခံတော်မူပါ။ ဤသို့ အမတ်ပညာရှိလေးမြို့စား ကဝိကျော်လျှောက်လေရာ မင်းစောမွန်ကံကုန်ချိန်ရောက်လေ၍ ကြိုက်တော်မမူ။ သက္ကရာဇ်(၇၉၂)ခု၊ တော်သလင်းလဆန်း(၁)ရက်နေ့၊ တနင်္ဂနွေနေ့၊ ကန်လက်၊ ကန်စန်းနှင့်–မြောက်ဦးမြို့ကို တည်လေသည်။ မြို့တည်မပြီးမီ ယာယီနန်းနှင့်နေတော်မူစဉ် ဝေဒနာကပ်ရောက်ပြီး နတ်ရွာလွန်တော်မူသည်။ ရခိုင်ရာဇဝင်သစ်၌ ၇၉၅–ခုတွင်မှလွန်ကြောင်း ဆိုသည်။

## လျှောက်ထုံးအမှတ် (၁၇)

# မြောက်ဦးမြို့ နရနု(အလီခင်)နှင့် အင်းဝမြို့ နရပတိမင်းတို့ အပြန်အလှန်ပြုကြသော ရာဇသံစာ သဝဏ်လွှာနှစ်စောင်

နရမိတ်လှမင်းစောမွန်၏ညီတော် အိမ်ရှေ့မင်းနရနုသည် နောင်တော်လွန်လျှင် ထီးနန်းဆက်ခံ စိုးစံတော်မူသည်။ နန်းတက်မိဖုရားကား စောခမောက်ဖြစ်သည်။ နန်းတက်သောအခါ အလီခင်ဟူသော ကုလားဘွဲ့မည်ကိုလည်း ခံယူလေသည်။

ထိုမင်း အလီခင်လက်ထက် အင်းဝဘုရင် ထူပါရုံဒါယကာ နရပတိသည် ရခိုင်သို့ချီလာခဲ့သည်။ ရခိုင်ရိုးမ ဖိုးခေါင်နွယ်ချိုတောင်အရပ်သို့ရောက်လာပြီး တပ်ချရပ်နားနေလေသည်။

ထိုအကြောင်းကို ရခိုင်ဘုရင်အလီခင်ကြားသိလေသော် တပ်အစီရင်နှင့်တကွချီလာခဲ့ပြီး ''ကမာ''အရပ်တွင် တပ်ချရပ်နားလိုက်သည်။ ထို့နောက် အင်းဝမင်းထံသို့ ရာဇသံစာပေးရန် အမတ်ဥသ္သလင်းကို စေလွှတ်လေသည်။ ပေးတော်မူလိုက်သော ရာဇသံသော်ကား–

ဣတိပိသောဘဂဝါ၊ သွက္ခာတော၊ သုပ္ပဋိပန္နော–စသော ဂုဏ်တော်တရား သုံးပါးနှင့်အညီ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ သာသနာတော် မညှိုးမနွမ်းစေရ၊ မူလသိက္ခာ၊ မင်းသမ္မာတို့ခံရာသော ဘိက်သိက်တရား ဆယ်ပါးသောမင်းကျင့်၊ တစ်ဆယ့်နှစ်ဆင့်သော အင်္ဂါ၊ ကြိယာဒသ၊ သတ္တကျက်သရေ၊ လေးတွေသင်္ဂဟ၊ နိစ္စမြဲစွာ၊ အဝိဇ္ဇာနှင့်၊ တဏှာမိတ်ပေါင်း၊ သူမကောင်းနှင့်၊ ကင်းကြောင်းလို့လကိုသာ၊ ပညာဗလပြလျက်၊ မင်းတို့အား ငါးပါး၌ စရိမာ ဆုတ်ယုတ်တတ်သောလက်ရုံးမာနအားကိုပယ်၍ အနီးအဝေး

မရွေး ပကတိတရားခုနစ်ပါးနှင့် သတ္တဝါတို့ကိုစောင့်ထိန်းလျက် အုပ်ချုပ်စီရင်လေ့ရှိသော မြောက်ဦး ရွှေမြို့တော်ကြီးအရှင် ကြားရောက်လိုက်သည်။ အင်းဝရွှေမြို့ရှင် အကြည်တော် လူသတ္တဝါတို့၏ ဓလေ့စာရိုက်၊ သီလ၊ ဝါရိတ္တသီလ ထိုနှစ်ဝသောတရားကိုသာ ရှည်စွာ စွဲမြဲကျင့်ကြံရမည်ကို အသိပညာ သမ္မာတရား မကပ်မရှိခြင်းကြောင့် ဂဏီဝါလု၊ သဲစုအမျှ ရှေးကာလ၌ ပွင့်တော်မူကြသောဘုရားရှင်တို့ သင်းပင်းသို့မဝင် သံသရာစက်ရဟတ်က မလွတ်၊ တဏှာအိုင်၌ပျော်ပိုက်လျှက်၊ ကေဘုမ္မကဝဋ္ဋအလယ်၊ အမြင့်အနိမ့် တွေ့မြဲဓမ္မတာ၊ နိဗ္ဗာန်မှဖီလာ၊ သမုဒယသစ္စာကိုသာ လေ့လာအားထုတ်ကြလေသည်။ ထိုသတ္တဝါတို့၌ တစ်ယောက်သောသူအား သမ္မာဉာဏ်ကပ် ရောက်ဖြစ်ပွားရှိပြန်သော် အချိတ္တ၊ ဗဟိဒ္ဓရန်မလွတ် ရှိပြန်လေသည်။ အတိ ဇာတပဋိသန္ဓေနှင့်စွဲရင်းမှန်၍ နိက္ခမ ဆိတ်ငြိမ်ရာသို့ ထွက်သွားလေ၍ ကာယဝိညတ်၊ ဝဇီဝိညတ်၊ မနောသမတ်နှင့် ညီညွတ်ပြည့်စုံစေလျက် သမ္မာပညာတက်မကို ဖြောင့်မတ်စွာကိုင်၍ အလွန်ကြီးကျယ်စွာ ဗလဝါမုခ၊ သမုဒယ ဝဲတဏှာအိုင်မြစ်ထဲမှခွာ ကူးမြောက်တော်မူလေသည်။

အနုဇာတပဋိသန္ဓေပေးသူတို့၏ ထုံးစဉ်လာကို ကျင့်ကြံမြဲစွဲလျက် အသက်ထက် ဆုံးနေရသည်။ အဝဇာကပဋိသန္ဓေ နေသောသားသော်ကား ရှေးပညာရှိတို့ထုံးကို မယူ ဆိုးသွမ်းပျော်ရွှင်၊ သဘင်လေ့လာ၊ သေစာယစ်မျိုး၊ သောက်စားမက်မော၊ အတ္တနောမတိ၊ မိမိအကြိုက်ကိုသာ အဘိဇ္ဈာမတရားဖြင့် သူတစ်ပါး ဥစ္စာကိုလိုချင်ခြင်း၊ ဗျာပါဒတရားဖြင့် သူတစ်ပါးကို ပြိုငြင်ပျက်စီးအောင်ကြံဆောင်ခြင်း၊ မိစ္ဆာဒိဋ္ဌိတရားဖြင့် အမှားအလွန် ဖောက်ပြန်ယွင်းချွတ် နှလုံးသွင်းစေခြင်း၊ တစ်ကြောင်းတုံလည်း သမ္မာသူတော်ကောင်းတို့နှင့် ခေတ္တပေါင်းဖေါ်ခဲ့ဘူးသော စကြာရမန္တာတ်မင်းသည် မိစ္ဆာဉာဏ်ဖြစ်ပွား၍ သကြားမင်းစည်းစိမ်အလုံးကို သိမ်းကျုံးထင်မှားချေ၍ ဘဝမခြား ဒိဋ္ဌဓမ္မပျက်စီးရလေကြောင်းနှင့် မန္ဓာကုဇာတ် ကျမ်းဂန်လာချေသည်။ သီရိဓမ္မာသောကမင်းမူလည်း ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အစိုးရသောမင်းဖြစ်တော်မူလျက် ထိုမင်းကံစဲချိန်နီးတွင် အမှားကိုအမှန်ထင်၍ တိရစ္ဆာန်ဘဝရောက်ရလေကြောင်းနှင့် အဋ္ဌကထာစကား ရာဇဝင်များ၌ ပညာရှိတို့ သက်သေပြဆိုခဲ့ကြလေသည်။ ဤသည့် ကျမ်းဂန်အဋ္ဌကထာများကိုနှလုံးသွင်း၍ အကြည်သော်လည်း မင်းမည်ကာမဟုတ်၊ အလာကောင်းလျက် အပြန်မစောင်းစေရ၊ ကိုယ်ကမကွာ၊ သမ္မာ၊ ရှစ်ထပ်၊ စစ်ကွပ်လိမ္မာ၊ ပညာလက်နက်၊ ပိုးပရွတ်သို့၊ စစ်တက်လာကြ၊ လောဘသူပုန်၊ ကုန်အောင်သတ်ဖြတ်၊ အခွါတတ်မှ၊ မြတ်ရာသို့ရောက်ကြမည့် အကြောင်းကြားရောက်လိုက်သည် – အကြည်တော်။

ဤရာဇသံစာသဝဏ်လွှာကို ရွှေပေတွင်ရေး၍ အမတ်ဥဿလင်းစားကို စေလွှတ်

တော်မူလိုက်သည်။ ဥသလင်းစားလည်း၊ အင်းဝမင်းနရပတိထံသို့ ရောက်လေသော် ရာဇသံသဝဏ်ကို ဆက်လေ၏။ အင်းဝမင်းကလည်း တောင်တွင်းစားလကျာ်စည်သူကို သံဆက်ခန့်၍ ရခိုင်မင်းထံပေးလိုက်သော ရာဇသံသဝဏ်မူကား–

သဒ္ဓါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗန်၊ ပညက်တည်းဟူသော ဥေယျဓံ တရားငါးပါးတို့ကို မသိမမြင်စေတတ်သော အဝိဇ္ဇာဖုံးလွှမ်းခြင်းကြောင့် သတ္တဝါတို့နစ်မြုပ်လျက်ရှိသည်ကို ကယ်တင်လိုသော သမာဓိအသိအမှန်လုံ့လ အကျင့်အကြံတော်အားထုတ်သော သတ္တိကြောင့်၊ ကင်းရာဖြစ်သော အသခ်တဓါတ်အမြဲတည်ရာ နိဗ္ဗာန်ဆိပ်ဦးသို့ ငါကူးမြောက်ပြီ။ ပုနပုန္နံ တစ်ဖန် ငါ့ကို သင်တို့နှိပ်စက်ခြင်းမပြုရာပြီ။ ပဌမဗုဒ္ဓစန စကားတော်၊ အနေကဇာတိသံသာရံဂ်ါထာကို ဥဒါန်းကျူးတော်မူပြီးမှ လူသုံးပါးတို့အား။ ကုသလာဓမ္မာ အကုသလာဓမ္မာ ထိုနှစ်ပါးသော တရားတော်ဟောတော်မူသည် ကောင်းကျိုး၊ မကောင်းကျိုးဟု လွတ်အစဉ်အားဖြင့် ဉာဏ်နည်းသူတို့ သိလွယ်စွာ။ ထိုမှ မသူတော်တို့ဆက်ဆံခြင်းမပြုသော မဇ္ဈိမပဋိပဒါ သူတော်ကောင်းလက်နက်ဖြစ်သော အဗျာကတတရားတော်နှင့်အညီ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောလုံ့လကိုသာ နှလုံးသွင်းလျက်ဝေနေယျတို့အား စောင့်လေ့ရှိသော ရတနာပုရ၊ အင်းဝရွှေမြို့တော်ကြီးအရှင် ကြားရောက်လိုက်သည် မြောက်ဦးရွှေမြို့တော်ကြီးအရှင် အကြည်တော်။

သတ္တဝါတို့တွင် သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ နှစ်ပါးရှိသည်၌ မိစ္ဆာတို့ဓလေ့မှာ သံသရာမကုန်စက်ဝဋ်တရား မပြတ်သောအမှုများကြောင့် ဇာတိဖြစ်လျက်၊ ရမ္မက်မကွာ၊ ခန္ဓာရုပ်နာမ်၊ အဖန်တလဲလဲမြဲတတ်သော သတ္တိခိုင်ခန့်ခြင်း။ သမ္မာပညာ–သူတော်ကောင်းတို့သော်ကား။ တယောဘဝေစသော ဝဋ်သုံးဘုံကိုမြင်သဖြင့် တဒင်္ဂပဟာန်တရားနှင့်တပ်သော တဏှာသမုဒယသစ္စာစွဲရာ ကုသိုလ်၊အကုသိုလ် ထိုနှစ်ပါးကိုကင်းစေ၍ – ကာယသုခ၊ စိတ္တသုခကိုသာခံစားနေသော ပုဂ္ဂိုလ်မြတ်ထံသန့်ရှင်းသော ပစ္စည်းလေးပါးပေးလှူခဲ့ဘူးသော အကျိုးထောက်ပံ့လေရာ လောကီစည်းစိမ်နေရိပ်ပမာ စင်ကြည်လျက်၊ အကောင်းထင်မှား တရားလွတ်ချေလျှင်၊ အလာအပြန်မိစ္ဆာဉာဏ် မကင်း၊ အလင်းသို့မရောက်၊ ဝဲအောက်တွင်သာ လူးလာပနက်၊ ကျိန်စာ၍တ်သို့၊ မပျက်ခန္ဓာသံသရာ၌၊ မိစ္ဆာသို့ အယူမြဲကြောင်း၊ သူတော်ကောင်းဆိုခဲ့သော ကျမ်းဂန်ကိုသိ၍ ရက္ခပူရတိုင်းမြောက်ဦးမြို့ပြည်သူတို့သည် အမျိုးဇာတ်တူ၊ အယူမခြား၊ တရားညီကြလျက် မသမ္မာသောအမှု၊ မပြုမကျင့်အပ်သောအရာကို ကျင့်ကြံကြလေကြောင်းကြားသိရ၍၊ သာသနာတော်မယွင်းမှားသင့်၊ ပြသဆုံးမမည်လာခဲ့ရာအကြည်တော်လည်း မင်းသမ္မာတို့တရားနှင့် မြဲမြံစွာ သတ္တဝါအပေါင်းကို စောင့်ထိန်းကြောင်း အမတ်ဥသလင်းစား တင်လျှောက်

ချက်အတိုင်း  သဝဏ်စာတွင်လည်း သူတော်ကောင်းတို့အငြိ ပြည့်စုံစွာပါလာသည်။ တရားလိမ္မာ သာသနာတော်ကို စောင့်ရှောက်တတ်သောမင်းချင်းဖြစ်၍ ဓမ္မသဝနစည်းဝေး ပြောဆိုကြရလျှင် သာသနာတော် ပွင့်လင်းသတင်းအရှည် စည်ထွန်းမည်အကြောင်းကို ကြားလိုက်သည် အကြည်တော်။

ဤစာကိုရွှေပေတွင်ရေး၍ ဥဿလင်းစားနှင့်အတူ တောင်တွင်းစား လကျာ စည်သူကို ထည့်လိုက်လေသည်။

ဤသို့လျှင် ရခိုင်မင်းနရဒူ အလီခင်နှင့်အင်းဝမင်း နရပတိတို့သည် အချင်းချင်း စာသဝဏ်ဆက်၍ မိတ်ဆွေမျိုးဖွဲ့ကြလေသည်။ နှစ်ဖက်သော မင်းတို့သည် မိဖုရား၊ မှူးမတ်၊ မောင်မမိသံ၊ သားမယား တို့စုံညီစွာပါကြလျက် ရခိုင်ရိုးမဖိုးခေါင်တောင်ထက်၌ တွေ့ဆုံကြလေသည်။ တွေ့ဆုံကြသည်မှာ မင်းမှာလည်း မင်းချင်း၊မိဖုရားမှာလည်း မိဖုရားချင်း၊ သားသမီးချင်း၊ မှူးမတ်ချင်း၊ သားသမီးချင်း၊ မယားကတော်ချင်း–မင်းဆွေမင်းမျိုးချင်း၊ မောင်းမမိသံအခြွေအရံချင်း၊ ဤသို့လျှင်တူရာအချင်းချင်း တွေ့ဆုံကြပြီး၊ ပေါင်းသင်းဆက်ဆံကြလေသည်။ စားဘွယ်သောက်ဘွယ်များကို အပြန်အလှန် ကျွေးမွေး စားသောက်ကြလေသည်။

မိတ်သဟာယဖြစ်ကြပြီး ပြောကြဆိုကြဖြင့် လှိုက်လှိုက်လှဲလှဲ ဖက်လှဲတကင်း၊ ပျော်ရွှင်ကြလေသည်။

မင်းနှစ်ပါးတွေ့ဆုံပြောဆိုကြသည်မှာလည်း သဘာဝတူသူတော် ကောင်းချင်းဖြစ်၍ သာယာချောင်– သမ္မာဝါစာကောင်းသောစကားကိုသာလျှင် ပြောဆိုကြပြီး မိတ်သဟာယဖြစ်ကြလေသည်။ မင်းနှစ်ပါးညီညွတ်ကြပြီးလျှင် ရတနာသုံးပါးကိုတိုင်တည်ပြီး မဟာမိတ်အဖြစ်ခိုင်မြဲကြစေရန် ကတိသစ္စာ ပြုဆိုကြသည်။ ပြီးလျှင် သားမြေးဆက်များ တိုင်အောင် ချစ်ခင်ကြင်နာတရား ခိုင်မြဲပွားစီးစေကြောင်း မေတ္တာပြုဆုတောင်းကြလေသည်။ ဤသို့ပြုကြပြီးသော် အင်းဝမင်းက အဘိုးတစ်သိန်းထိုက်သော ပတ္တမြားလက်စွပ်ကို ပေးတော်မူလေသည်။ ရခိုင်အလီခင်မင်းကလည်း တန်ဘိုးတစ်သိန်းထိုက်သော ပုလဲသွယ် ပေးတော်မူသည်။ မိဖုရားအချင်းချင်းလည်း လက်စွပ်၊ လက်ကောက်၊ အဝတ်အရုံတို့ကို အပြန်အလှန် ပေးဆက်ဖလှယ်ကြလေသည်။ သားသမီး၊ မှူးမတ်၊ အခြွေအရံတို့လည်း အချင်းချင်းသင့်ရာကိုယ်စီ လဲလှယ်၊ ဖလှယ်ခြင်းပြုကြလေသည်။

ဤသို့ အချင်းချင်းလဲလှယ်ပြုကြပြီး နောက်မင်းနှစ်ပါးသည် ညီညွတ်စွာ ညှိနှိုင်းပြောဆိုကြပြီး၊ နိုင်ငံနယ်မြေအပိုင်းအခြားကို သတ်မှတ်ထားရှိကြလေသည်။ ထားရှိသည်မှာ–

ဖိုးခေါင်တောင်ရိုး အရှေ့ဘက်ရေကျကို ရတနာပူရ အင်းဝနိုင်ငံဖြစ်စေ။

ဖိုးခေါင်တောင်ရိုး အနောက်ဘက်ရေကျကို ဓညဝတီ ရခိုင်နိုင်ငံဖြစ်စေ။

ဟု သတ်မှတ်ပိုင်းခြားတော်မူကြလေသည်။ ဤသို့ သတ်မှတ်ပိုင်းခြားကြလေသော် သစ်ပင်တို့သည် ကိုယ့်ဘက်၌ပေါက်မူ ကိုယ့်ဘက်သို့သာ ညွတ်ကိုင်းကြလေသည်။ အလယ်၌ ပေါက်သော မြက်၊ ဝါး၊ သစ်ပင်တို့သည် တည့်တည့်မတ်မတ် ပေါက်ကြကုန်သည်။

မင်းနှစ်ပါးတို့သည် မင်းခမ်းမင်းနား၊ မင်းသုံးမင်းဆောင်ပစ္စည်းများကို ထီးဖြူတော်မှစပြီး အချင်းချင်းလဲလှယ်ကြလေသည်။ ထိုသို့ လဲလှယ်တော်မူပြီးလျှင် သက္ကရာဇ် ၈၁၆ ခု၊ တန်ခူးလဆန်း ၆–ရက်၊ တနင်္လာနေ့တွင် တပ်စဉ်အတိုင်းဆုတ်ကြလျက် နေပြည်တော်သို့ ပြန်ကြလေသည်။

မင်းနှစ်ပါး မိတ်သဟာယဖြစ်ကြလေ၍ နှစ်တိုင်းနှစ်ပြည်တိုင်းနေ ပြည်သူအပေါင်း အေးငြိမ်းသာယာ ရှိကြလေသည်။

ကောင်းစွ၊ ကောင်းစွ၊ သာဓုခေါ်ဘွယ် ဖြစ်ခဲ့လေသတည်း။

## လျှော့က်ထုံးအမှတ် (၁၈)

## မင်းပါကြီး ကုလားပြည်ကိုသိမ်းရာ အကြံပြုလျှောက်ထုံး

မင်းရာဇာ၏သားတော် သံတွဲမြို့စား မင်းပါကြီးသည်သက္ကရာဇ်(၈၉၃)ခု၊ နယုန်လဆန်း တစ်ရက်၊ စနေနေ့၊ နေနှစ်ဗဟိုရ်ကျော်ငါးနာရီတွင် ဆင်ဖြူရှင်သမီး ဖွားစောမင်းနှင့် ရေဆိပ်တဲနန်းတော်ဝယ် ဘိသိက်တော်ခံ၍ မင်းအဖြစ်သို့ ရောက်တော်မူလေသည်။ မင်းအမည်အားဖြင့်ကား ''သီရိသူရိယ စန္ဒမဟာ ဓမ္မရာဇာ''ဟူသောအမည်ကို ခံတော်မူသည်။

မင်းပါကြီး နန်းတက်သောအခါ ကုလား ဒီလီပဆာမင်းက အထက်ထုံးရှိခဲ့ရှိသည့်အတိုင်း လက်မှတ်တံဆိပ်ခပ်နှိပ်လျက် ''ဇောက်ပေါက်သျှာ'' ဟူသော မင်းမည်ပါ တံဆိပ်စာ ပေးပို့လိုက်သည်။ ထိုအခါမင်းပါကြီး အမိန့်တော်ရှိလိုက်သည်ကား– ဘိတော်မင်းစောမွန်ကို အရှေ့အင်းဝမင်းခေါင်၏သားတော် မင်းရဲကျော်စွာ တိုက်ဖျက်သည်ကြောင့်ပျက်စီးခဲ့ရသည်။ (၂၀)နှစ်တိုင်မျှ သက်ပျူ တလိုင်းတို့ မင်းပြုအုပ်ချုပ်နေခဲ့ကြသည်။ ထိုသောကာလ မင်းစောမွန်သည် ကုလားပြည် ဒီလီပဆာမင်းထံ ခိုလှုံနေထိုင်ခဲ့ဘူးသည်။ ထိုသို့ကျေးဇူးရှိသည်ကြောင့် အထက်ကငါတို့စဉ်ဆက် ရခိုင်နယ်မြေဖြစ်သောဘင်္ဂါတစ်ဆယ့်နှစ်မြို့ကို ပေးအပ်ကျေးဇူးဆပ်ခဲ့လေသည်။ ယခုသော် မင်းတစ်ဆယ့်နှစ်ဆက် နှစ်ပေါင်း(၇၀)ကျော်ရှိခဲ့ပေပြီ။ ကျေလောက်ပေပြီ။ ရှေးရခိုင်နယ်မြေဘင်္ဂါ တစ်ဆယ့်နှစ်မြို့အဝင် မောက်သူဇာမြို့အထိကို ပြန်လည်သိမ်းယူတော်မူမည်။ စစ်မထိုးလိုသော် တစ်ဆယ့်နှစ်မြို့ ကုလားဒေဝန်းဌာနာတို့ကို လွှတ်လိုက်စေ။

ထိုသို့အမိန့်တော်ရှိလိုက်သောအခါ ကုလားပြည်ဒေလီပဆာမင်းသည် ကာတီအမည်ရှိသော ကုလားအမတ်တစ်ယောက်ကိုသာ အနည်းငယ်သော လက်ဆောင်ဘဏ္ဍာ

နှင့် စေလွှတ်လိုက်လေသည်။ တစ်ဆယ့်နှစ်မြို့မှ ကုလားဒေဝန်းဌာနာတို့ကား မလာမရောက်ကြချေ။ တစ်ဆယ့်နှစ်မြို့ကိုလည်း ပေးအပ်ခြင်းမပြု။ မင်းပါကြီးသည် အစေအပါးလာရောက်သော ကုလားအမတ်ကာတီကို တစ်စုံတစ်ခုမပြု ကောင်းမွန်စွာ လက်ခံဆက်ဆံပြီး ပြန်သွားစေသည်။ မင်းပါကြီးသည် ဘင်္ဂါတစ်ဆယ့်နှစ်မြို့ကို ပြန်ရလိုရကား၊ စစ်ထိုးစစ်ရန်မှ တစ်ပါးအခြားမရှိတော့ပြီကို ကောင်းစွာသိရှိလေတော့သည်။ သို့ကြောင့် စစ်ထိုးရန်လိုအပ်သော အစီအမံများလုပ်ဆောင်လေသည်။ ထိုသို့လုပ်ဆောင်နေခိုက် ပြည်သူတို့သဘော မည်သို့ရှိသည်ကိုသိရှိလိုသည်။ ထို့ကြောင့် အထောက်တော်များခန့်ထားပြီး ထောက်လှမ်း စနည်းနာစေသည်။

ထို့ကြောင့် ဘုရင့်အထောက်တော်များသည် ပြည်သူတို့အကြား သွားရောက်ကြသည်။ ကြားမြင်သိရှိသမျှလည်း မှတ်သားကြသည်။ ပြည်သူတို့ အခြေအနေကို အထောက်တော်များကောင်းစွာသိရှိကြလေသည်။

ပြည်သူတို့သည် မင်းကိုချစ်၏။ ရိုသေခန့်ငြား၏။ အားကိုးသမှုရှိကြ၏။ မိမိတို့တိုင်းပြည်မြို့ရွာ တိုးတက်သာယာအောင် စွမ်းဆောင်နိုင်မည့် မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်လိမ့်မည်ဟု အားထားယုံကြည်ကြ၏။ ပြည်သူတို့သည် ရွှင်လန်းတက်ကြွနေကြ၏။ ဟန်တပြင်ပြင် အားတပြုပြုရှိကြ၏။ အထောက်တော်များသည် ပြည်သူတို့အခြေအနေကို ဤသို့ပင် တွေ့မြင်သိရှိနေရ၏။

တစ်နေ့သောအခါ ပြည်သူတို့အကြားဝယ် လွတ်လပ်စွာကစားနေကြသော သူငယ်အုပ်စုတစ်စုကို တွေ့မြင်ကြလေသည်။ ထိုသူငယ်တို့အုပ်စုမှ ထွက်ပေါ်လာသောအသံတစ်ခုကို အမှတ်မထင် ကြားလိုက်ကြလေသည်။ ''ကုလားကိုနိုင်လို စဖိုမှာမီးထည့်'' ''ဝသဲးတောင်ကို ထီးတင်'' ''ကုလားကိုရှင်ပြု'' သူငယ်တို့သည် ဤသို့ဆိုမြည်ရင်း ကစားနေကြလေသည်။

အထောက်တော်များသည် အလွန်ပင်ဝမ်းသာသွားကြ၏။ ကလေးများ သီဆိုကြသောစကားစုကိုလည်း ကောင်းစွာမှတ်သားထားလိုက်ကြသည်။ ဤစကားစုကို အထောက်တော်များသည် များစွာစိတ်ဝင်စားကြလေသည်။ တိုင်းရေးပြည်ရာအကြောင်း ပေဟူ၍ကား အကြမ်းဖျင်း နားလည်ကြလေသည်။ သို့သော်သူတို့သည် ရှင်းလင်းအောင်ကား အကုန်အစင်နားမလည်နိုင်ကြချေ။ စင်စစ်ဤစကားသည် ကလေးတို့နှုတ်မှထွက်လာသော်လည်း ကလေးတို့စကား မဟုတ်။ တိုင်းပြည်၏အခြေအနေကို အကြောင်းပြုပြီး တတ်သိမြင်စွမ်းသူတစ်ဦးဦးက ထုတ်ဖော်လိုက်သောအချက်သာ ဖြစ်နိုင်လေသည်။ ဘုရင့်ရှေ့မှောက်ရောက်သောအခါ ဘွင်းဘွင်းကြီး ပေါ်ထွက်လေသည်။ သို့

သော် မည်သူမည်ဝါဖြစ်လေမည်ကိုကား အသူမျှ မသိနိုင်တော့ချေ။

အထောက်တော်များသည် သူငယ်တို့ဆိုကြသည်ကို ဆောင်ယူကြပြီး၊ ဘုရင့်ရွှေတော်မှောက်သို့ ရောက်ရှိကြလေသည်။ ဘုရင့်ရွှေတော်တွင် အမတ်ကြီးများလည်း ခစားလျက်ရှိကြသည်။ အထောက်တော်များသည် မိမိတို့သိရှိလာသောအခြေအနေ၊ ရရှိခဲ့သောသူငယ်တို့စကားကို ဘုရင်ကြီးဆီ လျှောက်လိုက်ကြသည်။

''ကုလားကိုနိုင်လို စဖိုမှာမီးထည့်'' ''ဝသဲးတောင်ကိုထီးတင်'' ''ကုလားကို ရှင်ပြု'' ဤစကားစုသုံးစုကိုကြားရသောအခါ ဘုရင်ကြီးသည် အလွန်ပင် ဝမ်းမြောက်တော်မူလေသည်။ စကား၏အသွားအလာဆိုလိုသည့် အခြင်းအရာကို ထင်ရှားစွာသိလိုလှ၏။ သို့ကြောင့်ရွှေတော်ဝယ်ခစားလျက် အသင့်ရှိနှင့်သော အမတ်ပညာရှိ အမျိုးစဉ်ဆက်သူ၊ ကောင်းကျော်ထင်စားသို့ ရှင်းလင်း လျှောက်ထားစေရန် မိန့်တော်မူလိုက်လေသည်။ ထိုအခါ အမတ်ပညာရှိ ကောင်းကျော်ထင်စားလျှောက်သည်ကား–

အရှင်မင်းမြတ်။ ။ ''ကုလားကိုနိုင်လိုစဖိုမှာမီးထည့်'' အလိုသော်ကား သဘော်ဆိပ်ဘောင်းတွတ်သည် စဖိုဖြစ်ပါသည်။ ကုလားမီး ဆင်ပလီမှတ်ဆိတ်ကို အခြားအခြား မရှိစေရ။ ပေါင်းတွတ်တွင်သာ ထားရပါမည်။ ''ဝသဲးတော်ကို ထီးတင်'' အလို ဝသဲးတောင်ထိပ်၌ နံတော်ဘုရား တည်ရပါမည်။ ရှင်ပြုအလိုမှာ ကုလားရှိသမျှကို ဆံပင်မထားစေရ၊ ခေါင်းတုံးရိတ်စေရပါမည်။ ရှေးသိုက်ဟောင်းတွင်လည်း 'ကုလားပုဇွန်ဆယ့်နှစ်တန်ကို မလွန်ရာ'ဟူ၍ လာရှိပါသည်။ မင်းဆယ့်နှစ်ဆက်လည်း အရှင်မင်းမြတ်တွင် စေ့ပါသည်။ နိုင်ငံတော် တစ်ဆယ့်နှစ်မြို့ကို အရှင်မင်းမြတ်လက်ထက်တော်တွင် ရမြဲရပါမည်ဟု လျှောက်လေသည်။ ထိုအခါ ဘုရင်မင်းကြီးက ကောင်းကျော်ထင်စားတို့ ဘီ–ဘေး–ဘိုး–ဘကို ပေးမြဲတွဲ့ ''ဝိမလ''ဟူသောအမည်ကို ပေးတော်မူသည်။

ဘုရင်မင်းကြီးသည် ပညာရှိအမတ်လျှောက်တင်သည့်အမှုကိစ္စတို့ကို ပြီးစီးအောင် ဦးစွာပထမ စီမံဆောင်ရွက်တော်မူသည်။ ပြီးမှ ကုလားပြည်သို့ချီတက်ရန် အစီအမံပြုတော်မူသည်။ ကြည်းကြောင်း၊ ရေကြောင်း၊ တပ်ပေါင်းများစွာ ဖွဲ့စည်းလေသည်။ ဘုရင်ကြီးသည် တိုင်းပြည်ကို နောက်ပိုင်းလုံခြုံအောင် အစီအမံပြုပြီး၊ မိမိကိုယ်တိုင် အကြီးအချုပ်ပြုပြီး ပါဝင်လေသည်။

ပြည့်ရှင်မင်းကြီး မယုမြစ်ညာ ပဲလွန်းချောင်း ဂေါ်တောပလ္လင်လမ်းမှ လှံကိုင်ဓါးစွဲသူရဲနှစ်သောင်း၊ ၎င်းတွင် ရိုးစားချစ်သူတစ်ဗိုလ်၊ ရမ်းဗြဲစားရဲအောင် နိုင်တစ်ဗိုလ်၊ မယုစား ရန်အောင်ဇေယျတစ်ဗိုလ်၊ သူရဲပေါင်းငါးသောင်းတို့ကို အမတ်ဆင်ကဲကြီး တပ်တော်

ဦးကချပ်။

ပြည့်ရှင်မင်း အရုံတော်သူရဲကောင်း ကိုယ်ရံတော်အမှုထမ်း လေးသောင်း၊ ဝင်းတော်လေးမျက်နှာတွင် ဝင်းသားနှစ်သောင်း၊ သူရဲခြောက်သောင်းတို့မှာ ဝင်းမှူးလေးယောက်တစ်ဖိုလ်၊ ကိုယ်ရံတော်တပ်တော်နောက် လှံဓါးစွဲသူရဲတစ်သောင်း၊ ကင်းစားသတိုးကျော်တစ်ဖိုလ်၊ ကမံလေးကိုင် သူရဲတစ်သောင်းမှာ မီးစားလက်ယာကျော်တစ်ဖိုလ်၊ သိုင်းတပ်သူရဲ တစ်သောင်းမှာပန်းတင်းစား၊ သတိုးအောင်တစ်ဖိုလ်၊ ရဲမက်ငါးသောင်းကို အမတ်ဓါးပိုင်ကြီးတပ်နောက်ကချုပ်။ လက်ဝဲစစ်ကဲဦးရစ်တောင်စား မင်လှတင်၊ လက်ျာစစ်ကဲ မယူစား မနုဟာတို့နှစ်ယောက်ကို တပ်မရှေ့နောက် အုပ်ခန့်တော်မူသည်။ သားတော်မင်းတိက္ခာ(အိမ်ရှေ့မင်း)မှာ မယူမြစ် ပင်လယ်ကြောင်းချီသည့်ရေတပ်ကို အုပ်ချုပ်ရသည်။ လှံကိုင်၊ ဓါးစွဲသူရဲကောင်း တစ်သောင်းမှာ အမ်းစားချစ်သူတစ်ဖိုလ်၊ တမံလေးကိုင်ကာစွဲသူရဲတစ်သောင်းမှာ မာန်အောင်စား သတိုးမင်းဖြူတစ်ဖိုလ်၊ သိုင်းတပ်သူရဲတစ်သောင်းမှာ စစ်တွေစားတစ်ဖိုလ်၊ ကိုယ်ရံတော်သူရဲတစ်သောင်းမှာ သားတော်ကိုယ်ရံတော် ဖြစ်သည်။

ကစ္ဆပနဒီ မြစ်ညာ၊ပေချောင်းဖျား ကျောက်မသာ ကျောက်ဖျာထက် ဆိတ်ခွေးမွေးတောင်လမ်း၊ သားတော်သံတွဲစား ဥပရာဇာတပ်၊ ဓါးကိုင် လှံစွဲသူရဲတစ်သောင်း၊ ပန်းထော်စား ရန်မျိုးအောင် တစ်ဖိုလ်၊ ကမံလေးကိုင်သူရဲတစ်သောင်းမှာ တောင်ကုတ်စား ရာဇသူတစ်ဖိုလ်၊ သိုင်းတပ်သူရဲတစ်သောင်းမှာ လမူးစား ထွန်းအောင်တစ်ဖိုလ်။ ကိုယ်ရံတော် သူရဲတစ်သောင်းမှာ သားတော်၊ ကိုယ်ရံတော်သူရဲတစ်သောင်း။ ရဲမက်နှစ်သောင်းမှာ ကုလားတန်စားကို အချုပ်ဆင်တပ်ကြီးကြပ်ခန့်တော်မူ၍ မြက်၊ရေနီးရာ တောင်းကမ်းမကြီး၊ ဆင်တော် မပင်ပန်းစေရ၊ စိန်တင်ချောင်းဖျား အော်မရလမ်းဖြင့် ဆောင်ယူစေသည်။

(စစ်ချီတော်မူလျှင် အရှေ့တောင်စဉ်ကျေးရွာလမ်းပေါက်များတွင် ကိုယ်ရံတော်ရဲမက်နှစ်သောင်းနှင့် အမတ်ရာဇာကြီးကို အချုပ်ခန့်တော်မူသည်။ တောင်စဉ်ချောင်းစေ့၊ အသီးသီး တပ်နှင့်ထားတော်မူသည်။ ပြည်စောင့် မြေးတော်စကြာဝတေးနှင့် အမတ်ပြည်စိုးကြီးတို့အား လှံဓါးကမံဒိုင်းကာ ဒိုင်းစွဲ သူရဲနှစ်သောင်း ကိုယ်ရံတော်သူရဲတစ်သောင်း ပေးတော်မူခဲ့သည်။ ချီတော်မူရာ သုံးသွယ်လမ်းများ၌ အရေးအကြောင်းရှိသော်လည်းကောင်း၊ မြို့တွင်း အရေးအကြောင်းရှိသော်လည်းကောင်း၊ ပေါက်ရောက် လျှောက်တင်လျင်မြန်စွာ သိတော်မူရလေအောင် ပိန်းနဲ့ချောင်းစား ဇေယျဖိုလ်အမတ်သို့ ခြေလျင်သည်တစ်ယောက်ကို အပ်တော်မူခဲ့သည်။

ထိုသို့ အသီးသီး ခွဲဝေစေ့စပ် ရှေ့နောက်လုံအောင်စီရင်တော်မူပြီးမှ သက္ကရာဇ်

၈၉၄–ခု၊ တန်ဆောင်မုန်းလဆန်း ၉–ရက်နေ့ အောင်တပ်ထွက်တော်မူသည်။

*(စကားချပ်။ တပ်စစ်သည်အင်အားကို ရာဇဝင်ကျမ်းများ၌ရှိသည့်အတိုင်း ရေးလိုက်ခြင်းဖြစ်ပါသည်။ များအံ့ထင်သောအရာ၌ အသင့်အတင့် နှလုံးသွင်း ကြည့်ရှုနိုင်ပါသည်။)*

## လျှောက်ထုံးအမှတ် (၁၉)

# တပ်တော်ထွက်၍ စစ်ချီစဉ်ဖြစ်သော တိတ်နိမိတ်နှစ်ချက် လျှောက်ထုံး

ဘုရင်မင်းပါကြီးသည် အထက်ပါအစီအစဉ်ဖြင့် တပ်စုံခင်း၍စစ်ထွက် ချီလာခဲ့လေသည်။ ယင်းသောအခါ စီးတော်ဆင်ဇီဝစိုးသည် ကညင်သစ်တစ်ပင်ကို မာန်ဝင်၍ထိုးလေသည်။ ကညင်သစ်ပင် အမြစ်ကျွတ်ထွက်ပြီး လဲလေသည်။ ထိုအကြောင်းကို ဆင်ကဲတို့ လျှောက်လာသည်။ ထိုစဉ်၌ပင် မိုးစည်းကျွန်းသူကြီး ကောင်းလှအောင်ကလည်း ငါးကျွဲတစ်ကောင်ဆက်လာသည်။ ထိုတိတ်နိမိတ်နှစ်ခုကို အမတ်ပညာရှိ ဝိမလလျှောက်ထုံးကား–

''ကာလာဝက၊ ဝင်္ဂေယျနှင့်၊ ပဏ္ဍာရခေါ်၊ ပေါက်ကျော်တမ္ဗ၊ ပိင်္ဂလဟု၊ စသည်ကျော်ဟိုး၊ ဆင်ဆယ်မျိုးထက်၊ တန်ခိုးအလွန်၊ ဆဒ္ဒန်ပြောင်မြတ်၊ ပတ်ရပ်ညီညာ၊ လက္ခဏာကား၊ သန္တာစွယ်ရောင်၊ အာပေါင်စွေးစွေး၊ ဖွေးဖွေးဖြူစင်၊ ငွေစင်အလား၊ စွယ်ဖျားအညီ၊ လကျ်ာချီ၏။ နာရီနှစ်ဖက်၊ နားရွက်နှာနု၊ မစုမညွတ်၊ သရပတ်သို့၊ မပြတ်မစောက်၊ နောက်ရှေ့ဦးကင်း၊ မစင်းမလုံး၊ ကိုယ်လုံးကျော့ရှင်း၊ ရေဆင်းညာတင်၊ လေးခွင်စက်ပန်း၊မချွန်းမပု၊ ရှစ်ခုအစွန်း၊ လဝန်းသဏ္ဍာန်၊ မင်ရေခံသို့၊ အသံသွန်နည်း၊ ရေကြည်းနှစ်သွယ်၊ ညာဘယ်မရွေး၊ အပြေးအလွှား၊ နဂါးဦးချီ၊ ရာသီသုံးမည်၊ ငါးတည်သုံးချက်၊ မုန်သက်မကြူး၊ ထိပ်ဦးလည်တိုင်၊ ကြံ့ခိုင်စွမ်းသန်၊ ရဲမာန်တည်းတည်း၊ ခြေသည်းနေချက်၊ ကျောက်မျက်နီလာ၊ ပမာမခြား၊ နှာမောင်းဖျားတွင်၊ ပတ္တမြားရိပ်၊ အရောင်ဖိတ်သို့၊ အအိပ်သုံးထွေ၊ အနေလေးပါး၊ အစားသုံးချက်၊ မကွက်မသန်း၊ တောင်ကျွန်းဇမ္ဗူ၊ ဆင်ဟူသမျှ၊ မာနမပြိုင်၊ ဦးဆိုင်မတန့်၊ ကြောက်လန့်ရှောင်ပြေး၊ မြသွေးနှာချပ်၊

ပြီးခပ်ရာဟု၊ စက္ခုကောက်မြဲ၊ ပုလဲအာနီ စုံညီမယွင်း၊ ဆင်များ မင်းကား၊ နေ့ချင်းမလောက်၊ ခြောက်ဆယ်ခန့်ကွာ၊ ယူဇနာကိုမကြာလျင်မြန်၊ နေ့ချင်းပြန်သည်။ ဆဒ္ဒန်ပေါက်ကျော်၊ ဆင်တော်မြတ်မျိုး၊ ဇီဝစိုးလျှင်၊ အောင်မင်္ဂလာ၊ စကြာကွန့်မြူး၊ တပ်တော်ဦးတွင်၊ ကညင်သစ်ကြီး၊ ကျိုင်းထီးတမျှ၊ ပမာဏကို၊ ငင်ချထိုးလှဲခြိမ့်သဲပဲ့တင်၊ ရှစ်ခွင်တုန်ရိုက်၊ တိုက်စက္ကဝါ၊ နှံ့စွာကြောက်မင်း၊ မာန်သွင်းအလို၊ ထိုကုလားပြည်၊ မတည်ထွားညက်၊ ပျက်မည်မလွဲ၊ ငါးကျွဲဆက်လာ၊ ဘင်္ဂါဆယ့်နှစ်၊ ပုဆစ်ညွတ်တုပ်၊ လက်အုပ်ချီမြှောက်၊ ရွှေစက်အောက်သို့၊ ပို့ရောက်လာပြီ၊ ဒီလီဖဆာ၊ ဇာတာနွမ်းညှိုး၊ ခိုကိုးမည်ချည်း၊ အလှံ့လှဲ၍၊ ကပ်ဆည်းဝင်လာ၊ ရတနာတွေ၊ မိုးသို့စွေမျှ၊ ကျက်သရေစုံ၊ ရွှေဘုံရိပ်ဖွား၊ ကုလားမင်းသွေး၊ ဆင်းငြိမ့်လေးကို၊ အရေးတော်ဖန်၊ ဆက်မည်မှန်သည်၊ လျင်မြန်ပြီးစီး ဘုန်းနေမီး။

ထိုသို့ အမတ်ဝိမလလျှောက်လေသော် ဘုရင်မင်းဗာကြီးသည် လွန်စွာနှစ်သက်တော်မူ၏။ စစ်တပ်ထွက်တော်ကပင်၊ စစ်တကောင်းမြို့သည် ရှေးဘိတော်၊ဘိုးတော်တို့လက်ထက် အမတ်ဝိမလတို့အမျိုး စားရိုးဖြစ်သည်။ အမိန့်တော်ရှိ၍ ဝိမလအမတ်အား စစ်တကောင်းမြို့ကို မြို့စားပေးတော်မူသည်။

# လျှောက်ထုံးအမှတ် (၂၀)

## မင်းပါကြီးလက်ထက် တပင်ရွှေထီးချီလာရာတွင် လျှောက်ထုံး (မဟာပညာကျော်)

ဘဝရှင်မင်းပါကြီးသည် အထွတ်အမြတ်သို့ရောက်တော်မူလျှင် ညီတော်မင်းအောင်လှကို သံတွဲစားအရာမှနုတ်၍ သားတော်ဥပရာဇာကို မြေးတော်နှင့်ထိမ်းမြားတော်မူ၍ သံတွဲမြို့စား ပေးတော်မူလေသည်။ ညီတော်သံတွဲစား မင်းအောင်လှ မကြည်မလင်၍ တောင်ငူနှင့်ဟံသာဝတီပြည်တို့ကိုအစိုးရသော မင်းတရားရွှေထီးထံ လက်ဆောင်လက်နက်အများနှင့် ဝင်ရောက်ဆည်းကပ်ပြီး၊ စစ်ကူတော်မူပါဟူ၍ အသနားခံ ခွင့်ပန်လျှောက်ထားလေသည်။ ထိုအခါမင်းတရားရွှေထီးက ယောက်ဖတော် ဘုရင့်နောင်ကျော်ထင်နော်ရထာကို တပ်ဦးထားလျှင် သက္ကရာဇ် ၉၀၈–ခုတွင် ချီလာတော်မူသည်။

မင်းတရားရွှေထီးလာကြောင်း ကြားသိတော်မူလေ၍ စနည်းနာစေသည်။ ပထမစနည်းမှာ– ''ကျီးသာ၍ညှော်လာသည်'' ဒုတိယစနည်းမှာ လသာသည်ပြန်လေဦး အုန်းပင်ရှင် ဖမ်းမိမည်။ တတိယစနည်းမှာ– အိပ်၍နေ၊ လှေဦးတိုင်၊ ပဲ့တိုင်ကို ခိုင်အောင်စိုက်၊ ပေါင်းမိုးဖျာကို လိပ်၍သွင်း''ဟူ၍ စနည်းသုံးရပ်ရလေသည်။

ထိုစနည်းသုံးရပ်အလိုကို အမတ်ပညာရှိစစ်တကောင်းမြို့စား မဟာပညာကျော်လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ။ ပထမစနည်း''ကျီးသာ၍ညှော်လာသည်''မှာ သံတွဲစား ညီတော်မင်းအောင်လှသည် ဟံသာဝတီပြည့်ရှင် တောင်ငူမင်းထံလျှောက်လေသောကြောင့် မင်းတရားရွှေထီး ညှော်သည်ပမာသာ လာရောက်၍ပြန်ပါလိမ့်မည်။ ဒုတိယစနည်း ''လသာသည်ပြန်လေဦး'၊ 'အုန်းပင်ရှင်ဖမ်းမိမည်''ဆိုသည်မှာ ဘုန်းပညာကျက်သရေနှင့်

ပြည့်စုံသော မင်းမျိုးစိုးမိုးတော်မူသော တိုင်းပြည်သာယာဆဲဖြစ်၍ မင်းတရားရွှေထီး ရန်မူလာလျှင် မင်းတရားရွှေထီးကို ဖမ်းရပါလိမ့်မည်။ သို့ရာတွင် ပြန်လေဦးဆိုသော အဆိုသော်ကား– နောင် ဘုန်းပညာမရှိသော မင်းလက်ထက် အုန်းဟူသောနံအရ၊ ဤမြောက်ဦးမြို့တော်ကို အရှေ့ကပျူတို့ ဖျက်ဆီးပိုင်နိုင်လေရာသော အကြောင်းမူလျက် စနည်းထွက်ပါသည်။ တတိယစနည်း ''အိပ်၍နေ၊ လှေဦးတိုင်ခိုင်အောင်စိုက်'' အလို သော်ကား လှေကိုတိုင်ကြိုးထိန်းပါသည်။ ပြည်ထိန်း အမတ်ကြီးနှစ်ယောက်ကိုသာ လက်ဝဲလက်ျာထွက်၍ ခံစေရပါမည်။ အရှင်မင်းမြတ် ချီတော်မမူသင့်၊ ''ပေါင်းမိုးဖျားကို လိပ်၍သွင်''အလိုတော်မှာ–တောင်ငူမင်းလာလမ်း တောင်ဘက်မြို့ရွာတပြင် စပါးများကို မြို့တွင်းသို့သွင်း၍ ထားရပါမည်။ ယင်းသို့ လျှောက်လေသော် ပြည့်ရှင်မင်းပါကြီးလည်း ကြိုက်တော်မူသည်။ မြို့တွင်းတွင် ကိုယ်ရံသူရဲပေါင်း၎ါးသောင်တို့ကို လက်နက်အစုံနှင့်ကြီးကြပ်၍ အစောင့်အနေ ထားပြီးမှ အမတ်ကိုယ်ရံကြီး၊ ဒါးပိုင်ကြီးနှစ်ယောက်တို့အား သူရဲတစ်သိန်း၊ ကိုယ်ရံ၎ါး သောင်းပေးတော်မူ၍ လက်နက်အစုံနှင့် မိငူကျွန်း၊ ရမောင်းကျွန်းများတွင် ထားတော်မူ လေသည်။

သားတော် စစ်စံတင်မြို့စား၊ ချစ်နှောင်း မင်းဖယောင်းကိုလည်း မြို့ သက်၊ လင်းကဲ၊ ချောင်းသား၊ ခွေးပွေး၊ လေးထူး၊ ထဲခွ။ ချောင်းသား၊ ကထူးစသော လူမျိုးစုတို့နှင့် ဖိုးခေါင်တောင်အရှေ့ဖက်သို့ ချီတက်စေတော်မူသည်။

သားတော် အိမ်ရှေ့ဥပရာဇာ(မင်းတိက္ခာ)ကိုလည်း၊ ဘင်္ဂါ တစ်ဆယ်နှစ်မြို့က ကုလားသဘော် သုံးဆယ့်၎ါးစင်းနှင့် မော်တင်က အစောင့်အနေ ထားတော်မူလေသည်။

ယင်းသို့ အသီးသီးခန့်တော်မူပြီးမှ ဆင့်ဆိုတော်မူသည်ကား တောင်ငူမင်းတရား ရွှေထီးလာရောက်လျှင် အရှေ့ကဆီးဆို့၍ မတိုက်နှင့်။ ချီလာ၍ မြို့တော်နားသို့ရောက်မှ နောက်ကပိတ်ဆို့ပြီးလျှင် ရိက္ခာမရှာစေရ၊ တိုက်ဖျက်ရမည်။ အမိန့်တော်ပြန်ဆိုလျက် ထားတော်မူလေသည်။

တောင်ငူမင်းတရားရွှေထီးသည် သက္ကရာဇ် ၉၀၈–ခု၊ တပို့တွဲလဆန်း နှစ်ရက်နေ့ လောင်းကြက်မြို့ဟောင်းတွင် တပ်ချနေလာသည်။ ၎င်းလဆန်းသုံးရက်နေ့ မြောက်ဦးမြို့တော်ကို တိုက်လေသည်။ ရခိုင်ဘက်မှ မီးပေါက်၊ ပြောင်း၊ လေးမြားများ ဖြင့် ပစ်ခတ်ကြလေသည်။ မင်းတရားရွှေထီးဘက်မှ အသေအပျောက်များသဖြင့် ဆုတ်ခွါလျက် နေကြရသည်။ အမတ်ကြီးနှစ်ယောက်လည်း နောက်ကပိတ်ဆို့တိုက်ကြသည်။ သားတော် စစ်စံတင်မြို့စား ချစ်နှောင်း(မင်းဖလောင်း)သည် မင်းတရားရွှေထီးတပ်မှ ရိက္ခာမရှာနိုင်စေရန် အရှေ့တောင်စဥ်မြို့ရွာများကို ဝင်ရောက်ပြီး အိမ်နှင့်ဆန်စပါးများ

ကို မီးတိုက်ဖျက်ဆီးလေသည်။

ယင်းသောအခါ မင်းတရားရွှေထီးသည် စစ်ပြေငြိမ်းရေးအတွက် ယောက်ဖတော် ဘုရင့်နောင် ကျော်ထင်နော်ရထာကို ရခိုင်ဘုရင်မင်းပါကြီးနှင့် တွေ့ဆုံရန်လွှတ်လေသည်။ မင်းပါကြီးသည် အတွေ့ခံတော်မမူ၊ ပြည်စိုးကြီးအမတ် ဓမ္မဇေယျနှင့်သာ တွေ့ဆုံစေပြီး ပြောဆိုစေသည်။ တရားသဘင်ပြုရာ မဏ္ဍပ်၌တွေ့ဆုံကြသည်။ ထိုအခါ အမတ်ပြည်စိုးကြီး ဓမ္မဇေယျက–ကျော်ထင်နော်ရထာသို့မေးသည်ကား–အမတ်ကြီးတို့ ပြည်တွင်ရတနာသုံးပါး၊ ဘုရားတရားတော်ကို ကြည်ညိုပါ၏လော။ ပြည့်ရှင်မင်းလည်း မင်းကျင့်တရားဆယ်ပါး၊ ရာဇဂုဏ်ရှစ်ပါးမြဲပါ၏လော။ မှူးမတ်တို့ကော အင်္ဂါရှစ်ပါးပြည့်စုံကြ၏လော။ ဤသို့ မေးလေသည်။ ထိုအခါ တောင်ငူအမတ်ကြီး ကျော်ထင်နော်ရထာ ဆိုသည်ကား– ကျွန်ုပ်တို့ တိုင်းပြည်တွင် သာသနာတော်ထွန်းလင်း၊ မင်းလည်းဘုန်းအာဏာကြီးကျယ်၊ မှူးမတ်တို့သည်လည်း အင်္ဂါစုံစွာ ပညာဗလပြည့်ဝကြသည်ပင် ဆိုလေသည်။

ယင်းသို့ဆိုလတ်သော်– အမတ်ပြည်စိုးကြီး ဓမ္မဇေယျကဆိုပြန်သည်ကား– ဘုရားစသော သူတော်ကောင်းတို့ ဆုံးမတော်မူသောတရား၊ ကျမ်းဂန်လာသည်မှာ– ဒုစရိုက်တရားဆယ်ပါးကို စောင့်ထိန်းသောအရပ်၌ သာသနာတော်တည်ရာသည်။ ထို ဒုစရိုက်တရားဆယ်ပါး မစောင့်ထိန်းသိမ်းသောအရပ်သားတို့သည် လူမိုက်ဓလေ့ဆိုးသွမ်းနိုင်ထက်။ ရက်ရောကြမ်းတမ်းယုတ်နွမ်းသောအမှုနှင့်သာ အသက်ထက်ဆုံး ကျင့်ကြံနေထိုင်လေရာသည်။ သူတော်ကောင်းတို့ရှိသောအရပ်၌၊ ရာဇဟီနံ အကျင့်မရှိ အမျိုးမစောင့်သောမင်းယုတ်သည် အကယ်၍စိုးမိုးအံ့။ ထိုမင်းအား အမတ်ကောင်းတို့သည် မမှားမယွင်းစေရာ။ အသက်မငဲ့ လျှောက်တင်ရမြဲဖြစ်သည်။ မင်းနှင့်အမတ်တို့စုံလျက် ဆိုးသွမ်းလတ်သော် သံဃာတော်တို့ကျိုးကြောင်း ပြသဟောပြော ဆုံးမရမြဲဖြစ်သည်။ ကျမ်းဂန်အလာ ရှေးပညာရှိတို့စကားအမှာတွင်လည်း ''ရေမြေ ဦးခိုင်၊ နိုင်ငံပိုင်မှု၊ တိမ်းယိုင်ရှေ့လမ်း၊ အကျင့်သွမ်းသည်၊ မင်းကျွမ်းဝင်ဘိ၊ မတ်ကဝိတို့၊ နှိုင်းညှိကုန်ငြား၊ မင်းပါးလျှောက်သင့်၊ ကြီးမြင့်ဂုဏ်ရှင်၊ နားမဝင်၍၊ မင်းပင်ကျင့်ရာ၊ တူစွာစရိုက်၊ မင်းလိုလိုက်၍၊ မတ်မိုက်နှင့်မင်း၊ သင်းပင်းညီစွာ၊ ပြုကြပြန်မူ၊ ဓမ္မသဘင်၊ မင်္ဂလာကျော်၊ သံဃာတော်တို့၊ အဟော်ဝတ၊ ရှေးကမင်းပေါင်း၊ မှူးမတ်ကောင်းတို့၊ မစောင့်တည့်မတ်၊ ကျင့်ဝတ်ကျမ်းဂန်၊ မလွန်မယုတ်၊ ဖေါ်ထုတ်ပြသ၊ ဆုံးမထုံးစံ၊ လူ့ခံသူမြတ်၊ ရဟန်းဝတ်နှင့်၊ လျောက်ပတ်သင့်စွာ၊ ပြောဆိုရာသည်၊ စဉ်လာနိဂုံး၊ ရှေးကျင့်ထုံး''ဟူ၍ ရှေးပညာရှိတို့စကား မိန့်ကြားကျမ်းဂန်လာရှိပါသည်။ ဤသို့ရခိုင်အမတ်ကြီးမှ ပြောဆိုပြီးသော အခါ ဘုရင့်နောင်ကျော်ထင်နော်ရထာမှလည်း သင့်လျော်လျှောက်ပတ်သောစကားကို

ပြန်လည်ပြောဆို ဆွေးနွေးကြလေသည်။ ထိုနေ့အဖို့တွင် ဘုရင့်နောင် ကျော်ထင်နော်ရထာသည် ရခိုင်အမတ်ကြီးနှင့်သာပြောဆိုပြီး ပြန်သွားရလေသည်။ ရခိုင်ဘုရင်နှင့် မတွေ့ခဲ့ရပေ။

နောက်တစ်နေ့တွင် ဘုရင်မင်းပါကြီးသည် ဘုရင့်နောင်ကျော်ထင်နော်ရထာကို ကိုယ်တိုင်အတွေ့ခံပြီး ကောင်းမွန်စွာလက်ခံ ပြောဆိုကြလေသည်။ ဘုရင်မင်းပါကြီး မိန့်ကြားလေသည်ကား– ရေမရှိသောကန် ဆန်မရှိသောစပါး။ တရားမရှိသောမင်း၊ ကောင်းဆိုးမသိသော မိး၊ ခရီးရောက်ရာသွား၍ ကြွက်ကိုစားသည့်မြွေ။ ဤသတ္တဝါငါးပါးတို့သည် ပဥ္စဘုတ်မည်၍၊ သူတော်ကောင်းတို့ မှီခိုရာမအပ်။ အကျိုးအပြစ်ကိုလည်း မသိ။ ထိုသတ္တဝါတို့ရှိရာ အရပ်ဒေသ၌ အရှည်မထွန်းလင်းနိုင်ရာ။ ရန်သူမျိုးငါးပါးနှင့် ဆက်ဆံရများလေသည်ပင်။ အစ်ကိုတို့ တောင်ငူမင်းလည်း၊ လက်ရုံးမာန အားလွန်သည်။ ပညာရှိနှင့် နီးကပ်ပေါင်းစေဦးဟူ၍ အမိန့်တော်ရှိလေသည်။

အမတ်ကျော်ထင်နော်ရထာပြန်သောအခါ ပြည့်ရှင်မင်းသည် စစ်တကောင်းမြို့စား မဟာပညာကျော်အမတ်ကို ထည့်တော်မူလိုက်သည်။

## လျှောက်ထုံးအမှတ် (၂၁)

# မင်းတရားရွှေထီးထံ အမတ်ကြီးမဟာပညာကျော် လျှောက်ထုံး

အမတ်ကြီး မဟာပညာကျော်သည် ဘုရင့်နောင် ကျော်ထင်နော်ရထာနှင့်အတူ လိုက်လာခဲ့ရာ လောင်းကြက်စခန်းရှိ မင်းတရားရွှေထီးထံရောက်ရှိပြီး ဝင်ရောက်ခစား လေသည်။ မင်းတရားရွှေထီးထံ မဟာပညာကျော်လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ။ လောကသုံးပါး၏ အထွတ်အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရား ဆုံးမတော်မူသည့်တရားကို မတည်သောသူတို့သည် သံသရာဝဋ်ဒုက္ခ ဆင်းရဲရှည်ပါသည်။ ရှေးသူတော်ကောင်းတို့ စကားဥ္စလည်း သဘော်စီးလျက်၊ ရေရိုးရေကြောင်းကို မသိတတ် သောမာလိန်။ တောဝင်လေလျှက် တောစဉ်ကို မသိတတ်သောမုဆိုး။ ပြည့်ရှင်မင်းဖြစ် လျှက် မှူးမတ်အရည်အနိမ့်အမြင့်ကို မသိတတ်သောမင်း။ အမတ်ဖြစ်လျက် မင်းရိပ် မင်းခြည်အရည်အသွား စကားသင့်မသင့်ကို မသိတတ်သောအမတ်။ ''စတုဟိန၊ အနိဋ္ဌ ဥမ္မတ္တတကော'' ဤလေးဦးသောသူယုတ်တို့သည် အလိမ္မာမရှိသည်ဖြစ်၍ သေခြင်းမလှ သေရကြောင်း ထုံးဟောင်းရှိပါသည်။ တရားလိမ္မာ၊ သံသရာအပြစ်ကိုသိသော မင်း ကောင်းမင်းမြတ်တို့သည် အနီးအဝေး၊ သူ့သား၊ ကိုယ့်သားမရွေး၊ ဆုံးမတော်မူကြောင်း ရှေးသူဟောင်းတို့အဆို လာပြန်သည်မှာ–

''ကျင့်ချော်ဓမ္မ၊ သဇီဝအား၊ ပြစ်မှားပြင်းရှိန်၊ ဇိဝိတိန်ကို၊ ညှိုးပိန်မသွေ၊ ခြွေ သော်လည်းကောင်း၊ တစ်ကြောင်းမိုက်မည်း၊ သူ့ပစ္စည်းကို၊ ချုပ်တည်းမဲ့ငြား၊ ပြစ်မှား သဖြင့် မသင့်ပချေ၊ သူ့ဆွေဇနီး၊ ချစ်သမီးနှင့်၊ ရောနှီးဆက်ဆံ၊ သုံးပါးကံမူ၊ စီမံလောဘ၊ နသစ္စဟု၊ ယွင်းခွစကား၊ သူနှစ်ပါးကို၊ ခိုက်ပွါးရန်စစ်၊ ဒေါသဖြစ်အောင်၊ ချောပစ်တတန်၊

မျက်မာန်ကြမ်းကြုတ်၊ ဖရုသမျိုး၊ အကျိုးမဲ့လျှင်။ ပိန်ဖျင်းဝါစာ၊ မိန့်မှာစတု၊ ဒေါသခု၍ ခြား၊ သူ့အရိပ်ငြိမ်း၊ စည်းစိမ်ခြွေရုံ၊ သူကောင်းထံကို၊ ဖိတ်ခွန့်ဂို၊ ဌါဟာတိဟု၊ ဖြစ်ဘိစေလို၊ အဆိုအရေး၊ မကြီတွေးလိမ့်၊ မိုက်မှေးတစ်ကြောင်း၊ စောင်းမြောင်းပြုစု။ အယူမှောက် လှန်၊ မိစ္ဆာဒိဋ္ဌိနှင့်၊ သုံးတန်ကာယ စသည်အားထုတ်၊ ကိုယ်နှုတ်နှလုံး၊ ဆောက်တည် သုံးက၊ ပိတ်ဖုံးလေးပါး၊ ပယ်တံခါး''ဟူ၍ စပ်ဆိုဆုံးမတော်မူပါသည်။

ပြည့်ရှင်မင်းသည် ပြည်သူတို့အား သမ္မာအာဇီဝကောင်းမွန်သော အသက်မွေး ဝမ်းကျောင်းပြုကြစေရန် ကြေးမောင်းခတ်ဆော် စည်တော်ရိုက်သွင်း၍ တစ်နေ့သုံးကြိမ် ဆုံးမတော်မူရာသည်။

အရှင်မင်းမြတ်။ ။ လက်ရုံးအားကိုး အလိုရှိသောမင်းသည် ရန်ပို၍၊ ထိုပြည်သူ တို့မှာလည်း လက်ရုံးမာနကြီးခြင်းကြောင့် စည်းစိမ်မရှည်။ ရန်သူငါးပါး၊ ဆက်ဆံများ လေသည်။ နှလုံးအားကို အလိုရှိသောမင်း၏ တိုင်းသားပြည်သူသည် အပူသောကကင်း ခြင်းကြောင့် မိဘသားမြေး စဉ်လာသပြာ တောင်းတင်းမကုန်၊ ဆက်ဆံခံစားလျက် မ ပျက်စည်ထွန်း၍ ဘုရားစသောသူတော်ကောင်းတို့ အချီးအမွမ်းခံရကြောင်းကို ပညာရှိ များ မှာထားတော်မူပါသည်။

ကျမ်းဂန်၌လည်း–

''ရက္ခသကသဟဿာနိ၊ ပုပ္ဖရက္ခော၀၊ သောဘတိ''

နရာသတသဟဿာနိ၊ ရူပ၀န္တော၀သောဘတိ။

ရူပသတသဟဿာနိ၊ ပညာ၀န္တော၀သောဘတိ။ ဟူ၍ လာရှိပါသည်။

ရက္ခ သတသဟဿာနိ၊သစ်ပင်တစ်သိန်းတို့တွင် ၊ ပုပ္ဖရက္ခော၀၊ အပွင့်ရှိသောသစ်ပင် သည်သာလျှင် သောဘတိတင့်တယ်၏။ နရာသတသဟဿာနိ– လူပေါင်းတစ်သိန်းတို့ တွင်၊ ရူပ၀န္တော– အဆင်းလှသောသူသာလျှင်၊ သောဘတိ– တင့်တယ်၏။ ရူပတသ သဟဿာနိ– အဆင်းလှသော လူတစ်သိန်းတို့တွင် ပည၀န္တော၀– ပညာရှိသောသူသာ လျှင်၊ သောဘတိ– တင့်တယ်၏။

ဤသို့လာသောကြောင့် ပညာအရင်းဖြစ်၍ မင်းကျင့်မဂ္ဂပညာနှင့် တိုင်းပြည် ကို စောင့်ထိန်းရာသောအကြောင်း ကျမ်းဟောင်းလာရှိပါသည်။ ထိုမှတစ်ဖန် ကျမ်းဂန် လာသည်မှာ–

ခန္ဓာနိစ္စာ ခယဌေန၊ ဘယဌေနဒုက္ခာစတော၊

အနတ္တာသရကဌေန၊ ဣတိပိသော ပုနပ္ပုနံ။

ခန္ဓာ–ခန္ဓာတရား ရုပ်နာမ်နှစ်ပါးတို့သည်၊ ခယဌေန– ကုန်တတ်ပျက်စီးတတ်သော

ကြောင့်၊ အနိစ္စာ–အနိစ္စမည်ကုန်၏။ တေစ–ထိုခန္ဓာငါးပါးရုပ်နာမ် တရားတို့သည်ပင်လျှင် ဘယဋ္ဌေန–ဘေးရှိသည်ဖြစ်သောကြောင့်၊ ဒုက္ခာ–ဒုက္ခ မည်ကုန်၏။ တေစ–ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ပင်လျှင်၊ အသာရကဋ္ဌေန– အနှစ်သာရမရှိခြင်းကြောင့်၊ အနတ္တာ– အနတ္တမည်ကုန်၏။ ဣတိပိ–ဤသို့လည်း၊ သော–ထိုခန္ဓာငါးပါး ရုပ်နာမ်တရားစုတို့ကို၊ ပုနပ္ပုနံ– အဖန်တလဲလဲ၊ ပစ္စပေက္ခိတဗ္ဗော– ဆင်ခြင်အပ်၏။ ဤသို့လာရှိခြင်းကြောင့် ရူပ က္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဤငါးပါးတို့ကို ဓါတ် လေးပါး ပြုပြင်စီမံအပ်သည်ဖြစ်၍ အစမထင်သံသရာဝဋ်၌ အနိမ့်အမြင့် စက်ရဟတ်ပမာ၊ တွေ့ရမြဲဓမ္မတာကို၊ ငါမင်းတကားဟူ၍ ထောင်လွှားချေသော် ထိုမင်းပြည်သူတို့သည်လည်း ဘုရားအဆုံးအမ သာသနာတော်မတည်၊ မင်းအလိုရှိရာလိုက်၍ ကြမ်းတမ်းယုတ်မာ ဆိုးသွမ်းကြောင်းကို ကျမ်းဂန်ပြဆိုသည်မှာ–

ပုတိမိစ္ဆ၊ ကုသက္ကေယောန ရောဥပနိယှတိ။

ကုသသမ္ပိ ပုတိဝါယတိ၊ ဧဝံ ဗာလုပသေဝနာ။

ယောနရော– အကြင်သူသည်၊ ပုတိမိစ္ဆ၊ ပုတ်သောငါးကို၊ ကုသဂ္ဂေနသမိန်းမြက် နှင့်၊ ဥပနိယှတိ–ထုပ်၏။ တဿထိုသူ၏ ကုသသမ္ပိ–သမန်းမြက်သည်လည်း၊ ပုတိ– အပုတ်နံ့ကို၊ ဝါယတိ– လှိုင်၏။ ဧဝံ– ဤအတူ ဗာလုဝသေနာ–သူမိုက်နှင့်ပေါင်းဖက်သော သူတို့ကို၊ ဒဋ္ဌဗ္ဗာ– မှတ်အပ်၏ဟူ၍ လာပါသည်။ ယင်းသို့လာသည်ကို ပညာရှိတို့ဆိုတော် မူကြပြန်သည်ကား–

မင်းလည်းမင်းကြမ်း၊ အမတ်သွမ်းနှင့်၊ အကျွမ်းမိတ်ဝင်၊ သို့တည်းလျှင် မူ၊ ပြည်သူရိုင်းပွတ်၊ မင်းတည်းမြတ်ကအမတ်ထို့တူ၊ ပြည်သူမညှိုး၊ စစ်ထိုးမရှိ၊ မရိသတ္တဝါ၊ ရေစာမရှား၊ ခိုးသားမပေါ်၊ မြင်မြော်သသူ ကြည်ဖြူမြတ်နိုး၊ ရေခမိုးသို့– ဟူ၍ ဆိုပါသည်။

အများသာမိက–အရှင်မင်းတို့မှာပညာသာအာဓိမလဖြစ်၍ ဆိုလာသောသူအား ရည်သွားတစ်ခု၊ လူမှုတရပ်၊ အမတ်ဂုဏ်ရည်၊ ဆိုသည်စကား၊ ထိုလေးပါးကို သိရာသော အကြောင်း ကျမ်းဂန်လာပြန်သည်ကား–

–ကုဒေသဉ္စကုမိတ္တဉ္စ၊ ကုလုလဉ္စကုဗန္ဓဝံ။

ကုဒါရဉ္စ ကုဒါသဉ္စ၊ ဒုရတောပရိဝဇ္ဇယော။

–ကုဒေသဉ္စ–မကောင်းသောအရပ်ကိုလည်းကောင်း၊ ကုဗန္ဓဝဉ္စ–မကောင်းသော အဆွေအမျိုးကိုလည်းကောင်း၊ ကုဒါသဉ္စ မကောင်းသော ကျွန်ကိုလည်းကောင်း၊ ဒူရ ကော– ဝေးစွာ၊ ပရိဝဇ္ဇယေ– ရှောင်ကြဉ်ရာ၏။

ဤသို့ လောကီလောကုတ္တရာနှစ်ဖြာသောအကြောင်း ထုံးဟောင်းကျမ်းဂန်–

အတွက်နှင့်လျှောက်လေသော်–တောင်ငူမင်းတရားရွှေထီးသည်အလွန်ကြိုက်တော်မူလေသည်။ သို့နှင့် အမတ်ကြီးမဟာပညာကျော်ကို ရွှေသပြာတစ်ရာ၊ ငွေသပြာတစ်ထောင်–ဆုပေးတော်မူသည်။

ပြည့်ရှင်မင်းသို့ကား– စောရန်နိုင်ဟူသောဆင်နှင့် မြင်းနှစ်စီး၊ ဆင်စီး၊ မြင်းစီးမင်းဝတ်တန်ဆာအစုံနှင့် ပေးတော်မူသည်။ ပြည့်ရှင်မင်းပါကြီးကလည်း စပါးတစ်သိန်းငါးသောင်းပေးတော်မူလေသည်။

တောင်ငူမင်းတရားရွှေထီးသည် သက္ကရာဇ်(၉၀၈)ခု၊ တပေါင်းလဆန်း၊ ကိုးရက်နေ့တွင် ဓညဝတီရခိုင်ပြည်မှ ဟံသာဝတီနေပြည်တော်သို့ ပြန်တော်မူခဲ့လေသည်။

## လျှောက်ထုံးအမှတ် (၂၂)

## မင်းဖလောင်းလက်ထက် မြို့သစ်ပြောင်းသင့်၊ မပြောင်းသင့် လျှောက်ထုံး

မင်းပါကြီးလွန်ပြီးနောက် မင်းလေးဆက်မြောက်၊ သက္ကရာဇ်(၉၃၃)ခုနှစ်ရောက်သောအခါ မင်းပါကြီး၏သားတော် ချစ်နှောင်းမင်းဖလောင်းသည် မိဖုရားရှင်လတ်နှင့်အတူ ထီးမွေနန်းမွေ ဆက်ခံစိုးစံတော်မူရသည်။

ထိုရောအခါတစ်နေ့တွင် ပြည့်ရှင်သာကီဝင်မင်းဖလောင်းကို ဟူးရာဖြူ ဟူးရားညိုတို့က လျှောက်ထားကြသည်။ ''အရှင်မင်းမြတ် မြောက်ဦးမြို့သည် မြို့သက်ကုန်ပြီ၊ ဓညဝတီမြို့ဟောင်းကို တည်တော်မူသင့်ကြောင်း'' လျှောက်ထားသည်ကို ပြည့်ရှင်မင်းကပြောင်းလျှင် မည်သို့အကျိုးအပြစ်ရှိမည်ကို မှူးမတ်က လျှောက်ထားရမည်။ အမိန့်တော်ရှိလေသည်။ ယင်းသောအခါ အမတ်ကြီး မဟာပညာကျော်လျှောက်ထုံးတင်သည်ကား–

အရှင်မင်းမြတ်။ ရှေးပညာရှိတို့ဆိုခဲ့သော ထီးနန်းစိုက်ရာ ပဋိရူပကျသော စက်လေးပါးညီသော အောင်မြေမင်္ဂလာအရပ်၌ မြို့တည်၍ ထီးနန်းစိုက်ရလေသော်၊ မြတ်စွာဘုရား ဓါတ်တော်မွေတော်၊ ပိဋကတ်တော်ကျမ်းဂန်၊ သီလဝန်၊ ဂုဏဝန်၊ ဆရာမွန်၊ ဆရာမြတ်၊ မှူးမတ်ကောင်းပြည့်စုံ၍ သာသနာထွန်းလင်းခြင်း ပြည်ရှင်မင်းဘုန်းကြက်သရေတိုးခြင်း၊ ကာဋ္ဌဝက၊ ဂဏ်ေယျ၊ တမ္ဗ၊ မိဂ်လ–စသော ဆင်ဆယ်မျိုးထက်တန်ခိုးလွန်သော ဆဒ္ဒန်ဆင်ဖြူရောက်တော်မူခြင်း၊ ခုနှစ်ပြည်ထောင်သောမင်းတို့ ဝပ်စင်းကြည်ညို၍ သမီးရတနာဆက်သရောက်ရှိခြင်း၊ ရွှေငွေကျောက်သံပတ္တမြားပွားများခြင်း၊ ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ရာ၊ ရန်မာန်တကာတို့ကို အောင်မြင်ခြင်း၊ ပညာရှိတို့မှာသော စကားထုံးပုံအရ၊ ''ပတဝိကုမ္ဘိမင်္ဂလ စကုမဟာလာဘ''ဟု ကျမ်း

ဂန္ဓလည်း ထွက်ရှိပါသည်။ မြောက်ဦးမြို့တည်စကသည် ယခုတိုင် ရန်သူဖျက်ဆီးနိုင်ဘူးသည် မရှိပါ။ ထိုမင်္ဂလာလေးပါးပြည့်စုံစွာနှင့် တိုင်းပြည်သာယာ သတ္တဝါတို့ငြိမ်းချမ်း၊ ဥတုရာသီ ပြောင်းညီ၍ သာသနာတော်ထွန်းလင်းလျှက်ပင် ဖြစ်ပါသည်။ သတ္တဝါတို့ တရားလွှတ်လေ၍ မင်းမသမာ စိုးလာသောမြို့ရွာကို ပြောင်းသည်မှုလျက် သာယာမြဲမဟုတ်။ မြို့ပြောင်းများလျှင် ပြည်သူတို့ မီးသို့ပူသည်သာ ရှေးသူဟောင်းအဆရှိပါသည်။ ငြိမ်းချမ်းသာယာစွာ ပြည်သူတို့အား ရင်တော်သားကဲ့သို့ အုပ်စိုးစံတော်မူပါ။

တစ်ကြောင်းမှာလည်း အာကာမိုးလတ်၊ နက္ခတ်နေလ၊ နဝတာရာ၊ ရှစ်ဖြာဂြိုလ်သွား၊ ဂြိုဟ်စား၊ ဂြိုဟ်စု၊ ဥတုသုံးလီ၊ ရာသီသုံးရပ်၊ နေကြပ်လပုတ်၊ မြေလှုပ်တော်လဲ၊ နတ်ပွဲအမြောက်၊ ပစ်ဖောက်အသံ၊ ဥပါပျံနှင့်၊ သည်းထန်မိုးစွေ၊ နေလည်းနှစ်စင်း၊ လတွင်းကြယ်သွား၊ နဂါးစက်နတ်၊ တောင့်ခတ်ဗီလာ၊ ယတြာနှင့် ဇာတာစန်းလက်၊ ဂြိုဟ်ပျက်ငှက်ယုတ်၊ စုန်းဘုတ်တစ္ဆေ၊ ဖွတ်မြွေပျားစွဲ၊ မြေကွဲတိမ်ခို၊ မိုးကြိုးလောင်မီး၊ ရေစီးညာဆန်၊ မြတ်မွန်ပုထိုး၊ အခိုးရောင်ခြည်၊ ထွက်သည်ထိုးဟောင်း၊ နိမိတ်ပေါင်းမှာ၊ လောကီသာတည်း၊ ပညာဝေဖန်၊ အမြင်သန်မှု၊ သုတကဝိ၊ အသိမြောက်မြား၊ တရားကိုသာ၊ လိမ္မာနိစ္စ၊ သာမိနဇာတ်၊ ထိုးမှတ်သင့်စွ၊ သီလဝမင်း၊ နှလုံးသွင်းသို့၊ ရန်တင်းပယ်ခြေ၊ ပျောက်ရလေသည်၊ မှန်ပေမုချ၊ ယွင်းမခွ”ဆိုသော စကားရှိပါသည်။

လောကီမှုဆိုသမျှ၊ သူတော်ကောင်းကို အပြစ်မပြုနိုင်ပါဟု အမတ်မဟာပညာကျော်လျှောက်လေရာ ပြည်ရှင်မင်းကြီးလည်း အလွန်ကြိုက်တော်မူလေသည်။ အမတ်ကြီးသို့ စားကျေးတစ်မြို့ ရမ်းဗြဲယ်ကို ထပ်၍ပေးတော်မူသည်။

## လျှောက်ထုံးအမှတ် (၂၃)

# ရခိုင်ဘုရင် မင်းဖလောင်းထံမှ တောင်ငူဘုရင်(ဘုရင့်နောင်) ကျော်ထင်နော်ရထာထံသို့ စာသဝဏ်ပေးပို့ခြင်း

တပင်ရွှေထီး မင်းလွန်ပြီးနောက် စစ်သူကြီးကျော်ထင်နော်ရထာသည် တောင်ငူ၊ ဟံသာဝတီထီးနန်းကို(သက္ကရာဇ် ၉၁၃–၉၄၃)ရလေသည်။ မင်းပါကြီးလက်ထက် ရခိုင်သို့ ရောက်စဉ် မင်းဖြစ်မည်ဟောလိုက်ဘူးသော စကြာဝတေးပုဏ္ဏားကိုဆုပေးလို၍ မှော်ပိစားကို အခေါ်စေလိုက်သည်။ မင်းဖလောင်းကြီးသည် မှော်ပိစားနှင့်အတူ စကြာဝတေးပုဏ္ဏားကို ထည့်တော်မူလိုက်သည်။ ထို စကြာဝတေးပုဏ္ဏားနှင့်အတူ ဘုရင့်နောင်ကျော်ထင်နော်ရထာထံသို့လည်း စာသဝဏ်ပေး ပို့လိုက်လေသည်။ သဝဏ်စာမှာ–

'' ရက္ခသတ သဟဿာနီ၊ ပုပ္ဖရက္ခောဝသောဘ တိ။

နရသတ သဟဿာနီ၊ ရူပဝန္တောဝသောဘ တိ။

ရူပသတသသဿာနီ၊ ပညဝန္တောဝသောဘ တိ။''

ယင်းသို့ကျမ်းဂန်လာသည်နှင့်အညီ တစ်ဆင့်ထက်တစ်ဆင့် ချမ်းသာလိုသော နှလုံးသွင်းလျက် သတ္တဝါတို့အား ထိန်းအပ်သောတရား မင်းကျင့်မဏ္ဍာ–

'' ခန္ဓာနိစ္စ ခယဋ္ဌေန၊ ဘ ယဋ္ဌေန ဒုက္ခာစတေ။

အနတ္တာ အသာရကဋ္ဌေန၊ သမ္ဘဇာနောစပဏ္ဍိတောဝေပသောပုနပ္ပုန

ပါဠိတော်အရ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓါတ်လေးပါး ပေါင်းစည်းလျက် မပျက်ခိုင်ခန့်သောသတ္တိကြောင့် သံသရာသတ္တဝါတို့ ဝဋ္ဋတရားကို မြင်လတ်သောဉာဏ်ဖြင့် မည်

သူမခြား ရင်တော်သားကဲ့သို့ သင်္ဂဟတရားလည်း ကိုယ်၌မြဲလျက်သော သဘောအတိုင်း အခြားပြည်ထောင်မင်းတို့မှုလည်း ယင်းသို့တရားမကွာ သာသနာတော်တည်ပါစေသော မေတ္တာရေဖြင့် ပို့လေ့ရှိသော မြောက်ဦးမြို့ရွှေနန်းတော်ကြီးရှင် ကြားလိုက်သည်။ ဟံသာဝတီပြည့်ရှင် အကြည်တော်။

''သမ္မာသတိ အသိဂုဏ်တော်ကြောင့် သစ္စာလေးပါးတရားကို အလင်းမြင်တော်မူသောမြတ်စွာဘုရားသည်(ကုသလာဓမ္မာ၊ အကုသလာဓမ္မာ) အာဏာပညတ်၊ သတ္တဝါကွပ် ဆုံးမတော်မူသည်။ လောကီ၌လည်း တစ်တိုင်းတစ်ပြည် အစိုးရမင်းသာလျှင် ဆင်းရဲချမ်းသာ ပြည်သူသတ္တဝါတို့ကို ပြုနိုင်မည်။

တစ်ကြောင်းမှုလည်း–

မင်းကောင်းမှ အမတ်ကောင်းရာသည်၊ အမတ်ကောင်းမှလည်း ပြည်သူကောင်းရာသည်။ မင်း၊ အမတ်၊ပြည်သူညီမှလည်း တိုင်းပြည်သာယာကြောင်း ထုံးဟောင်းရှိသည်။ သို့ရာတွင် အများသာမိက မင်းသာ မူလအရင်းဖြစ်ချေသည်။ အမတ်နှင့်ပြည်သူညီမျှစေကာမူ မင်းသွမ်း၊ မင်းဆိုးငြားလတ်သော် ထို့အတူပြည်သူတို့ဆိုးကြောင်း ကျမ်းဂန်လာသည်မှာလည်း–

ပုတိမစ္ဆံ ကုသဂ္ဂေန၊ ယောနရော ဥပနယှတိ။

ကုသာပိပုတိံဝါယန္တိ၊ ဇဝိဇာလုပသေဝနာ။

ထိုသို့ကျမ်းဂန်လာသည်နှင့်အညီ မင်းဆိုးမင်းသွမ်းတို့အစိုးရသော အရပ်ဌာန၌ သူတော်ကောင်းတို့ ရှောင်အပ်သောကြောင့် မူးကောင်း၊ မင်းမြတ် ရှိသောတိုင်းပြည်သို့ ထိုသူတော်ကောင်း ကူးပြောင်းသင့်ကြောင်း။ မင်းကောင်း၊ အမတ်ကောင်းတို့ထိန်းသော နိုင်ငံ၌ ဘုရားသာသနာတော်တည်ကြောင်းကို– ကျမ်းဂန်လာသည်မှာ–

ခမာဇာဂရိယုဋ္ဌာနံ၊ သံဝိဘ ဂဒေါ်ဒယိက္ခနာ။

နာယကဿဂုဏာတော၊ ဣစ္ဆိ တဗ္ဗာသတံဂုဏော။

အသိခက်(သိထိုက်)သောအကြောင်းရှိသည်ဖြစ်၍ ရှေးပညာရှိတို့ဆို ပြန်ရာ၌ကား–

မင်းလည်းမင်းကြမ်း၊ အမတ်သွမ်းနှင့်၊ အကျွမ်းမိတ်ဝင်၊ သို့တည်းလျှင်မူ ပြည်သူရိပ္ပတ် မင်းတည့်မတ်က၊ အမတ်ထို့တူ၊ ပြည်သူမညှိုး၊ စစ်ထိုးမရှိ၊ မရိသတ္တဝါ၊ ရေစာမ ရှား၊ ခိုးသားမပေါ်၊ မြင်မြော်သသူ၊ ကြည်ဖြူမြတ်နိုး၊ ရေခမိုးသို့၊ ပြည့်ဖြိုးစုံလင်၊ တိုင်းခွင်အခြား၊ မင်းတစ်ပါးလည်း၊ သနားမိတ်ဝင်၊ ချစ်ခင်လေးမြတ်၊ လှံ့ပတ်ညာကြေ၊ မြို့နေပြည်သူ၊ ရှင်လူသောင်းသောင်း၊ မင်္ဂလမ်းကြောင်းသို့၊ ထုံးဟောင်းမလပ်၊ ထုံးသစ်ထပ်လျှက်၊ ရှစ်ရပ်ဒိသာ၊ ပွင့်လင်းသာသည်၊ ကမ္ဘာစဉ်ဆက်ဥဒါန်းတည်း။

ဟူ၍ပညာရှိစကားအလာကို ထောက်၍အကြည်တော်လည်း မင်းမည်ကာမဟုတ် မင်းတို့အား ပညာဗလရှိသူဖြစ်သည်။ သို့ရာတွင်သတိမလစ်စေရာဆိုသော သူအား ရည်ဘွားတစ်ခု၊ ပြစ်မှုတစ်ရပ်၊ အမတ်ဂုဏ်ရည်တို့ကို သိစေသောအကြောင်း၌–

ကုဒ္ဒေနသဥ္စ၊ ကုမတ္တဥ္စ၊ ကုလုကဥ္စ၊ ကုဗန္ဓဝံ။

ကုဒါရဥ္စ ကုဒါသဥ္စ၊ ဒုရုတော ပရိဝဇ္ဇယော။

ကျမ်းလာသည်နှင့်အညီ မင်းစေမင်းသုံး မှူးမတ်အင်္ဂါပြည့်စုံစွာနှင့်– လောကီလောကုတ္တရာ၊ နှစ်ဖြာသောအကျိုးလှစေချင်ကြောင်းကိုရောက်ရင်း မေတ္တာတွင်ထပ်ကာပို့ရောက်ကြောင်းကြားလိုက်ပါသည် အကြည်တော်။

မှော်ပိစားလည်းရောက်လေလျှင် စကြာဝတေးပုဏ္ဏားနှင့်အတူ၊ ခစားလေသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ဆိုခဲ့သည့်အတိုင်း ငွေကိုယ်လေးချိန်နှင့် ရွှေသပြာတစ်ရာ၊ စကြာဝတေးပုဏ္ဏားကိုဆုပေးတော်မူသည်။ မြောက်ဦးပြည့်ရှင်နှင့်တကွ မြင်းစီးတန်ဆာနှင့် လက်ဆောင်ပေးလိုက်ပြီး၊ စကြာဝတေးပုဏ္ဏားကို ပြန်ပို့လေသည်။

## လျှောက်ထုံးအမှတ် (၂၄)

## မင်းဖလောင်းလက်ထက် ဥဿလင်းစားအရေးတွင် မင်းအားညွှန်ပြသည့် လျှောက်ထုံး

တရံရောအခါ ဥဿလင်းစား ပေါင်တိုကို စိန်တင်စားအရာ ပေးမည်ရှိသော် အမတ်ကြီး မဟာပညာကျော်လျှောက်သည်ကား–

အရှင်မင်းမြတ်။ ဥဿလင်းစားပေါင်တိုသည် စစ်ထိုးမှု၌ အလွန်လိုသည်။ အကျိုးအပြစ်ကို အမှန်သိမည်မထင်ပါ။ စိန်တင်အရပ်သားတို့သည် ကိုက်တတ်သော ခွေးပမာဖြစ်သည်။ ထိုသူနှစ်ဦးတို့ကို အတူမထားသင့်ပါ။ လျှောက်သော်လည်း ပေါင်တိုသမီးမြသွင်သိုသည် မင်း၏ကိုယ်လုပ်တော်ဖြစ်လေ၍ အမတ်ကြီးစကားကို ယူတော်မမူဘဲ၊ ဥဿလင်းစားပေါင်တိုကို စိန်တင်စားအရာ ပေးတော်မူလေသည်။ ပေါင်တိုလည်း စိန်တင်စားအရာဖြင့် စိန်တင်ချောင်းသို့ ထွက်သွားနေထိုင်ရာ ခုနှစ်လရှိမှ၊ စိန်တင်ချောင်းသား အရိုင်းများနှင့် ခြားနားလေသည်။ ထိုအကြောင်းများကို မင်းကြီး သိတော်မူလတ်လျှင် အမတ်ပညာကျော် လျှောက်သည်ကား–

အရှင်မင်းမြတ်။ ။ ရာဇာမင်းတို့သည်၊ အမစ္စာနံ့အမတ်တို့အား၊ အနီးအဝေးထားရာ၌ လည်းကောင်း၊ ပေါသကောအများသူတို့ဆိုလာသော စကားကိုလည်းကောင်း၊ နာပိကတံ– ဆင်ခြင်နိုင်းညှိမှုမရှိမူလျက်၊ နတာတဗ္ဗံ– မိမိစိတ်အလိုမပြုရာ၊ သပိခတစ– ဆင်ခြင်နိုင်းညှိပြီးမှသာလျှင်၊ တာတဗ္ဗံ– ပြုရာ ဆိုရာ၏။ တကာတဗ္ဗံ– ဆင်ခြင်သော သဘောမရှိမူကား၊ သန္တာပေါ်– မှားသောအမှုဖြင့် ပျက်စီးခြင်းသို့၊ ဘဝေ–ရောက်ရ၏။

မဟာရာဇာ ဘဝရှင်မင်းမြတ်၊ မနုဿဝင်္ဂ ကောက်သော သဘော ၁ရှိတတ်သာသူမူကား၊ အလဒ္ဒသတ္တပေါ် အကုသိုလ်အမှုကို အားထုတ်တတ်သော လင်းကဲက ဒူးဗသျှူး

မျိုးသည်လည်းကောင်း၊ ကုလဟိန္နကုလား၊ တရုတ်မျိုးများလည်းကောင်း၊ ဧတေ၀ ထိုအမျိုးသားတို့သည် မဇ္ဇပါနံ– သေရည်သေရက်သောက်စားခြင်း၊ ပါဏာတိပါတာ– သူ၏အသက်ကို သတ်ဖြတ်စားတတ်၊ ရက်စက်ခြင်းပြလေ့ရှိသော နှလုံးစွဲသည်ဖြစ်၍ ဝိပရိတာယ– ဖေါက်ပြန်သော စိတ်ခိုင်ခန့်ခြင်းနှင့်သာ၊ သဗ္ဗဒါ– အခါခပ်သိမ်းရှိလေသည်။

မဟာရာဇာ– ဘုန်းသမ္ဘာနှင့်ပြည့်စုံသောအရှင်မင်းမြတ်၊ အနိဋ္ဌ– ယုတ်သောအမှုကို အလိုအားဖြင့်ပြသော၊ ပုရိသ– ယောကျ်ားလည်းကောင်း၊ ဇာဂံ–သီလမရှိသွမ်းသွပ်ဝန် တိုသော၊ က္ကတ္တိ– မိန်းမလည်းကောင်း၊ မန္တာစ– ထိုးကွင်း၊ ဆေးဝါးမန္တရားကို အလိုရှိတတ်သော ဟူးရားဖြူဟူးရားညိုတို့လည်းကောင်း၊ ဝိသ–သေစေတတ်သော အဆိပ်လည်းကောင်း၊ သိင်္ဂ – ဦးချိုရှိသောသတ္တဝါလည်းကောင်း၊ သပ္ပေါ–အဆိပ်ရှိသော မြွေလည်းကောင်း၊ ဥမ္မတ္တကော– အရူးလည်းကောင်၊ နဒီမြစ်လည်းကောင်း၊ ပိဿသေန– ထိုသူတို့အားယုံသော အမှုဖြင့်၊ နောပပဇ္ဇတေ– မပြအပ်။ တသ္မာ–အဘယ်ကြောင့်နည်းဟူ မူကား၊ ဥဒ္ဓုမ္ဗရပတ္တော– ရေသဖန်းသီးသည်၊ ဗာဟိရာ– အပ၌၊ ရတ္တမေဝ–အရောင်အဆင်း ရှိ၏။ အန္တော– အတွင်း၌မူကား၊ ကိမိလိသမ္ပုန္န– ပိုးကောင်အများ စက်ဆုတ်ဖွယ်ရှိသကဲ့ သို့၊ ဒုဇ္ဇနဟဒယံ– သူယုတ်တို့သညာသည်။ နအတ္တိ– အကျိုးမရှိ၊ ဘိဇ္ဇနံ – ပျက်စီးတတ် ၏။

ပဏ္ဍိတော– ပညာရှိသောသူတို့အသိမူကား၊ သူရိယေ– နေသည်၊ ဝိပရိတာယ– ဖေါက်ပြန်သဖြင့်၊ ပစ္ဆိမဘာဂေ– အနောက်မျက်နှာက၊ ဥဒယတိ– ထွက်ပေါ်ရာ၏။ မေရု– မြင့်မိုရ်တောင်သည်၊ ဝိပရိတေန– ဖောက်ပြန်သဖြင့်၊ နမတိ– ညွတ်ရာ၏။ တဒိ– အကယ်မ လွဲ၊ နရဂ္ဂိ– ငရဲမီးသည်၊ သိတလိ– ချမ်းမြေ့ရာ၏။ ပဒုမာ– ကြာပန်းသည်၊ ပဗ္ဗတဂ္ဂေ– တောင်ထိပ်ပေါ်၌၊ ဝိကသေ– ပွင့်ရာ၏။ သာဓုဝါစာ– သူတော်ကောင်းတို့စကားသည်၊ ကုဒါစနံ– တစ်ရံတစ်ဆစ်မျှ၊ နဝိပရိတေ– မပေါက်လေ။

သေလေ– တောင်မည်ကာမျှ၌၊ မဏိကျောက်မြတ်သည်၊ နတ္တိ–မရှိ။ ဝဇေ– ဆင် မည်ကာမျှ၊ မုတ္တာဂဇံ– ဆင်ဖြူမဟုတ်။ ဝနေ– တောမည်ကာမျှ၌၊ နစန္ဒနဥ–စန္ဒကူးမရှိ။ မနုသေ– လူမည်ကာမျှ။ နပဏ္ဍိတော– ပညာရှိမဟုတ်။

မဟာရာဇာန–အ ရှင်မင်းမြတ်။ လောကေ– လောက၌၊ ဘိက္ခု– ရဟန်းသည် အသန္တုဌာ– လိုချင်တတ်သာအမှုတို့ကို ပြသဖြင့်လည်းကောင်း၊ ကုလဒူ သဟာ– အာပတ်၌ အသက်မွေးခြင်းလည်းကောင်း၊ ပြတတ်သော အကြင်ရဟန်းသည်၊ သန္တာပေါ–မှားသော အပြစ်ရှိခြင်းကြောင့် ပျက်စီးရာ၏၊ ရာဇာနေပိ– မင်းတို့မှာလည်း၊ နာရံနံ– မိန်းမ စကား ကို နားထောင်ခြင်းကြောင့်လည်းကောင်း၊ ဟီနအာမစ္စော– မင်းမှားစေမှုပြတတ်

သောအမတ်ယုတ်နှင့် လိုက်သင့်ရောနှောပြုတတ်ခြင်းလည်းကောင်း၊ အဇယံ– မအောင်အပ်သူအား၊ ဇယံ– အောင်ခြင်းအမှုကို ပြုတတ်ခြင်းလည်းကောင်း၊ တသာ– ထိုသို့သဘောအကျင့်ရှိသော၊ ရာဇာ– မင်းသည်၊ သန္တာပေါ်– မှားသောအမှုဖြင့် ပျက်စီးခြင်းသို့၊ ဘဝေ– ရောက်၏။

မာတာဟိနဿ– အမိယုတ်သော သားသမီးတို့သည်ကား၊ သုဘာသိတော– ကောင်းသောအမှုတို့ကို၊ နပသောယျ– မပြုတတ်ပြီ။ ပိတာဟီ နဿ– အဘယုတ်သော သားသမီးတို့မူကား၊ ပဥ္စကာမကော–ငါးပါးသီလတို့ကို၊ နပသေယျ– မစောင့်မကျင့် လွန်စွာ သွမ်းသဖြင့်၊ အဝိဇ္ဇာမှုကို ပြုတတ်၏။ ဝိသာ ရုမော– မိဘယုတ်–ပုတ္တာသအတိဇာတော– မြင့်မြတ်သောသားတို့မူကား၊ ယော–အကြင်သူသည်၊ သမ္ဗုဒ္ဓာနံ–ဘုရားလောင်းပမာ သူတကာထက်ထူးသော အကြီလည်းကောင်း၊ အမနုဿပစ္စ–သူတပါးတို့မပြုနိုင်သောအမှုကိုလည်းကောင်း၊ အမနုဿမစ္စ–သူတပါးမမြင်နိုင်သော အမှုကိုလည်းကောင်း၊ ကမ္မတော– ဆောင်တတ်မြင်တတ်၏။ တာနိဝေ– အစွန့်ရှည်သောအမှုတို့ကို ဆောင်တတ်ခြင်းရှိ၏။

ယော– အကြင်သူမြတ်အား၊ ဗန္ဓုမိတ္တံ– အဆွေခင်ပွန်းကောင်း၊ အနာဂတံ– နောင်ပွင့်အပ်သောဘုရားလောင်းသာ ထိုသူသည်၊ အနာလဝေါ်– မမြင်သော၊ အလဒ္ဓေါ်– စဉ်းလဲ အကြီပညာဉာဏ်လည်း သူတစ်ပါးထက်သာလွန်တတ်သော၊ တိပနံ– ဆန်းကြယ်သောစကားကိုလည်း ဆိုတတ်သော၊ တထာဂတာ– လာခြင်းကောင်းသောသူတို့အား ပညာသဝိဒ္ဓေါ်– ဆင်ခြင်သိရာသော အကြောင်းမူလည်း၊  ဥဒကေ– ရေတိမ်ရေနက်ကို သိလိုသော်၊ ကုမုဒ္ဓမာလံ– ကြာရိုးကြာစွယ်ကိုမြင်သဖြင့် သိရာသည်။ ပထဝီပမာနံ– မြေကောင်းမကောင်းကို သိလိုသော်၊ တိထာမိလာကံ–မြေဇာမြက်ကိုမြင်သဖြင့် သိရာ၏။ ကုလဇာတံ– အမျိုးမြတ်သူအားသိလိုမူ၊ (ဝိနယေဗဟုသုတပညာဗလံ)ဗဟုသု– သူ့ထက်လွန်၍ အကျိုးကိုဆောင်ရွက်တတ်ခြင်း။ ပညာဗလံပညာအားကြီးခြင်း။ ယော–အကြင်သူသည်၊ ကုလဇာတော– သူ့ထက်မြင့်မြတ်သောသူတို့အား၊ သုရ ခက္ခိတော–ကောင်းစွာစောင့်တတ်၏။ အဒ္ဓနော မိမိကိုယ်၌၊ ဒုက္ခိတောအကယ်၍ဆင်းရဲအံ့။ တိနိကမ္မံ– ယုတ်သောအမှုကို၊ နဘာဇေယ– မပြုမကျင့်မပြော မဆိုပြီ၊ တံ– ထိုသူသည်၊ မေဓါဝိ– ပညာရှိဟူ၍၊ ဉေယျ– သိရာ၏။

ရာဇာနော– မင်းတို့သည်၊ ကောယာမောဝ– တစ်ယံသာလျှင်၊ သေယျော– အိပ်စက်ရာ၏။ တြိတမ္မံ– သုံးယံသော်ကား၊ ဗဟူ– များသောပြည်သူသတ္တဝါတို့ သာယာခြင်းကိုလည်းကောင်း၊ သံသာရဝဋ္ဋဒုက္ခတော– သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ရာသော

တရားကိုလည်းကောင်း၊ ဝါယမော– လုံ့လထုတ်၍ နေရာ၏။

အမစ္စော– အမတ်သည်ကား၊ ဒွေယာမေ– နှစ်ယံသာလျှင်၊ သေယျော– အိပ်စက်ရာ၏။ ဒွေပရံ– နှစ်ယံမူကား ဆိုခဲ့ပြီးသောအမှုကိုလည်းကောင်း၊ ဆိုရအံ့သောအမှုကိုလည်းကောင်း၊ မိမိအကျင့်သီလမြဲစေသောအမှုကိုလည်းကောင်း၊ ဝါယမော– လုံ့လပြု၍နေရာ၏။ သဗ္ဗ–ခပ်သိမ်းသောသူတို့မှာကား၊ တိယာမော –သုံးယံသာလျှင်၊ သယျော– အိပ်ရာ၏။ ဧတော–တစ်ယံမူကား၊ သမ္မာဝါယမော–ကောင်းသောအသက်မွေးခြင်းထိုနှလုံးသွင်းလျက် မိမိသီလဖြင့် မြဲစေရာသောလုံ့လဖြင့် နေရာ၏။

စတုအနေကမတော– လေးယံလုံးအိပ်သောသူမူကား၊ ဥမ္မတ္တတော၊ အရူးလည်းကောင်း၊ ယာစကော– တောင်း၍စားတတ်သော၊ ယာစကာ– လည်းကောင်း၊ မဇ္ဇပါနံ–သေသောက်တတ်သောသူသည်လည်းကောင်း၊ တြိ– ထိုသုံးမျိုးသော်ကား၊ စတု– လေးယံ လွန်စွာအိပ်တတ်၏။

ဌာနဥ–အကြင်ဌာနအရပ်၌၊ ရာဇသုည–မင်းသည်စိုးမိုးအံ့၊ သာရာဇာ အကြင်မင်းသည်၊ ပညာသဝံ–ပညာမရှိခြင်းကြောင့်၊ ပရေသံ– သူတပါးတို့ စကားကို၊ ခလေခလေ–ယုံမှားတတ်၏။

ပုရိသက္ကုတ္တိလာဘံ။ ပုရိသံ– ယောက်ျားလည်းကောင်း၊ ကုတ္တိ– မိန်းမလည်းကောင်း၊ ဓနံ– ဉစ္စာပေးသည်ရှိသော်၊ လာဘံ–လာဘ်ကို ခံယူတတ်၏။ နတထာဂတော–လာခြင်းမကောင်း ထိုမင်းတို့စိုးသောအရပ်၌၊ အတိတံ– အပင်၊ ပတ္တိ –အရွက်။ ဖလံ–အသီးတို့သည် မဖွံ့ဖြိုး၊ အရသာမရှိလေရာ။ ဝသန္တော– မိုးသည်လည်း၊ နကမ္ပတိ–မညီမညွတ်ရှိရာ၏။ ဝတ္တံ– အမွေးအနံ့တို့သည်လည်း နည်းကုန်၏။

မဟာရာဇာ– အရှင်မင်းမြတ်။ သူရေ– သူရဲကောင်းကိုလိုသော်။ ဒသပူရိသံ–တစ်ကျိတ်သောယောကျ်ား၌။ ဧတော– တစ်ယောက်သောသူသည်။ သူရော–သူရဲကောင်းကိုရပါအံ့။ ပဏ္ဍိတော– ပညာရှိမူကား၊ သဟဿေသု– တစ်ထောင်သောသူ၌ရှာသော်လည်း၊ ကော– တစ်ယောက်သောသူကို၊ ဇယတော– ကြီးခြင်းငှာ၊ နတ္တိ–အဘယ်မှာရအံ့နည်း။ ဗာလော– အကြင်သူမိုက်သည်၊ ယာဝဇီဝံ– အသက်ထက်ဆုံး၊ ပဏ္ဍိတံ– ပညာရှိနှင့်၊ ပတိရူပသတိ– ပေါင်းဖက်မိသော်လည်း၊ ဗာလော– လူမိုက်သည်၊ ဓမ္မံ– တရားကို၊ ကိဇာနာတိ– အဘယ်မှာ သိရအံ့နည်း။

ပဏ္ဍိတာ– ပညာရှိတို့မူကား၊ အတ္တဓနံ– ကိုယ်ဉစ္စာရှားပါးခြင်းကို လည်းကောင်း၊ မနောဒုက္ခံ– နှလုံးဆင်းရဲခြင်းကိုလည်းကောင်း၊ အမနုဿဇာနံ –သူမိုက်လှည့်စားသောစကားကို လိုက်နာခြင်းလည်းကောင်း။ နာရိပုတ္တညာတကာနံ– သားမယား၊ မိဘဆွေ

မျိုးတို့ ဆိုးသွမ်းသောအမှုတို့ကိုလည်းကောင်း၊ အတ္တဒေါသံ– မိမိဒေါသရှိခြင်းကိုလည်းကောင်း၊ ပရော– သူတစ်ပါးတို့အား၊ နဇညာ– မသိစေရာ၏။ ပရဿ–သူတစ်ပါး၏၊ ဒေါသံ– ဒေါသကိုသာ၊ ဇညာ –သိစေရာ၏။ အဒန္တံ– မယဉ်ကျေးသောသူအား၊ ဓနံ– ဥစ္စာပေးကမ်းမြှောက်မြှင့်၍ ယဉ်ကျေးစေရာ၏။ ဒေါသံ– ဒေါသအမျက်ကြီးသောသူအား၊ အစ္စလိ– ချိုးပင့်ပြောဆိုခြင်းဖြင့် ယဉ်ကျေးစေရာ၏။

ကာကေ– ကျီးများအလယ်၌၊ သာမဂီ– ဟသ်ာငှက်သည်၊ နသောဘတိ –မတင့်တယ်၊ ဂေါဏော– နွားတို့အလယ်၌၊ သီဟရာဇာ– ခြင်္သေ့မင်းသည်၊ နသောဘတိ–မတင့်တယ်။ ဗာလာနံ–သူမိုက်တို့အလယ်၌၊ ပဏ္ဍိတော–ပညာရှိသည်၊ နသောဘတိ–မတင့်တယ်။ အနုဒကာ– ရေမရှိသော၊ နဒီ–မြစ်သည်၊ နသောတတိ–မတင့်တယ်။ ဣတ္ထိ–မိန်းမတို့သည်၊ အသာမိကာ– လင်မရှိမူ၊ နသောဘတိ–မတင့်တယ်၊ ပုရိသော– ယောကျ်ားသည်၊ အဘရိယာ– မယားမရှိက၊ နသောဘတိ–မတင့်တယ်။ ရာဇာ–မင်းတို့၌၊ နအမစ္စောဗလံ– ပညာအားရှိသော အမတ်မရှိက၊ နသောဘတိ–မတင့်တယ်။ အမစ္စေ–အမတ်၌လည်း၊ ပညာသဝံ–ဆန်းကျယ်သောဉာဏ်ပညာမရှိက၊ နသောဘတိ–မတင့်တယ်၊ ရာဇာနံ– မင်း၌လည်း၊ နာရီစ–မိန်းမအလိုသို့လိုက်သဖြင့်၊ နသောဘတိ– မတင့်တယ်၊ ဣတ္ထိ– မိန်းမတို့၌၊ ရူပံ–အဆင်းရှိလျက်နှင့်၊ ဇာဂံ–အကျင့်မရှိက၊ နသောဘတိ–မတင့်တယ်၊ ဘိက္ခု–ရသေ့၊ ရဟန်းတို့၌၊ ခမာ–သည်းခံခြင်းမရှိသောရဟန်းသည်၊ နသောဘတိ–မတင့်တယ်၊ ရုက္ခာ–သစ်ပင်တို့သည်၊ နပတ္တိ–အရွက်မရှိက၊ နသောဘတိ–မတင့်တယ်၊ မုတ္တာဂဇံ–ဆင်ဖြူဖြစ်လျက်၊ ခရဿ–ကြမ်းတမ်းသဖြင့်၊ နသောဘတိ–မတင့်တယ်၊ နာဝါ–လှေတို့၌၊ နပဒံ–တက်မရှိက၊ နသောဘတိ–မတင့်တယ်၊ သိင်္ဂ–ဦးချိုရှိသောသတ္တဝါတို့၌ နသိင်္ဂ –ဦးချိုမရှိက၊ နသောဘတိ–မတင့်တယ်။

မဟာရာဇာ–အရှင်မင်းမြတ်၊ မနုဿာနံ–လူတို့၌လည်းကောင်း၊ဒေဝါနီ–နတ်တို့၌လည်းကောင်း၊ ဗုဒ္ဓသာသနံ–တရားသြဇာအရသာထက်၊ ဝရံ–မြတ်ခြင်းသည်၊ နတ္ထိ–မရှိ။ ပညာသဝံ–ပညာဉာဏ်ရှိ၍ ထိုးထွင်းသိမြင်တတ်သောသူထက်၊ ဝရံ–မြတ်ခြင်းသည်လည်း၊ နတ္ထိ–မရှိ။ စတုသစ္စံ– လေးတန်သောသစ္စာစကားထက်၊ ဝရံ–မြတ်ခြင်းသည်၊ နတ္ထိ–မရှိ။ အတ္တသမံ– ကိုယ်ထက်ယုံသင့် ချစ်အပ်သင့်သောသူလည်း၊ နတ္ထိ–မရှိ။

ထိုသို့ ထုံးသက်သေနှင့် အမတ်ကြီးလျှောက်လေသော်–ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိသည်ကား– ငပေါင်တို့၏အဘမှာ ပျူ အမိသော်ကား ကုလား၊ ပျူကုလားရောနှောသည့်သား၊ သင်းဘီဘိုးတို့လည်း မူးမျိုးမတ်မျိုးမဟုတ် သင်းဘနှိုးသည် ခမည်းတော်ဘုရား ကုလားပြည်ကို သိမ်းတော်မူသောကာလမှ အမှုထမ်းလိုကြောင်းလျှောက်

သော် အပြန်တွင် ထမ်းရည်ကိုကောက်၍ ရိုးစားအရာ ပေးတော်မူလေသည်။ သင့်အဘ အသုံးရသောကြောင့် သင်းကိုကျေးရွာပေးသည်။ သို့ရာတွင်သင်းကို ဘယ်သို့ပြုရမည် မေးသော်– အမတ်ကြီးလျှောက်ပြန်သည်ကား–

အရှင်မင်းမြတ်။ ။ သူမိုက်ကိုနိုင်လိုမူ–မြှောက်မြှင့်၊ ရှေးသူဟောင်းတို့ စကားအတိုင်းသာ ငပေါင်တိုကို မြှောက်မြှင့်တော်မူရပါမည်။ လျှောက်လေလျှင်–ပြည့်ရှင်မင်းကြီးကလည်း ရာဇပရိယာယ်ဖြင့်မြို့သစ်စားသို့ စာပေးတော်မူပြီးမှ စိန်တင်စား ငပေါင်တိုကို မြို့သစ်စားအရာလည်း ကျေးကြီးရွာကြီးပေးတော်မူသည့် အမိန့်တော်အပ်စေတော်မူလေရာ၊ ငပေါင်တိုကားမြှောက်၍ အလုံးအရင်းများပြီကြံလျက် မြို့သစ်ကို သိမ်းမည်ဟု ဗိုလ်ခြေနှင့်သွားလေသည်။ မြို့သစ်စားလည်း၊ ရဲမက်နှစ်သင်းခွဲပြီး၊ အသင့်ထားရာ ငပေါင်တိုကို လာလမ်းကဆီးလို့ ဖမ်းလေသည်။ ငပေါင်တိုကို မြို့သစ်စားဖမ်းမိပြီး၊ ပြည့်ရှင်သို့ ဆက်ပို့လှာသည်။ ယင်းသောအခါ ငပေါင်တိုကို စီရင်မည်ရှိသည်တွင် အမတ်ကြီးလျှောက်ပြန်သည်ကား–

အရှင်မင်းမြတ်။ ကျွန်ငပေါင်တိုကို ဆယ်နှစ်ကျော် ဥသလင်းချောင်းစားပေးထားသည့်ကာလ မည်သို့မျှအကြောင်းမရှိပါ။ တန်ရာတွင်မထား လွန်၍ထားချေသောကြောင့် ငပေါင်တို မာန်မြောက်ခြင်းသာဖြစ်ပါသည်။ အနေအထား၊ အစား၊ ကျေးရွာသင့်တော်မှ အရှည်သဖြင့် ကျေးကျွန်အသုံးရတော်မူပါမည်။ လူနှင့်မတန် လွန်လျက်ပြုချေသော် ကျွန်ကိုအရှင်စီရင်ရသဖြင့် ကျေးကျွန်ကုန်ပါမည်။ ငပေါင်တိုကို အရှင်မင်းမြတ် အမြှောက်လွန်၍ ငပေါင်တို မာန်လွန်သည့်အမှုသာဖြစ်ပါသည်။ လျှောက်လေသော်–ငပေါင်တိုကို ချမ်းသာပေးတော်မူ၍၊ သားမယား၊ စည်းစိမ်နှင့်တကွ အမတ်ကြီးသို့အပ်တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၂၅)

# မင်းဗလောင်းလက်ထက် မရစား ငစနေအား အပြစ်မှလွတ်စေသော လျှောက်ထုံး

တရံရောအခါမှုလည်း၊ ပြည့်ရှင်မင်းကြီးသည် ငယ်ကျွန် ငစနေကို မရစားအရာ ပေးတော်မူသည်။ ငစနေသည် စားကျေးမရသို့ ထွက်သွားလေသောအခါ မင်းသုံးမင်းဆောင် ရွှေကွမ်းချပ်ကိုဆောင်၍ စားသုံးလေသည်။ ထိုအကြောင်းကို မင်းကြီးကြားသိတော်မူရာ ငစနေကိုခေါ်တော်မူသည်။ ကျေးစားအရာမှနှုတ်ပြီးလျှင်၊ မင်းမပေးမူလျက် မင်းသုံးမင်းဆောင်ကို သုံးသည်။ အပြစ်လိုက်စီရင်မည်ရှိရာ အမတ်ကြီးမဟာပညာကျော်လျှောက်သည်ကား–

အရှင်မင်းမြတ်။ ။အနဘိက္ခ–သဘင်သည်လည်းကောင်း၊ ကတပတာ–သတ်ပုတ်ခြင်းကို အလိုရှိသောသူလည်းကောင်း၊ ပညာသဝံ– ထိုးထွင်းသိတတ်သောပညာမရှိ။ ဆိုမိဆိုရာနှင့် သူ့အတင်းကို ပုတ်ချပြောတတ်သူလည်းကောင်း၊ ဗုဒ္ဓသာသနံ–သာသနာ့ဝန်ထမ်းရဟန်းဖြစ်လျက် ထိုးထွင်းလက်ဖွဲ့၊ ဆေးဝါးမန္တရားကိုလေ့လာသော ရဟန်းလည်းကောင်း၊ အမစ္စော–အမတ်ဖြစ်လျက် မင်းသုံးမင်းဆောင်ကို အလိုရှိခြင်းလည်းကောင်း၊ မဇ္ဇပါနံ– သေရည်သေရက်ကြိုက်တတ်သောသူလည်းကောင်း၊ ရာဇာမင်း၏အချစ်ကို ယုံသောသူလည်းကောင်း၊ သိင်္ဂ– ဦးချိုရှိသောသတ္တဝါတို့နှင့် ရောနှောကျွမ်းဝင်ပြတတ်သောသူလည်းကောင်း၊ အဌ– ထိုရှစ်ယောက်သောသူတို့သည်၊ ဥမ္မတ္တကော–သူရူးအဝင်တည်း။

ရာဇာဗလံတုသမစ္စော ဝေဿဝတော။ ရာဇာမင်းတို့၊ ဗလံ–အားပြုရသော၊ ဝေဿဝတော–နတ်နှင့်တူသော၊ စတု–လေးယောက်သောဝင်းမှူး၊ အမတ်တို့သာလျှင်၊

သံလျက်လက်စွဲ၍၊ ရာဇာ–မင်းနေသောနန်းတော်သို့ ဝင်စေရာသည်။ ဗဟုသုတ လောကီပညာကိုလိုသော်၊ ဝိဇ္ဇာမန္တာန်ကိုတတ်သောသူထံ ဆည်းကပ်ရာသည်။ ရာဇမစ္စေ– မင်းချစ်စေလိုမူ၊ ကုဋ္ဌာဂတော– မင်းအလိုရှိသောအမှုကို ရွက်ဆောင်ရာသည်။ သစေ– သူတပါးတို့မူကား၊ ပေသနေ– စေပါးသောအခွင့်၌၊ ဇာနေယျ– စုံစမ်းဆင်ခြင်ရာသည်။

အရှင်မင်းမြတ်။ ။အနီးထားအပ်သောသူ၊ အဝေးလွှတ်အပ်သောသူ၊ ထိုနှစ်ဦး၌ အဝေးထားသင့် သူအားအပါးအနီး၌ထားချေသော် မင်းရိပ်မင်းခြည်၊ မင်းနေမင်းသွား၊ မင်းပါးမကျွမ်း ဟော့ရမ်းသွမ်းသွပ်လေရာသည်။ အနီးထားသင့်သူအား အဝေး၌ ထားချေသော်– မင်းကျွမ်းဝင်၍ မဆင်မခြင် ကျင့်တတ်ပါသည်။ ရှေးပညာရှိတို့စကားတွင် မင်းကလွန်သော် မာန်ကိုသိမ်းသင့်ကြောင်း ဆိုပါသည်။ လျှောက်လေလျှင် ငစနေကို အပြစ်မှချမ်းသာပေး၍ အတွင်းသုံးမြဲ သုံးတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၂၆)

# သူမိုက်တို့စကားကို မယုံအပ်ကြောင်း လျှောက်ထုံး

တစ်ရံရောအခါ၌ ပြည့်ရှင်မင်းဖလောင်းသည် ရိုးကျွန်းသို့ဆင်ဖမ်းမည် ထွက်တော်မူလေသည်။ မင်းကြီးသည် ဆင်တော်နတ်ရှင်နောင်ကိုစီး၍ ဆင်ရိုင်းကို ဖမ်းအံ့သော်၊ တောတောင်အနှံ့လှည့်ပတ်လေရာ အစာမွတ်သိပ်၍ ပင်ပန်းတော်မူလေသည်။ ထိုရောအခါ အမတ်ကြီးသည် ရေမြွေမင်းတို့ ဆင်ခြင်အပ်သောအရာကို ထုတ်ဖော်ပြသ၍ မင်းကြီးထံ လျှောက်ထားသည်ကား–

အရှင်မင်းမြတ်။ ။ရေမြေကိုအစိုးရသော မင်းတို့သည် ဆင်ထိန်း၊ မြင်းထိန်း၊ သဘင်သည်၊ မုဆိုး၊ တံငါတို့နှင့် အကျွမ်းမဝင်ရာ၊ ပရံ–သူတစ်ပါးတို့ သွေးဆောင်ရာ အရပ်၌လည်းကောင်း၊ ပရံ–သူတစ်ပါးတို့ဆိုလာသောစကား၌ လည်းကောင်း၊ မယုံ မသွားရာ။ သူတစ်ထူးစကားကို ယုံသောအမှုကြောင့် အသက်မွေးယုတ်သော မုဆိုး တံငါမှတုံလည်း မှားကြောင်းထုံးဟောင်းရှိပါသည်။

မနုကလက်ပန်းသည် ယောကျ်ားသည် လက်ပန်းပညာအင်္ဂါစုံတတ်သူဖြစ်လျက် ဗလဒေဝနှင့် ဆိုင်ပြိုင်ကြမည်ရှိရာ၌ သဝန်တိုဟူသောအမတ်က ဆေးဝါးပေးလေသည်။ ထိုဆေးကိုယုံသဖြင့် ပေါ့လျော့ချေ၍ ဗလဒေဝသတ်သောဒဏ်ကြောင့် ပွဲအတွင်း ခနုက သေဆုံးရဖူးလေသည်။

မစ္ဆရိယ တံငါမူလည်း အခါခပ်သိမ်း မိမိပိုက်ချက်ကိုအလိုရှိသော ကာလတံငါ တစ်ဦးလှည့်ဖြားဉာဏ်ဖြင့် ငါးအများကို လှေ၌တင်၍ မစ္ဆရိယ တံငါအိမ်ဆိပ်သို့ လိုက်လာလေသည်။ မစ္ဆရိယတံငါက မည်သည့်အရပ်ကလာသနည်း မေးလေသော် ဂင်္ဂါမြစ်ဝ၌ ပိုက်ခတ်ကောင်း၍ ရခဲ့ကြောင်း လှည့်ဖြားပြောလေသည်။ ထိုတံငါ လှည့်ဖြားပြော

သောစကားကို မစ္ဆရိယတံငါ ယုံလေ၍ နံက်စောစောထ၍ တပည့်ငါးရာနှင့်သွားလေပြီး ဂင်္ဂါမြစ်ဝတွင် ပိုက်ချလေသည်။ ပင်လယ်၌ လှိုင်းတံပိုးကြီးစွာဖြစ်လတ်၍ မစ္ဆရိယတံငါနှင့် တပည့်ငါးရာတို့ သေဆုံးကြသည်။

အယုဇ္ဈပူရတိုင်း၌ ဒွါရာဝတီမြို့က ဇမ္ဗုဒီပါကိုအစိုးရသော ဒသဘာတိကညီနောင် တစ်ကျိပ်တို့သည် ပျက်ချိန်နီးလတ်သော် အမတ်ယုတ် ဂုံးချောစကားကိုယုံကြလေသည်။ ညီနောင်တစ်ကျိပ်တို့သည် ရေကစားရာ၌ အမတ်ယုတ်၏ ဂုံးချောစကားကိုယုံသဖြင့် အချင်းချင်းသတ်ပုတ်ကြ၍ သေဆုံးဘူးလေသည်။

ယင်းသို့ထုံးဟောင်းရှိသည်ဖြစ်၍ အမှုတကာကို ယုတ္တာယုတ္တိကို မိမိဉာဏ်ဖြင့် ဆင်ခြင်ပြီးမှတစ်ဖန် ပညာရှိတို့နှင့် ညှိပြန်ရာသည်။

သူမိုက်အများ ဆိုးကောင်းမြှောက်မြှင့် နှိမ့်ချဆိုသော်လည်း၊ အကျိုးအပြစ်မရှိ ပညာရှိတစ်ယောက်အပြစ်ကိုကြောက်လျက် အကျိုးလို၍ဆိုသည်ကိုသာ အလိုရှိအပ်ပါသည်။ ထိုသိုထုံးဟောင်းရှိသည်နှင့်အညီ ရှေးပညာရှိတို့ဆိုခဲ့သောစကားမူလည်း–

အကြင်သူ၊ လူတို့ဓလေ့၊ မမေ့ရှည်ကြာ၊ မိစ္ဆာဇီဝ၊ လုံးပမ်းကြ၍၊ အစမထင်၊ ချစ်ရှင်မြတ်ဖျား၊ ဘုရားသာသနာ၊ ရောင်ဝါမဝင်း၊ အလင်းမနှော၊ သဘောမကုန်၊ သူ့ဘုံနတ်ရပ်၊ ကြမ္မာတတ်မင်း၊ နှောင်အိမ်တွင်းသို့၊ မကင်းဇာတိ၊ မိမိခန္ဓာ၊ သူရာယစ်မျိုး၊ ငါးပါးဆိုးလည်း၊ မည်သူ့းမကြိ၊ တောချုံပိတ်ပေါင်း၊ တဏှာချောင်းတွင်၊ ဉကျောင်းမွန်းနစ်၊ အသစ်သစ်သာ၊ ဝိညာဉ်ကေန်၊ အမှန်တပ်လျှဉ်၊ သံယောဇဉ်လည်း၊ မယှဉ်သောအား၊ ကံသုံးပါးမူ၊ တံခါးဟင်းလင်း၊ သားချင်းချင်းဖြင့်၊ နှိမ်နင်းတတ်စွာ၊ သတ္တဝါကို၊ ပညာဝေဖန်၊ အမြင်သန်မှ၊ သူ့ဉာဏ်သူ့ဂုဏ်၊ မသုန်မဖျင်း၊ အလင်းဝိဇ္ဇာ၊ သံသရာ၌၊ ဖီလာမသွား၊ သုံးပါးဗိန္ဓု၊ လဟုသရ၊ အမကြတ်ခြေ၊ အဖြေမပေး၊ ဆိုရေးလိမ္မာ၊ သူ့ပုစ္ဆာကို၊ လွယ်ကာဖြေရ၊ တစ်ခဏချင်း၊ ကြွင်းမဲ့သိမူ၊ သူတစ်ယောက်စင်၊ ချီးမွမ်းလျှင်မှ၊ လူတွင်လူမြတ်၊ နတ်ကားကြည်ညို၊ မဂ်ဖိုရကြောင်း၊ ဆုမတောင်းလည်း၊ လုံးပေါင်းပြီးစီး၊ ဆုရပြီးတည့်၊ ထုံးမှိုကျမ်းလာ၊ သို့အရာတွင်၊ ပညာမပြောင်၊ မောဟဆောင်၍၊ သံကြောင်ပဒ၊ ပရမတို့၊ ဒေါသထူထူ၊ ပြူစူစောင်းမြောင်း၊ မကောင်းစရိုက်၊ သူမိုက်ကုဋ္ဌေ၊ သချေ်သချာ ညီညာမြှောက်မြှင့်၊ တဖြင့်စုတ်ငဲ့၊ ကဲ့ရဲ့ရှုတ်ချ၊ ဆိုပြန်ကလည်း၊ မြူမျှမသန်း၊ မနွမ်းလေရာ၊ ဥပမာကား၊ ဂင်္ဂါရေကြော၊ တိုက်လွှင့်မျှောသည့်၊ သဘော်ာတို့တမ်း၊ ဆိပ်ကမ်းမမြင်၊ ပင်လယ်ပြင်၌၊ ဘယ်တွင်ဘယ်သို့၊ ရောက်တို့သနည်း။ အသည်းကြွေလု၊ တရုရုနှင့်၊ ဗိုလ်ထုများစွာ၊ လူတကာထက်၊ သီတာမြစ်လမ်း၊ သိနိုင်စွမ်းသည်၊ ဖြောင့်တန်းမတိမ်း၊ ရွက်သိမ်းရွက်ဖွင့်၊ ဆိုက်သင့်အရပ်၊ လေကပ်လေကြောင်း၊ မစောင်းရအောင်၊ ဆောင်နိုင်သူအား၊

တစ်ယောက်သားသာ၊ ထင်ရှားကျော်ရှိန်၊ မာလိန်ခေါ်ကြ၊ ထိုနှင့်ဆသော်၊ ဇင်္ဂလသား၊ တရားတီမှာ၊ သိနိုင်ရာလိမ့်၊ မိစ္ဆာတို့ကံ၊ လောဘလျှံသည်၊ မင်ပညာ၊ ဟော့ရမ်းတည်း။ သူမိုက်တို့လက္ခဏာ ကျမ်းဂန်လာသည်မှာလည်း–

ဒေါသောအတ္တံ နဇာနာတိ၊

မောဟောဓမ္မံ နပဿတိ၊

အတ္တာသမံနဇာနာတိ၊

ယထာယဒေါသော

ယောဗာလော အမနုဿဗာလော။

ဟူလျက် သူမိုက်တို့စကားကို မယုံအပ်သောအကြောင်း ထုံးဟောင်းကျမ်းဂန်နှင့် လျှောက်လေသော် ပြည့်ရှင်မင်းကြီးလည်း ကြည်သိုတော်မူရကား ရွှေကွမ်းချပ်ကို ပေးသနားတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၂၇)

# အကျင့်ပျက်မိဖုရား ရှင်နှောင်းအရေးတွင် ကယ်မသော လျှောက်ထုံး

တရံရောအခါမှုလည်း မြောက်မိဖုရားရှင်နှောင်းသည် မိန်းမစိုးမော်လိပ် ကုလား တစ်ယောက်ကိုဆေးပေး၍ အင်္ဂါစုံအခါ ယှဉ်ပါးကြလေသည်။ ထိုအခါ မိစ္ဆာနတ် နန်းသို့ဝင်၍ခြောက်လှန့်သည်။ လင်ကောင်ပိုးငှက်ဆိုးသည် မင်းစက်တော်ခေါ်သော အဆောင်သို့ဝင်၍ မြည်သည်။ မင်းသုံးမင်းဆောင် ကျိုးပျက်သည်။ ထိုအကြောင်းကို မင်းကြီးမေးတော်မူရာ အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ။ဘေးတော်ရာဇိန္ဒမင်းသည် ဥယျာဉ်သို့ထွက်တော်မူရာ၊ ရထားတော် ဝင်ရိုးကျိုးလေသည်။ ထိုအကြောင်းကို အမတ်ကြီးစိတ္တဝရ လျှောက်လေသည့်ထုံး၌ အဆိုသော်ကား–

ရာဇာဒေဝိ– မင်းမိဖုရားတို့သည်လည်းကောင်း၊ ရာဇပုတ္တိ– မင်း၏ သားသမီးတော်တို့သည်လည်းကောင်း၊ ဟိနေန– ယုတ်သော၊ ကုလေန– အမျိုးနှင့်၊ သံခါသေတိ– ရောယှက်ပေါင်းဖေါ်မိအံ့။ ရညော– မင်း၏၊ ပရိဘောဂေါ်– အသုံးအဆောင်သည်၊ ဘိဇ္ဇတိ– ကျိုးပျက်ယွင်းယိုတတ်၏။ မိစ္ဆာဒေဝါဒယော– မသမာသော မိစ္ဆာနတ်ဆိုး၊ လင်ကောင်ပိုးငှက်ဆိုး စသည်တို့သည်၊ ရာဇနိဝေသနံ– မင်း၏နေရာ နန်းတော်တိုက်ခန်းသို့၊ ပဝိသတိ– ဝင်ရောက်တတ်၏။

ဤသို့လျှောက်လေမူ ထိုမင်းကြီးရာဇိန္ဒသည် မည်သို့မဆိုနေတော်မူ၍ မင်း၏ ပရိယာယ်ဖြင့် စူးစမ်းတော်မူရာ သမီးတော်သုဝဏ္ဏကုမ္မာရီသည် စောင်းသမားနှင့်ယှဉ်ပါးကြောင်း သိတော်မူလေသည်။

ဤသို့ ထုံးဟောင်းလာသည်ကိုထောက်လျှင် ယခုလည်း အကြောင်းထင်လာပြန်သည်။ နန်းသူတို့သိက္ခာ မထိန်းဆိုရန်ရှိချေပြီထင်ပါသည်ဟု လျှောက်လေသော် မင်းကြီးလည်း ခပ်မဆိတ်နေတော်မူသည်။ အကြောင်းကို စုံစမ်းတော်မူသောအခါ မိဖုရားနှင့်ကုလား မှားကြောင်းသိတော်မူလေသည်။ ထိုအကြောင်းကို အမတ်ကြီးသို့ ပြန်ဆိုတော်မူရာ အမတ်ကြီးလျှောက်သော ထုံးမူကား–

ဘုန်းကျက်သရေ ကြီးမြတ်တော်မူသောအရှင်မင်းကြီး။ ရှေးပညာရှိတို့ ဆိုခဲ့သော ကျမ်းဂန်၌လာရှိသည်မှာ–

ဣတ္ထိ–မိန်းမတို့သည်၊ ဝါမောရာဂေါဒ–ရာဂကိုလုံ့လထုတ်ခြင်း၌၊ ပူရိသော–ယောကျ်ားထက်၊ ဒွေဂုဏံ– နှစ်ဆလွန်၏။ ပဒုရာပိ–စဉ်းလဲခြင်း ကောက်သောဉာဏ်၌ကား၊ စတုဂုဏော–လေးဆလွန်၏။ ခလေခလသာ– ပြတတ်သောအမှုတို့၌ကား၊ ဆဂုဏော–ခြောက်ဆလွန်၏။ ကာမဂုဏော–ကာမဂုဏ်၌တပ်မက်ခြင်းဖြစ်သည်ကား၊ အဋ္ဌဂုဏော–ရှစ်ဆလွန်၏။ သဗ္ဗနဒီ– ခပ်သိမ်းသောမြစ်တို့သည်၊ ဝင်္က–ကောက်ကွေ့လျက်သာရှိသည်၏၊ သဗ္ဗဝနာ–ခပ်သိမ်းသောတောသို့၌၊ ကုဿ–သစ်ပင်တို့သည်၊ ဝင်္က–ကောက်ကွေ့၏။ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ ဣတ္ထိ–မိန်းမတို့သည်၊ ကောနေဝ–မိမိအလိုရှိရာ တစ်ယောက်သောသူနှင့်တွေ့လျှင်၊ ဝင်ကံ°–ကောက်ကွေ့ ဖောက်ပြန်တတ်၏။

ယင်းသို့ ကျမ်းဂန်လာပါသည်။ တရားတော်မှာလည်း သစ္စာလေးပါးတွင် သမုဒယသစ္စာသည် တဏှာအမြစ်၊ ထိုသမုဒယသစ္စာတဏှာ၏အမြစ်ကို မဖြတ်နိုင်ကြ၍ သတ္တဝါတို့ သံသရာရှည်သည်။ ထိုသို့မိုက်မှားလျှက် အစဉ်လာခဲ့သော–အဝိဇ္ဇာနှင့်တဏှာ မူလသဘာဝတို့ကြောင့်ပြုကြသော ထိုသူတို့အပြစ်ကို ထိုသူတို့နှင့် ပျောက်စေရပါမည်။ တရား၌လိမ္မာသော၊ ပညာရှိသော သူတော်ကောင်းမည်သည် သူတစ်ထူးပြုသောအပြစ်ကို သိသော်လည်း ပြန်၍ပြုပြင်ခြင်းမရှိ၊ သူ့ထိုက်သူသာ ရှိသင့်ပါသည် လျှောက်လေသော်–ပြည့်ရှင်မင်းကြီးလည်း ထိုသူနှစ်ဦးကိုမည်သို့အပြစ်မပေး၊ မိဖုရားနှင့်ကုလားကို မာန်အောင်သို့ ပို့ထားရုံမျှသာ ပြုတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၂၈)

## မင်း၏သားတော်လတ် သံတောင်စား အပြစ်ကျူးလွန်ရာတွင် လျှောက်ထုံး

တရံရောအခါ သားတော်အလတ်၊ သံတောင်စားစေုန်သည် သံတောင်ရွာအသည် သားတစ်ယောက်ကို အသေသတ်လေသည်။ ထိုအကြောင်းကို မင်းကြီးကြားသိလေသည်။ ထိုအခါမင်းကြီးက သံတောင်စား စေုန်ငယ်သည် ပြည်သူတို့အားနှိပ်စက်သတ်ဖြတ်ရာ မည်သို့စီရင်ထုံးရှိသနည်းဟု အမတ်ကြီး မဟာပညာကျော်သို့ မေးတော်မူလေသည်။ ယင်းသောအခါ အမတ်ကြီး လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ။သားတော်သံတောင်စားသည် ခမည်းတော် အာဏာကိုပြိုင်လျက်၊ အာဏာပိုင် အစိုးရပြုသည်တစ်ရပ်၊ နောင်တော်များ မပြုကျင့်ဝံ့သောအမှုကို ပြုကျင့်သည်ဖြစ်၍ နောင်တော်များကို ကျူးလွန်သည်လည်း တစ်ပြစ်၊ မှူးမတ်ပြည်သူတို့ကို မခန့်မလေး ဆိုးသွမ်းသည်လည်းတစ်ချက်၊ ပြည့်ရှင်မင်းမှတစ်ပါး ပြည်သူတို့ဇီဝိတိန္ဒြေကို မပိုင်ချေ။ ရှေးထုံးရှိလျက် မတည်။ ရှေးထုံးစံဟောင်းများကိုဖျက်၍ ကျင့်သည်လည်း တစ်မှု၊ ဤသို့အပြစ်လေးပါးထိုက်သော သားတော်ဖြစ်ပါသည်။ လျှောက်လေသော်– စားကျေးမြို့ရွာဥစ္စာ ကျေးကျွန်များကို သိမ်းလေသည်။ ဝမ်းဝရုံနှင့် မြို့တို့နေရပ် မရိပ်ချောင်းညာ ဝေလာတောင်သို့ သားတော် သံတောင်စားကို ပို့တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၂၉)

## သူဌေးခွန်သာကြီး သားသမီးအမွေမှု ဖြတ်ထုံး

မင်းဖလောင်းကြီးစိုးစံစဉ် မိုးစဲကျွန်းတွင် သူဌေးခွန်သာကြီး သေလွန်လေသည်။ ထိုအခါတစ်မိတည်းသား ယောကျ်ားငါးယောက်၊ မိကွဲသားသမီး နှစ်ယောက် ကျန်ရှိခဲ့သည်။ ထိုသားသမီးခုနှစ်ယောက်တို့ အမွေခွဲဝေမှုတရားကို တရားသူကြီးလေးဦး စီရင်ချက်နှင့် မပြီးလိုကြ၍ ပြည့်ရှင်မင်းကြီးထံ အယူခံမှု ဝင်ရောက်လျှောက်ထားလာကြသည်။ ပြည့်ရှင်မင်းကြီးသည် အမှုကိုကိုယ်တိုင် ဆုံးဖြတ်တော်မမူ၊ အမတ်ကြီးမဟာပညာကျော်သို့ လွှဲအပ်ဆုံးဖြတ်စေတော်မူသည်။ ထိုအခါ အမတ်ကြီး စီရင်ဆုံးဖြတ်လေသည့်ထုံးမှုကား–

တရားသူကြီးတို့စီရင်သော ဓမ္မသတ်ထွက်၌ အနိမ့်အမြင့် အခွဲအဝေဟူသမျှတွင် အများတစေသာများသည်။ ထိုဓမ္မသတ်စာကို ရှေးပညာရှိတို့စွန့်ခဲ့ကြောင်း ကျမ်းဂန်လာသည်၊ အမှန်ကိုသိတတ်ဆိုတတ်မှ ပညာဓမ္မသတ်မှန်ဖြစ်သည်။ ထိုစာဓမ္မသတ်များမှာ သညာအက္ခရာမျှသာ အများများ၍ အမှန်နည်းသည်။ အကြောင်းမူလည်း၊ အကယ်၍ သူဌေးခွန်သာကြီးသည် သူပုန်သူကန်ပြုလျက် အရှင်မင်းကြီးအား ပြစ်မှားလေသော်၊ မယားကြီးသား၊ မယားငယ်သားဟူ၍ အမွေစားဓမ္မသတ်ထွက်အလိုက် ခွဲခြားပြီးအပြစ်မပေးချေ၊ သားချင်းအတူ သာသေလည်းသေချင်း၊ ရှင်လည်းရှင်လျှောက်၊ မင်းပြစ်ရောက်ရသည်။ ထိုသို့သောအကြောင်းကြောင့် မိဘဆိုးသွမ်းလေရာ သားသမီးတို့ ဇိဝိတိန္ဒြေမှ တုံသော်လည်း ကင်းရလေသည်။ ထိုသို့ဆိုးမွေ ခံရသောထုံးရှိလျက်၊ ကောင်းမွေ၌လည်း ထိုနည်းအတူသာ ခံယူကြစေ။ စီရင်လေသော် နှေ့ကာလစင်ဖြစ်လျက်မိုးကြီး သည်းထန်စွာ ရွာလေသောကြောင့် ပြည့်ရှင်မင်းကြီးက အမတ်ကြီးသို့ ပတ္တမြားလက်စွပ်တစ်ကွင်း တရားဆု ချီးမြှင့်ပေးသနားတော်မူလေသည်။

# လျှောက်ထုံးအမှတ် (၃၀)

# ပြည်သူဆင်းရဲသားတို့အမွေကို မင်းတို့ ခံသင့်၊ မခံသင့် လျှောက်ထုံး

မင်းဖလောင်းကြီးလက်ထက်တော် တရံသောအခါမှုလည်း၊ စစ်တကောင်းမြို့တွင် သူဌေးဦးစီရာလီ သေလွန်လေသည်။ ထိုသောအခါ စစ်တကောင်းမြို့စားလာရောက်ပြီး၊ ဦးစီးရာလီတွင် အမွေခံသားမြေးမရှိကြောင်း လျှောက်ထားလေသည်။ ပြည့်ရှင်မင်းကြီးက ပြည်သူဆင်းရဲသားတို့အမွေကို မင်းခံစားသင့်သည်၊ မခံစားသင့်သည်ကို အမတ်ကြီးအား မေးတော်မူလေသည်။ ထိုအခါ အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ဘုရားလောင်းမင်းကောင်း၊ မင်းမြတ်၊ သာကီဝင် နွယ်တော်စဉ် လာအကြောင်း ထုံးဟောင်းကျမ်းဂန်၌ရှိပါသည်။ ပြည်သူတို့လုပ်ခွန်ထွက် ဆယ်ဘို့တစ်ဘို့ကိုသာ မင်းတို့ဘဏ္ဍာခံထိုက်ကြောင်း ရေးအမှာရှိပါသည်။ ပြည်သူတို့ သာမိက ခတ္တိယ အစိုးရရေမြေရှင်ဖြစ်လျက် မင်းမျိုးမဟုတ်သောသူတို့၏အမွေကို ခံယူထုံးမရှိပါ။ ရေမြေပိုင်မင်းဖြစ်လျက်ဆင်းရဲသားတို့ အမွေကိုခံယူချေသော်၊ ဝိလုပ္ပန္န–လုယက်ဖျက်ဆီး၍ မင်းမှုသောမင်းမျိုးတို့ ခံယူသောထုံးလည်း ကျမ်းဂန်တွင်ဆိုလျက်ရှိပါသည် လျှောက်လေသော် ပြည့်ရှင်မင်းမြတ်အမိန့်တော်ရှိသည်ကား–''ငါတို့မှာလည်းသားမြေးမရှိ မင်းဆွေမင်းမျိုးတို့ မင်းရိုးမပျက် ထီးနန်းတက်ရသည်။ ဆင်းရဲသားတို့မှာလည်း ထိုသို့အလျောက် သားမြေးမရှိမူ၊ ဆွေမျိုးအမွေခံရာသည်။ သူဌေးဦးစီရာလီ အမွေကိုဆွေမျိုးတို့က ခံယူစေ အမိန့်တော်ရှိလေသော် ရာဇပလ္လင်ပေါ်၌စိုက်သော ကနက္ကာဒန်ထီးဖြူ ပွင့်လေသည်။

## လျှောက်ထုံးအမှတ် (၃၁)

## အကျင့်ပျက်သော တန်ဆောင်မိဖုရားအရေးတွင် မင်းအားညွှန်ပြသော လျှောက်ထုံး

တရံရောအခါ တန်ဆောင်မိဖုရားသည် ဘိသိက်တော်ဆက်ပုဏ္ဏားကို အနောက်တံခါးကခေါ်သွင်းပြီး အဆောင်လက်ဖွဲ့တောင်းလေသည်။ ပုဏ္ဏားလည်း မိဖုရားသို့ လက်ဖွဲ့ပြုလုပ်ပေးလေသည်။ ဤသို့အကြောင်း မင်းကြီး ကြားသိတော်မူလေသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ မင်းကြီးမိန့်ကြားလေသည်ကား–

အကြောင်းဖြစ်ကြသည်၌ မိဖုရားသည် အင်္ဂါမရှိသူဖြစ်၏။ ပုဏ္ဏားလည်း ဘိသိက်တော်ဆက် မင်္ဂလာပုဏ္ဏားအရာပျက်သည်။ အနောက်တံခါးမှူးနှင့် မိန်းမစိုးမော်လိပ်တို့လည်း ရှေးထုံးမသိ၊ ယင်းသို့လေးဦးသောသူတို့ အပြစ်ရှိကြလေပြီ။ မည်သို့ပြုသင့်ကြောင်း အမတ်ကြီးမဟာပညာကျော်သို့ မေးတော်မူလေသည်။ အမတ်ကြီး လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ။မိဖုရားအင်္ဂါ(၇)ပါးကိုရှေးပညာရှိတို့ဆိုခဲ့သည်မှာ–

ရာဇာဒေဝီ–မိဖုရားသည်–

| | |
|---|---|
| သီလဇာဂံ | – အကျင့်သီလ ဖြောင့်မှန်ခြင်း |
| မံသံ | – အသားနုးညံ့စွာနှင့်ပြစ်ဆာကင်းခြင်း |
| လက္ခဏပါဒံ | – လက်ခြေ သေးသွယ်နုးညံ့ခြင်း |
| ကေသမယုံ | – ဆံပင်နက်၍ ကောင်းခြင်း |
| ရူပံ | – အဆင်းလှခြင်း |
| သဒ္ဒံ | – အသံသာယာဖွယ်ရှိခြင်း |

ဗသုကာ –များသောမောင်းမတို့ချစ်ကြောက်ဖွယ်
ရှိသောစကားကိုဆိုတတ်ခြင်း။

ထိုသို့ ထုံးဟောင်း လောကီကျမ်းဂန်နှင့်အညီ ပြည့်စုံသောအင်္ဂါရှိလျှင် မိန်းမမြတ်ဖြစ်ပါသည်။ ယခု အရှင်မိဖုရားသည် ဇာဂံ–အကျင့်သီလမမှန် သွမ်းသော့ချေသည်။ မိဖုရား၊ မင်းသမီး၊ မင်းသားတို့ သွမ်းသော့အမှုတို့ကို ပြုရိုးထုံးစံမရှိပါ။ အနောက်တံခါးကယောကျ်ားကို မိန်းမထံယူ၍ မသွင်းရထုံးရှိပါသည်။ တံခါးမှူးနှင့် မိန်းမစိုးမော်လိပ်တို့မိဖုရားအလိုသို့ပါသည်မှာလည်း မင်းသုံးသောကျေးကျွန်တို့သည် မင်းခွင့်မရမူလျက်မင်းမိဖုရားအလိုသို့လိုက်၍ အမှုအပေါင်းတို့ကို မလျှောက်မထားရာ။ ရှေးပညာရှိတို့ထုံးရှိလျက် လွန်၍ကျင့်သောသူအား မင်းမသုံးအပ်။

ဘိသိက်တော်မင်္ဂလာပုဏ္ဏားတို့မှာလည်း ကနံတာတို့အကျင့်၊ သော့သွမ်းသောအမှု၊ ဟူးရာဗေဒင်သင်၍ ဟူးရားတတ်ပုဏ္ဏားများကဲ့သို့ အင်း၊မန္တန်၊လက်ဖွဲ့ လုပ်ဆောင်ပေးကမ်း ဟောပြောမပြုရ၊ ပြုက ပြုသူကို ပုဏ္ဏား၌ သိက္ခာမရှိပါပြီ။ ထိုပုဏ္ဏားသွန်းသောဘိက်သိက်ကိုမခံအပ်။

ရှေးသူတော်ကောင်းတို့ဆိုခဲ့သော လောကီကျမ်းဂန်လာသည်မှာ ရ၄ –အကြွင်တိုင်းပြည်၌၊ ရာဇ–မင်းသော်လည်းကောင်း၊ ရာဇဒေဝီ–မိဖုရားသော်လည်းကောင်း၊ ရာဇပုတ္တ–သားသမီးတို့သည်လည်းကောင်း၊ ရာဇပရောဟိ– မင်း၏ပုဏ္ဏားသည်လည်းကောင်း၊ ရာဇအမစ္စော–မင်း၏အမတ်သည်လည်းကောင်း၊ အလီဒေါဟီနီဇာဂံ– မဟုတ်မမှန်ယုတ်သောအကျင့်ကို ကျင့်ကြလေအံ့။ တထာ–လာခြင်းမကောင်းသောသူတို့ရှိသော၊ ရ၄–အကြွင်တိုင်းပြည်၌၊ ဗဟု–များသောသတ္တဝါတို့သည်၊ အနီလော–ဆင်းရဲဒုက္ခနှင့် အနေမမြဲ ဖောက်လွဲဖောက်ပြန်ယူမိယူရာ မသမာသော ပညာထွန်းလေ၍ စည်းစိမ်မတည်၊ အရှည်မကောင်းပျက်စီးလေရာသည်။ ဥတုရာသီ၊ မညီမဖြောင့်၊ ဓါတ်လေးပါး ချောက်ချားလျက်ယမုနာစသောမြစ်၊ ကန်၊ ရေတွင်း၊ ချောင်းမြောင်းတို့သည်လည်း ခန်းခြောက်ကုန်အံ့။ ငံသောအရာ ရောက်ကုန်အံ့။ ပထဝီမြေသည်လည်း တုန်လှုပ်ကြွေးကြော်အံ့။ မင်္ဂလာမရှိသော တိမ်မိုးကြိုးလောင်မီးကျခြင်းစသော မကောင်းသည့် အနိဋ္ဌရုပ်အပေါင်းမကောင်းသောအကြောင်းတို့သည် စုပေါင်းကျရောက်တတ်ပါသည်။

အရှင်မင်းမြတ်။ ဘုန်းပညာကျက်သရေ သုံးပါးပြည့်စုံတော်မူသော ဘေးဘိုးစဉ်လာ ခမည်းတော်တို့ ကျင့်ထုံးကျင့်လမ်းတို့သည် ဘုန်းကြီးသက်ရှည် ကျက်သရေတော်ထွန်းကြောင်း ထုံးဟောင်းဖြစ်ပါသည်။ သူတော်ကောင်းတရားနှင့် အမတ်ကြီးလျှောက်လေသော်ပြည့်ရှင်မင်းမြတ် အမိန့်တော်ရှိပြန်သည်ကား–

ငါတို့မင်းမျိုးသည် နိဇဂ်လ မင်းမျိုးမဟုတ်၊ မဟာသမ္မတဝံသသကျ သာကီဝင် သန့်စင်မြင့်မြတ်သော မင်းရိုးမှန်ပေသည်။ အမတ်ကြီးလျှောက်သောစကားလည်း ရှေးပညာရှိတို့ထားခဲ့သော ထုံးဟောင်းသူတော်ကောင်း စကားမှန်ပေသည်။ ကျမ်းဂန်လာသည်မှာလည်း–

သကျရုပ်ပုရေသန္တံ မဟာသိပ္ပံနသိက္ခတံ

ကိစ္စာဝုတ္တိအသိပ္ပဿ၊ ဣတိပုစ္ဆာနတပ္ပတံ။

ထိုသို့ကျမ်းဂန်ထွက်သည့်အတိုင်း သူတော်ကောင်းစကားဖြစ်လျှင် ကျင့်အပ်သိအပ်သူသည်ပင်။ သူယုတ်ထားခဲ့သော မတရားအဓမ္မထုံး၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာ၊ ဒိဋ္ဌိ ထိုသို့စသော အမှုပါချေလျှင်သာ ပယ်သင့်သည်။ မင်းတို့ကျင့်ရာ ကမ္ဘာဦးတရား၌

ဒါနံသီလံ ပရိစ္စာဂံ၊ အဇ္ဇဝံမန္ဒဝံတပံ

အကောခံအဝိဟိံသဉ္စ၊ ခန္တိံစ အဝိရောဓနံ။

ဤသို့ရှေးဦးစွာကပင် တိုင်းပြည်အစိုးရသော မင်းတို့ကျင့်ထုံး ဘုရားမြတ်စွာ ဟောတော်မူခဲ့ကြောင်းကို အထင်အပေါ် ကျမ်းဂန်လာလျက်ရှိပါသည်။

သူတော်ကောင်းထုံးကိုယူသော် အကျိုး၊ သူယုတ်သူမိုက်ထုံးကိုကြိုက်မူ အပြစ်ရောက်ကြောင်းကိုလည်း အဇာတသတ်မင်းသည် သူယုတ်နှင့်ပေါင်းမိချေ၍ အဘကို အသေသတ်ပြီးမှတဖန် မြတ်စွာဘုရားရှင်ကိုပြစ်မှားပြန်သည့် နောက်မှ ပညာရှိဇီဝက စကားကိုနာခံ၍ ဘုရားနှင့်တွေ့လေရာ ကံကြီးမှ အနည်းငယ်ချမ်းသာလေကြောင်း ကျမ်းဂန်လာရှိပေသည်။

မိဖုရား၊ ပုဏ္ဏား၊ တံခါးမှူး၊ မိန်းမစိုး မော်လိပ်တို့သည် သူယုတ်အကျင့် အကြံအဝင်ကို ကျင့်ကြံကြသူများဖြစ်သည်။ မင်းမသုံးအပ်ပြီ၊ အမိန့်တော်ရှိ၍ မိဖုရားကိုဥယျာဉ်မှာ ဖြည့်သည်၊ ပုဏ္ဏားကို ပန်းတင်အစို့မှာဖြည့်သည်။ မိန်းမစိုးကို သစ်ခုတ်ယာခုတ်အစို့မှာ ဖြည့်သည်။ တံခါးမှူးကို ရေခပ်စီရီအစို့မှာ ဖြည့်လေသည်။ ယင်းသို့ပြီးမှ အမတ်ကြီးလျှောက်ပြန်သည်ကား–

အရှင်မင်းမြတ်။ ပြည့်ရှင်မင်းတို့၌ ဘုန်းတစ်ပါး၊ ကျက်သရေ တစ်ပါးရှိပါသည်။ ဘုန်းကျက်သရေ နှစ်ပါးစုံရှိသောမင်းသည် စည်းစိမ်ရှည်ကြောင်း။ ဘုန်းသာရှိ၍ ကျက်သရေမရှိသောမင်းတို့မှာ စည်းစိမ်တိုရာသည်။ ဘုန်းပညာကျက်သရေနှင့် ပြည့်စုံသော မင်းထိန်းသော၊ ရှေ့–အကြင် တိုင်းပြည်သတ္တဝါတို့သည်၊ အတိသော–လူဆင်းရဲခြင်းသည်။ နတ္တိ–မရှိ။ ရှေးပညာရှိ အမှာကျမ်းဂန်လာသည်မှာလည်း–

သဗ္ဗဒါနံ၊ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗရသံ၊ ဓမ္မရသံ ဇိနာတိ။

တဏှာက္ခယော သဗ္ဗဒုက္ခံဇိနောတိ ဟူ၍ ယင်းသို့သူတော်ကောင်း စကားကျမ်းဂန်အလာနှင့် အမတ်ကြီးလျှောက်လေပြန်ရာ ပြည့်ရှင်မင်းမြတ်လည်း ကြိုက်တော်မူလေ၍ အမတ်ကြီးသို့ ငွေထွေးခံ သနားတော်မူသည်။

## လျှောက်ထုံးအမှတ် (၃၂)

# မင်း၏ပတ္တမြားလက်စွပ် သုံးကြိမ်တိုင် ပြန်ရောက်သည့်တွင် မှုခင်းစီရင်သော လျှောက်ထုံး

တစ်နေ့သောအခါ ပြည့်ရှင်မင်း ဖလောင်းကြီးသည် မဟာမုနိဘုရားကို ဖူးမြော်ကြည်ညိုရန် ထွက်တော်မူလေသည်။ မင်းကြီးဝတ်ဆင်တော်မူသော ပတ္တမြားလက်စွပ်သည်ကျွတ်၍ ရေထဲသို့ကျလေသည်။ လက်စွပ်ကို ငါးတစ်ကောင်ရ၍ မြိုလေသည်။ တစ်လမျှရှိလတ်သောအခါ ထိုငါးကို တံငါတစ်ယောက်ရလေသည်။ ငါးဝမ်းမှ လက်စွပ်ကို တံငါ ရလေသည်။ တံငါယောကျ်ားသည် ကြောက်လန့်ခြင်းကြောင့် လက်စွပ်နှင့်အတူ ငါးကိုပါ ဆောင်ယူလာခဲ့ပြီး မင်းကြီးထံ ဆက်သလေသည်။ မင်းကြီးက အမတ်ပညာကျော်ကိုမေးတော်မူလေရာ အမတ်ကြီးလျှောက်ထုံးမူကား–

အရှင်မင်းမြတ်။ ။ လက်စွပ်တော်ရေသို့ကျသောအခါ၌ ငါးသည် မျိုယူသိမ်းထားလေသည်။ ထိုငါးသည် မိမိအသက်ကို အသေခံလျက် တံငါထံဝင်ရောက်လေသည်။ ထိုငါးမှလက်စွပ်ကို တံငါရ၍ ဆက်သလာရသည်။ ဤအရာကိုထောက်၍ မှန်တိုင်းလျှောက်ရပါသော် ဉာဏ်နည်းသူတို့ ပြိုငြင်ရာသော အကြောင်းရှိပါသည်။

အရှင်မင်းကြီး။ ။ ဘုန်းကျက်သရေကြီးကျယ်ကြောင်းကို ပြည်သူအများ သိထင်စေပြီးမှ ခုနှစ်လနှင့်ပြီးအောင် စီစဉ်ပါမည်။ လျှောက်လေသော် ပတ္တမြားကိုယူလျက် သားတစ်အတွင်း၌ မြှုပ်လေသည်။ ထိုပတ္တမြားသားတစ်ကို အရွယ်သင့်တော်အောင် လှီးပြီး အခြားသားတစ်တုံးများနှင့်အတူရော၍ ကြဲထားလေသည်။ ထိုသားတစ်များကို ကျီး၊ စွန်များချီယူကြလေရာ ပတ္တမြားရှိသောသားတစ်လည်း ပါသွားလေသည်။ ဆယ်ရက်ခန့်ကြာသောအခါ ထိုစွန်ငှက်ကို ငှက်ခတ်သားတို့ရရှိလေသည်။ စွန်ဝမ်းမှ ပတ္တမြားကိုရ၍

ဌက်ခတ်သားသည် စွန်ကောင်နှင့်အတူတကွ ပတ္တမြားကို မင်းထံ ဆက်သရောက်လာပြန်သည်။ ယင်းသို့နောက်မှ မထင်ရှားသူတစ်ယောက်အား ပတ္တမြားကိုအပ်၍ ရောင်းစေသည်။ ကုလားတစ်ယောက်သည် အသပြာတစ်ရာပေးပြီး ထိုပတ္တမြားကို ဝယ်ယူလေသည်။ ထိုကုလားသည် ပတ္တမြားကိုရွှေနှင့်ကွင်းရန် ပန်းတိမ်သည်တစ်ဦးထံ အပ်လေသည်။ ထိုလက်စွပ်ကွင်း၍ပြီးလျှင် ပန်းထိမ်အိမ်၌ ကုလားသို့မအပ်မှီ သူခိုးခိုး၍ ပါသွားလေသည်။ ကုလားသည် လက်စွပ်ကိုရလိုမှုနှင့် မင်းထံလျှောက်ထားလာသည်။ မင်းကြီးက အမှုကို အမတ်ကြီးသို့ အပ်လေသည်။ အမတ်ကြီးလည်း အမှုကိုစစ်ဆေးရာ လက်စွပ်အကြောင်းကို သိရှိလေသည်။ အမတ်ကြီးလည်း ပြီးအောင်စီရင်မည်ဟုဆိုလျက် ဆိုင်းငံ့၍နေလေသည်။

ပန်းတိမ်အိမ်မှ လက်စွပ်ခိုးယူသောသူသည် မြစ်ဆိပ်၌ ရေချိုးသောအခါ လက်စွပ်ကိုချွတ်၍ တစ်နေရာ၌ထားလေသည်။ ထိုလက်စွပ်ထားရာအပါး၌ ကြွက်တွင်းတစ်ခုရှိလေသည်။ ကြွက်သည် တွင်းမှထွက်လာပြီး အစာရှာရာ လက်စွပ်ကိုတွေ့ပြီး ယူသွားလျက် တွင်းသို့ဝင်သွားလေသည်။ တရားသူကြီး ကျွန်တစ်ယောက်သည် ကြွက်သားစားလို၍ ကြွက်ရှာရန်သွားလေသည်။ ထိုသူသည် အဆိုပါကြွက်တွင်းကိုတွေ့၍ တူးလေသည်။ ကြွက်တွင်း၌ရှိ ပတ္တမြားလက်စွပ်ကို ရလေသည်။ ထိုသူသည်ပတ္တမြားလက်စွပ်ကို မထားဝံ့သဖြင့် မိမိသခင်ဖြစ်သူ တရားသူကြီးထံ အပ်နှံထားလေသည်။ တရားသူကြီးသည် လက်စွပ်ကိုမြင်လျှင် ပြည့်ရှင်မင်းကြီးလက်စွပ်ဖြစ်သည်ကိုသိရှိပြီး အကြံဖြင့် ဝမ်းသာသွားလေသည်။

အမတ်မဟာပညာကျော်သည် ခုနစ်လနှင့် တံငါမှု၊ ဌက်ခတ်မှု၊ ကုလား ပန်းတိမ်မှုများကို စီရင်မည်ဟု မင်းထံလျှောက်ထားသူဖြစ်သည်။ အထက်အမွေမှုတွင်လည်း ဓမ္မသတ်ကိုပယ်၍ ငါတို့စီရင်သောအမှုကိုဖျက်ခဲ့သည်။ တရားသူကြီးသည် မဟာပညာကျော်ကို အပြီးဖြင့်အရှက်ခွဲရန် အကြံဖြစ်လေသည်။ သို့နှင့်လက်စွပ်ကို ခုနစ်လလွန်ပြီးမှ မင်းထံဆက်မည်ကြံလျက် လုံခြုံစွာ ထုပ်သိမ်းထားလေသည်။ တရားသူကြီး အခြားအိမ်သို့ထွက်သွားခိုက် မယားဖြစ်သူသည် လက်စွပ်ကိုထုတ်ယူကြည့်ရှုနေလေသည်။ အိပ်ချင်သည်ဖြစ်၍ လက်စွပ်ကိုအနီးတွင်ထား၍ အိပ်ပျော်သွားလေသည်။ ထိုအခိုက် ကျီးတစ်ကောင်ရောက်လာပြီး လက်စွပ်ကိုချီယူသွားကာ အသိုက်၌ထားလေသည်။

တရားသူကြီးသည် အိမ်သို့ပြန်ဝင်လာပြီးလက်စွပ်ကို ကြည့်ရှုစစ်ဆေးရာ မိမိထားရာတွင်မတွေ့၍ မယားကိုမေးလေသည်။ မယားလည်း ကွယ်၍သာဆိုသဖြင့် လင်မယား ရန်ရှက်တင်ဖြစ်ကြသည်။ သို့ကြောင့် လင်မယားကွာရှင်းလိုကြောင်း မင်းကြီးထံ

လျှောက်ထားလေသည်။ မင်းကြီးလည်းအမှုကို အမတ်ကြီးသို့အပ်၍ စီရင်စေသည်။

အမတ်ကြီးသည် တရားသူကြီးမယားအား အမှုရင်းကို စုံစေ့အောင်စစ်ဆေး မေးမြန်းလေသည်။ လက်စွပ်ပျောက်လေသောအကြောင်းဖြစ်သည်ကို သိရလေသည်။ ထိုအခါအမတ်ကြီးက အမှုကိုစီရင်ပေးပါမည်။ ဆိုင်းငံ့ပါဦးဆို၍ နေလေသည်။

ထိုသောကာလတစ်နေ့တွင် ကျောင်းသားသူငယ်တစ်ဦးသည် ကျီးသိုက်ကို မြင်သဖြင့်တက်လေပြီး၊ ကျီးသိုက်ကိုနှိုက်ရာ လက်စွပ်ကိုရလေသည်။ ကျောင်းသား ငယ်သည် လက်စွပ်ကို ဆရာဘုန်းကြီးသို့ ပေးအပ်လေသည်။ ထိုဘုန်းကြီးလည်း ရတနာ ဖြစ်သည်၊ မင်းနှင့်ထိုက်သောဥစ္စာသာဖြစ်သည်။ မင်းအားဆက်မည်ဟူ၍ ပြည့်ရှင်မင်း ကြီးထံ ဆက်သလေသည်။ မင်းကြီးလည်း အမတ်ပညာကျော်ကိုခေါ်၍ လက်စွပ်ရကြောင်း ပြလေသည်။ အမတ်ကြီးသည် လက်စွပ်ကို သားတစ်ဦးထည့်၍ ငှက်စာကျွေးသော လက်စွပ်ရက်ကစ၍ တွက်စစ်သော်ရက်ပေါင်း(၁၉၀)ရှိပြီဖြစ်ကြောင်း သိလေသည်။ စီရင် ရန် ရက်(၂၀)သာလိုတော့သည်။ အမှုကိုစီရင်တော့မည့်အကြောင်း မင်းကြီးအားလျှောက် ထားလေသည်။

အမတ်ကြီးသည် ဘုန်းကြီးအား လက်စွပ်မည်သို့ရကြောင်း မေးလျှောက်လေ သည်။ ဘုန်းကြီးက တပည့်သူငယ်ရကြောင်း ပြောပြလေသည်။ သူငယ်ကိုမေးရာ ကျီး သိုက်မှရကြောင်း အမတ်ကြီးထံ လျှောက်ထားဆိုလေသည်။ ကျီးသိုက်ကိုသူငယ်ပြ၍ သိလတ်လျှင် ညအခါ ကျီးဖို၊ကျီးမစုံကို ရအောင်ဖမ်း၍ လက်စွပ်တော်နှင့်တူသော လက်စွပ်တစ်ကွင်း လုပ်ဆောင်စေသည်။ ထိုလက်စွပ်ကို ကျီးနှုတ်သီး၌ မြဲစွာချည်လျက် နံက်သော်အခါ လွှတ်လေသည်။ ကျီးဖို၊ကျီးမပျံသွားရာသို့ မင်းစေလုလင်များကို ကြည့် စေသည်။ ကျီးဖို၊ကျီးမတို့ သည်စားနေကျဖြစ်သော တရားသူကြီးအိမ်တွင် နားလေသည်။ တရားသူကြီးမယားသည် ပျောက်သွားသောလက်စွပ်ကို ကျီးနှုတ်သီးတွင်ပါလာသည်ဟူ လျက် အုတ်အုတ်ကျက်ကျက်လိုက်ကြ၍ ကျီးကိုဖမ်းကြောင်း အမတ်ကြီးထံ မင်းစေ တို့လျှောက်လာသည်။ အမတ်ကြီးသည် တရားသူကြီးလင်မယားခေါ်ယူပြီး မေးမြန်းလေ သည်။ ကျီးနှုတ်သီး၌ပါလာသောလက်စွပ်ကို သင်တို့ဘယ်မှာရသနည်းမေးရာ အိမ်မှာစေ သောကျွန်ကပေးအပ်၍ ရကြောင်းပြောလေသည်။ ထိုကျွန်ကိုအပ်စေ၍ မေးလေရာ ကြွက်တွင်းတူးရာကရကြောင်း လျှောက်ထားလေသည်။ ထိုကြွက်တွင်းကိုပြစေ၍ သိ လတ်သော် ထိုအရပ်၌လူမပြတ်ချထား စောင့်နေစေပြီး ကြည့်ရှုရန်ခိုင်းထားလေသည်။ ထိုအခါ အထက်ခိုးသားသည် အဖော်များနှင့်ရေချိုးရန်လာပြန်သည်တွင် သည်အရပ်၌ မိမိလက်စွပ်ချထားရာမှ ပျောက်သွားကြောင်း အဖော်များသို့ပြောဆိုလေသည်။ ထိုစကား

ကို မင်းစေကြားသိသော် ထိုသူအားခေါ်ယူသွားပြီး၊ အမတ်ကြီးထံအပ်ပေးလေသည်။ အမတ်ကြီးက ထိုသူကို စစ်မေးလေသည်။ ပျောက်သွားသော လက်စွပ်ကို အဘယ်ကရသနည်း။ မှန်ကန်စွာ ထွက်ဆိုရမည်ပြောလေသော် ပန်းတိမ်အိမ်တွင် ခိုးရာမှရသော လက်စွပ်ဖြစ်ကြောင်း လျှောက်ထားလေသည်။ ထိုပန်းတိမ်ကိုခေါ်ယူ၍မေးရာ သဘော်သားကုလားအပ်သောပစ္စည်းဖြစ်ကြောင်း၊ ကုလားကိုမေးရာ–အသပြာတစ်ရာပေး၍ ဝယ်ရကြောင်းများကို လျှောက်ထားကြလေသည်။ အမတ်ကြီးလည်း အကြောင်းစုံသိပြီးဖြစ်သောအခါ ထိုအကြောင်းများကို မင်းကြီးအားလျှောက်ထားလေပြီးမှ အမှုကိုစီရင်ထုံးသော်ကား–

လက်စွပ်တော်ရေသို့အကျတွင် မြေလက်မခံ၍ ငါးသိမ်းထားသည်။ ထိုငါးကို တံငါရသည်။ ထိုတံငါလက်စွပ်ကိုမြင်လျှင် မထားဝံ့၍ မင်းထံဆက်သလာသည်များမှာ– မြေပိုင်ရေပိုင် တိုင်းနိုင်ငံအတွင်း၌ ရှိသောသူတို့သည် အစိုးရအရှင့်ကျွန်တစေသာ ဖြစ်ကြသည်။ လက်စွပ်တော်ကို တံငါဆက်၍ရသည့်နောက်ပိုင်း ထိုလက်စွပ် မင်းလက်သို့မရောက်ပျောက်လေသော် တံငါကပေး၍ရသောကြောင့် လက်စွပ်တန်ဖိုးကို တံငါသို့ မင်းက ပေးသင့်သည်။

တံငါဆက်လာသည့်နောက် ထိုလက်စွပ်သည် သတ္တဝါမျိုးစုံထံရောက်မှ မပျောက်မဆုံး ဆက်သလာရောက်ပြန်ရသည်။ တရားကျမ်းဂန်၌ သူတော်ကောင်းတို့ဥစ္စာကို ရေမှာပစ်လည်းမနစ်။ မီးမှာပစ်လည်းမချစ်ဟူ၍ဆိုသော ရှေးဟောင်းပညာရှိတို့ ဆိုသောစကားရှိသည်။ အရှင်မင်းတရားကြီး ဘိသိက်ခံတော်မူရာ အင်္ဂါပြည့်စုံ တရားစောင့်ထိန်းတော်မူသည်ဖြစ်၍ လူနတ်ကြည်ညိုသောကြောင့် သုံးကြိမ်တိုင်အောင် လက်စွပ်တော်ကို နတ်တို့ညွှန်ရာလူလာ၍ ပို့ဆက်သလာရသည်။

ရဟန်းသော်ကား တရားနှင့်လျှော်သည်ဖြစ်၍ ပစ္စည်းလေးပါး မြဲစေသင့်ပါသည်။ တံငါနှင့်ငှက်ခတ်သမားမှာ ကိုယ်နှင့်မထိုက်သောအရာကို သိတတ်သောသဘောရှိသူဖြစ်၍ မင်းဘဏ္ဍာထိန်းအပ်သော ကျွန်ကောင်းလက္ခဏာဝင်သည်။

တရားသူကြီးမှာ ကြွက်နှင့်တူသည်။ ပန်းတိမ်မှာ စွန်နှင့်တူသည်။ ကုလားမှာ ငါးနှင့်တူသည်။ ခိုးသူမှာ ကျီးနှင့်တူသည်။ ထိုငါးစသောသတ္တဝါလေးကောင်တို့ ဇာတ်ရောက်သည့်နည်းတူ ကုလားစသောလူလေးဦးတို့ မင်းပြစ်သင့်ရာသည်ဟူ၍ စီရင်လေသော် နေ့ကာလစင်ဖြစ်လျက် မိုးကြီးသည်းထန်စွာရွာလေသောကြောင့် မင်းကြီးလည်းအားရတော်မူ၍ ဆင်တော်မူသောလက်ကောက်ကို မဟာပညာကျော်အမတ်သို့ တရားဆုပေးတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၃၃)

## ရဟန်းတစ်ပါး၏ ရွှေငွေအမွေမှု ဖြတ်ထုံး

တရံရောအခါ၌ ကျောင်းနေပုဂ္ဂိုလ် ရဟန်းတစ်ဦး သေလွန်လေသည်။ ထိုရဟန်း၌ ငွေအသပြာနှစ်ထောင်၊ ရွှေအသပြာတစ်ရာ ကျန်ရှိခဲ့သည်။ ထိုဥစ္စာကို ရဟန်းမိဘဆွေမျိုးတို့ကလည်း ရလိုသည်။ ကျောင်းနေ ရဟန်းသာမဏေတို့ကလည်း ရလိုသည်။ ကျောင်းတကာတို့ကလည်း ရလိုသည်။ သုံးဦးသားတို့ အလုအယက် အငြင်းအခုံဖြစ်လျက် မင်းကြီးထံ လျှောက်ကြလေသည်။ ပြည့်ရှင်မင်းက အမတ်မဟာပညာကျော်သို့ အပ်လေသည်။ အမတ်ကြီးစီရင်သောထုံးမှုကား–

ရတနာသုံးပါးအဝင်ဖြစ်သောရဟန်းသံဃာတို့၌ ဘုရားရှင်ခွင့်ပြုသော်မူသည်မှာ–ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ စတုမဓုစသော ဆေး၊ ဤလေးပါးကိုသာ သုံးဆောင်အပ်ကြောင်း၊ ထိုမှတပါး ဂဟာပဏစသောရွှေများမှာ ဘိက္ခုသံဃာသံသရာကို ကြောက်တတ်သောချစ်သားရဟန်းတို့၊ နကမ္ပတိ–မအပ်ပြီ။ ပညတ်တော်မူခဲ့သော ကျမ်းဂန်နှင့်အညီ ကဟာပန–စသော ရွှေငွေများကို ဆည်းပူးထားခဲ့သည်မှာ ဘုရားအာဏာတော်ကိုဆန်၍ ကျင့်သည်။ လူတို့၌ မင်းအာဏာကိုဆန်သော် မင်းဒဏ်ထိုက်ရာသည်။ ရဟန်းတို့မှာလည်း ဘုရားအာဏာတော်ကို ဆန်သောသူတို့သည်၊ သာသနပစ္စတ္တိက– သူယုတ်ရတနာသုံးပါးအဝင် သံဃာမဟုတ်၊ လူဖြစ်လေပြီ။ လူကဲ့သို့ သဂြိုလ်ရမည်။

ထိုသို့အမွေ ရွှေငွေစသော ကဟာပဏတို့မှာ ထိုသူရှိစဉ် ရဟန်း၊သံဃာတော်အမှတ်ဖြင့် လှူမိကြလေသည်။ အလှူမမြောက်၊ လူချင်းပေးသကဲ့သို့သာဖြစ်သည်။ မိမိတို့ပေးသော ဥစ္စာထင်ရှားရှိလျှင် အသီးသီးယူကြစေ။

ထိုသူအလျှောက် ကူးသန်းရောင်းဝယ်ရှာမှီး၍ရသည့် ကဟာပဏစသော ရွှေငွေ

ရှိရစ်သည်များမှာ ထိုသူနှင့်အတူနေရင်း စီးပွားရှာဘက်ရဟန်းတို့ အမွေကိုလိုလျှင် လူဝတ်လဲ၍ ထိုသူမိဘသားချင်းတို့နှင့် ညီမျှခွဲဝေယူကြစေ။

ရဟန်းသုံးဆောင်ထိုက်သော ပစ္စည်းလေးပါးမှာမြတ်စွာဘုရား ပညတ်တော်မူသောသိက္ခာတော်ကို ကြည်ညိုစောင့်ထိန်းသော ရဟန်းသံဃာတို့ က ခံယူသုံးဆောင်စေ။ ကျောင်းဒကာမှာ မလပ်စေ။

ယင်းသို့စီရင်သောအခါ အမတ်ကြီးရှေ့ မင်းရင်ပြင်၌ ပန်းပေါက်ပေါက်တို့သည် ကြဲလျက်ကျလတ်သော် ပြည့်ရှင်မင်းကြီးလည်း အလွန်ကြည်ညိုလျက် ထွက်စည်၊ဝင်စည်ကို အမတ်ကြီးသို့ တရားဆုပေးတော်မူလေသည်။

## လျှော့ကြက်ထုံးအမှတ် (၃၄)

# ငွေအိုးတွေ့ရာ အဝေမညီမှု ဖြတ်ထုံး

တရံရောအခါ လူတစ်ဦးသည် ငွေအိုးရှိသော စာညွှန်းကိုရသည်။ မိမိ မသွား၊ တစ်ယောက်ကို လွှတ်လေသည်။ ထိုသူသည်လည်း လူတစ်ဦးအား ငါးသပြာပေးမည် ဆေးမြစ်တူးရန် လိုက်ခဲ့ပြော၍ ခေါ်သွားလေသည်။ စာညွှန်းရာအရပ်သို့ရောက်သောအခါ လူငှားကို တူးစေသည်။ ထိုအခါ ငွေသပြာသုံးထောင်ပါရှိသောငွေအိုးကို ရလေသည်။ ထိုသူသုံးဦးတို့ ငွေသုံးထောင်ကိုခွဲဝေယူရန် မညီမညွတ်ဖြစ်ကြလေသည်။ ထိုပုစ္ဆာမှုနှင့် မင်းထံရောက်ကြလေသော် ပြည့်ရှင်မင်းက မဟာပညာကျော်သို့အပ်၍ စီရင်စေရာ အမတ်ကြီးစီရင်သောထုံးသော်ကား–

ရေပိုင်မြေပိုင်တွင် ရသမျှဥစ္စာ မင်းဘဏ္ဍာနှင့်မကင်း။ ဆယ်ဘို့တစ်ဘို့ မင်းနှင့်ထိုက်သည်။ ရသောသပြာ ၃၀၀၀ မှ ၃၀၀–အသပြာကို မင်းဘဏ္ဍာ ဆက်သွင်းသင့်သည်။ ထိုမှကျန်သောအသပြာတို့မှာမူကား–မည်သည့်အရပ်မှာရှိသည် ညွှန်သောသူသည် အမိအဘနှင့်တူသည်။ ငါးသပြာလိုခင်လိုက်သောသူမှာ ကျွန်နှင့်တူသည်။ ထိုသူတစ်ကိုယ်ဖိုး ငါးသပြာရသင့်သည်။ ညွှန်သောသူနှင့်သွားသောသူတို့မှာ ဆိုးတူကောင်းဖက်၊ မကွဲသင့်။ အညီအမျှခွဲဝေယူကြစေ။ ဤသို့စီရင်လေသော် ကနက္တာဒန်ထိုးဖြူ အလိုလိုပွင့်သည်။ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီးသိလေရာ အမတ်ကြီးကို မယားအတွက် မိဖုရားလတ် အဆောင်အရွက် တရားဆုပေးပြန်လေသည်။

## လျှောက်ထုံးအမှတ် (၃၅)

# သီဟိုဠ်မင်းက ပဟေဠိသဝဏ်စာပို့ရာ၌ ဖြေကြားသည့် လျှောက်ထုံး

တစ်ရံသောအခါ သီဟိုဠ် ကောလမ္ဗမင်းသည် ရခိုင်မင်းသို့ပေးပို့ရန် ရွှေပေကိုလိပ်၍အနားတွင်"မီး၊ရေ"ဟူသောအက္ခရာနှစ်လုံးကိုရေးပြီး၊ ရွှေပေကိုဖြန့်လျက် သေချာစွာထည့်လေသည်။ ၎င်းရွှေပေကို သံဖြစ်သူအားအပ်နှံပြီး ရခိုင်မင်းထံပေးပို့ရန် စေလိုက်လေသည်။ သီဟိုဠ်တမန်လည်းလာလတ်ပြီး ရောက်လေသော်–ရခိုင်မင်းထံ ရွှေပေကိုဆက်သလေသည်။ ရခိုင်မင်းလည်း ထိုရွှေပေကိုကြည့်ရှုလေရာ စာတစ်လုံးမျှ မတွေ့မမြင် ဖြစ်လေသည်။ ထိုအခါ ပြည့်ရှင်မင်းက ရွှေပေကိုအမတ်ကြီးမဟာပညာကျော်သို့ အပ်တော်မူလေသည်။ အမတ်ကြီးလည်း သီဟိုဠ်မင်းသည် ပညာစမ်းသောအမှုသာဖြစ်ချေမည်ကြံလျက် ရွှေပေကိုလိပ်၍ ပွတ်လေသည်။ အတန်ငယ်ပွတ်မိသောအခါ အညီအညာဖြစ်ပြီး စာလုံးအက္ခရာနှစ်လုံးတွေ့ရှိရလေသည်။ စာနှစ်လုံးမှာ– မီး၊ရေ ဤမျှသာဖြစ်သည်။ အမတ်ကြီးလည်း ထိုရွှေပေကို မင်းကြီးထံပြန်ဆက်သလေသည်။ ထိုအကြောင်းကို အမတ်ကြီးက အဓိပ္ပါယ်ဖွင့်ဆိုလျှောက်ထားလေသည်။

အရှင်မင်းမြတ်။ ရှေးပညာရှိတို့ စကားပုံဆိုထုံးရှိပါသည်။" မီး"လွန်သော်ခြစ်သည်၊ "ရေ"လွန်သော် ပျစ်သည်။ ရာဇပျို့တွင်လည်း–ပြည်ကြီးဝန်ကို၊ အိုးတန်ဆန်ခတ်၊ မင်းကျင့်ဝတ်နှင့်၊ လျှောက်ပတ်သင့်စွာစီရင်ရာသည်ဟု ပါရှိပါသည်။ ဤသို့အလားတူစွာ–သီဟိုဠ်မင်းကပေးသော အက္ခရာနှစ်လုံးသည် ပြည့်ရှင်မင်းသို့အမေး။ မီးကဲ့သို့ကျင့်သည်၊ ရေကဲ့သို့ကျင့်သည်။ ပြည့်ရှင်မင်းသည် မီးကဲ့သို့ပြင်းသောအာဏာဖြင့်ကျင့်မူ၊ ပြည်သူ ပင်ပန်းရာသည်။ ရေကဲ့သို့ကျင့်မူ– မျိုးမတ်ပြည်သူ မလေးမခန့်ပြုရာသည်။

ရေမကြီး၊ မီးမလွန်ကျင့်ရာသောအကြောင်းပေးသော စာဖြစ်ပါသည်။ ဤသို့အမတ်လျှောက်လေရာ သီဟိုဠ်တမန်တို့လည်း အလွန်ကြည်ညိုခြင်းဖြစ်လေ၍ ပြည့်ရှင်မင်းသို့ လက်စွပ်တော်ဆယ်ကွင်း၊ အမတ်ကြီးသို့ငါးကွင်း ဆက်သပူဇော်လေသည်။ သီဟိုဠ် တမန်တို့ပြန်သောအခါ ထိုရွှေပေတွင် နေ–လ၊ ဟူသောအက္ခရာနှစ်လုံးကို အမတ်ကြီးက ရေး၍ပေးလိုက်ရာ ဆောင်ယူ၍ပြန်ကြလေသည်။

## လျှောက်ထုံးအမှတ် (၃၆)

# သီဟိုဠ်ကျွန်း သူဌေး၏အဘိုးလက်ထက်က မြှီပောင်းအမှု ဖြတ်ထုံး

တစ်ရံသောအခါ သီဟိုဠ်ကျွန်း၊ တမ္ဗုလသူဌေးမြေး ဂုမ္ဘိသတ် လာရောက်၍ ဘိုးတော်တမ္ဗုလသူဌေးသည် မြောက်ဦးမြို့သို့ ဘေးတော် စလက်ာသူမင်းလက်ထက် သင်္ဘောနှင့် အရောင်းအဝယ်ရောက်ပါသည်။ ထိုအခါ အဘိုးတမ္ဗုလနှင့် ပေါင်းထွတ်သင်္ဘောဆိပ်သူဌေး အုန်းအာသန်တို့နှင့် ချစ်ကြည်ယုံမှတ်ကြ၍ အသပြာတစ်သိန်း အပ်နှံထားခဲ့ပါသည်။ သူဌေးအုန်းအာသန်အမွေကို ဆက်ခံစားရှိသူ မြေးဒေါ်တလိ ပေးသင့်ကြောင်း၊ ပြည့်ရှင်မင်းထံလျှောက်ထားလေသည်။ ပြည့်ရှင်မင်းက အမှုကို အမတ်ပညာကျော်သို့ လွှဲအပ်စီရင်စေသည်။ အမတ်ပညာကျော် စီရင်သောထုံးသော်ကား–

အုန်းအာသန်မြေးသူဌေး ဒေါ်တလိကိုမေးရာ အပ်သည်မအပ်သည်ကို မသိ၊ မင်းဆယ်ဆက်မြောက် နှစ်တစ်ရာကျော်ရှိခဲ့ပါပြီ။ အစဉ်အဆက်လည်း ပြောသံမကြားဘူးပါဆိုလေသည်။

သီဟိုဠ်ဂုမ္ဘိသတ်က လူကြီးနှစ်ဦးယုံမှတ်ပေးအပ်ကြသောကာလ သဝန်သကလ–ဟူသောတောင်ထိပ်ရှိ ညောင်ပင်ရင်းတွင်နှစ်ဦး လက်မှတ်စာကို ကျောက်ဖျာကြီး၌ရေး၍ ထိုညောင်ပင်ကြီးမြောက်ဘက်နားတွင် မြှုပ်နှံထားခဲ့ကြောင်း၊ အဘိုးသူဌေး ရေးမှတ်ထားသော မှတ်စာပါကြောင်း တင်ပြလေသည်။

ထိုညွှန်ရာသို့ သွားရောက်ကြည့်ရှုရှာဖွေစေရာ ကျောက်ဖျာမရှိ၊ ညောင်ပင်ကိုကား ခုတ်သည့်အငုတ်ရှိလျက် တွေ့ရလေသည်။ ယင်းသောအခါ ပေါင်းထွတ်သင်္ဘောဆိပ်အကြီးကိုခေါ်၍ သဝန်သကလတောင်ထိပ်၌ ညောင်ပင်ကို မည်သည့်ကာလက မည်သူခုတ်လှဲသည်၊ ထိုတောင်က ကျောက်ခဲကျောက်ဖျာကို မည်သူယူဘူးသည်ကို မေးလေ၍

သဘော်ဆိပ်အကြီး ပြန်ပြောသည်မှာ– သူဌေး ဒေါ်တလီ၊ အဘ –ရှာအလင်၊ တိုက်တည်သောအခါ ကျောက်ဖျာကြီးတစ်ခုယူဘူးပါသည်။ ညောင်ပင်မှာ သဘော်သားတို့ ထင်းခုတ်ယူကြောင်း ထွက်ဆိုလေသည်။ ကျောက်ဖျာကို သဘော်ဆိပ်တွင် ခင်းလျက်ထားခဲ့ကြောင်းထွက် ဆိုသည်။ ထိုကျောက်ဖျာကိုသွားရောက်ပြီး လှန်ကြည့်လေရာ သူဌေးနှစ်ဦး လက်မှတ်စာကို တွေ့ရှိလေသည်။

ယင်းသောအခါ အပ်ထားခဲ့သည့်မှန်ပြီ။ မင်းဆယ်ဆက်၊ နှစ်ပေါင်း ၁၀၀ ကျော်ကြာသော်လည်း မင်းရိုးမင်းဆက်သာ ဆက်တော်မူသည်၊ ထီးကျိုးစည်ပေါက်မဟုတ်၊ ကျမ်းဂန်လာသည်မှာ–

ကပိလဝ္ထုယေ– ကပိလဝတ်ပြည်၌၊ စတုရာသီတိသဟဿရာဇိနော– ရှစ်သောင်းလေးထောင်သောမင်းတို့သည်၊ ဘေရိသတ္တကောနာမ– ထီးကျိုးစည်ပေါက် မည်သည်ကား၊ နတ္တိ– မရှိ၊ ရာဇဂဟ– ရာဇဂြိုဟ်ပြည်၌လည်းကောင်း၊ မိဓိလနဂရေ– မိဓိလာပြည်၌လည်းကောင်း၊ ဧဝမေဝ– ထို့အတူလျင်တည်း။ ဝေသာလိယံပန–ဝေသာလီပြည်၌မူကား၊ အဇာတသတ် တိုက်ခိုက်ဖျက်ဆီးသဖြင့်လည်းကောင်း၊ ပါဋ္ဌလိပုတ်ပြည်၌ ပဥ္စက–မင်းကိုခိုးမှု နန္ဒာ တိုက်ခိုက်ဖျက်ဆီးသဖြင့်လည်းကောင်း၊ ထီးကျိုးစည်ပေါက်ရှိကြောင်းလာသည်။ ဤရက္ခပူရတိုင်း၌လည်း ရှေးမင်းတို့လက်ထက် လုယက်ဖျက်ဆီးသဖြင့် မင်းကြမ်းမျိုးခြား ဆယ်ဆက်ဖြစ်ဘူးသည်။ ဘေးတော် မင်းစောမွန်လက်ထက်လည်း ပြည်ထမ်းပိုး ကျိုးဘူးသည်။

ယင်းသို့အကြောင်းကြီသောကာလတို့၌သာ အမှုတို့ကို ပလပ်စေရာသည်။ မင်းရိုးမင်းမျိုးမပျက် စိုးဆက်ရှည်ကြာ ကမ္ဘာပတ်လုံးကြာလျှင်လည်း၊ ထိုပြည် ထီးကျိုးစည်ပေါက်မရှိ။ သာကီဝင်မင်းမျိုးမှန်သည်။ အပ်နှံလုယက်၊ ခိုးဝှက်သမျှ အမှုပစေ မဆိုသင့်။ သို့ရာတွင် ထိန်းသူထင်ရှားရှိ၍ တောင်းကြပေးကြလျှင် သဘောတူအပေးအယူနှင့် နေစေသင့်သည်။ ထိန်းရင်းအပ်ရင်း သူချင်းမဟုတ်လေ။ သားတစ်ဆက် မြေးတစ်တန် ထိန်းသိမ်းလျှက် နှစ်ပေါင်းတစ်ရာကျော် ထိုဥစ္စာပျောက်ဆုံးလျှင်လည်း ပေးလျှော်ရမည်ပင် ဖြစ်လေသည်။

တစ်သောင်းသပြာကို ထိန်းသူရစေ။ ကိုးသောင်းသပြာကို သီဟိုဠ်ပြည် သူဌေးဂူမ္ဘိသတ်သို့ပေး၍ အထက်ကအဘိုးနှစ်ဦးထားခဲ့သော သက်သေ လက်မှတ်ကျောက်စာကို ဖျက်သိမ်းကြစေစီရင်လေသော်–

နေ့ကာလပင်ဖြစ်လျက် မိုးသည်းထန်စွာရွာလေသည်။ သူဌေးနှစ်ဦး ကြည်လင်ကျေနပ်ကြ၍ သပြာတစ်ထောင်စီကို အမတ်ကြီးသို့ပူဇော်ကြလေသည်။ ပြည့်ရှင်မင်းကြီးကလည်း ပတ္တမြားလက်စွပ်တစ်ကွင်း အမတ်ကြီးသို့  တရားဆု ပေးတော်မူပြန်သည်။

## လျှော့ကျိုးအမှတ် (၃၇)

# သူဌေးတစ်ဦး မြေမြှုပ်အသပြာ ခိုးခံရမှုကို ဖေါ်ထုတ်စီရင်သော ဖြတ်ထုံး

တရံသောအခါ သူဌေးတစ်ဦးသည် ငွေသပြာတစ်သောင်းကို မြေ၌ မြှုပ်နှံဝှက်ထားလေသည်။ ဤသို့ထားသည်ကို လူတစ်ဦးသိမြင်၍ တူးဖော်ယူလေသည်။ သူဌေးလည်း ထားသည့်ဥစ္စာကို ကြည့်မြဲကြည့်ရှုရာ မမြင်မတွေ့။ ထို့ကြောင့်ချောင်းတွင် ငါးရှာနေသူနှစ်ဦးကိုခေါ်၍ ရိုက်နှက်စစ်မေးလေသည်။ ထိုတံငါနှစ်ဦးလည်း ယူသည်မှန်၏။ မြစ်လယ်သို့ချမိပါသည်ဆို၍ ထိုသူနှစ်ဦးကို မင်းထံသို့ပို့ဆက်လေသည်။ မင်းကြီးသည် ထိုသူနှစ်ဦး၌ရိုက်နှက်သောဒဏ်ရာကိုမြင်လျှင် ဆင်ခြင်တော်မူလေသည်။ သူဌေးထံ ထိုသူတို့ဆိုသောစကားကို အမှန်မယူသာ။ ကြောက်လန့်၍ဆိုသည်လည်း ဖြစ်နိုင်၏ဟုဆင်ခြင်ကာ အမတ်ကြီး မဟာပညာကျော်သို့ အပ်တော်မူလေသည်။ အမတ်ကြီးစီရင်သော ထုံးမှုကား–

ထိုနှစ်ယောက်ထားသော နှောင်အိမ်သို့ လိမ္မာရေးခြားရှိသူ တစ်ယောက်ကို ပြောဆိုမှာထားလျက် အပြစ်ရှိဟန်ပြု၍ သွင်းထားလေသည်။ ဆယ်ရက်ခန့်ရှိသော် ထိုသူကိုလွှတ်စေ၍မေးလေရာ ထိုသူနှစ်ဦးတို့ယူသည်မဟုတ်ကြောင်း လျှောက်လေသည်။ အမတ်ကြီးသည် မဟုတ်ကြောင်းသိသောအခါ ထိုသူနှစ်ဦးကိုလွှတ်စေပြီး၊ ယုံလောက်သောသူထံ၌ အပ်နှံထားလေသည်။ ငွေရှင်သူဌေးနေသော အရပ်အနီးဝန်းကျင်ကျေးရွာများသို့ မင်းစေတမန်များလွှတ်လျက် ထောက်လှမ်းကြည့်ရှုစေသည်။ တမန်တို့ ကြည့်ရှုလေရာ လူတစ်ဦးသည် သဘင်ခံလျက် အလှူကြီးပေးနေသည်ကိုတွေ့ခဲ့ရကြောင်း အမတ်ကြီးထံ လျှောက်ထားလေသည်။ အမတ်ကြီးသည် ထိုသူကိုခေါ်စေ၍ မိတ်ဆွေဖွဲ့လေသည်။ မိတ်ဆွေဖြစ်လာသောအခါ အသပြာတစ်ထောင်တန်သော လက်စွပ်တစ်ကွင်းကို သပြာ

ငါးရာနှင့်ရောင်းပေးပါဟုအပ်လေသည်။ ထိုသူလည်းယူသွားပြီး အခြားသူများထံ ပြသလေသည်။

အသပြာတစ်ထောင်တန်ကြောင်း ပြောဆိုကြလေသည်။ ထိုသူလည်း တစ်ထောင်တန်သည်ကို ငါးရာနှင့်ရချေပြီဟူ၍ ခိုး၍ရထားသောသူဌေးငွေ သပြာငါးရာကို လက်စွပ်ရောင်းရငွေသပြာပြလျက် အမတ်ကြီးသို့ပေးလေသည်။ အမတ်ကြီးသည် ထိုသူပေးအပ်သောသပြာကို သူဌေးအားခေါ်၍ ပြလေသည်။ သူဌေးက မိမိသပြာငွေများ စစ်မှန်ပါကြောင်း လျှောက်ထားထွက်ဆိုလေသည်။

အမတ်ကြီးသည် မိတ်ဆွေဟန်ပြခဲ့သောသူအား ခေါ်ယူစစ်ဆေးလေသည်။ ထိုသူလည်း ယူမိသည်မှန်ပေကြောင်း ထွက်ဆိုလျှောက်ထားရလေသည်။ ထိုအခါ အမတ်ကြီးစီရင်ထုံးသော်ကား–

ငါးရာသူနှစ်ယောက်ကို သူဌေးက နာကျင်စွာရိုက်ပုတ်ပြီး သူခိုးဖြစ်သည်ဟုပို့အပ်လာသောအပြစ် အသပြာတစ်ထောင်လျှော်ပေးစေ။ ထိုခိုးသူ အလှူပေးမည်ရှိလျှင် အရပ်အနီးအကြီးဦးကိုင်တို့က ထိုသူ၏လက္ခဏာကိုမကြည့်။ ရှေးနှင့်မတူ။ ဤသူဥစ္စာအဘယ်ကရသည်။ အဘယ်ကုန်ကိုရောင်း၍ နှစ်၊လမကြာ မြတ်စွန်းရသည်။ မစူးမစမ်းနေကြလေသည်မှာ အလိုပါရာရောက်လေသည်။ လှူ၍ကုန်သမျှကို အကြီးဦးကိုင်လက်သည် လုပ်သူကိုင်သူစားသော ပရိတ်သတ်တို့ကပေးလျော်စေ။ ခိုးသူမှာမင်းဒဏ်ခံစေ။ ဤသို့စီရင်သောအခါ မြောက်ဦးနတ်နေသော ညောင်ပင်တစ်ရွက်မလွတ် ကန်တော့လေသည်။ ပြည့်ရှင်မင်းကြီးက တရားဆု ဆင်ပေါက်နှစ်စီး၊ အမတ်ကြီးသို့ ပေးတော်မူသည်။

## လျှောက်ထုံးအမှတ် (၃၈)

# သံတွဲမြို့ကို မည်သူ့အားစားစေသင့်ကြောင်း လျှောက်ထုံး

အခါတပါး၌ပြည့်ရှင်မင်း ဖလောင်းကြီးတွင်သမက်တော် သံတွဲစား သေလွန်လေသည်။ ထိုအခါပြည့်ရှင်မင်းကြီးသည် သံတွဲမြို့ကို အမတ်သံကိုင်နောင်အား ပေးမည်ရှိသောအခါ အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးမှုကား–

သံတွဲမြို့သည် အစွန်အဖျား၊ ပျူတလိုင်းတို့နှင့် အနီးအစပ်၊ အမတ် သံကိုင်နောင်မှာ လက်ရုံးရည်သာရှိသည်။ အမြော်အမြင် နှလုံးရည်ရှိသူမဟုတ်။ ရှေးသူဟောင်းစကားတွင်လည်း၊ ပျူကိုအမြှောက်၊ တလိုင်းကို အကောက်၊ ကုလားမှာမီးပေါက်၊ ဆိုရိုးရှိပါသည်။ တစ်တိုင်းတစ်ပြည်သို့ သံတမန်စေသော အမတ်၊ တိုင်းစွန်ပြည်ဖျားထားသောအမတ်၊ ထိုနှစ်ဦးမှာ လက်ရုံးရည်ကား တန်ရုံသာလိုပါသည်။ နှလုံးရည်သော်ကား၊ လွန်တိုင်းအကျိုးရှိကြောင်း ကျမ်းဂန်ထွက်သည်မှာ ရာဇူနံ– မင်းတို့၏၊ ဓနံ–ဥစ္စာ မည်သည်ကား၊ အမစ္စောဗလံ–ပညာရှိသော အမတ်လျင်တည်း။ ယင်းသို့ထုံးဟောင်းနှင့်အညီ သူအကောက်အကွေ့လာခဲ့သော် ကောက်လိမ်ဆန်းကြယ်သောဉာဏ်နှင့် နှိမ်နင်းချိုးဖျက်နိုင်မှ အောင်ရာသည်။ နှလုံးရည်ရှိသောသူ၌လက်ရုံးရည်မှာ အလွန်ရှိအောင်ပြုပြင်နိုင်ကြောင်း အဿတမင်း အမတ်နန္ဒိသေနကဆိုသောစကား နိပါတ်တော်၌ ထင်ရှားရှိပါသည်။

သံတွဲမြို့စားထားရန် အမတ်တော်လေးမြို့စားသည် လေးထုတောင်ပေါ်သား၊ တရားမရှိ၊ သူ့စည်းစိမ်ကို ဖျက်ဆီးတတ်လျက် အလွန်ဆိုးသွမ်းယုတ် မာအနိုင်ပြုကျင့်နိုပ်စက်တတ်သော အမျိုးကိုသော်လည်း၊ ယဉ်ကျေးမှုနှလုံးရည်လက်နက်တို့ဖြင့် ယဉ်ကျေးစေတတ်သော ပညာဗလရှိသူဖြစ်ပါသည်။ ဤသည်ကိုထောက်၍ လေးမြို့စား

ဝန္ဒသူကို သံတွဲစားပေး၍ ဝန္ဒသူသားကျော်သူကို လေးမြို့စားပေးတော်မူလျှင် သင့်လှပါသည် အရှင်မင်းမြတ်။

လက်ရုံးရည်မှာ သူမိုက်အတတ်၊နှလုံး၏အစေကျွန်သာဖြစ်သည်။နှလုံးရည်ရှိသောသူအား အမှုအပေါင်း ပြီးကုန်ပါသည်။ လျှောက်လေသော် မင်းကြီးလည်းကြိုက်တော်မူ၍ လေးမြို့စား ဝန္ဒသူကို သံတွဲမြို့စားအရာ ပေးတော်မူလေသည်။ ထိုသို့ပေး၍ တစ်နှစ်ခန့်ရှိလျှင် ပုသိမ်ဟိုင်းကြီးတွင်ရှိသော တလိုင်း၊ ပျူ ကုလားလူဆိုး(၅၀၀၀) သံတွဲမြို့သို့ဝင်ရောက်ကာ ကျွန်ခံလာရသည်။

## စစ်ချီရာတိတ်နိမိတ်များအကြောင်း လျှောက်ထုံး

မင်းဇလောင်းကြီးလက်ထက် တရံရောအခါ၌ စစ်ချီထွက်နိမိတ်များအကြောင်း၊ အာကာသတိတ်၊ နေလ၊ နက္ခတ်၊ တိမ်ခိုး၊ မီးခိုးတို့ကို ပြည့်ရှင်မင်းကြီးက မေးတော်မူလေသော် အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးမူကား–

အရှင်မင်းမြတ်။ တစ်ပြည်သို့စစ်ထွက်သောအခါ၌ ရှေ့က မီးလောင်သည်ကိုမြင်လတ်သော် အရိတ္တတိတ်၊ ထိုစစ်ချီတက်၍စစ်ပြိုင်လေမူ စစ်သူကြီး ရန်သူလက်သို့ရောက်အံ့။

လက်ျာဘက်ကမ်းလောင်၍မြင်မူ–ဂဇအာသတိတ်၊ ဆင်ကောင်း၊ မြင်းကောင်း တစ်ဖက်ရန်သူလက်ရောက်အံ့။

လက်ဝဲဘက်ကမ်းလောင်၍မြင်မူ–ယက္ခဝန္တတိတ်၊ ထိုစစ်အောင်မြင် ပြီးကုန်အလိုလို ပြည့်စုံအံ့။

နောက်ကမီးလောင်၍မြင်မူ–သကာလာဘတိတ် ထိုစစ်ချီရာအလုံးစုံ ပြီးမြောက်၍ ထိုပြည်နှင့်တကွ သမီးကညာ ရတနာအပေါင်းဆက်သဝပ်လျှိုး၊ ကျိုးနွံလျက်ဝင်လာအံ့။

စစ်ထွက်သောအခါ ရဲလံနောက်သို့လဲသော် ပြည့်ရှင်မင်းသေအံ့။ ရန်သူသော်လည်းပျက်လေအံ့။ ရှေ့သို့လဲသော်–ထိုပြည်မင်းသေအံ့။ ပြည်တစ်ပါးသော်လည်း စစ်ပြု၍နေမှချီလေ။

အလံကျိုးသော်ရန်နိုင်အံ့။ ကိုယ်ခံ၍ ပြေးလာရအံ့။ ချေဆပ်မူရပ်၍ ရှိနှင့်အံ့။

စစ်ထွက်သောအခါ၌ စစ်သူကြီးစီးသောမြင်း၊ အသံပြင်းစွာမြည်မူ၊ စစ်သူကြီး ရန်သူ့လက်နက်ထိအံ့။

စစ်သူကြီးစီးသော ဆင်၊ မြင်းတို့သည်ပြူ၍အခြားကိုထိုးသော်၊ ကန်ကျောက်နင်းကျိုးသော် စစ်သူကြီး ကျက်သရေတိုးတက်အံ့။ ထိုစစ် ပြီးကုန်အောင်မြင်အံ့။

စစ်ထွက်သောအခါ လက်ဝဲ၊ လက်ယာချိသွားလေသော် ရဲမက်တပ် အပိုင်းအနင်း ပြတ်၍ချိမူ ထိုစစ်ပျက်ပြေးရအံ့။

စစ်သူကြီး ဆောင်းသောထီးမှအသုံးအဆောင်တို့ကို လေပွေဆောင် ယူလေမူ ထိုစစ်မပြိုင်ရ၊ နှစ်ပြည်ထောင် သင့်တင့်ပြောဆိုကြ၍ သာယာမူ၊ ငြိမ်းချမ်းပြေလည်ကြအံ့။

စစ်သူကြီး အသုံးအဆောင်ကျိုးပျက်ပျောက်ဆုံးလေသော်၊ ထို စစ်သူကြီးမယား သော်လည်းကောင်းသေအံ့။ ယောကျ်ားတစ်ပါးနှင့်သော်လည်းကောင်း နေအံ့။ အိမ်သော် လည်း မီလောင်အံ့။

စစ်ထွက်သောအခါ စစ်သူကြီးသော်လည်းကောင်း၊ စီးသောဆင်၊မြင်းသော်လည်း ကောင်းလဲလေသော်၊ ထိုစစ်သူကြီး အိမ်သို့မပြန်လာပြီ။ သေလေအံ့။

စစ်ထွက်သောအခါ၌မိုးရွာသော် ထိုစစ်ငတ်မွတ်ရှားပါး၊ သူရဲ ဗိုလ်ခြေ၊ ဆင်မြင်း သေပျောက် နာဖျားများအံ့။

စစ်ထွက်ရာ လူသေလက်ဝဲကမြင်မူ စစ်မရှိ၊ တစ်ဖက်ရန်သူ ပြန်လေအံ့။ လကျ်ာ မြင်သော် ကိုယ့်ရဲမက်သူရဲကောင်း၊ သူ့လက်သို့ရောက်လေအံ့။ စစ်သူကြီး ညှိုးငယ်ရအံ့။

ရန်သူနှင့်ဆက်ကြလေမူ–နိမ့်သောမြေကြမ်း၊ ရေထွက်သောမြေ။ စသောအမှုကို မသိသောသူတို့အား စစ်သူကြီးမခန့်ရာ။

ဤကား စစ်ကြီး စစ်ထွက် တိတ်နိမိတ်ပရိယာယ်။

## တိမ်ပရိယာယ်

စစ်ထွက်သောအခါ တိမ်သည်နီလျက် လူရုပ်သဏ္ဌာန်လက်စွဲကိုင်ပြလတ်မူ ထို နေ့မရပ်မဆိုင်းရာသည်။

တိမ်သည် တမိုးလုံးမည်းပုတ်၍မြင်လတ်သော် ထိုစစ်ကြီးစွာတိုက်ရလေအံ့။

တိမ်သည် မိန်းမရုပ်ကဲ့သို့အဝတ်ခြုံသည့်သဏ္ဌာန်မြင်လတ်မူကား ရန်ကိုနိုင်အံ့။

တိမ်သည် လူရုပ်ကဲ့သို့ဦးကျောင်းမပါမြင်လတ်မူကား–စစ်သူကြီး လက်နက်ထိအံ့။

တိမ်သည် ခြသေ့်ကဲ့သို့ အရုပ်သဏ္ဌာန်မြင်သော် စစ်အောင်အံ့။

တိမ်သည် နွားရုပ်ကဲ့သို့ မြင်လတ်မူကား–စစ်မပြိုင်ခင် ပျက်အံ့။

တိမ်သည် နဂါးရုပ်သဏ္ဌာန်မြင်လတ်မူကား–စစ်ပြိုင်လေ အောင်အံ့။

တိမ်သည် မြွေကဲ့သို့မြင်မူကား– ထိုစစ်ရှည်ကြာအံ့၊ အစားရှားပါးအံ့။

တိမ်သည် သတိုးစစ်သည်တန်ဆာကဲ့သို့ဆင်လျက် သဏ္ဌာန်လူရုပ် မြင်လတ်မူ ကား– ထွက်၍မလိုက်ရာ။ သူ့အလာခံ၍တိုက်လျှင် အောင်အံ့။

တိမ်သည် ကျေးရုပ်သဏ္ဍာန်မြင်လတ်မူကား-ရဲမက်ဝပြောသာယာအံ့။

တိမ်သည် ဥဒေါင်းရုပ်သဏ္ဍာန်မြင်လတ်မူကား-စစ်သူကြီး ကျက်သရေရှိအံ့။ ဆင် မြင်းလန့်သော် စစ်မပြိုင်ရာ။

တိမ်သည် စိမ်းစိမ်းနှင့်ဝါဝါရောလျက်မြင်လတ်သော် ကုန်သည်တို့ ပြန့်ပြော သာယာအံ့။

တိမ်သည် အစိမ်းအပြာတန်းလျက်မြင်လတ်သော် ဆန်စပါးပွားအံ့။ အနာအဖျား နည်းအံ့။

တိမ်သည် အစိမ်းနှင့်အဖြူထောင်လျက်လှိုင်းသဏ္ဍာန်မြင်လတ်သော် တိုင်းတပါး က တမန်ရောက်အံ့။

တိမ်သည် ပုဏ္ဏားသဏ္ဍာန်မြင်လတ်သော်မင်းဆွေမင်းမျိုးကိုပြစ်မှားအံ့။

တိမ်သည် မိချောင်းရုပ်သဏ္ဍာန်မြင်လတ်သော် မင်းဆွေမင်းမျိုးညှိုးငယ် မသာ မယာရှိအံ့။

တိမ်သည် လဖိုင်ကဲ့သို့အရုပ်မြင်လတ်သော် မင်း၊ မိဖုရားသမီးတို့ အခြားသူနှင့် နှောအံ့။

တိမ်သည် နက်နက်မဲမဲတန်းလျက် ထိုအတွင်း၌ဆေးရေးသကဲ့သို့ အစင်းတစ်ပိုင်း၊ အကွေ့အကောက်တစ်ပိုင်းမြင်လတ်သော် မိုးကောင်းအံ့၊  မြွေများအံ့။

တိမ်သည် နည်း၍အပြောက်အပြောက်မြင်လတ်သော် ကြမ်းပိုး၊ အိမ်မျှောင်၊ ပိုး ဟပ်၊ ကြွက်၊ တက်တီတူးများအံ့။

တိမ်သည် အစိမ်းအတန့်အတန့်မြင်လတ်သော်-မိုးဦးမကောင်း၊ မိုးလယ်၊ မိုးနှောင်း ကောင်းအံ့။

တိမ်သည် အဖြူဆေးရေးသကဲ့သို့မြင်လတ်သော် ဆင်ဖြူရအံ့။

တိမ်သည် ထီးကဲ့သို့ အမိုး၊ အထွတ်အစုံနှင့်အဖြူတစေမြင်လတ်သော် တစ်ပြည် မင်းလက်က လက်ဆောင်အံ့။

တိမ်သည် မြူကဲ့သို့အတက်ကျိုးလျက်မြင်လတ်သော် နန်းက ပြည့်ရှင်မင်းဆင်း၍ ပြေးရအံ့။

တိမ်သည် တံခွန်ကဲ့သို့အပြာမြင်လတ်သော် မင်းကိုအမတ်ပုန်စား၍ အမတ်သေအံ့။

တိမ်သည် တံခွန်ကြက်လျှာကဲ့သို့မြင်လတ်သော် ခိုးသူထူ၍ မင်းကိုပြစ်မှားအံ့။

တိမ်သည် အဖြူ၌အပြာကွက်လှိုင်းသဏ္ဍာန်မြင်လတ်သော် မိဖုရားကြီး ဘုန်းကျက် သရေတိုးအံ့။ တိုင်းတပါးကမိတ်ဆွေ ဝင်ရောက်ဆက်သလာအံ့။

တိမ်သည် တစ်မိုးလုံးရှဉ့်မျက်နှာသွေးကဲ့သို့နီနီတွတ်တွတ်အကန့်အကန့် မြင်လတ်သော် ထိုပြည်တိုင်းလုံးသတ္တဝါ ဥပါဒ်ကြီးစွာရောက်အံ့။ စစ်ကြီးပေါ်အံ့။ အိမ်ရှေ့မင်း သေအံ့။

တိမ်သည် နီ၍လည်းကောင်း၊ တောင်ကဲ့သို့အလုံးအဆိုင်းဖြစ်လတ်သော် တစ်ပြည်ကသူလျှို ရောက်လာအံ့။

တိမ်သည် လှေသဏ္ဍာန်မှောက်လျက်မြင်လတ်သော်သွားသော လူတို့ ပျက်စီးအံ့။

တိမ်သည် အပြာတွင်အဖြူပြောက် မြင်လတ်သော် ပြည့်ရှင်မင်း ကျက်သရေတိုးအံ့၊ မူးမတ်ညှိုးငယ်အံ့။

တိမ်သည် ဆင်ရုပ်၊ ကျားရုပ်၊ ကျွဲရုပ်၊ သမဝိရုပ်၊ ယုန်ရုပ်၊ လင်းတရုပ်၊ နဂါးရုပ်၊ မိချောင်းရုပ်၊ လပိုင်ရုပ်များသဏ္ဍာန်ကဲ့သို့မြင်လတ်မူ ဇဂီးလတိတ်၊ သတ္တဝါအပေါင်းတို့ပြည်အမှုများအံ့။ တိုင်းပြည် သောကရှိအံ့။

တိမ်သည် ဆင်ချွန်းကဲ့သို့နှစ်ခုဆိုင်းလျက်မြင်လတ်သော် ဆင်သေ၊ မြင်းပျောက်များအံ့။

တိမ်သည် လှေသဏ္ဍာန်ကဲ့သို့တည့်မတ်စွာမြင်လတ်သော် ပြည်သူ သာယာဝပြောအံ့။

တိမ်သည် အနက်အပြာ အတန့်အတန့်ထောင်လျက်မြင်လတ်သော် မီးလောင်အံ့။

တိမ်သည် အဖြူတွင်အလယ်နိမ့်၍အနားနှစ်ဘက်ထောင်လျက်၊ အဖျားအစိမ်းရောင်မြင်လတ်သော် မင်းတိမ်သည် သက်တန့်ပမာကိုင်းညွတ်လျက် နှစ်ခုအလယ်၌ အဖြူအနားနှစ်ဖက် အဖျားခြင်းဆက်၍မြင်လတ်သော် မင်းယာယီ မာဘွယ်ရာ– သွားသော် ဥပါဒ်ရောက်အံ့။

တိမ်သည် ခရမ်းသီးသဏ္ဍာန်နှစ်လုံးပြိုင်လျက် အနီတစေမြင်လတ်သော၊ မူးမတ်ပြည်သူတို့ အချင်းချင်းအမျက်လို၍ ရန်ရှက်တင်အံ့။

တိမ်သည် ပန်းပွင့်ကဲ့သို့မြင်လတ်သော်မရဘူး သောလာဘ်လာဘရအံ့။

တိမ်သည် ဥဒေါင်းရုပ်ကဲ့သို့မြင်လတ်သော် မင်းမှာ သားရအံ့။ မင်း၌ ရောဂါရအံ့။

တိမ်သည် တိမ်ဖြူလဝန်းကဲ့သို့သဏ္ဍာန်အတွင်း၌ ရပ်လျက်မြင်လတ်သော် ပြည့်ရှင်မင်း အသက်ရှည်အံ့။

တိမ်သည် ကျွဲကောင်ကဲ့သို့မြင်လတ်သော် မရဘူးသော လာဘ်လာဘရအံ့။

မြေက အနက်သပိတ်လုံးပမာသုံး။ လုံးထွက်က၊ ထိုသုံးလုံးအတွင်း၌ကျိတ်ခိုးအပြာထွက်ည်ကို မြင်လတ်သော် မြေ၌ရှိသမျှ အပင်အသီးပျက်အံ့။

တိမ်သည် တောင်ကဲ့သို့နေ၍ထိုတိမ်ထက်လျှပ်တဝင်းဝင်းမြင်သော် မဇ္ဈိမကျိတ်မည်၏။ မင်းနှင့်ပြည်သူ သတ္တရုဖြစ်အံ့။

တိမ်သည် အပြာနှင့်အဝါရောလျက် အကျားအကျားနေသည်ကို မြင်လတ်သော် ထိုနေ့၌ လျှပ်တဝင်းဝင်းစွပ်သော် အာကာသကျိတ်မည်၏။ ပြည့်ရှင်မင်း ယာယီသွားရအံ့။ ပြည်သူပြည်သား ဥပဒ်ကြီးစွာရောက်အံ့။ ဤကား တိမ်ပရိယာယ်တည်း။

## နေပရိယာယ်

နေတွင် အနီသန်း၍မြင်လတ်သော် ပြည်သူဥပဒ်ဖြစ်အံ့။ နေတွင် အဝါတန်း၍ မြင်လတ်သော်သူဌေး၊ သူကြွယ် သေပျောက်ပျက်စီးအံ့။ နေတွင်အဖြူလွှမ်း၍ နေရယ်ပြသည်ကို မြင်လတ်သော် သူရဲကောင်းသေအံ့။ နေတွင်အထက်ကား အနီ၊ အောက်ကားအဝါ၊ အလယ်မှာ အမည်းသန်းလျှက်နေသည်ကိုမြင်လတ်သော် စစ်ချီလွှန်၍ ထိုစစ်ပျက်အံ့။ နေတွင် လူခြေကဲ့သို့မြင်မူကား စစ်မအောင်ရာ။ နေတွင် ဝက်ရုပ်သဏ္ဍာန်မြင်လတ်သော် ခိုးသူများအံ့။

နေတွင်အထက်အောက်အနီ၊ အလယ်အမည်းသန်း၍ နေသည်ကိုမြင်လတ်သော် မင်းသားမင်းသမီး သေအံ့။ နေမှာ အလယ်အမည်း၊ အနားနှစ်ဖက် အဖြူသန်းသည်ကို မြင်သော် ပြည့်ရှင်မင်း ခရီးမသွားရာ။ သွားလျှင် ဥပဒ်ရောက်အံ့။

နေသည် မင်ကဲ့သို့ခဲ၍ ပတ်လည်အနီအဝါမီးရောင်ကဲ့သို့ဖြစ်သော် မင်းကို အမတ်ပုန်စားအံ့။ နေတွင် ကြက်ခြေခတ်မြင်သော် မင်းအနာရောက်အံ့။ နေ၌ တံခွန်ကြက်လှာကဲ့သို့မြင်သော် မိဖုရား၊ မင်းသား၊ မင်းသမီးတို့ သေအံ့။

နေတွင် ရဲလံကဲ့သို့မြင်သော်စစ်ရောက်အံ့။ နေသည်ဖြူ၍ နေအထက် အဝါရောင်ထွက်သော် အစာရှားပါးတော်မွတ်အံ့။

နေသည် အထက်အနီ၊ အောက်အမည်း မြင်လတ်သော် မိုးခေါင်အံ့။

နေသည်အလယ်တွင်ဖြူ၍ အနားပတ်လည်နီလျက်မီးလျှံရောင်ကဲ့သို့ မြင်သော် မိုးသည်းအံ့။ နေတွင် အလယ်တွင်အနီ၊ အနီးအနားလေးချက် အဖျားထွက်၍မြင်သော် မိုးသီး များစွာကျအံ့။ နေသည် အလယ်တွင်အပြာ၊ အနားလေးချက် အနီအကွက်၍မြင်သော် မိဖုရားကြီး ယောက်ျားတစ်ပါးနှင့် ရောနှောအံ့။ ဂိမန္တဥတု၌ နေဝါ၍ ထွက်သော် ပထဝီဓါတ်၊ ထိုရာသီ၌ မင်းမူသည် ပူပြင်း၏။ ကမ္ဘာနာကျောက်၊ ဝက်သက်ထူအံ့။ ဦးခေါင်းနှင့် ဝမ်း သတ္တဝါတို့၌ အနာရောက်အံ့။

ဝသန္တဥတု၌ နေဖြူ၍ထွက်သော် ထိုရာသီ၌အာပေါဓါတ်အဓိက မင်းမူသည်။ လူ

နာဖျားနည်းအံ့။ မိုးကောင်းအံ့။ ပေမန္တာတုဥ္ဓ နေနီတွင်ထွက်သော တေဇောဓါတ် ထိုရာသီ၌ မင်းမူသည်။ အချမ်းနည်းအံ့။ သတ္တဝါတို့ ခြေနှင့်ဦးခေါင်း အနာရောက်အံ့။ အပွင့်အသီး နည်းအံ့။ အတောင်ရှိသော သတ္တဝါဥပဒ်များအံ့။

ထိုရာသီသုံးပါး၌ နေသည် အပြာနှင့်အနက်ရောင်ရောလျက်ထွက်သော် ထိုရာသီ သုံးခု၌ ပင်ဝါယောဓါတ် အဓိကမင်းမူသည်။ ပြည့်ရှင်မင်းယာယီ မသွားရာ။ ပိုးမွှား ထူ အံ့။ ဆင် မြင်း ကျွဲ နွား ဥပဒ်ရောက်အံ့။ မိုးရေ ခါးအံ့။ သစ်ပင်တကာ အနာများအံ့။ ထို ဥတုသုံးပါးတွင် နေဝန်း တစ်ခြမ်းဖြူ တစ်ခြမ်းစိမ်းမြင်လတ်သော် ထိုနေ့ မိုးသည်းထန် စွာရွာအံ့။

နေနီရုံ အဝန်းနေလတ်မူလည်း ထိုနေ့မိုးသည်တခဏရွာအံ့။ နေသည် လရောင် ကဲ့သို့ဖြူ၍ အဝန်းလျက် အစိမ်းအနီအရောင်များစွာ မြင်လတ်သော် မင်းကို ပြည်သူတို့ ပူဇော်အံ့။ နေထွက်ရာ ကြယ်တစ်လုံးအပါး၌နေလျက် ပါလာသော် ပြည့်ရှင်မင်း သေအံ့။

နေသည်အစိမ်းအပြာအိမ်ဖွဲ့လတ်သော် အမတ်ကြီးသေအံ့။ နေသည် တွတ်တွတ်နီ၍ ဝင်လတ်သော်အနာရောက်အံ့။ နေသည် ဖြူ၍ အနက်ကျက်သရေမြင်လတ်သော် မင်း ယာယီ နေမကောင်းအံ့။

နေသည် အခိုးသုံးသွယ်ဖြာထွက်သည်ကိုမြင်လတ်သော် တစ်ပြည်က စစ်ရောက် အံ့။ နေဝန်းတွင် အပြာရောင်နှစ်ထပ်မြင်လတ်သော် ထိုမြို့ထိုရွာ ပျက်အံ့။ မင်း တစ်ပါးသို့ ပြေးရလေအံ့။

နေဝန်းတွင် လကဲ့သို့မြင်လတ်သော် အချင်းချင်းစစ်ဖြစ်အံ့။ နေတွင် ခင်ပုတ်ငှက် သဏ္ဌာန်မြင်လတ်သော် ခိုးသားဓါးပြထ၍ သွေးချောင်းစီးအံ့။ နေသည် တိမ်ပြာတစ်ခြမ်း အုပ်လျက်ထွက်လတ်သော် မိဖုရားကို ပြစ်မှားလေအံ့။ နေနှစ်စင်း ထွက်သည်ကိုမြင် လတ်သော် မုန်တိုင်းကြီးစွာလာအံ့။ မိဖုရား သေအံ့။ နေသည် အမည်းရောင်မြင်လတ် သော် မီးလောင်အံ့။

နေသည် အလယ်ဖြူ၍ အနားနီသည်ကိုမြင်လတ်သော် သန္တေမိန်းမတို့ ပျက်အံ့။

နေထွက်သောအခါ ခြင်္သေ့ရုပ်၊ ကျွဲရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ ဝက်ရုပ်၊ ဆိတ်ရုပ်များ သဏ္ဌာန်မြင်လတ်သော် ထိုပြည် မြို့ရွာ မသာ။ ဘေးကြီးစွာဖြစ်အံ့။ ဤကား နေပရိ ယာယ်တည်း။

## လပရိယာယ်

ကြာသပတေးကြယ် လသို့မြင်လတ်သော် တိုင်းပြည်ချောက်ချား၍ စပါး ပြောင်း

ပဲ ပျက်အံ့။ လ၌ အစိမ်းတဝက်ရှိ၍မြင်လတ်သော် မင်း၌အနာရောက်အံ့။ လဆန်း၌ တောင်သို့စောင်းမူ မိုးခေါင်အံ့။ အနာအဖျားထူအံ့။ မြောက်သို့စောင်းသော် မီးလောင်အံ့။ မိုးနှောင်း ကောင်းအံ့။

လပြည့်နေ့၌ တစ်ခြမ်းမြင်လတ်သော် သူပုန်သူကန်များအံ့။ လမှောက်၍ မြင်လတ်သော် မင်းသေအံ့။ လဆန်းကို လပြည့်ကဲ့သို့ အရစ်ကုန်ဝင်လျက်မြင်လတ်သော် ပြည်သတ္တဝါ ဥပဒ်ရောက်အံ့။ လပြည့်၌ လငယ်၍မြင်လတ်သော် တော်မွတ်ကြအံ့။ လကြီး၍ မြင်လတ်သော် ပြည်သူ ဝပြောသာယာအံ့။ လအလယ်မည်း၍ မြင်လတ်သော် တော်မွတ်ရှားပါး မြို့ရွာပျက်အံ့။ လသည် မှုယောစည်ကဲ့သို့ အလယ်ကြီးသည်ကို မြင်လတ်သော် ထိုပြည် သာယာအံ့။ လတွင် အလယ်၌အပေါက်နှင့်မြင်လတ်သော် မင်းကိုသူတစ်ပါးလက် ဆောင် ဆက်ရောက်အံ့။ လထူသည်ကိုမြင်လတ်သော် မိဖုရား၌ သားကောင်းရအံ့။

လဆန်းကြီး၍ပေါ်လာသော်ပုဏ္ဏားတို့ဥပဒ်ဖြစ်အံ့။ လဆန်းငယ်၍ ပေါ်ပေါက်လာသော် မှူးမတ်ဥပဒ်ရောက်အံ့။ လဆန်းအမြင့်၌ လရှည်၍ပေါ်လာသော် သူဌေး၊ သူကြွယ်၊ ကုန်သည်တို့ ဥပဒ်ရောက်အံ့။ လသည် မှန်ကဲ့သို့မြင်လတ်သော် ရဟန်းတို့ ဥပဒ်ဖြစ်အံ့။ လအနားကိုလည်း ငါးကြင်းကဲ့သို့အခိုးထွက်သည်ကိုမြင်လတ်သော် ပြည်ထဲချမ်းသာအံ့။

လဆန်းလကွယ်လနှစ်ခုထပ်လျက် မြင်လတ်သော် ပြည့်ရှင်မင်းကြီး အနာကြီး စွာရောက်၍ သေအံ့။ လထွက်သောအခါ တိမ်နီလရှေ့နေသည်ကိုမြင်လတ်သော် ကုန်း၊ ရေ သွားသမျှခရီးသည်တို့ ချမ်းသာအံ့။ လအခိုးထွက်သည်ကို မြင်လတ်သော် မင်းနှင့်ပြည်သူတို့စစ်ဖြစ်အံ့။ သောကြာကြယ် လနှင့်တွေ့သော် မင်းတို့မိဖုရား တစ်ခြားသူနှင့်ရောနှောလေအံ့။ လမွန်းတည့်တွင်မြင်လတ်သော် ပြည်သတ္တဝါချမ်းသာ၍ အလှူဒါနများအံ့။ လမွန်းလွဲမှ တွေ့လေသော် ပြည့်ရှင်မင်းမှာ သမီးကညာရောက်အံ့။

လဝင်ခါနီးတွေ့လတ်သော် တိုင်းပြည်သတ္တဝါ ပူဆာညှိုးနွမ်းအံ့။လနှစ်စင်း ကြယ်တွေ့လေသော် မင်းဥပဒ်ရောက်အံ့။ လနှင့်အင်္ဂါကြယ် တွေ့လေသော် မင်းတို့ တိုင်းပြည်စွန်ဖျားသူ ပြစ်မှားအံ့။ ဗုဒ္ဓဟူးကြယ် လနှင့်တွေ့လေသော် တော်မွတ်ရှားပါး မိုးခေါင်အံ့။ လ၌ကျိုပ်ခိုးထွက်သော် ပြည်ပျက်အံ့။ လကို ရောတိဏိကြက်တိုက်နှင့် တွေ့လေသော် တရားရှိသော မင်းကောင်းပေါ်အံ့။ ဆိုင်းတန်းနှင့် ကြက်တိုက်လကိုတွန်း၍သွားမူ ပြည်ပျက်အံ့။ တြတ္တိတာကြယ်နှင့်လတွေ့သော် လျှောင် လဆက်လှုပ်အံ့။ ရေဝတီနက္ခတ် လနှင့်တွေ့လတ်သော် မင်းမိဖုရားသေအံ့။ သဘော်ကြယ် လနှင့်တွေ့သော် စကြာဝတေးမင်းသော်လည်း ခန္ဓာကင်းအံ့။ ဖျောက်ဆိတ်ကြယ်နှင့် ကြက်တိုက်အကြား လသွားသော် လျှောင်ကြီးစွာလှုပ်အံ့။ သဘော်နှင့် ပုန္နဖုသျှအကြား လသွားသော် ဆင်မြင်းကျွဲနွား သေ

ပျောက် များအံ့။

ရေဝတီ၊ ဟသတ၊ သတဘိသျှ၊ အသလီဿ၊ ပြဗ္ဗာသဠ်ထိုနက္ခတ်တို့ လနှင့်လကျာ လှည့်သွားကြ၍ တွေ့ကြလေသော် စစ်ကြီးရောက်အံ့။ လမင်းလကျာ ဝိသာခါ၊ အနုရာဓ သွား၍တွေ့ကြလေသော် ပြည်ရွာပျက်အံ့။ လမင်းလကျာ သွာတိ၊ မာသနက္ခတ်သွား၍ တွေ့ကြလေသော် မင်းကြီး ဥက္ကောင်းဆေးရအံ့။

မာဃ၊ မူလနက္ခတ်နှင့်တွေ့ကြသော် ရေနေသတ္တဝါဥပဒ်ရောက်အံ့။ ဝိသာခါနှင့်နဂါး တွေ့ကြသော် တော်မွတ်ရှားပါးလေအံ့။ စနေကြယ်၊အင်္ဂါကြယ် တွေ့ကြမူကား မြင်သောပြည်အပြစ်၊ ထိုမင်း ငါးလနှင့်ပျက်စီးအံ့။

စနေ အင်္ဂါပြန်၍ ဟသတ မူလ ရေဝတီတို့ နက္ခတ် ၇-ခုနှင့်ယှဉ်သော်မိုးခေါင်အံ့။ စစ်ရောက်အံ့။ ဤကား လပရိယာယ်။

## နက္ခတ်ပရိယာယ်

စိတြနက္ခတ် အရောင်သှိုးသော် စမ္ပာနဂိုရ်ပြည် မငြိမ်မဝပ်ရှိအံ့။ သွာတိနက္ခတ်အရောင်သှိုးသော် ဓညဝတီပြည် မငြိမ်မဝပ်ရှိအံ့။ အနုရာဓနက္ခတ် အရောင်သှိုးသော် သင်းတွဲပြည် မငြိမ်မဝပ်ရှိအံ့။ ဇေဋ္ဌနက္ခတ် အရောင်သှိုးသော် ကမ္ဘောဇပြည် မငြိမ်မဝပ်ရှိအံ့။ မူလနက္ခတ် အရောင်သှိုးသော် တက္ကသိုလ်ပြည် မငြိမ်မဝပ်ရှိအံ့။ ပြဗ္ဗာသဠ် နက္ခတ်အရောင်သှိုးသော် ပဉ္စလရာဇ်ပြည် မငြိမ်မဝပ်ရှိအံ့။ ဥတ္တရာသဠ်နက္ခတ် အရောင်သှိုးသော် ဓမ္မာပြည် မငြိမ်မဝပ်ရှိအံ့။ ဝိသာခါနက္ခတ် အရောင်သှိုးသော် ဝေသာလီပြည် မငြိမ်မဝပ်ရှိအံ့။ သတဘိသျှနက္ခတ် အရောင်သှိုးသော် ကောသမ္ဗီပြည် မငြိမ်မဝပ်ရှိအံ့။ ပြဗ္ဗဘဒြပိုဒ်နက္ခတ် အရောင်သှိုးသော် ရာဇဂြိုဟ်ပြည် မငြိမ်မဝပ်ရှိအံ့။ သရဝဏ် နက္ခတ် အရောင်သှိုးသော် မောရပြည် မငြိမ်မဝပ်ရှိအံ့။ မနသိဋ္ဌနက္ခတ် အရောင်သှိုးသော် သီဟိုဠ်ပြည်၊ ရှမ်းပြည် မငြိမ်မဝပ်ရှိအံ့။ ရေဝတီနက္ခတ် အရောင်သှိုးသော် ဣန္ဒပတ္တနဂိုရ်ပြည် ကုသိနာရုံပြည် မငြိမ်မဝပ်ရှိအံ့။ အသဝနီနက္ခတ် အရောင်သှိုးသော် ပုဂံပြည် မငြိမ်မဝပ်ရှိအံ့။ ဘရဏီနက္ခတ် အရောင်သှိုးသော် ကပိလဝတ်ပြည် မငြိမ်မဝပ်ရှိအံ့။ တြတ္တိကာနက္ခတ် အရောင်သှိုးသော် ရုံပြည် မငြိမ်မဝပ်ရှိအံ့။ မိဂသိနက္ခတ် အရောင်သှိုးသော် ယွန်းပြည် မငြိမ်မဝပ်ရှိအံ့။ ပုန္နဖုသျှနက္ခတ် အရောင်သှိုးသော် ကလိဂရာဇ်ပြည် မငြိမ်မဝပ်ရှိအံ့။ အသလီဿနက္ခတ် အရောင်သှိုးသော် ဇင်းမယ်၊ သထုံ မငြိမ်မဝပ်ရှိအံ့။ မာဃနက္ခတ် အရောင်သှိုးသော် အမြွဝတီပြည် မငြိမ်မဝပ်ရှိအံ့။ ပြဗ္ဗဖလဂုနီနက္ခတ် အရောင်သှိုးသော် ဗာရာဏသီ မငြိမ်မဝပ်ရှိအံ့။ ဥတ္တရဖလဝုနီနက္ခတ် အရောင်သှိုးသော် မိထိလာပြည် မငြိမ်မဝပ်ရှိအံ့။ အသဝ

နီနက္ခတ် အရောင်ညှိုးသော် ပြဗ္ဗာဝတီပြည် မငြိမ်မဝပ်ရှိအံ့။ ဖုသျှနက္ခတ် အရောင်ညှိုး သော် ပဲခူးပြည် မငြိမ်မဝပ်ရှိအံ့။ ဤကား နက္ခတ်ပရိယာယ်။

## ကြယ်ပရိယာယ်

ဝိသာခါနက္ခတ် အင်္ဂါကြယ်ထိလတ်သော် လူနာ လူဖျားများအံ့။ အင်္ဂါကြယ် အရောင်ထိုး၍ထွန်းသော် မင်း၏ သားကြီး၊ သမီးကြီးတို့ သေကြေပျက်စီးအံ့။ ရောဟဏီနှင့် ဖျောက်ဆိပ်ထိကြသော် လေပြင်းစွာလာအံ့။ သွာတိနှင့်မိတြ ထိကြသော် ရာဟုဂြိုဟ်စီးမူ နံ့ရောက်တိုင်းပြည် မီးသို့ပူရအံ့။ ငတ်မွတ်ရှားပါးအံ့။ ယောကျ်ားတစ်ယောက်ကို မိန်းမ တစ်ကျိတ် ရှာလတ္တံ့။ ကြယ်တံခွန် အရှေ့မျက်နှာကထွက်သော် ထိုအရပ်ပျက်အံ့။တောင်ဘက်ကထွက်သော် တောင်ဘက်မျက်နှာရှိ တိုင်းပြည်မြို့ရွာ စည်ကားအံ့။ အနောက်က ကြယ်တံခွန်ထွက်သော် အနောက်မျက်နှာ တိုင်းပြည်မြို့ရွာ မသာရှိအံ့။ အနောက်မျက်နှာ က သူပုန်ပေါ်အံ့။ မြောက်ဘက်မျက်နှာက ကြယ်တံခွန်မြင်မူ ပြည့်ရှင်မင်း ဥပဒ်ကင်းအံ့။ တိုင်းပြည် ဝပြောစည်ပင်အံ့။ ရက်စဉ် ကြယ်ကိုနေ့မှတ်၍ ကြယ်ထွန်းသည့်ကြယ်နံရောက် ရာ တိုင်းပြည်မြို့ရွာစည်ပင်အံ့။ ဤကား ကြယ်ပရိယာယ်တည်း။

## မြေပရိယာယ်

ထိုမှတစ်ပါးလည်းမြေအင်္ဂါမူ–ဖြူသောမြေပုဏ္ဏားနွားနို့အစာလိုအံ့။ အနံ့သော်ကား ကြာတံဆိပ် အနံ့ရှိအံ့။ ထိုမြေတွင် နေသော်ဘုန်းကြီးအံ့။ ကျေးကျွန်များအံ့။ နီသောမြေကား မြေမင်းတည်း၊ ပိတောက်ပန်းသင်းသော အနံ့ရှိ၏။ ထမင်းအရသာစားလိုအံ့။ ထိုမြေထက်နေသော်မင်းဖြစ်အံ့။ အဆင်းမည်းသော မြေကား မြေကျွန်တည်း၊ သေရည်သေရက်ကို အစာလို၏။ အနံ့ညှီနံ့ရ၏။ ထိုမြေထက် မနေရာ။ ဥယျာဉ်လယ်ယာသာ လုပ်ရအံ့။

အဆင်းဝါရောင်ရှိသောမြေကား အနံ့သော် ပူပုပ်နံ့ရှိအံ့။ အစာသော်ကား ဆင်သားလိုအံ့။ ရဟန်းနေအပ်၏။ အရောင်များယောင်ရှိသောမြေကား ကေသပံသုသေလောဒက မြေမည်၏။ အစာသော်ကား သားတစ်လိုအံ့။ မြို့တည်၍ မနေရသောမြေ။ အနံ့သော်ကား ပဒုမာကြာအနံ့ရှိ၏။ ထိုမြေ၌ လပြည့်ဝန်းပမာ မျက်နှာကဲ့သို့ရှိ၏။ ညီညွတ်သော မြေဒူးလေးကိုင်းကဲ့သို့ရှိသောမြေ၊ နွားခေါင်းပမာရှိသောမြေ၊ လတစ်ခြမ်းကဲ့သို့ ရှိသောမြေ၊ ထိုမြေသုံးရပ်သည် စီးပွားချမ်းသာ၊ ဥစ္စာတိုးတက်ကျက်သရေ ရှိအံ့။

လိပ်ကုန်းကဲ့သို့ရှိသော မြေ၊ အိုးကင်းမှောက်ထားသောပမာဏရှိသော မြေ။ မြင်း

ခေါင်းပမာဏရှိသောမြေ၊ လျှလျှလုံးလုံးရှိသောမြေ။ ကြက်ပမာ ရှိသောမြေ။ ဘီလူးရုပ်ပမာရှိသောမြေ၊ နဂါးကျစ်ကဲ့သို့ရှိသောမြေ။ ထိုမြေ ၇–ရပ်၌ မနေအပ်။ စီးပွားချမ်းသာမရှိ။ အနာအဖျား ထူအံ့။

ဖြူသောမြေ၊ နီသောမြေ၊ ပြာသောမြေ၊ ထိုမြေသုံးရပ်၌လည်း လကျ်ာနိမ့်၍ လက်ဝဲမြင့်သော မြေ၊ မှူးမတ်နေသော် မင်းဖြစ်အံ့။ သူဆင်းရဲနေသော် စီးပွားတိုးတက်အံ့။

အရှေ့မြင့်၍ အနောက်နိမ့်သောမြေ၌နေသော်လည်း စဉ်းလဲဝန်တို ဂုံးချောကောက်ကျစ်တတ်အံ့။ အထက်မြင့်၍ အနားနိမ့်သောမြေ၌နေသော် ရန်များအံ့။ ထိုမြေ၌ ကျောက်ခါးကဲ့သို့ရှိအံ့။

တောင်ကမြင့်၍မြောက်ကနိမ့်သော မြေ၌နေသော် ထိုအောက်ပလ္လင်ကဲ့ သို့ရှိ၏။ တောင်ကအင်းရှိအံ့၊ မြောက်ကရေစီးအံ့။ အရှေ့ကအိုင်ရှိအံ့။ မြေမင်္ဂလာ ရွှေငွေများအံ့။ အမှုတကာကို နိုင်အံ့။

အနားပတ်လည်ပြန့်၍အလယ်နိမ့်သော မြေ၌နေသော် ထိုမြေအောက် ကျောက်ရှိ၏။ အကောင်းအဆိုး များအံ့။ ဤကားမြေပရိယာယ်။

ယင်းသို့အကြောင်း ရှေးပညာရှိတို့ဆိုခဲ့လေသည် လောကီမှု၌ ယတြာရသဝတီကျမ်းထွက်ရှိပါသည်။ ယင်းသို့အကြောင်း တိနိမိတ်တို့ကိုလည်း အကြောင်းဆိုက်အံ့သော တိုင်းပြည်တို့ကသာ ဆင်ခြင်ခြင်းရှိကြောင်း စာဟောင်းညွှန်လျက်ရှိပါသည်။ ထိုအကြောင်း ထင်လတ်သော် မင်းကိုပြခြင်း၊မိဖုရား၊ မင်းသား၊ မှူးမတ်၊ ရဟန်း၊ ပုဏ္ဏား၊ ပြည်သူ စသော၊ ကျွဲ နွား ဆင် မြင်းစသော သတ္တဝါတို့ဖြစ်ရာ အကြောင်းခွဲဝေစိတ်ဖြာသိတတ်မှ အဖြစ်အပျက်ညှိနှိုင်းပါသည်။လောကီမှာမှန်တိုင်းသိချင်သော၊လောကုတ္တရာမှုမှာလည်း မြတ်စွာဘုရား ဆုံးမတော်မူသောတရားကို အမှန်သိ၍ ကျင့်ဆောက်တည်ခြင်း။ ယင်းသို့စုံမှ လောကီလောကုတ္တရာ နှစ်ဖြာတတ်ပွန်၊ သူတော်မွန်ဟူ၍ ကျမ်းဂန်ထွက်ပါသည်။

တစ်ကြောင်းတုံလည်း ရန်သူကိုအောင်နိုင်သော အမတ်အင်္ဂါကိုဆိုခဲ့သော သေနင်္ဂပျို့ အလာသော်ကား–

''ဆဒ္ဒန်ပြောင်မုန်၊ ရဲဟုန်နှင့်ချိုး၊ ချွန်ချွန်ထိုးသို့၊ အကျိုးရှိသင့်၊ တို့ခွင့်မသာ၊ မင်္ဂလာအောင်မြေ၊ အနေသင့်ရာ၊ ဗိုလ်ပါဆင်မြင်း၊ သိမ်းသွင်းမပျက်၊ ရဲမက်မပြို၊ ရန်ကိုနှိပ်နှံ၊ အကြံပညာ၊ သည်သာဖြစ်ခဲ့၊ လူရဲမရှား၊ လက်ရုံးအားမှာ၊ အမှားအမှန်၊ အလွန်အကြူး၊ အရူးအင်္ဂါ၊ မိစ္ဆာအကျင့်၊ နိမ့်မြင့်ရုံးနိုင်၊ အပိုင်ခဲခက်၊ လက်နက်ဗိုလ်ခြေ၊ အသေအဆုံး၊ ထုံးမပြလောက်၊ ထွင်းဖောက်မြောက်မြား၊ ဂုဏ်ကိုးပါးစုံ၊ ပညာလုံမှ၊ ဗိုလ်ပုံမပန်း၊ ဉာဏ်စွမ်းနှုတ်၊ တွင်းပြင်ရှိက၊ ကြီးဘိသခင်၊ ဆင်မြင်းရထား၊ ခြေသည်အားနှင့်၊ လေးပါးအစုံ၊

ရောက်လာတုံသည်။ ပိုက်ခြီပြီးစီး၊ စစ်သူကြီးသို့ ထုံးမှီးလိမ္မာ၊ သို့ကိုသာလျှင်၊ စစ်အင်လေးမည်၊ အပ်သည်ရှေးရိုး၊ ရန်ချိုးနိုင်သည်၊ ပညာရည်ကြောင့်၊ ရွှေပြည်သာယာ၊ ဝတီသာသို့၊ ပမာတူမျှ၊ အဿကမင်း၊ စစ်တွင်းရှုံးမည်၊ သို့သည်စကား၊ သိကြားစင်လျက်၊ ပျက်သည့်ထုံးမှန်၊ နန္ဒိသေန၊ အဿကမတ်၊ ညီညွတ်ပြည့်စုံ၊ ပညာလုံ၍၊ ဗိုလ်ပုံရန်ငြိမ်၊ ကလိင်ရာဇ်၊ သူ့စစ်နွမ်းညှိုး၊ အကျိုးမရှိ၊ ပန်းနှယ်ရိ၍၊ ကဓိကစက်၊ ကြေညက်ဘရမ်း၊ အမတ်သွမ်းနှင့်၊ မင်းကြမ်းတစ်သွန်း၊ မာန်တံခွန်ကို၊ ကဲလွန်စတင်၊ ကိုယ်ရှင်ကိုယ်ဝယ်၊ အလမ္ပါယ်သို့၊ အန္တရာယ်ရောက်၊ ပြေးပေါက်လမ်းမှား၊ သေပျောက်ငြားလည်း၊ တရားမရ၊ မင်းပါပ”

ထိုသို့ဆိုခဲ့ပြီးသော ရှေးပညာရှိတို့စကားလည်းရှိပါသည်။ ယင်းသို့ ထုံးဟောင်းသက်သေနှင့် အမတ်ကြီးလျှောက်လေရာ ပြည့်ရှင်မင်းကြီးအမိန့်တော်ရှိသည်ကား–

“မင်း၊ မိဖုရား၊ မင်းသား၊ မင်းသမီး၊ ဆွေတော်၊ မျိုးတော်မှစ၍ အမတ်မြို့စား ကျေးစားအတွင်း သုံးအပြင်သုံးသမျှတို့သည်အမတ်ကြီး မဟာပညာကျော်စကားကို နာခံပြီးမှ လျှောက်တင်ခွင့်ရှိသည်များကိုလျှောက်ထားစေ” ပညတ်တော်မူလေသည်။ အမတ်ကြီးသည်လည်း မင်း၊ မိဖုရား၊ မင်းသား၊ မှူးမတ်၊ ပြည်သူဟူလျက်မခြား၊ အမှုသွားကိုသာ ရှေ့နောက်တိုင်းထွာပြသဆုံးမ၍ မင်းထံလျှောက်ခွင့်များကိုလျှောက်လေသော်မည်သူတစ်ယောက်ညှိုးခြင်းမရှိ၊ အမတ်ကြီးစကားကို နားထောင်ကြလေ၍ ထိုပြည်သာယာငြိမ်းအေးလေသည်။

မှတ်ချက်။ ။ဤစစ်ချီရာ တိတ်နိမိတ်များ လျှောက်ထုံးသည် ရှေးအထက်ကာလများကပင် ရခိုင်စဉ်လာသုံးစွဲလာကြသော လောကီမှုဆိုင်ရာ ယတြာ ဃဝတီကျမ်းမှ ထုတ်နှုတ်ပြီး မင်းဖလောင်းကြီး လက်ထက်အခါ မင်းမေးသောကြောင့် အမတ်ကြီး မဟာပညာကျော် လျှောက်ထားခြင်းပြုခဲ့သည်။

## လျှောက်ထုံးအမှတ် (၃၉)

# သားတော်သံတောင်စား ငစုန် အပြစ်ကျူးလွန်ရာတွင် လျှောက်ထုံး

အခါတပါး၌ မင်းဖလောင်းကြီး၏သားတော် သံတောင်စား ငစုန်သည် မြို့တို့အရပ်က လင်းကဲ၊ မြို့ သက်တို့နှင့်ပူးပေါင်း၍ ခြားနားပြီးသော် ဒါဂါမြို့စား ကောင်းညွှန့်သူကို အလိုသို့ပြည့်လျှင် ပြည်ပိုင်အမတ်ကြီးခန့်မည်။ ဤသို့အကြောင်းကို ဒါဂါမြို့သို့ လူစေလွှတ်ပြောဆိုစေသည်။ ထိုအခါ ကောင်းညွှန့်သူကြီသည်ကား–တောသတ္တဝါကိုလိုလျှင် အိမ်သတ္တဝါနှင့် ရင်းနှီးဖမ်းရသည်။ သားတော်ငစုန်သည် ဆိုးသွမ်းသောအကြံဖြင့် မသင့်ရာကို ကြံဘိသည်။ သို့သော် ဆိုလာသောစကားကို အလိုတူမပြက အကျိုးမဲ့အကျိုးယုတ်သာ ဖြစ်ချေမည်။ သို့ကြောင့် အလိုသို့ပါဟန်ပြပြီး ဖမ်းမည်ကြံလေသည်။ သို့နှင့် သံတောင်စားငစုန်ကစေသောသူအား သင့်လှပါသည်။ ရဲမက်လက်နက်များလည်း အသင့်ပင်ဖြစ်ပါသည်။ မည်သည်ကိုမျှ စိုးတော်မမူပါနှင့်။ လက်ဆောင်ပဏ္ဏာ လျှောက်စာနှင့် လူထည့်လိုက်သည်။ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီး ကြားသိတော်မူ၍ အမတ်မဟာပညာကျော်ကို မေးတော်မူလေသည်။ ထိုအခါအမတ်ကြီး လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ။ ဒါကာမြို့စား ကောင်းညွှန့်သူ ဘိဘိုးအစဉ်အမျိုး မျှုးရိုးမတ်မျိုးဖြစ်ပါသည်။ ထီးနန်းမင်းဆက် အဝေးအနီးထားသမျှ မည်သည့်ကာလတွင်မျှ သူပုန်သူကန် လူဆိုးလူသွမ်းတို့နှင့်ပေါင်းဖက်၍ အရှင်မင်းအား မိုက်မှားဘူးသည်မရှိပါ။ ခမည်းတော်ဘုရားလက်ထက် ကုလားပြည်ကို သိမ်းယူပြီးသောကာလပြန်ကြသောအခါ ဒါကာမြို့စားကောင်းညွှန့်သူ အဘသတိုးဖြူအမတ်သည် စီးသောလှေ၌ စစ်ချီစဉ်က ပေးသနားတော်မူသော ပေါင်းဖြူကိုဆင်လျက်စီးလေသည်။ ထိုအခါ ခမည်းတော်ဘုရား

က စစ်ချီသာ ငါပေးတော်မူသည်။ စစ်ပြန်လျှင် သိမ်းသင့်လျှက်မသိမ်း။ သတိုးဖြူသည် မာန်မြောက်၍ လွန်သူဖြစ်လေသည်။ မျက်တော်မူလျက် အပြစ်နှင့်မာန်အောင်သို့ ပို့ထား တော်မူသည်။ တစ်နှစ်ကျော်နေရသောအခါ အရှေ့ပျူတလိုင်းမင်းတို့က စေလွှတ်ခေါ်စေ ရာ မှူးကောင်းမတ်ကောင်းတို့အင်္ဂါနှင့် စုံညီစွာပေးလိုက်သောစာမူလည်း၊ မတ်ကောင်းတို့ အင်္ဂါနှင့် စုံညီစွာပေးလိုက်သောစာမူလည်း၊ ဝိဒေဟရာဇ်အမတ်–မဟောသဓာကို ပဉ္စာ လရာဇ်မင်းကခေါ်သော် ကျေးဇူးသစ္စာရှင်မှစ၍ သားမြေးဆက်ကာမှန်သမျှ စိုးမိုးလျှင် ကျေးဇူးသစ္စာစောင့်အပ်ကြောင်း ထုံးဟောင်းနှင့်လျှော်စွာ စာပေးလိုက်ပါသည်။ အမျိုးအ ရိုးကို ဒါဂါမြို့စားကောင်းညွှန့်သူ ဖျက်မည်မဟုတ်ပါ။ အကြောင်းဆိုက်ရာတွင် ဉာဏ်ဆင်၍ ဒါကာစားကြီးသည့်အမှုသာ ဖြစ်ပါသည်။

အပြစ်ပေးထားသောသားတော် သံတောင်စားသည် လင်းကဲ၊မြို့သက်တို့နှင့် ပူး ပေါင်းဆိုးသွမ်းသည့်အရာမှာလည်း အရေးမဆိုလောက်ပါ။ အမတ်တော် ဒါကာစား ကောင်းညွှန့်သူတစ်ယောက်နှင့် ပြီးကုန်ပါလိမ့်မည်လျှောက်လေရာ ပြည့်ရှင်မင်းကြီးလည်း မင်းသို့မဆို နေတော်မူလေသည်။

ယင်းသို့အမတ်ကြီးလျှောက်လေသည်ကို ဒါဂါမြို့စား ကောင်းညွှန့်သူ ကြားသိ လေရာငါ၌ အရေးရောက်ပြီးကြီလျက် သံတောင်စားမှာသောနေ့ ရောက်လတ်သော် ရဲမက်လက်နက် ဗိုလ်ခြေစည်းကြပ်လျက် သံတောင်စားရှိရာသို့ချီသွားလေသည်။ တွေ့ သောအခါ ဒါကာစားဆိုသည်ကား အရှင်မင်းသား တပ်ဦးချီတော်မူပါ။ ကျွန်တော့်နောက် ကကွပ်၍ စစ်အားပေးပါမည်။ ဆိုလေသော် သံတောင်စားလည်း အားရ၍ချီသွားလေ သည်။ သတ်၊ မြို့ လင်းကဲတို့မှာ တောင်ခြေသာကျွမ်း၍ လှေမှူး ရေမှူး မကျွမ်းကြချေ။ မယူမြစ်ဝသို့ရောက်သော အခါကာလ ဒါဂါစားက မိမိလူတို့ကိုအသင့်ထားပြီးသော် မြို့နှင့်လည်းနီးပြီ၊ သံတောင်စားနှင့်တိုင်ပင်ရန်ရှိသည်ဆိုလျက်၊ တပ်ဦးသို့လာခဲ့လေသည် ရောက်လျှင် ဒါဂါစားက သံတောင်စားသို့ပြောလေသည်။ "အရှင့်သားတိုင်ပင်ရန် ကျွန် တော့်လှေသို့ တက်ပါ" ဆိုလေသည်။ သံတောင်စားလည်း ယုံမှတ်သောနှလုံးဖြင့် နောက် ပါ လူအတန်သာခေါ်၍ ဒါဂါစား လှေသို့တက်လေသည်။ ထိုသောအခါ ဒါဂါစားက မိမိလှေ များကိုရှေ့နောက်ထား၍ ပိတ်ဆို့ထားစေသည်။ ထိုသို့စီစဉ်ပြီးသော် သောင်းသောင်းပြ ဝိုင်းလျက် သံတောင်စားကို ဖမ်းဆီးလိုက်လေသည်။ မြစ်ရေလည်းတက်ပြီဖြစ်၍ မြို့တော် သို့ ထွက်ချီသွားကြရာ နံနက်အချိန် ဆိုက်ရောက်ကြလေသည်။ ဒါဂါစားသည် နန်းတော် သို့ဝင်ပြီး သံတောင်စားကို မင်းကြီးထံ ဆက်သလေသည်။ သံတောင်စားလူများဖြစ်သော သက်ခေါင်းအကြီး၊ မြို့လင်းကဲခေါင်းအကြီးနှင့် နောက်ပါလူအများကိုလည်း ဒါဂါစားသမက်

သောင်းတီးစားက ဖမ်းဆီးဆက်သလာပြန်သည်။ ယင်းသောအခါ အမတ်ကြီး မဟာပညာကျော် လျှောက်သည့်ထုံးကား–

အရှင်မင်းမြတ်။ ။ဘုရားရှင်တကာဖြစ်တော်မူသောဗိမ္ဗိသာရမင်းကြီး မိဖုရား၌ အဇာတသတ်မင်းကို ပဋိသန္ဓေစွဲယူသောကာလ မကောင်းသော တိမိတ်ထင်သဖြင့် အကြိမ်ကြိမ် သန္ဓေကိုဖျက်ကြောင်း မင်းကြီးသိတော်မူလေသည်။ ထိုရောအခါ အမိန့်တော်ရှိသည်ကား–" ရှင်မိဖုရား သံသရာဝဋ်ဒုက္ခရှိသော လူသတ္တဝါတို့သည် မိကြီး ဘကြီး ဆွေမျိုးစသောသူအား အပြစ်ထိုက်ငြားသော်လည်း အမျိုးစောင့်သောတရားကို သူတော်ကောင်းတို့မဖျက်ရာချေ။ မိဖုရားကမွေးဖွားသောသားသည် တရားမစောင့် အဝဇာတသား ဖြစ်ခဲ့၍ ငါ့အား မှားလိုသော်လည်း ငါသာသေစေရာသည်။ သူ့အားမှားသောအသိဖြင့် တရားမလွတ် ကောင်းရာလေ" ဤသို့မိန့်တော်မူကြောင်း ကျမ်းဂန်ထင်ရှား ထွက်ရှိပါသည်။ ထိုမှတစ်ပါးလည်း မင်းတို့ဘုန်း လက်ရုံးကျက်သရေတော်ခုနှစ်ပါး၊ လူတို့အား မည်သည်ကို ကျမ်းဂန်ဆိုသည်မှာ–

"ရာဇူနံ– မင်းတို့၏၊ ဓနံ– ဉစ္စာမည်သည်ကား၊ အမစ္စောဗလံ–ပညာရှိသော အမတ်အားလျှင်တည်း။ ပုရိသာနံ–ယောကျ်ားတို့၏၊ ဓနံ–ဉစ္စာ မည်သည်ကား၊ အတိဂုဏော–ပညာဂုဏ်လျှင်တည်း။ ဣတ္ထိနံ–မိန်းမတို့၏၊ ဓနံ–ဉစ္စာမည်သည်ကား၊ ရူပဇာဂံ–အဆင်းအကျင့်တည်း။ သပ္ပါနံ–မြွေတို့၏ဓနံ– ဉစ္စာမည်သည်ကား၊ ဝိသံ–အဆိပ်လျှင်တည်း။ ဘိက္ခုနံ–ရဟန်း ရသေ့တို့၏၊ ဓနံ–ဉစ္စာမည်သည်ကား၊ သီလံ–သီလအစရှိသောကိုယ်ကျင့်တရားလျှင်တည်း။" မင်္ဂလာတရားဦးတွင်လည်း" မာတာ–ပိတာ–မိဘတို့သည်၊ ပုတ္တဒါရသ– သားသမီးတို့၌လည်းကောင်း၊ ပုတ္တဒါရသ–သားသမီးတို့သည်၊ မာတာ–ပိတာ–မိဘတို့၌လည်းကောင်း၊ ဉာတကာနဥ္စ–ဆွေမျိုးသားချင်းတို့၌လည်းကောင်း၊ သင်္ဂဟာ–ကျွေးမွေးပေးကမ်း မစသင့်သည်။"

တကြောင်းမူလည်း မဟာရာဇာ–အရှင်မင်းမြတ်၊မာတာပိတာစ–မိဘတို့ကိုလည်းကောင်း၊ ဂုရုစ–ဆရာသခင်ကျေးဇူးရှင်တို့ကိုလည်းကောင်း၊ ဉာတကာ နဥ္စ–ဆွေမျိုးသားချင်းတို့ကိုလည်းကောင်း၊ အမစ္စေစ–မင်းအကျိုးကိုလို၍ ဆောင်တတ်သော အမတ်ကိုလည်းကောင်း၊ ဥမ္မတ္တကောစ–အရူးကိုလည်းကောင်း၊ ဘိက္ခုစ–သံသရာဘေးကို ရှုလေ့ရှိသော ရသေ့ရဟန်းကိုလည်းကောင်း၊ ပဏ္ဍိတောစ–ပညာရှိ သူတော်ကောင်းကိုလည်းကောင်း၊ သတ္တန္နမေဝ– ထိုခုနစ်ပါးသောသူတို့အား၊ ရာဇာ–မင်းသည်၊ ဒေါသိ–အမျက်ရှိသဖြင့်၊ ဇီဝိတိန္ဒြေ–သေစေသောပျက်စီးခြင်းကို၊ နပသေယျ–မပြုအပ်။ ထိုသို့အကြောင်း ထုံးဟောင်းသက်သေ ကျမ်းဂန်ရှိသည်။

သားတော်သံတောင်စားမှာ–ဇမ္ဗူပတီမင်းနှင့်တူပါသည်။ သားတော်ကိုပါအောင် ခေါ်ဆောင်ယူနိုင်သော ဒါကာစားမှာ သကြားတမန်နှင့်တူပါသည်။ အရှင်မင်းမြတ်တို့ သော်ကား ဘုရားရှင်နှင့်ဥပမာတူပါသည်။ ယင်းသို့အကြောင်း ထိုးဟောင်းရှိသည့်အတိုင်း ပြည့်ရှင်မင်းကြီး မတိမ်းမစောင်းရချေ။ လောကီ၊လောကုတ္တရာ နှစ်ဖြာသောအကျိုးရှိလှ၍ ဘုရားစသောသူတော်ကောင်း ပညာရှိချီးမွမ်းစေရာ မှူးကောင်း၊ မတ်ကောင်း ပညာရှိ စုံစွာ ပညာဗလအားကြီးသော အမတ်ကြီးလျှောက်လေသော်ပြည့်ရှင်မင်းကြီးက ''ငစုန် ငယ်သည် အလိမ္မာမရှိသူဖြစ်သည်။ လိမ္မာအောင် သွန်သင်ပြသ ဆုံးမစေခိုင်းသိမ်းထား လေလော့''အမိန့်တော်ရှိ၍ အမတ်ကြီးမဟာပညာကျော်သို့ အပ်တော်မူလိုက်သည်။

ဒါဂါစားကောင်းညွှန့်သူကိုမူကား–သားတော်သံတောင်စား အဆောင်အရွက် အဝတ်တန်ဆာပေးတော်မူလေသည်။ ဒါဂါစားသည် သနားတော်မြတ်ကိုသာ ခံယူသည်။ မဆောင်မသုံး၊ ပြည့်ရှင်မင်းကြီးသို့ပြန်လည်ဆက်သပြီး လျှောက်ထားလေသည်ကား–

အရှင်မင်းမြတ်။ ။ မူးမတ်ကျေးကျွန်ကို သဒ္ဒါတော်မူ၍သားတော် သမီးတော်တို့ နည်းပေးသနားတော်မူသော်လည်း၊ အရှင့်သားတော်အဆောင်နှင့်တူအောင် မသုံးဆောင်အပ်ပါ။ မူးမတ်အသုံးအဆောင်မျှကိုသာ သုံးဆောင်ထိုက်ပါသည်။ လွန်၍ပြချေသော် အလိမ္မာမရှိသောသူတို့ကို တန်ဆာဆောင်၍ မာန်မြင့်တတ်ပါသည်။ သနားတော်ကိုခံရလျှင် သုံးဆောင်ရသကဲ့သို့ တထေဝတူဖြစ်ပါသည်။ ရှေးပညာရှိထားခဲ့သောထုံးလည်း ဖြစ်ပါသည်။ ဤသို့လျှောက်လေသော် မင်းသားအဆောင်အရွက်ကို ပြန်သိမ်းတော်မူသည်။ အမတ်ကြီးတို့ နည်းအဆောင်အရွယ် ပေးသနားတော်မူလေသည်။ သားတော် သံတောင်စား သက်၊ လင်းကဲ၊ မြို့ အကြီးခေါင်းများကိုလည်း အသက်မသတ်။ ကုသိုလ်တော် ရတနာပုံဘုရားမှာ လှူတော်မူသည်။

## လျှောက်ထုံးအမှတ် (၄၀)

# ရုံပြည် ပသီကုလားမင်းအား၊ မင်းကြီး၏ဘုန်းတော်ကိုသိစေသော အစီရင်လျှောက်ထုံး

တစ်ရံသောအခါ ရုံပြည်ပသီ ကုလားမင်းက ရက္ခပူရတိုင်း၌ သာကီဝင် မင်း ဖလောင်းကြီးသည် ဘုန်းကျက်သရေပညာနှင့်ပြည့်စုံသည်။ အမတ်ပညာရှိ များသည်။ ဤသို့ကြားသိရသည့်အတိုင်း မှန်သည်မမှန်သည်ကို သိလိုပေသည်။ သို့နှင့်အရေး၌ လိမ္မာသော ကုလားအမတ်တစ်ယောက်ကို စုံစမ်းစေရန်စေလွှတ်လေသည်။ ကုလား အမတ် ဒါကုစီသည် စုံစမ်းရန်ရောက်လာသည်။ ထိုကုလားအမတ်သည် ဆက်သရန် လက်ဆောင်တော် ပတ္တမြားခုနှစ်လုံးပါရှိကြောင်း ပတ္တမြားအထုပ်ကို ပြလေသည်။

ထိုသောအခါ မဟာပညာကျော်အမတ်က ငါတို့အရှင်ကို အတိုင်းတိုင်း အပြည် ပြည်က ဆက်ရောက်သမျှ သဘင်ကြီးစွာခံပြီးမှသွင်းမြဲဖြစ်သည်။ ထိုသို့ ပြောပြီး ပတ္တမြား ထုပ်ကို သံတဲတွင် အစောင့်အနေနှင့်ထားလျက် နေစေသည်။ ပြီးသော်မှ အမတ်ကြီး မဟာပညာကျော်သည် မင်းထံဝင်၍ လျှောက်ထားလေသည်။

အရှင်မင်းမြတ်။ ။ ကုလားမျိုးတို့တွင် ပသီကုလားသည် အကောက် အလိမ်အ ညစ်ထူလှပါသည်။ ယခုလာသူ ဒါကုစီသည် ပသီကုလားသင်းတို့ အရှင်လည်း ပသီလူမျိုး ဖြစ်ပါသည်။ မည်သို့စကြောင်းဆက်ရန် လက်ဆောင်လည်း မည်သို့ပါကြောင်းများကို သိအောင်ပြုပြီးမှ ရှေ့တော်သို့ဝင်စေပါမည်။ လျှောက်လေသော် မင်းကြီးလည်း သဘောကြိုက် တော်မူလေသည်။

ယင်းသောအခါ အမတ်ကြီးသည် အထုပ်ကိုကြည့်ရှုလေသည်။ ရွှေချည်ဖြင့် ယက် သည့်ပမာ လုံခြုံစွာထုပ်ထားသည်ကို မြင်တွေ့လေသည်။ အမတ်ကြီး တွေးကြံသည်ကား–

ဤကဲ့သို့ ထည့်ရိုးမရှိသည်ကို ထည့်ခဲ့သည်။ ထိုအထုပ်၌ အကြောင်းထူးပါသည်။ ဤသို့ ဆင်ခြင်လျှက် အကြံပြုလေသည် အဖိုးတစ်ထောင်တန်သော ပရိကပါရာဟူသော ပိတ်အုပ်ကိုခဝါသည်သို့ အစုပ်အပြတ်မပါ ပြုပြီးသော် ခဝါသည်မမြင်မီ ကတ်ကျေးနှင့် ခုံညှင်းခန့်ကိုက်ဖြတ်လိုက်သည်။ ပိတ်အုပ်ကို ခေါက်သိမ်းပြီး ခဝါသည်သို့ ပေးအပ်လိုက်သည်။

ခဝါသည်လည်း ပိတ်အုပ်ကိုယူခဲ့ပြီး အိမ်သို့ရောက်လျှင် ဖွတ်လျှော်၍ လှန်းလေသည်။ ပိတ်အုပ်တွင်ပါရှိသောအပေါက်ကို တွေ့မြင်သောအခါ ကြောက်လန့်လေသည်။ သဘော်ဆိပ်သို့သွားပြီး အပေါက်ဖာတတ်သောသူကို ရှာရာသဘော်မှ အပ်လျှိုသမားတစ်ယောက် ရရှိခဲ့၍ဖါစေသည်။ မူလအထည် သားနှင့်တူအောင်ဖာပြီးမှ အမတ်ကြီးသို့ အပ်လေသည်။ ထိုအခါအမတ်ကြီးသည် ကိုက်ယူထားသောပိတ်စကိုပြပြီး မေးလေသည်။ မည်သူဖာသည်ကို အမတ်ကြီးမေးရာ ခဝါသည်ကဖာသူကို ပြလေသည်။ အမတ်ကြီးကြံပြန်သည်ကား"မရမာကိုပြာ၍ကုလားမှာမဲနာ"ရှေးသူဟောင်းတို့ဆိုရိုးရှိသည်။ ထိုကုလားကိုခေါ်၍ မေးရမည်။ ခဝါသည်ကိုပြောလျှင် ခဝါသည်လည်း ကုလားကိုခေါ်၍ ပေးလေသည်။

အမတ်ကြီးသည် ကုလားကိုမေးလေသည်။ ကုလားကအမတ် ဒါကုစီယူလာသောအထုပ်ကို သူချုပ်ပေးရကြောင်း၊ ၎င်းအထုပ်တွင် အဖိုးမထိုက်သော ပတ္တမြားအပျက်ခုနှစ်လုံးပါကြောင်း ပြောပြလေသည်။ ထိုအခါအမတ်ကြီးက သဘော်ကုလားအား ဤသို့မေးကြောင်းကို တပါးသောသူကိုမျှမသိစေနှင့်ပြောပြီး အသပြာတစ်ရာပေး၍ သံတဲမှ ကျောက်ထုပ်ကို တိတ်တဆိတ်ယူစေသည်။ အမတ်ကြီးသည် ကျောက်ထုပ်နှင့် ပြည့်ရှင်မင်းကြီးထံဝင်လေသည်။ ကျောက်ထုပ်ကိုဖွင့်ရာ ချက်ကျောက်ပတ္တမြားခုနှစ်လုံးကို တွေ့လေသည်။ အမတ်ကြီးသည် ထိုချက်ကျောက် ပတ္တမြားခုနှစ်လုံးကိုဖယ်ထုတ်ပြီး၊ သပြာတစ်ထောင်စီတန်သော ပြည့်ရှင်မင်းပတ္တမြားခုနှစ်လုံးကို ထည့်လေသည်။ ထိုသို့ထည့်ပြီး ကုလားအား အထုပ်ကိုမူလအတိုင်း ချုပ်စေသည်။ ထို့နောက် ၎င်းအထုပ်ကိုထားမြဲအတိုင်း သံတဲတွင်ပြန်၍ ထားစေသည်။

ထိုသို့အကောက် ဥာဏ်ပြုလာသောအမှုကို အကောက်ဥာဏ်ဖြင့်ပြု၍ ဆောင်စေပြီးမှ ကုလားအမတ်ဒါကုစီကို အတွင်းတော်သို့သွင်း၍ အထုပ်ကိုဖွင့်စေသည်။ အထုပ်တွင် အဖိုးများစွာထိုက်သော ကျောက်ကောင်းခုနှစ်လုံးကို ကုလားအမတ်မြင်တွေ့လေသည်။ အလွန်လည်း အံ့သြခြင်းဖြစ်လေသည်။ ခိုဒါအရှင်အမှန်ဖြစ်ပေသည်ဟူ၍ ကုလားအမတ်ကြောက်လန့်ရှိသေစွာနှင့် မကာဘုရား၊ ကုလားတို့ အထွတ်အထိပ်မှန်ပေသည် ဆိုလျက် အကြိမ်များစွာ ဘာသာရှိခိုးခြင်းဖြင့်ရှိခိုးလေသည်။ ထိုကုလားအမတ် ဒါကုစီပြန်သောအခါ

မင်းကြီးက အစ်ကိုတို့ အရှင်ရှိမင်းသို့လည်း ပတ္တမြားခုနှစ်လုံးပေးလိုက်မည်။ ကျောက်ကောင်းခုနှစ်လုံးကို ကုလားသို့ပြုပြီးသော် အမတ်ကြီးသို့ ထိုကျောက်ကို အပ်တော်မူလေသည်။

အမတ်ကြီးလည်း မင်းအပ်သောပတ္တမြားခုနှစ်လုံးကို ကုလားအမတ်ကြီး ဒါကုစီ ရှေ့တွင် ကောင်းမွန်စွာထုပ်လေသည်။ ကုလားမရှိသည့်နောက်အခါ ကုလားတွင်ပါရင်း ချက်ကျောက်ခုနှစ်လုံးကို ထိုအထုပ်နှင့်တူအောင်ထုပ်စေပြီးမှ ထိုအထုပ်ကို ကုလားအမတ်သို့ အပ်လေသည်။ ကုလားအမတ်လည်း အထုပ်ကို ကောင်းမွန်စွာဆောင်ယူ၍ ပြန်လေသည်။ ရှိပြည်သို့ရောက်၍ ရှိမင်းထံ အထုပ်ကိုဆက်သလေသည်။ ထိုအထုပ်ကိုဖွင့်ကြည့်ရာပေးလိုက်ရင်း ချက်ကျောက်ခုနှစ်လုံးကိုတွေ့ရလေသည်။ ရှိမင်းက အမတ်ဒါကုစီအား အကြောင်းကိုမေးလေသည်။ ထိုအခါ ကုလားဒါကုစီ ကသိမြင်ခဲ့ရသည့်အတိုင်းစုံလင်စွာ လျှောက်ထားလေသည်။ ကုလားမင်းက မကာဘုရား ခိုဒါအရှင်အမှန်ပင်ဖြစ်သည်။ ဖူးမြော်သင့်သည်။ ထိုသို့ပြီးလျှင် ရှိမင်းကိုယ်တိုင် လက်ဆောင်ပဏ္ဏာအများ သင်္ဘောအစင်းတစ်ရာနှင့် လာရောက်ဆက်သပြီး၊ မြန်မာဘာသာစာကိုသင်၍ ခြေရင်းတော်တွင် ကျွန်ခံထားပါမည် လျှောက်ပြီးရှိမင်း သားအလတ်ရှာအလင်ကို စေသုံးရန် ကျွန်တစ်ထောင် ပေးအပ်ထားခဲ့ပြီး၊ ရှိမင်းပြန်လေသည်။

ပြည့်ရှင်မင်းကြီးလည်း ရှိမင်းသား ရှာအလင်ကိုစားကျေး ကုလားရွာ ဂေါ်တောပလ္လင်ကိုပေးတော်မူပြီးမှ အမတ်ကြီးသို့အပ်တော်မူ၍ မြန်မာဘာသာ အက္ခရာများကို သင်စေသည်။

## လျှောက်ထုံးအမှတ် (၄၁)

## ရိုးကျွန်းမှ ရှင်ယောင်စေတီဖျက်မှုတွင် လျှောက်ထုံး

တစ်ရံရောအခါ ပုဂံမြို့နေဆိုသူ ရဟန်းတစ်ဦးရောက်လာသည်။ ရိုးကျွန်း အမရာတောင်တွင် နေလေသည်။ ထိုရဟန်းအား ရိုးကျွန်းသားသို့ ကြည်ညိုလျက် ကိုးကွယ်နေကြသည်။ စည်းချောင်းစားသတိုးအောင်သည် ထိုအမရာတောင်သို့ သမင်လိုက်မည်သွားလေသည်။ ထိုရဟန်းနှင့်တွေ့ပြီး နီးနှောပြောဆို ရင်းနှီးကြလေသည်။ သတိုးအောင်သည် ထိုမှပြန်လာပြီးသောအခါ အမတ်ကြီးထံဝင်ရောက်ခစားပြီး လျှောက်ထားလေသည်။

ပုဂံသားရဟန်းတစ်ပါး ယိုးကျွန်းအမရာတောင်မှာ တွေ့ခဲ့ရကြောင်း၊ တရားဓမ္မနှင့် သူတော်ကောင်းလက္ခဏာ ကြည်ညိုဘွယ်ရာရှိပါကြောင်းနှင့် လျှောက်သည်ကို မင်းကြီးက အမတ်မဟာပညာကျော်သို့ မေးလေသည်။ ထိုအခါ မဟာပညာကျော် လျှောက်ထားလေသည်ကား–

အရှင်မင်းမြတ်။ ။စည်းချောင်းစား သတိုးအောင်သည် သူတော်ကောင်းကိုသိနိုင်မည့် ပညာရှိအံ့ မထင်ပါ။ ရှေးသူတော်ကောင်းတို့စကားတွင် အမူတကာ ကိုယုတ္တိ ယုတ္တာနှိုင်းညှိမသိတတ်သူအား မနုဿဗာလ သူမိုက်၊ မူမိုက်အင်္ဂါလေးပါးရှိကြောင်း၊ လေးပါးဟူရာ၌–မေထုန်မှီဝဲခြင်း၊ အိပ်စက်ခြင်း၊ ဝစွာစားခြင်း၊ သက်မွေး ဥစ္စာရှာဖွေခြင်း။ ထိုအကြောင်းမျှနှင့်သာ နေလေ့ရှိသူသည် သူမိုက်။ ထိုသူမိုက်တို့သည်အစားမတတ် အဝစား၊ ခရီးမသိအရောက်သွား၊ စကားမတတ်စရိုက်ပြော၊ ကျိုးပြစ်မသိဆိုမိဆိုရာ ဆိုတတ်ပါသည်။

ယင်းသို့ ထုံးဟောင်းစကားရှိပါသည်။ စည်းချောင်းစားအမတ် သတိုးအောင်

သည်လည်း၊ ပညာရှိထံ ဆည်းကပ်သည်မရှိ။ သူယုတ်တို့နှင့်ရောနှော ပေါင်းသင်း၊ သားငါး ထိုးသတ်သောက်စား မူးယစ်၊ ပျော်ရွှင်မှုများပြုလျက် နေလေ့ရှိသူသာဖြစ်ပါသည်။ စည်းချောင်းစားတွေ့ခဲ့သောသူသည် စည်းချောင်းစားနှင့်တူသောသူသာ ဖြစ်တန်ရာပါသည်။ လျှောက်လေသော် မင်းကြီး မည်သို့မဆို နေတော်မူလေသည်။ ထိုမှများမကြာမီ ၎င်းသူသည် အမရာတောင်ထိပ်၌ရှိသော ဓါတ်တော်ဇာတီကို တူးဖြိုလေသည်။ ထို၌ ရေးမင်းတို့ ဌာပနာခဲ့သော ရွှေ၊ ငွေတို့ကိုအကုန်ယူ၍ ထွက်ပြေးကြောင်းသိ၍ ရိုးကျွန်းသားတို့လည်း ထိုသူကိုဆောင်ယူခဲ့ပြီး ရွှေ၊ငွေများနှင့်အတူ မင်းကြီးထံ ပေးဆက်ကြလေသည်။ ထိုအခါ အမတ်ကြီးက မင်းထံ လျှောက်လျှောက်ထားပြန်သည်ကား–

အရှင်မင်းမြတ်။ ။တရားကျမ်းဂန်လာသည်မှာ ဗုဒ္ဓါကုစ္ဆေ န၊ ဓမ္မာ ကုစ္ဆ န၊ သံဃာ ကုစ္ဆ န ထိုသုံးပါးသောရတနာမြတ်တို့အား ပြစ်မှားသောသူသည် အပြစ်သံသရာဝဋ် လေးစွာခံရမည့်သူဖြစ်ပါသည်။ ထိုသူယုတ်မာအား သူတော်ကောင်းတို့ ရှောင်ရှားအပ်ကြောင်း ကျမ်းဂန်လာပါသည်။ ယခုအမှု၌ သူယုတ်မာ သူတော်ကောင်းထင်မှတ်ပြီး၊ ရိုးကျွန်းသားတို့ ဆည်းကပ်ပေါင်းဖက်ကြသည်ကြောင့် ရေးမင်းတို့ ကောင်းမှုပျက်စီးခြင်း ဖြစ်ရပါသည်။ ရှင်ယောင်ပြသူနှင့် ရိုးကျွန်းသားတို့မှာ သူခိုးနှင့်လက်ခံသူအလား၊ လောကပမာတူဖြစ်ပါသည်။ သင်းတို့နှစ်ဦးလုံးပင် သံသရာ၌ အပြစ်ထိုက်ရာသည်။ ဤအရာတွင် ဆရာပြသူဖျက်ဆီး၍ ပျက်လေသော ဓါတ်တော်ဇာတီကို အထက်နည်းတူကောင်းမွန်သပ္ပါယ်လေအောင် ထိုရှင်ယောင်ယူလာသော ရွှေငွေဌာပနာများကို ထည့်မြဲထည့်၍ ရိုးကျွန်းသားတို့ကို တည်လုပ်စေရပါမည်။ ထိုဓါတ်တော်ဇာတီ ပြီးစီးမြောက်လတ်အောင်လည်း အမတ်စည်းချောင်းစားက ကြီးကြပ်ရပါမည်။ ထိုပုဂံသား ရှင်ယောင်ကို အများသိစိမ့်သောငှာ စာထိုး၍ မိမိနေရပ်သို့ နှင်ထုတ်လိုက်ရပါမည်လျှောက်လေသော် ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍ အမတ်ကြီး လျှောက်တင်သည့်အတိုင်း အသီးသီးစီရင်လေသည်။ စည်းချောင်းစား သတိုးအောင်လည်းနောက်နောင်မတော်သမျှ အမတ်ကြီးဆုံးမတော်မူပါ ဝန်ချပြီး ဝတ်စုံတန်ဆာနှင့် ကန်တော့လေသည်။

## လျှောက်ထုံးအမှတ် (၄၂)

## ကုလားမျာလီ မီးချောင်းစားအရာတောင်းခြင်းနှင့် မိဖုရားကြီးလာဘ်စားမှု လျှောက်ထုံး

တစ်ရံရောအခါ၌ မီးချောင်းစား သေလွန်လေသည်။ ထိုမီးချောင်းစားအရာကို ခေါင်းထုပ်ကျွန်းနေ ကုလားမျာလီက သပြာတစ်ထောင်ပေးပြီး၊ မိဖုရားကြီးထံ တောင်းခံလေသည်။ မိဖုရားကြီးလည်း သပြာတစ်ထောင်ယူပြီး၊ မင်းကြီးထံလျှောက်လေသည်။ ထိုအခါမင်းကြီး အမိန့်တော်ရှိသည်ကား–'' နံက်မင်းပွဲခံရာ၌ ကုလားမျာလီကို လျှောက်စေတော့'' ထိုသို့အမိန့်တော်ရှိသည်ကြောင့် ကုလားမျာလီသည် နံနက်မင်းပွဲခံရာ ဝင်ရောက်လျှောက်ထားလာသည်။ ယင်းသောအကြောင်းကို အမတ်ကြီး မဟာပညာကျော် လျှောက်သည်ကား–

အရှင်မင်းမြတ်။ ရခိုင်နှင့်ကုလားသည် လူချင်းသာတူသည်။ စိတ်ချင်းမတူပါ။ ရခိုင်တို့ မိရိုးဖလာအယူအကျင့်မှာ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို အမြတ်ပြု၍ ကိုးကွယ်ဆည်းကပ်ကြပါသည်။ သို့ဖြင့်သာသနာတော် အရှည်ဆက်ပြီး မပျက်မစီး တည်တံ့လာခဲ့ပါသည်။ ယင်းသို့ ရခိုင်နှင်ကုလား အယူမတူချေ။ ကုလားတို့သည် ရုပ်ပွားဆင်းတု၊ ဓါတ်တော် မွေတော်များကို အဥ္စလီ လက်အုပ်ချီမိအံ့၊ လက်ကိုဖြတ်၍ပစ်စေ၊ ယင်းသို့ ကုလားဘုရားအမှာ ကျမ်းဂန်ရှိသည်ဆိုသောအယူနှင့် နေသူများဖြစ်ပါသည်။ ရခိုင်တို့ မင်းကျင့်ဝတ် သင်္ဂဟတရားလေးပါး၌လည်း မြတ်စွာဘုရား အယူတော်ကို ပြည်သူတို့အား ညွှန်ပြဆုံးမတတ်မှ မင်းကောင်း၊ မင်းမြတ်ဟူ၍ ရခိုင်တို့ဘုရား ဗုဒ္ဓဘာသာ ကျမ်းဂန်လာပါသည်။

ကုလားနေရပ်ကျေးရွာမှာ ရခိုင်ကိုမှူးမတ်တင်လျှင် ကုလားအယူကွယ်၍ ရခိုင်

အယူသို့ရောက်အောင် သွေးဆောင်ပါသမျှသည် မင်းမှူးမင်းမတ်၌ အကျိုးလိုရာရောက်ပါသည်။ မင်း၌လည်း သင်္ဂဟတရားတည်ပါသည်။ ယင်းသို့မဟုတ် ရခိုင်တို့မြို့ကျေးရွာများမှာ ကုလားကိုမှူးမတ်ထားလေသော် ကုလားအယူသို့ပါအောင် သွေးဆောင်ပြလေရာ ရခိုင်မှာ ဗုဒ္ဓါဘာသာတရားကွယ်လွတ် ကုလားအကျင့်အယူသို့ပါလေသော် ပြည်သူအားသနားခြင်းမရှိ၊ ထိုမင်းအစိုးရသော တိုင်းနိုင်ငံ၌ မိုးမမှန်၊ အသီးအပွင့်မညီ၊ အရသာမရှိ၊ ဥတုရာသီမဖြောင့်၊ ဓါတ်လေးပါးခြောက်ခြားကြောင်း ရှေးပညာရှိတို့ အမှာရှိပါသည်။

မျာလီကို ကျေးစားရွာစားပေးတော်မူလိုလျှင် တိုင်းပြည်တော်အတွင်း ကုလားမြို့ရွာ အများရှိပါသည်။ မိမိတို့အကျင့်အမူ တူရာသဘာဝချင်းညီသော ကျေးရွာများကိုသာ ကျေးစားရွာစားပေးရပါမည်။ အရှင်မိဖုရားလည်း သိက္ခာတော်ခုနှစ်ပါးစသော သာဓုနရတရားကို လွှတ်တော်မမူသင့်ပါ။ လျှောက်လေသော် ပြည့်ရှင်မင်းကြီးကလည်း– မိဖုရားကြီးသည် တစ်ခါတရားလွှတ်ချေသည်။ အမတ်ကြီးက အကျိုးအကြောင်းပြသ၍ ဆုံးမလျှောက်ထားရမည်။ အမိန့်တော်ရှိလေသည်။ မိဖုရားကြီးလည်း ရှက်ခြင်းကြီးစွာဖြင့် ကုလားမျာလီသို့ ငွေသပြာတစ်ထောင်ပြန်ပေးပြီးလျှင် အမတ်ကြီးကိုခေါ်စေသည်။ အမတ်ကြီးရောက်လတ်သော် နောက်နောင် မလျော်သမျှ သမီးအမှတ်ထား၍ ဆုံးမပါ။ အမိန့်တော်ရှိပြီးသော် အမတ်ကြီးသို့ ဝတ်စုံတန်ဆာ ဆုပေးတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၄၃)

## မိန်းမတစ်ဦး၏ သန္ဓေရှင်ယိုးစွပ်မှု ဖြတ်ထုံး

တရံသောအခါ၌ တောနေရဟန်းတစ်ဦးကို မိန်းမတစ်ယောက်သည် နေ့စဉ်မပျက် ဆွမ်းပို့လှူလေသည်။ ထိုမိန်းမသည် ဆွမ်းပို့ထားပြီး၊ ကျောင်းခြံစည်းရိုးပြင်ဘက်ရှိ သစ်ပင်အောက်တွင် အမြဲအိပ်လျက်နေပြီးမှ အိမ်သို့ပြန်လာလေ့ရှိသည်။ ကာလအတန်ကြာလတ်သောအခါ ထိုမိန်းမ၌ ပဋိသန္ဓေရှိလေသည်။ ထိုမိန်းမလည်း အရှက်ရအခက် ကြီလေရကား၊ နီးရာဖမ်းဆွဲရလေတော့သည်။ သန္ဓေရှင်အဖြစ် ရဟန်းကိုပင် စွဲလေတော့သည်။ ထိုတောနေသူ မြတ်ရဟန်းကလည်း မဟုတ်မမှန် မမှားယွင်းရကြောင်း ငြင်းဆိုလေသည်။ သို့နှင့် အမှုမှာအောက်ခြေတွင်မပြီးနိုင်ဘဲ ပြည့်ရှင်မင်းကြီးသို့တိုင် ရောက်လာလေသည်။ မင်းကြီးလည်း အမှုကို အမတ်မဟာပညာကျော်သို့အပ်လေသည်။ ထိုအခါ အမတ်ကြီးစီရင်သောထုံးမူကား–

မိန်းမတို့တွင် ပဒုမနီ၊ စိတ္တရနီ၊ သင်္ခိနီ၊ ဟတ္တရနီဟူ၍ လေးမျိုးရှိသည်။ ထိုလေးမျိုး၌ ဟတ္တရနီ၊ စိတ္တရနီ၊ မိန်းမနှစ်မျိုးသည် ဒွေကုတ္တိဇဂကုလဲ–ယုတ်သောမိန်းမမျိုးဖြစ်သည်။ ဟတ္တရနီ ကုလယက္ခဇာတကံ၊ စိတ္တရနီ ကုလဗျဂ္ဃဟီနံဟူ၍ ရှေးပညာရှိတို့ အမှာရှိသည်။ ဟတ္တရနီမိန်းမသော်ကား–ယက္ခာ–ဘီလူးစိတ်နှင့်တူ၍ အစားလွန်၏။ စိတ္တနီမိန်းမသော်ကား ဗျဂ္ဃာ ကျားစိတ်နှင့်တူ၍ အအိပ်လွန်၏။ ယင်းသို့လောကီ ကျမ်းဂန်လာသည်။ ဤမိန်းမသော်ကား စိတ္တရနီ လက္ခဏာပင်ရှိချေသည်။ အအိပ်လွန်ရာသော အကြောင်းရှိမည်။ ဉာဏ်ဖြင့် အမတ်ကြီး ဆင်ခြင်လေသည်။ အမှုကိုလည်း ပြီးအောင်စီရင်မည်။ ဆွမ်းကိုလည်း ပို့မြဲပို့စေဆို၍ မိန်းမ ဆွမ်းမပြတ်ပို့လေသည်။ ဆွမ်းပို့ပြီးသော် ယခင်နေရာ၌ပင် အိပ်မြဲအိပ်၍ နေပြန်သည်။

အမတ်ကြီးသည် ထိုမိန်းမဆွမ်းပို့ရာနောက်သို့လိုက်ပြီး အထောက်တော်များကို လျှို့ဝှက်ထောက်လှမ်းစေသည်။ အထောက်တော်ဖြစ်သူလည်း ထိုမိန်းမနောက်မှလိုက်၍ လျှို့ဝှက်ကြည့်ရှုလေသည်။ ထိုအခါဆွမ်းပို့အပြီး သစ်ပင်အောက်၌အိပ်လျက်ရှိသော မိန်းမအား ထိုသစ်ပင်ပေါ်၌ရှိနေသော မျောက်ထီးကြီးသည် ဆင်းလာခဲ့ပြီး၊ စပ်ယှက်မှုပြုသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။ ထိုအထောက်တော်သည် မိမိတွေ့မြင်ခဲ့ရသည့်အဖြစ်ကို အမတ်ကြီးသို့ တင်ပြလျှောက်ထားလေသည်။ အမတ်ကြီးသည် ထိုမိန်းမအား ခေါ်စေပြီး ရောက်လာသောအခါ အမတ်ကြီးက ''ဟဲ့ မိန်းမ ကျောင်းကဆွမ်းပို့၍အပြန် နင်အိပ်နေသောသစ်ပင်ထက်၌ နင့်လင်ရှိသည်။ မွေးသောအခါ မျက်နှာတွင်အမွေးပေါက်၍ မျောက်ခေါင်းကဲ့သို့ပါလိမ့်မည်ဆို၍ ထိုမိန်းမကို ပြန်စေသည်။ သန္ဓေလစေ့၍ဖွားသော် သူငယ်မှာခေါင်းမှာမျောက်ခေါင်း၊ ခြေလက်မှာ လူ့ခြေလူ့လက်၊ ဖွါးမြင်လေသည်။ ထိုအကြောင်းကို ပြည့်ရှင်မင်းကြီးကြားသိတော်မူလေသော် အမတ်ကြီးသို့ တရားဆု သပြာတစ်ထောင် ပေးတော်မူလေသည်။ ထိုတောနေရဟန်းအားလည်း ပစ္စည်းလေးပါးဒါယကာ ပြည့်ရှင်မင်းကြီး ခံတော်မူသည်။

## လျှောက်ထုံးအမှတ် (၄၄)

# ယိုးဒယား အမတ်ပဟောင်း ကံသာမြို့စားအား ချီးမြှောက်ကယ်မသည့် လျှောက်ထုံး

တစ်ရံရောအခါ ပဲခူးမင်းကျော်ထင်နော်ရထာသည် ယိုးဒယားမြို့ကို သွားရောက်တိုက်ခိုက်လေသည်။ ယိုးဒယားမင်း ဗျာသာတိရာဇာ၏အမတ် ဘွန်စောမှိုင်းသည် လက်လွတ်ထွက်ပြေးရလေသည်။ အမတ်ဘွန်စောမှိုင်းသည် မြောက်ဦးမြို့ မင်းဖလောင်းကြီး ခြေတော်ရင်းသို့ ရောက်ရှိခိုလှုံလေသည်။ ပြည့်ရှင်မင်းကြီးသည် အမတ်ဘွန်စောမှိုင်းအား အဝတ်အစားနေအိမ်များပေးပြီး၊ အမတ်မဟာပညာတော်နှင့်အတူ ထွက်ဝင်ခစားစေ။ အမိန့်ရှိလေသည်။ ထိုမှ နောက်ငါးလခန့်ကြာလတ်သော် ယိုးဒယားအမတ် ဘွန်စောမှိုင်းအရည်အချင်းကို အမတ်ကြီးသိရှိလေရာ–လျှောက်ထားသောထုံးမူကား–

အရှင်မင်းမြတ်။ ယိုးဒယားအမတ် ဘွန်စောမှိုင်းသည် လက်ရုံးရည်ထက် နှလုံးရည်ကောင်းရှိသူဖြစ်သည်။ မောဟတရားအားကြီးသူ မဟုတ်ပါ။ မူးမတ်ကောင်းတို့ လက္ခဏာရှိအင်္ဂါစုံသော မင်းသုံးရန်လိမ္မာသောဉာဏ်ရှိသူ ဖြစ်ပါသည်။ လျှောက်လေသော် ပြည့်ရှင်မင်းကလည်း ထိုသူ့နှလုံးရည်ကို ငါလည်းသိတော်မူပြီးဖြစ်သည်။ အမိန့်တော်ရှိ၍ အမတ်ဒါကာစား သမီးကိုယ်လုပ်တော်မင်းသိုကိုထုတ်၍ ပေးမြားတော်မူပြီး၊ ကံသာမြို့ကိုလည်း ပေးတော်မူလေသည်။ တစ်နှစ်ခန့်ရှိသောအခါတွင် ကံသာမြို့မြောက်ဘက် တစ်လခရီးတွင်ရှိသော ကပ္ပိရုပိမြို့မင်းကို ယဉ်ကျေးအောင် နှလုံးရည်ဖြင့်ဖြည်ဖြောင်း၍ ကန်သာမြို့စား ဘွန်စောမှိုင်းနှင့် မိတ်ဆွေဖြစ်ကြလေသည်။ ကပ္ပိရုပိမင်းမာရသွန်သည် သမီးနာလိမလ္လာကိုဆက်သွင်း၍ ဒါးမကျိုး၊ လှံမကျိုးပဲ ကပ္ပိရုပိမင်းခြေသော်ရင်းသို့ ဝင်ရောက်လာရလေသည်။

တစ်နေ့သောအခါ ပဲခူးမင်းကျော်ထင်နော်ရထာကစေဟန်နှင့် လူနှစ်ယောက်သည် ကြိမ်တလီလမ်းက လာကြလေသည်။ တောင်ခွင်စားကခေါ်ချေသော်–အတွေ့မခံ၊ စာကိုပစ်ချခဲ့ပြီး ထွက်ပြေးလေသည်။ တောင်ခွင်စားသည် ထိုစာကိုယူခဲ့ပြီး ပြည့်ရှင်မင်းထံ ဆက်သလေသည်။ ထိုစာကိုထည့်သော စာထုပ်တံဆိပ်လက်မှတ်ကိုကြည့်ပြီး ဖွင့်ဖြေ၍ ကြည့်ရှုရာ စာတွင်ပါသည်ကား–

အမတ်ဘွန်စောမှိုင်းသည် ကျေးဇူးသစ္စာကိုစောင့်သိရိုသေစွာ အမှုတော်ထမ်းဆောင်၍ ရက္ခပူရတိုင်းကို အလိုတော်ပြည့်လျှင် ပိတ်ခလုံမြို့စား သနားတော်ခံစိမ့်မည်။ မင်းတို့စကား ဆင်စွယ်ပမာဖောက်ပြန်ခြင်းမရှိ ပကတိထားတော်မူ၍ ရက္ခပူရတိုင်းသို့ စေတော်မူလိုက်သည်။ သုံးနှစ်ကျော်ရှိပြီ၊ မည်သို့ အကြောင်းအရာ မည်သည့်ရက်လ ချီသော်မူကား အရေးတော်ကုန်မည်။ ထိုပြည်၌မှူးမတ်မြို့စား မည်သူတို့နှင့် ပေါင်းဖက်ညီညွတ်မိသည်များကိုနှလုံးရည် ပြည့်ဝသည့်အတိုင်း စေလူရောက်ချိန်သင့်လျက် မရောက်မလာသည်မှာ မပေါက်မရောက် မစေသာ၍သာကြာလေသည်။ ယိုးဒယားမင်းအမတ်ဖြစ်သော်လည်း၊ မှူးကောင်းမတ်ကောင်းတို့အင်္ဂါ ပြည့်စုံသူဖြစ်၍ ပညာအလျှောက်ယုံကြည်စေ သုံးတော်မူသည်။ အမှုကိုဉာဏ်ဖြင့် ကြံပြီးသော် မှာတော်မူရင်းအမှုစကားရောက်အောင်လျှောက်တင်စေလွှတ်မှ ပညာရှိအင်္ဂါမြောက်မည်။

ယင်းသို့ စာတွင်ပါလာသည်ကိုကြားတော်မူလေရာ အမတ်ကြီး မဟာပညာကျော်ပြည့်ရှင်မင်းထံလျှောက်ထုံးမှုကား–

အရှင်မင်းမြတ်။ မင်းနှင့်အမတ်တို့၌ ဝက်တရိတေဒ–ကြံနည်းဖြင့် ကြံရာသောအကြောင်းသည်လည်း ဥပ္ပကပ်ဉာဏ်– ဥပါယ်တမည်ဖြင့်စဉ်းလဲ၍ အမှာအတား စကားရောက်ပေါက်ရှိသည်ဟူလျက် တိုင်းပြည်၌ရှိသော မလိုသူတို့ကို သေစေကြောင်း စကားအမှာအထား စာပေးချ၍ကြံခြင်း။ ပယောဂဉာဏ်ဖြင့် အင်း မန္တာန် ဆေးဝါး ယတြာပြု၍ ထိုသူအား သေစေမှုကြံခြင်း ထိုသို့နှစ်မျိုးရှိပါသည်။

တစ်ကြောင်းမူလည်း– အကြည်တော် ကျော်ထင်နော်ရထာမင်းသည် တစ်ပါးနိုင်ငံ၌ မင်းပြုလျက် စစ်မက်အလိုကြီးစွာ သတ္တဝါအပေါင်း သေကြေပျောက်ဆုံး လက်ရုံးမာနထောင်လွှား၊ မတရားအကျင့်အကြံ၊ ဘုရားစသော သူတော်ကောင်းတို့ မနှစ်လိုသောအယူနှင့်နေလေသော် ထိုမင်းအား မိမိတိုင်းသူ ပြည်သားတို့ကလည်းကောင်း အခြားတိုင်းတစ်ပါးသားတို့ကသော်လည်းကောင်း၊ ငြိငြင်ကြ၍ပျက်ဆီးစေလိုခြင်းရှိ၍ နှလုံးဖြင့်ဖန်လေသော ဉာဏ်။ “ခြီထဲခဲပစ်”ပြသောအကြောင်းလည်း ရှိရာပါသည်။ ယင်းသို့သောအကြောင်းတစ်ခုနှင့် စာသာဖြစ်ပါသည် ကံသာမြို့စာ ဘွန်စောမှိုင်း ကျေးဇူးသစ္စာတော်

ကို ဖောက်ပြန်စဉ်းလဲသဖြင့် ထိုစာတွင်ပါသည့်အတိုင်း ကျင့်ကြံဝင်ရောက်လာသူ မဟုတ်ပါ။ လျှောက်လေသော်–ပြည့်ရှင်မင်းကြီးလည်းကြိုက်တော်မူ၍ ကန်သာမြို့စားအမတ်ဘွန်စောမှိုင်းကိုခေါ်၍ မှူပင်မေးတော်မမူ ''သို့သံ–ဟူသော အမည်ကိုထပ်၍ ပေးပို့သနားတော်မူလေသည်''

## လျှောက်ထုံးအမှတ် (၄၅)

## ယော်ကျွန်လေုံးတင် အမ်းမြို့စားတောင်းရာ၌ လျှောက်ထုံး

တစ်ရံရောအခါ အမ်းစား ချစ်သူသေလွန်၍ ပြည့်ရှင်မင်းယော်ကျွန် လေုံးတင်က အမ်းစားအရာကို မင်းထံလျှောက်တောင်းလေသည်။ ပြည့်ရှင်မင်းက အမတ်ကြီး မဟာပညာကျော်ကိုဆိုချေတော့ အမိန့်တော်ရှိလေရာ လေုံးတင်လည်း အမတ်ကြီးထံ လာ၍ အကြောင်းကိုဆိုလာသည်။ ''အမတ်ကြီးက ယခု စားနေသော ခွန်သေရ သဘော်ကင်းသာကောင်းသည်။ အမ်းစားအရာနှင့်မတော်'' ယင်းသို့ဆိုလိုက်သည်ကို လေုံးတင် မနေ၊ ယော်ကျွန်ဖြစ်သောဂုဏ်ကိုကိုးစားလျက် နံနက်မင်းပွဲခံသောအခါ လျှောက်ပြန်လေသည်။ ပြည့်ရှင်မင်းက အမတ်ကြီးကိုမေးတော်မူရာ အမတ်ကြီး လျှောက်သည်ကား–

အရှင်မင်းမြတ်။ ရေမြေကိုအစိုးရသောမင်းတို့၌ အနီးအဝေးမရွေးသာ၊ ပြည်ကျိုး မင်းကျိုးနှစ်မျိုးသိတတ်သူအား မင်းနီးပါး၌လည်းကောင်း၊ အဝေး ကျေးရွာစားပေးရာ၌ လည်းကောင်း၊ ပြည်ကျက်သရေရှိ၍ ပြည့်ရှင်မင်း၌ ပစ္စုပ္ပန် သံသရာနှစ်ဖြာသောအကျိုး ရှိလှသည်ပင်ဖြစ်သည်။ မလိမ္မာသောသူတို့ကျိုးပြစ် မသိ၊ မိမိစိတ်ကြိုက် မင်းလိုလိုက် သည်ဟူလျက် ပြည်သူတို့ထံ၊ ထုခွန်ဘဏ္ဍာ များစွာယူငင်၊ ပြည့်ရှင်နှလုံးသင့်စေရန် ချီးမြှင့်ပေးကမ်းခြင်းပြုလေက ပြည်ရွာ မသာယာ၊ သတ္တဝါပင်ပန်းချေက ထိုသူကြောင့် မင်း အပါယ်လားရာသည်။ တစ်ကြောင်းမူလည်း သူတစ်ယောက်ကိုသဒ္ဒါတော်မူ၍ တိုင်းပြည်မြို့ရွာ၊ ပြည်သူရွာသား အပျက်မခံကောင်းပါ။ ယော်ကျွန်တော်လေုံးတင်သည် ပညာရှိနှင့် ပေါင်းဖက်ခြင်းမရှိ၊ ကြက်တိုက်အန်ခတ်၊ စောင်းငြင်းပတ္တလား၊ သောက်စား ပျော်ရွှင်မှုနှင့်သာ နေမိနေရာ၊ ဆိုမိဆိုရာ ပညာမရှိပါ။ ထိုသူအား တစ်မြို့တစ်ရွာစားချေသော်

မြို့ရှာပျက်၍ သတ္တဝါပင်ပန်းခြင်းသို့ရောက်မည်အမှန်ဖြစ်ပါသည်။ အပါးတော်တွင်သာ ဝမ်းစာဝရုံပေးလျက် ထားသင့်ပါသည်။ လျှောက်လေသော် ပြည့်ရှင်မင်းလည်း ကြိုက်တော်မူ၍ လေုံးတင်ကို စားမြဲသဘော်ကာင်းနှင့်သာ ထားတော်မူလေသည်။ အမ်းစား နေရာကိုမူကား ကံသာမြို့စား သို့သံ၏ညီ ဗြဲကွန်ဆိုင်ကို ဗြသမ္မန်အမည်နှင့် မြို့စား ပေးတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၄၆)

# ထားဝယ်သား တစ်ထောင်ခန့်ခိုဝင်လာရာ၌ လျှောက်ထုံး

တစ်ရံရောအခါ ထားဝယ်စား အလောမှူတတ်ညွှန့်သည်ယောကျ်ား၊ မိန်းမ လူပေါင်းတစ်ထောင်မျှနှင့် ဝင်ရောက်လာသည်။ ထိုသောအခါအမတ်ကြီး မဟာပညာ ကျော်လျှောက်ထားသည်ကား–

အရှင်မင်းမြတ်။ ။ တတ်ညွှန့်တို့သည် ရှေးဘေးတော်များ လက်ထက် မရိမ်ချောင်း နေ မြို့ကိုးခေါင်းအမျိုးသားတို့ ငြိမ်သက်စွာမနေ၊ မြို့ရွာကိုတိုက်ဖျက်၊ လုယက်ဆိုးသွမ်း ယုတ်ကြမ်းသောအကျင့်ကြောင့် ထိုအရပ်က သင်းတို့ကိုခေါ်၍ ဘိတော်ဒသရာဇာမင်းက မာန်အောင်ကျွန်းတွင် ချထားတော်မူရာတစ်နှစ်ခန့်ရှိသောအခါတွင် ထွက်သွားလေ၍ ယိုးဒယားနှင့် ပဲခူးနှစ်ပြည်အကြားတွင်နေလေရာ မြို့ကိုထားဝယ်တွင်လေသည်။ ယင်းတို့ နှင့်တူသော ဇာတိရင်းဥပမာသော်ကား–တော၌ကြီးပြင်းသော သတ္တဝါကို၊ လူယူ၍မွေး ထားလေသော် တစ်ပါးသောအကောင်ဖြစ်လျှင် ယဉ်ကျေးပျော်ပိုက်ကြသည်ပင်၊ တော ကြက်အမျိုးသည်ကား လုံ့စွာထားမှနေပါသည်။ မလုံလွတ်ချေမူ၊ တောသို့သာသွားလေ သည်။

ထို့အတူ မြို့ ထားဝယ်၊ ပသျှူး၊ လေးတူး၊ ချင်း၊ လင်းကဲ၊ ကချင် အမျိုးသားတို့ သည် တောကြက်နှင့်တူပါသည်။ တိုက်ယူလုယက်စားသောက် မပြုရသော် အရှည်နေမည့် လူမျိုးမဟုတ်ပါ။ လူနေမြို့ရွာ အနီးအပါးထားချေမူ သင်းတို့ သွေးဆောင်ရာပါ၍ လူဆိုး ကြောင့် လူကောင်းပျက်တတ်ပါသည်။ သင်းတို့ချည်းတစ်စုတည်း အုန်းကျွန်းမှာချထား ၍ အုန်းသီးဘဏ္ဍာကိုသာ သင်းတို့က နှစ်စဉ်ဆက်သွင်းစေရမည်။ လျှောက်လေသော် ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူသည်။ မြို့ ထားဝယ်တို့ကိုအုန်းကျွန်းမှာ ချထား လေသည်။

## လျှောက်ထုံးအမှတ် (၄၇)

# ခမည်းတော်နန်းဟောင်းရာ ဖျက်သင့်၊ မဖျက်သင့် လျှောက်ထုံး

အခါတပါး၌ ဒါဂါမြို့စားထံသို့ ကုလားသူဌေး အစလင်ဆိုသူ ရောက်လာသည်။ ထိုသူဌေးသည် အထက်မင်းပါကြီးသည် ကုလားဘင်္ဂါတစ်ဆယ့် နှစ်မြို့တို့ကိုသိမ်းယူစဉ် ဒါဂါမြို့၌ နန်းတော်ဆောက်လုပ်စံတော်မူခဲ့သော မြေနေရာဟောင်းတွင် တိုက်ဆောက်လိုသည်။ သို့ကြောင့် ဒါဂါစားသို့ရွှေသပြာ တစ်ထောင်ပေးပြီး ထိုမြေကိုရလိုကြောင်း ပြောလေသည်။ ဒါဂါစားက ဘုရားခမည်းတော်စံခဲ့သော နန်းတော်နေရာဖြစ်သည်။ နေတော် မဆိုဝံ့သေး၊ သူဌေး ရွှေသပြာတစ်ထောင်ကို မင်းကြီးထံဆက်သ၍ လျှောက်တင်ဦးမည်။ ယင်းသို့ဆိုပြီး ပြည့်ရှင်မင်းကြီးထံလျှောက်ထားလာသည်။ မင်းကြီးကား မည်သို့မျှမဆို၊ မဟာပညာကျော်သို့သာ ကြည့်တော်မူသည်။ ထိုသောအခါအမတ်ကြီး လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ရှေးကာလ၌ ဝါသုဒေဝမင်းသည် အယုဇ္ဈပူရတိုင်း ဒွါရာပတိမြို့တွင် မင်းပြုသည်။ ဇမ္ဗူဒီပါတစ်ကျွန်းလုံးကိုလည်း အုပ်စိုးတော်မူရသည်။ သို့ဖြစ်လျက် ထိုမင်းပျက်ချိန်နီးလတ်သော် အမျိုးမစောင့်၊ မင်္ဂလာတရား လွှတ်လေသောကြောင့် ထိုမင်း သေချင်းမလှသေရလေသည်။ ဝေသာလီမြို့တွင်လည်း ဗြဟ္မဏရာဇာမင်း၏ အနွယ်တော် ခြောက်ဆက်နောက်သရဘန်မင်း၏ အနွယ်တစ်ဆယ့်ခြောက်ဆက်အဆုံး ဗြဟ္မသိဒ္ဓိမင်းသည် ပျက်ချိန်နီးလတ်သော် မိဘတိုးဘေးအသုံးအဆောင်ကိုဖျက်၍ ရှေးမင်းတို့ အသွားအနေအစား အပြောမတူ၊ ရှေးထုံးလွှတ်သောကြောင့် ကပ်ဥပါဒ်ဆိုက်ရောက်ပျက်စီးဘူးပါသည်။

ဓညဝတီမြို့တည် မာရယူမင်းအနွယ်ငါးဆယ့်လေးဆက်အဆုံး၊ မင်းငယ် ပျော်လှစည်သူသည် ကျိုးပြစ်မသိတတ်သော သူယုတ်မာတို့စကားကိုနာ၍ ဘေးတော်ဘိုးတော် ခမည်းတော်တို့အားပြစ်မှားလျှက် ကန်သုံးဆင့်မြို့ဟူ၍ တည်ပြီးသော် ရှေးမင်းတို့ လုပ်ခဲ့သော အခမ်းအနား၊ ဘုရား၊ ပုထိုး၊ ဂူကျောင်း၊ ဇရပ်များကိုဖျက်ဆီး၍ အမတ်မိုက်တို့နှင့် ပေါင်းဖက်ပျော်ပါးနေလေသည်။ အမျိုးမစောင့် တရားမရှိလေခြင်းကြောင့် ပြည်သူတို့ ငြိုငြင်ခြင်းရှိလေသောအခါ အမတ်သုံးယောက်ပုန်စား၍ ထိုမင်းလွှန်ရလေသည်။ တိုင်းပြည်ကို ပုန်စားသူ အမတ်သုံးယောက်တို့ အုပ်စိုးကြလေသည်။

လူတို့၌ မိကြီး၊ ဘကြီးတို့လုပ်ဆောင်ထားခဲ့သောအခမ်းအနား၊ အဆောက်အဦးတို့ကို မဖျက်ကောင်းလှပါ။ ဖျက်ဆီးချေသော် အကျိုးမရှိ။ အပြစ်သာရောက်ပါကြောင်း ထုံးဟောင်းသက်သေရှိပါသည်။

ထိုသို့အမတ်ကြီး လျှောက်လေသော်ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိသည်ကား– ခမည်းတော်ဘုရားကုလားပြည်ကို ချီတော်မူသော ကာလစံတော်မူခဲ့သောစခန်း၊ နန်းတော်ရာများတွင် ကျေးရွာချထားတော်မူခဲ့သည့်အတိုင်း မပျက်စေရ။ ကြီးကျယ်အောင်ကိုသာပြုစေ။ စစ်တကောင်း၊ ဒါဂါမြို့များတွင် တည်ထားခဲ့သည့် မြို့နန်းများကိုလည်း မပျက်မစီးစေရ။ ကောင်းမွန်စွာ အစောင့်အနေနှင့်ထားစေ။ယင်းသို့ အမိန့်တော်ထားပညတ်တော်မူပြီး၊ ဒါဂါစားဆက်သော ရွှေသပြာတစ်ထောင်ကိုလည်း ပြန်ပေးတော်မူသည်။ ဒါဂါစားကလည်း ထိုရွှေကိုသူဌေးကြီးသို့ ပြန်ပေးပြီး၊ အဓွန့်ရှည် တည်တန့်အောင်နန်းတော်ရာတွင် ကျောက်မော်ကွန်းတိုင် စိုက်ထားလေသည်။

## လျှောက်ထုံးအမှတ် (၄၈)

## ပြင်မြို့ဟောင်း ဖျက်သင့်၊ မဖျက်သင့် လျှောက်ထုံး

တစ်ရံရောအခါ ပဲခူးမင်းကျော်ထင်နော်ရထာချီလာသည်ဟု ကြားလတ်သော် ပြည့်ရှင်မင်းဖလောင်းကြီးသည် ပြင်မြို့ကြီးကို ကောင်းမွန်ခိုင်ခန့်အောင်ပြုလုပ်စေသည်။ တံခါး၊ ပြအိုး၊ ကျုံး၊ မြောင်းများကိုလည်းပြုလုပ်ရမည်ဟု အမိန့်တော်ရှိလေသည်။ လုပ်ဆောင်ကြသောအခါ၌ လက်ဆေးကန်နှင့်အိုင်တို့အကြား မြို့တစ်ထပ်ဆီးကာလျက် လုပ်ရလေသည်။ ကျောက်အုတ် မလုံမလောက်ရှိသည်။ ပြည့်ရှင်မင်းကြီးက ပန်းဈေးမြောင်းဖျား တောင်ဘက်၌မြို့နှစ်ထပ်ရှိသည်မှာ ပြင်မြို့သည် ရှေကာလုပ်ဆောင်ထားခဲ့သော အရာသာဖြစ်သည်။ မြို့တံတိုင်း အဝင်မဟုတ်ပြင်မြို့ကို ဖျက်၍ယူစေ။ အမိန့်တော်ရှိလေသည်။ ထိုအခါအမတ်ကြီး မဟာကျော်လျှောက်ထုံးမူကား–

အရှင်မင်းမြတ်။ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့သင့်လျော် တင့်အပ်သော အမှု၊ လုပ်ဆောင်ထားခဲ့သမျှကို မဖျက်ဆီးကောင်းပါ။ တစ်ကြောင်းတုံလည်း လူတို့၌ အရှင်အထွတ်အထိပ်ဖြစ်သော မင်းဧကရာဇ်တို့ စံတော်မူရာ မြို့၊ နန်း၊ ထီး၊ ဗဟိုရ်စည်၊ နာရီ၊ ထိုလေးပါးတို့သည် စတုစက် ထွန်းရာမင်္ဂလာချည်းဖြစ်၍ အဟောင်းအနွမ်းဟူသမျှကို ရှေးမင်းတို့ သုံးဆောင်ဘူးသည့်ထုံးမရှိ၊ မသုံးဆောင်သင့်ပါ။

ဥပမာသော်ကား– အပင်ထက်၌ပွင့်သောပန်းသည် ထိုအပင်က ကြွေလေမူတစ်ဖန် ထိုအပင်သို့ ထိုပန်းပွင့်မရောက်နိုင်ပြီကဲ့သို့ ရှေးသူတို့လုပ်ဆောင်ထားသမျှကို မိမိနေရာတွင်သာ ဟောင်းနွမ်းဆွေးမြေ့စေရာသည်။ နောက်သားယူ၍ မင်္ဂလာမပြုအပ်။ တစ်ကြောင်းမူလည်း ရေမြင်းသနင်း မင်းတို့ကျင့်ရာ အဓိပတိသုံးရပ်ရှိပါသည်။

မင်းစက်တော်မူသောကျက်သရေနန်းတော်ဆောင်။

သဘင်ခံရာ ရာဇပလ္လင်ရှိ နန်းဆောင်။

ဘေရီစည်ကြီး ဗဟိုရ်ရှိသော နန်းဆောင်။

ထိုသုံးရပ်အဓိပတိတို့သည်လည်း ပြည့်ရှင်မင်းရှိလျှက် မဆိတ်မညံအပ်ပါ။ ယင်းသို့ ထုံးဟောင်းသက်သေနှင့် အမတ်ကြီးလျှောက်လေသော် ပြည့်ရှင်မင်းလည်း ကြိုက်တော်မူ၍ ထင်းမီးသမား ကုလားတစ်သောင်းတို့ကို အဥ္စနနဒီမြစ်ဖျားဌရှိသော ကျောက်တို့ကို ဆောင်ယူစေပြီးမှ လက်ဆေးကန်နှင့်အိုင်နှစ်ခုအကြား၊ မြို့ရိုး၊ သူရဲပြေး၊ သူရဲခို ပြအိုး၊ တံခါးရှိသမျှမကောင်း ဟောင်းနွမ်းပျက်ဆီးသည်များကိုလုပ်ဆောင်၍ သူရဲလက်နက်အစုံ၊ ကြည်းရေ အပြည့်စည်းကြပ်ပြီး မော်တင်ကြောင်း၌လည်း ဒါဂါစားကိုသဘော်နှစ်ဆယ့်ငါးစင်းနှင့်စောင့်ကြပ်နေစေသည်။ ညီတော်ကုလားတန်စားကိုလည်း ကိုယ်ရံတော် သူရဲငါးသောင်းပေးတော်မူ၍ အမတ်ကိုယ်ရံတော်ကြီးနှင့် တောင်စဉ်ချောင်းပေါက်တိုင်း၌ ပိတ်ဆို့နေစေသည်။

## လျှောက်ထုံးအမှတ် (၄၉)

## ဒီလီမြို့ကို တိုက်ယူသင့်၊ မသင့် လျှောက်ထုံး

တစ်ရံရောအခါ မောက်သူဇာမြို့စား ဥတ္တမကျော်ခေါင်က ဒီလီမြို့ကုလားပသီမင်းသည် ပြည်သူတို့ကို နှိပ်စက်ပြကျင့်လေ့ရှိသည်။ တိုင်းပြည်မြို့ရွာ မသာမယာ၊ မြို့ရွာပျက်ပြားလျက် ဆူပူသောင်းကျန်းရှိပါသည်။ ဒီလီမြို့ကို တိုက်ယူတော်မူလျှင် အလွယ်နှင့်ရပါမည်ဟူ၍ ပြည့်ရှင်မင်းဖလောင်းကြီးထံ လျှောက်ထားလာသည်။ ထိုရောအခါ အမတ်ပညာရှိ မဟာပညာကျော်လျှောက် ထုံးသော်ကား–

အရှင်မင်းမြတ်။ ရှေးဘေးတော်ဘိုးတော်မင်းများလက်ထက် ကုလားနိုင်ငံ ဒီလီမြို့သည်ရက္ခပူရ တိုင်းအပိုင်မဟုတ်ချေ။ အနောက်မျက်နှာ မောက်သူဇာမြို့ အနောက်မြောက်ဘက် ဘိလတ်မြို့တွင်အဆုံး။ ယင်းသို့ ကျောက်စာသမိုင်း ရာဇဝင်အထင်အရှားရှိပါသည်။ ဘေးတော်မင်းစောမွန်လက်ထက် အရှေ့ဘက်မင်းစော်ကဲကြီးသားမင်းဆွေသည် မြတ်စွာဘုရား သာသနာတော်မှအပဖြစ်သော အကျင့်အယူကိုသာနှစ်လိုသောမင်းဖြစ်၍ သူတော်ကောင်းပညာရှိတို့ စကားကိုမနာမယူ၊ သူယုတ်မာတို့စကားကိုသာ နာယူသောကြောင့် တရားလွတ်လျက်ရှေးကအငြိုး မပြေမကုန်သည်ဖြစ်၍ မင်းဆွေသား မင်းရဲကျော်စွာ လာရောက်ဖျက်ဆီးသောအခါ ဘေးတော်မင်းစောမွန်သည် ထွက်ပြေးရှောင်နေရသောကာလ အနောက်ဘင်္ဂါ တစ်ဆယ့်နှစ်မြို့ကိုသာရလျှက် အုပ်ချုပ်နေရလေသည်။ ထိုသောကာလဒီလီမင်းကပင်အရှေ့ဘက် ပျူ၊ တလိုင်းတို့ကို တိုက်ခိုက်စေ၍ မင်းစောမွန်ကို နန်းတင်လေသည်။ ယင်းသို့ကျေးဇူးကြောင့် ဘင်္ဂါတစ်ဆယ့်နှစ်မြို့ကို ဒီလီမင်းအပိုင် ပေးအပ်ခဲ့လေသည်။ သို့ကြောင့် မင်းတစ်ဆယ့်နှစ်ဆက်၊ နှစ်ပေါင်းတစ်ရာကျော် ဘင်္ဂါတစ်ဆယ့်နှစ်မြို့တို့ကို ကုလားမင်းပိုင်ဖြစ်ရှိခဲ့သည်။

ဘုရားခမည်းတော် မင်းပါကြီးလက်ထက်ရောက်မှသာ ရှေးရိုးအတိုင်း ဘင်္ဂါတစ်

ဆယ့်နှစ်မြို့တို့ကို သိမ်းယူတော်မူသည်။ ထိုသည့်အခါ တရားမရှိသော မင်းကဲ့သို့ အလွန်ပြ သော် ဒီလီမြို့တိုင်အောင် အလွယ်နှင့်ရမည်ကို သိတော်မူလျက် မသိမ်းမယူ။ ဝိလုပ္ပန္န နိဇက်လမင်းကဲ့သို့မပြုသင့်၊ အမိန့်တော်ရှိ၍ရှေးအစဉ် နိုင်ငံတော်ကိုသာ သိမ်းယူပြန်ခဲ့ပါ သည်။

အရှင်မင်းမြတ်။ လုယူတိုက်ဖျက်၊ သတ်ဖြတ်သုင်းဆဲ၊ လက်နိုင်သမျှပြုသောအမှု တို့သည် သူတော်ကောင်း၊ မင်းကောင်း၊ အမတ်ကောင်းတို့ အလေ့မဟုတ်ပါ။ သူယုတ် မိစ္ဆာ၊ ပညာကင်းသောသူတို့အလေ့သာ ဖြစ်ပါသည်။ ဉပမာထုံးသော်ကား–သူယုတ်တို့ အကျင့်အကြံသည် ခွေးနှင့်တူသည်။ ခွေးတို့သည် မိမိတပ်စွမ်းသောအမှုကိုမြင်လျှက်မှု ရှက်ခြင်းမရှိ။ ဒေါသပြင်းစွာ နိုင်တတ်နိုပ်စက်တတ်သောအကျင့်ရှိခြင်း၊ ခင်မင်သောကြောင့် အမျိုးစောင့်ခြင်းမရှိ၊ ကျီးတို့မှာမူကား–အကြောင်းဆိုက်ရောက်လတ်ရှိမူ၊ မိမိတို့အမျိုး ဝိုင်းအုံစုရုံးလျက်၊ အမျိုးသားချင်း နှိက်စက်လေ့မရှိ။ ကောင်းလည်းအတူ၊ ဆိုးမူ အမျှ ပြုလေ့ရှိခြင်း၊ ယင်းသို့ပမာလူမိစ္ဆာမျိုးတို့သည်လည်း၊ ခွေးကဲ့သို့ နိုင်ထက် ပြုလေ့ရှိပါသည်။ ရှေးပညာရှိတို့ ဆိုခဲ့သောအကြောင်းမှာလည်း–

ရေမရှိသောကန်၊ ဆန်မရှိသောစပါး၊ တရားမရှိသောမင်းမျိုး၊ အစိုးမရှိသောမိး၊ ထိုလေးခုသည် အလားတူရှိလေကြောင်း ထုံးဟောင်းရှိရာ၌ ရေမရှိသောကန်သည် သတ္တဝါ တို့ မှီခိုရာမရှိခြင်းကြောင့် မစည်ကားရာ။ ဆန်မရှိသော စပါးဖျင်းတို့သည်လည်း အသုံးမရှိ စွန့်ရသည်။ တရားမရှိသောမင်းမူလည်း ဆိုမိဆိုရာနှင့် တိုင်းပြည်မစည်ကားရာ၊ အစိုးမရှိ သောမိးဟူသည်ကား တန်ဖိုးရှိသည်မရှိသည်မသိ၊ အဆိုးအကောင်းမခွဲခြား၊ လောင်မိ လောင်ရာလောင်တတ်ခြင်း။ ယင်းသို့ အနိဋ္ဌလေးပါးတူကြောင်း ထုံးဟောင်းရှိပါသည်။

တစ်ကြောင်းမူလည်း ဥတ္တမကျော်ခေါင်နေရပ်(မောက်သူဇာ)ကုလား မင်းနေရပ် (လီဒီ)နှင့်အနီးအစပ်ဖြစ်ကြ၍သော်လည်းကောင်း၊ ကျေးကျွန် အမှုထမ်းချင်းသော် လည်းကောင်း၊ ရန်ရှက်တင်ကြရာ ဒေါသအလျှောက် ပျက်စီးစေလိုလျက် လျှောက်လာ သည့်အကြောင်းလည်း ဖြစ်ရာပါသည်။ မောက်သူဇာမြို့စား မတရားသောစကားကို လျှောက်လာသူအား ထိုအရပ်၌ထား၍ သင့်မည်မဟုတ်ပါ။ အမတ်ကြီးလျှောက်လေသော် ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍ တောင်ခွင်စား ဇော်တသူကိုတောင်ခွင်ကနှုတ်၍ မောက်သူဇာမြို့စား ပေးတော်မူသည်။ ကင်းစားချင်းဖိုကိုလည်း ကင်းကျေးကနှုတ်၍ တောင်ခွင်စားအရာ ပေးတော်မူသည်။ ကင်းချောင်းသားတို့သော်ထား တိုင်းနေ၊ ဆိုတိုင်း နာသောသူများဖြစ်၍ မောက်သူဇာမြို့စား ဥတ္တမကျော်ခေါင်ကို ကင်းစားအရာ၌ ထား တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၅၀)

# ဆင်ကဲကြီး သေလွန်ရာတွင် လျှောက်ထုံး

တစ်ရံရောအခါ အမတ်တော် ဆင်ကဲကြီး ဇေယျဗိုလ် ကွယ်လွန်လေသည်။ မျိုးမတ်တို့ အကြောင်းကို ပြည့် ရှင်မင်းသိတော်မူလို၍ အမတ်တွင် သက်ရှိ၊ သက်မဲ့ရှိသမျှ ပစ္စည်းစာရင်းယူရမည်။ အမိန့်တော်ရှိ လေသည်။ သို့နှင့် စာရင်းယူကြသည်။ စာရင်းယူသောအခါ ကျေးကျွန်၊ ကျွဲနွား၊ လယ်ယာ ဥယျာဉ်နှင့်မူးမတ် အဆောင်အရွက်များစာရင်း။ ငင်းပြင်ရွှေသပြာခုနှစ်ဆယ်၊ ငွေသပြာတစ်ထောင်၊ ရကြောင်း ပြည့်ရှင်မင်းကြီးထံ လျှောက်လေသော် အမိန့်တော်ရှိသည်ကား ''ဆင်ကဲကြီး ဇေယျဗိုလ်သည် ဘိုးဘိုးဆင်းသက်၍ ဆင်ကဲ အမတ်ကြီးအရာနှင့်လာသူ၊ ခမည်းတော်ဘုရား လက်ထက်တော်ကသည် ယခုတိုင်အထိအသက် ရှစ်ဆယ်ကျော်မှ သေလွန်လေသည်။ သပြာဥစ္စာမရှိသည့် အရာမှာ မည်သို့ အကြောင်းအရာရှိသည်ကို လျှောက်ထားရမည်'' အမိန့်တော်ရှိလေသည်။ ထိုအကြောင်းကို အမတ်ကြီး မဟာပညာကျော်လျှောက်ထုံးမူကား–

အရှင်မင်းမြတ်။ ။ သာကီဝင်မင်း မင်းသုဓမ္မရာဇာ၊ ပညာပဏ္ဍိတောစသော မင်းကောင်းတို့၌၊ လာဘောဓနံ–ရွှေငွေသပြာများကို မတရားသဖြင့်မယူခြင်း။ နသဘာ–သဘင်မဟုတ် သွမ်းသောအလေ့ကို မပြုခြင်း။ မုသာဝါဒစသောအမှုတို့ကို မဆိုခြင်း၊ ဟီနံဇာဂီ–ယုတ်သောသဘောရှိတတ်သော၊ အမစ္စော–မှူးမတ်တို့နှင့်ထားခြင်း။ တထာဂတာ– အလာအသွား၊ အစားအအိပ် အပြောအဆိုအနေတတ်သော ရာဇဉာ–မင်းတို့ စိုးသောနိုင်ငံသည် အလွန်သာယာဘွယ်ရှိ၏။ သူတော်ကောင်းတို့၌လည်း အပေါင်းသင့်ရာသူတော် အချင်းချင်း၊ သူယုတ်တို့၌လည်း သင်းပင်းသင့်စွာ သူယုတ်မာချင်း။ ယင်းဆိုခဲ့ပြီးသော ရှေးပညာရှိစကား။ မင်းချစ်အပ်သောသူ။

တစ်ကျိပ်လေးယောက်သော အမတ်ကောင်းသည်–

၁။မင်းအပါယ်မှလွတ်အောင်ပြောဆိုတတ်သောသူ

၂။အကျင့်သီလပညာရှိသောသူ

၃။မင်း၏အသက်ကိုစောင့်သောသူ

၄။မင်း၏အကျိုးကိုဆောင်ရွက်တတ်သူ

၅။မင်း၌အမှုရှိသောအခါ အဖော်ရသောသူ

၆။မင်း၏ရန်သူကိုအောင်တတ်သောသူ

၇။မြို့ရွာကို စည်ပင်အောင်ပြုတတ်သောသူ

၈။မင်းအကုသိုလ်၌ပျော်ပိုက်၍
   ကောင်းကျိုးမေ့လျော့ရာကောင်းစွာ လျှောက်တတ်သောသူ

၉။တည်ကြည်သိမ်မွေ့သသူ

၁၀။အမှုကြီး ငယ်ကိုပြီးအောင်စီရင်နိုင်သသူ

၁၁။သူတစ်ပါးမသွားဝံ့သောခရီးကိုသွားနိုင်သောသူ

၁၂။သူရဲကောင်းသသူ

၁၃။အမြိန်အရသာကို ကောင်းစွာချက်တတ်သောသူ

၁၄။တိုင်းတပါးမှာရှိသသူတို့အား၊ ရောက်အောင်သွေးဆောင်ယူနိုင်သောသူ

ထိုသူတို့အားမင်းပြစ်မရောက်ရာ။

ရန်အောင်သော အကြောင်းလေးပါးမှုကား

၁။ သစ္စံ – မှန်သောစကားကိုဆိုခြင်း

၂။ ဓမ္မံ – တရားသဖြင့်ကျင့်ကြံခြင်း

၃။ ဝီရိယံ – ပညာဝီရိယရှိခြင်း

၄။ လုံ့လခေမံ – ပညာလုံ့လရှိခြင်း။

မပေါင်းအပ်သောသူ ငါးယောက်မှာကား

၁။ အအိပ်ကြူးသောသူ

၂။ ယစ်မျိုးကြိုက်သောသူ

၃။ မိုက်သောသူ

၄။ အမျိုးမစောင့်သောသူ

၅။ စဉ်းလဲကောက်ကျစ်သောသူ

စကားအရာ အင်္ဂါလေးချက်မှုကား–

၁။ သုဘာသိတဝါစာ — ကောင်းသောစကားကိုဆိုတတ်ခြင်း
၂။ ပိယဝါစာ — တရားနှင့်ညီသောစကားကိုနားဘွယ် ချစ်ဘွယ် ဖြစ်အောင်ဆိုတတ်ခြင်း
၃။ သစ္စဝါစာ — မှန်သောစကားကိုသာဆိုတတ်ခြင်း
၄။ ဓမ္မဝါစာ — တရားနှင့်လျော်သောစကားကိုသာဆို တတ်ခြင်း။

ဂတိလေးပါးမှုကား

၁။ ဆန္ဒာဂတိ — အမှားအမှန်မရွေးမူလျက် ထိုသူအလိုသို့ လိုက်တတ်ခြင်း
၂။ ဒေါသာဂတိ — အမျက်ဒေါသနောက်သို့လိုက်တတ်ခြင်း
၃။ မောဟာဂတိ — မိမိမိုက်၍မှားခြင်း
၄။ ဘယာဂတိ — ဘေးကိုကြောက်၍ လိုက်နာခြင်းစသော နည်းနာတို့နှင့်

အညီ အမတ်တော်ဆင်ကဲကြီးသည် မူးကောင်းမတ်ကောင်း အင်္ဂါနှင့် ပြည့်စုံသောသူ ဖြစ်ပါသည်။ မတရားနည်းဖြင့် ရွှေငွေကိုမရှာမှီး သည်ကြောင့် ပစ္စည်းဥစ္စာနည်းပါး ရသည်ဖြစ်ပါကြောင်းနှင့် လျှောက်လေသော်– ပြည့်ရှင်မင်းလည်းကြိုက်တော်မူ၍ အမတ် တော် ဆင်ကဲကြီးကို တိုက်တော်ကငွေထုတ်၍ သဂြိုဟ်တော်မူလေသည်။

*(ယခုခေတ်–နိုင်ငံတော်စျာပနအဖြစ် သဂြိုဟ်ခြင်းမျိုးပင်ဖြစ်သည်။)*

## လျှောက်ထုံးအမှတ် (၅၁)

## ဗလကျော်သူနှင့် တုရင်မဏိသူတို့ ခိုဝင်သည့်အရေးတွင် လျှောက်ထုံး

တစ်ရံရောအခါ အင်းဝမြို့နိုင်ငံကို ပဲခူးမင်းကျော်ထင်နော်ရထာ တိုက်ခိုက်သိမ်း ယူလေသည်။ အင်းဝမင်းစည်ကျော်ထင်ကိုလည်း လက်ရဖမ်းဆီး ယူဆောင်လာလေ သည်။ ထိုအခါ အင်းဝမင်းစည်သူကျော်ထင်၏အမတ် လောင်းရှည်စားဗလကျော်နှင့် အမြင့်မြို့စား တုရင်မဏိသူနှစ်ယောက်သည် လွတ်ရာသို့ထွက်ပြေးကြလေသည်။ ထိုသို့ ထွက်ပြေးကြရာ ရခိုင်ပြည့်ရှင်မင်းထံရောက်ရှိကြလေသည်။ ရခိုင်မင်းကစားရန် ရိက္ခာ နေအိမ်များပေးပြီး ကောင်းစွာထားတော်မူလေသည်။ တစ်လခန့်ရှိသောအခါ အင်းဝမင်း အမတ်နှစ်ဦး အရည်အသွေးကို အမတ်ကြီး မဟာပညာကျော်သို့ မေးတော်မူလေသည်။ အမတ်ကြီးမဟာပညာကျော် လျှောက်တင်သောထုံးမူကား–

အရှင်မင်းမြတ်။ လောကီလောကုတ္တရာနှစ်ပါးတွင် လောကုတ္တရာ၌ တဏှာကုန် ရာသောတရားကို မြတ်စွာဘုရားဟောကြားတော်မူသည်ကား–

အနေကဇာတိသံသရံ၊ သန္ဓာဝိဿံအနိဗ္ဗိတံ။
ဂဟကာရံဂဝေသန္တော၊ ဒုက္ခာဇာတိပုနပ္ပုနံ။
ဂဟကာရကဒိဋ္ဌောသိ၊ ပုနေဂေဟံနကာတသိ။
သဗ္ဗာ တေဖါသုကာဘဂ္ဂါ၊ ဂဟကူဋံဝိသခံ။
ဝိသင်္ခါရဂတံစိတ္တံ၊ တဏှာနံခယမဇ္ဈဂါ။
*(ဤစကားတော်သည် ပထမတရား)*
တဒ္ဒါနိဘိက္ခဝေအာမန္တယာမိဝေါ

ဝယဓမ္မာသခီရ၊ အပ္ပမာဒေန၊ သမ္ပါဒေထ။

*(ဤစကားတော်ကား အဆုံးတရား)*

ယင်းသို့ကျမ်းဂန်လာသည့်အတိုင်း၊ သံသရာဝဋ်တို့ကုန်ရာဖြစ်သော တဏှာ၏ အကြောင်းကို သိအပ်ရာသည်။ တဏှာကုန်ဆုံးသော်သံသရာလည်း ဆုံးလေတော့ကြောင်း ဗုဒ္ဓ၏ အစဦးနှင့်အဆုံး တရားတော်ဖြစ်ပါသည်။ ယင်းနှင့် စပ်၍သိရာသော အကြောင်း လောကီမှုမှာလည်း မင်းကောင်းမင်းမြတ်တို့ နေရပ်မြို့အင်္ဂါခုနစ်ပါးရှိကြောင်း ကျမ်းဂန် လာသည်မှာလည်း–

သာမျာမစ္စောသခါကောသော၊ ဒုဂ္ဂဥဝိဇိတံဗလံ

ရဋ္ဌါနိသိသတ္တေကေ

သိယုံပကတိထောပိစ။

ထိုသို့ကျမ်းဂန်လာရာ၌–

၁။ တရားကိုသိ၍ လိမ္မာစွာအမျိုးကိုစောင့်သောမင်းလည်းတစ်ပါး။

၂။ မင်းနှင့်တိုင်းပြည်ကျက်သရေရှိအောင်ဆောင်နိုင်သော အကျိုးအပြစ်ကိုသိ၍ လောဘ၊ ဒေါသ၊ မောဟစသော ပညာရှိအမတ်ကောင်းလည်း တစ်ပါး။

၃။ စစ်မက်မရှိတိုင်းတစ်ပါးမင်းတို့အားမိတ်ဆွေဝင်ခြင်းလည်းတစ်ပါး။

၄။ ပြည်သူတို့အခွန်ကိုမလွန်စေရ၊ မှန်သောဘဏ္ဍာ၊ ဥစ္စာရွှေငွေ၊
ဆန်ရေစပါးများခြင်းလည်းတစ်ပါး။

၅။ ကျုံး၊ မြောင်း၊ မြို့ရိုး၊ ပြအိုး၊ တန်ဆောင်းခိုင်လုံစွာ မြို့တွင်းမြို့ပြင်
သန့်စင်ရှင်းလင်း၊စက်ဆုတ်ဖွယ်မရှိစေရညီညွတ်ခြင်းလည်းတစ်ပါး။

၆။ ကျေးလက်နိုင်ငံစည်ကားခြင်းလည်းတစ်ပါး။

၇။ ရဲမက်ဗိုလ်ခြေမြင်း၊ဆင် စသောလက်နက်မီးပေါက်များခြင်းလည်းတစ်ပါး။

ယင်းသို့စုံသော တိုင်းပြည်ကိုမှသာ တိုင်းကြီးပြည်ကြီးပီ၍ မင်းကောင်းမင်းမြတ် နိုင်ငံဟူ၍ ကျမ်းဂန်လာပါသည်။ ထိုမှတပါးတည်း ပညာရှိအင်္ဂါရှိ ပြန်ပါသည်။

သုစိပုဘာဝိနိမုတ္တာ၊ ကထံသောပဏ္ဍိတော တောဘဝေ။

သုစိပုဘာနမုစ္စတာ၊ တသ္မာ ပဏ္ဍိတော ဟောတိ။

ထိုသို့ကျမ်းဂန်လာသော လေးခွန်းအကဉ္စရာနှင့်ဆင်ခြင်သော် လောင်းရှည်စား ဗလရဲကျော်သည် အင်္ဂါမရှိသူ။ မူးမတ်စဉ်အနွယ်မဝင်၊ တဒင်္ဂဖြစ်သော သူလက္ခဏာ ဖြစ်ပါသည်။ အမြင့်စားတုရင်ပဏ္ဍိမူကား ပညာဉာဏ်လျောက် ပတ်စွာမူးရိုး၊ မတ်ရိုး၊ မတ်မျိုး လက္ခဏာရှိပါသည်။ ယင်းသို့အကြောင်းလောကီ လောကုတ္တရာနှစ်ဖြာသော

ကျမ်းလာထုံးဟောင်းနှင့် လျှောက်လေသော် ပြည့်ရှင်မင်းကြီးအမိန့်တော်ရှိသည်ကား– ''လူနှစ်ယောက်အရည်ကို ငါလည်းသိတော်မူသည်ပင်'' သို့ရာတွင်ချမ်းသာလို၍ မှီခိုလာသူအား ချမ်းသာစေရာသည်။ သူမကောင်းမှုသူ၌သာ အပြစ်၊ ငါမူကား အကျိုးသားဖြစ်မည်။ မိန့်တော်မူ၍၊တုရင် မဏိသူမှာမီ ပြကင်းဗလရဲကျော်ကို ပြွန်ရှည်ကင်းစားအရာ ပေးတော်မူလေသည်။

ထိုသို့ပေးတော်မူ၍ တစ်နှစ်ခန့်ရှိမှဗလရဲကျော်သည် ကင်းခွန်ငွေကို ခိုးယူပြီး တခွေးချောင်းလမ်းက အရှေ့ပြည်သို့ထွက်ပြေးလေသည်။ ထိုသူအား ချင်းတို့ဖမ်းမိ ပို့ဆက်လာကြသည်တွင် အမတ်ကြီးလျှောက်ပြန်သည်ကား–

အရှင်မင်းမြတ်။ ။ သူယုတ်တို့အင်္ဂါ လက္ခဏာကိုကျမ်းဂန်လာသည် မှာလည်း–

အလသောစ ပမာဒေါစ၊ အနတ္တာ ဒေစသံသယော။

နိဒ္ဒါတန္တိစ တေဆိဒ္ဒေ၊ သဗ္ဗသောနံဝိယောဇယေ။

ထိုသို့သူတော်ကောင်းအမှာရှိပါသည်။

အရှင်မင်းမြတ်။ ။ သူယုတ်တို့အားဘေးရန်ရှိသောခရီးကို ရှောင်ကြဉ်သကဲ့သို့ ပညာရှိသောသူတို့ ရှောင်ကြဉ်ရမည့်အကြောင်းဖြစ်ပါသည်။ အပြစ်မပြသင့်ပါ။ လျှောက်လေသော် ပျော်ရာသာနေလေတော့ အမိန့်တော်ရှိ၍စား သုံးရန် အသပြာတစ်ရာ ပေးတော်မူပြီး၊ ပြည်မှ ထွက်ခွာခွင့်ပြုတော်မူလေသည်။

တုရင်မဏိသူကိုမူကား– ကိုယ်လုပ်တော် မောင်းမသဇင်သိုက်ကိုထုတ်၍ ပေးမြားတော်မူပြီးလျှင် ဥသလင်းချောင်းစားအရာပေးတော်မူပြီး၊ မှူးမတ်အရာနှင့် ထားတော်မူလေသည်။

တစ်နေ့သောအခါ တုရင်မဏိသူ ဥသလင်းသို့ထွက်လေရာ မြို့တို့အရပ်တွင် ထူးဆန်းသော သဘော်ပင်ကြီးတစ်ပင် တွေ့လေသည်။ ထိုအပင်နှင့်အသီးများကို ရွှေချ၍ယူခဲ့ပြီး ရွှေပဒေသာပင်ရရှိခဲ့သည်။ ယူလာရာပြည့်ရှင်မင်းကြီးက အသုံးကင်းစား ငလုံးတင်ကို အကြိုစေလွှတ်တော်မူလေသည်။ ငလုံးတင်ရလာ ကင်းဆိပ်တွင် တွေ့လေသည်။ ငလုံးတင်ရှေ့၌ပင် သဘော်သီးတစ်လုံး ကြွေကျလေသည်။ ငလုံးတင်မြင်၍ ဆိုလေသည်ကား–

''ပေါက်ကန်ပြည်သားစကားမဟုတ်၊မျက်လှည့်သည်သို့''ရှေ့။ သူဟောင်းတို့ဆိုခဲ့သည်။ ပြောင်းပြာစားတွင်သာ ကြားရသည်။ ယခုမှာ ကိုယ်တွေ့ပင်မြင်ရပြန်သည်။ သို့ဆိုပြီးမှ ထိုသဘော်သီးအကြွေကိုယူ၍ ပြန်လေသည်။ ကင်းစားငလုံးတင် ရောက်လာကြောင်းကို အမတ်ကြီးသိလေသော်–ငလုံးတင်သည် ရှေးထုံးတမ်းကို ကျွမ်းသူမဟုတ်ကောင်း ကျိုး

မကောင်းကျိုးကိုလည်း မသိသူဖြစ်သည်။ မင်းရှေ့တော်သို့မဝင်မီ လေုံးတင်ကိုခေါ်စေသည်။ လေုံးတင်ရောက်လာသော်မြင်ခဲ့သည့်အတိုင်း အမတ်ကြီးသို့ပြန်ဆိုလေသည်။ ထိုအခါ အမတ်ကြီးဆိုသည်ကား–

တိုင်းရေးပြည်မှုမဟုတ်၊ မင်းဂုဏ်သာဖြစ်သည်။ မင်းထံမလျှောက်သင့်၊ သွား၍ကြိုမြ်ကိုသာ ခန့်တော်မူရင်းအတိုင်း ကြိုချေ။ အမတ်ကြီးဆိုသော စကားကို လေုံးတင်မနာမယူ၊ မင်းထံဝင်၍ ထိုသဘော်သီးကိုသာ ဆက်ဖြစ်အောင်ဆက်လေသည်။ ပြည့်ရှင်မင်းကြီးအမိန့်တော်ရှိသည်ကား ''လေုံးတင်၊ နင့်ကို အကြိုသာလွှတ်သည်။ ထိုအပင်အသီးကို အယူလွှတ်သည်မဟုတ်။ မင်းအာဏာကိုလွှန်၍ ကျင့်သူဖြစ်သည်။'' ထိုသို့ အမိန့်တော်ရှိပြီး၊ လေုံးတင်ကို မာန်အောင်ကျွန်းသို့ပို့လေသည်။

ဥသလင်းစားဆက်သော သဘော်ပင်ကိုမူကား၊ နန်းဦးမြေတလင်းတွင်စိုက်ပြီးမှ၊ ရွှေဒေါင်းပျံခြီကာလျက် ထားတော်မူရာ ပြည်သူအပေါင်းတို့ပူဇော်၍ မင်းဖလောင်းလက်ထက် နန်းဦးတွင် ရွှေပဒေသာပင်ပေါက်သည်ဟူ၍ ရာဇဝင်ထွက်လေသည်။

## လျှောက်ထုံးအမှတ် (၅၂)

## မင်းနှင့်စပ်သော အဆောင်အရွက်နှင့်ပတ်သက်၍ လျှောက်ထုံး

တစ်ရံရောအခါ ပြည့်ရှင်မင်းကြီးက ထီးငါးစင်းကို မေးတော်မူလေသည်။ ထိုအခါ အမတ်ကြီး မဟာပညာကျော် လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ရှေးပညာရှိတို့ဆိုသောစကားမှုကား–

၁။ မင်းတို့၏ထီးငါးစင်းသည် မင်းစံတော်မူသောသလွန်ထက်ဝယ်ဖွင့်လျက် အမြဲစိုက်ထားသောထီး၊ ထိုထီး၌ ရတနာခုနစ်ပါးဖြင့် စီခြယ်ထားရာသည်။ ထိုထီးကိုမူကား ကြင့်နန်းထီးဖြူဟူသည်။

၂။ တစ်နှစ်တစ်ကြိမ် သဘင်ခံရာ ဖွင့်ဆောင်းသောထီး၌ နဝရတ်ကိုးပါး စီခြယ်ရာသည်။ ထိုထီးသော်ကား ဥရုထီးဖြူဟူသည်။

၃။ ထွက်ဝင်မပြတ် ဆောင်းသောထီးဖြူကား ရွှေရိုး၊ ငွေရိုးထွတ်နှင့် တမွတ် ထီးဖြူဟူသည်။

၄။ တစ်တိုင်းတစ်ပြည်က သံကြီး တမန်ကြီး ရောက်လတ်သော် ဆောင်းသော ထီးဖြူမူကား အရိုးအလွတ် ရွှေခြယ်ရာသည်။ အရွက်တို့၌ ရတနာကိုးပါးစီခြယ်၍ ထိုထီးကိုသော်ကား ကနက္ကဒန်ထီးဖြူဟူသည်။

၅။ ဆင်ယဉ်မြင်းယဉ်တို့၌ ဆောင်းသောထီးဖြူကိုမူကား အရိုးအလွတ် ရွှေခြယ်ရာသည်။ ထိုထီးဖြူမူကား ဘမ္ဘုတိထီးဖြူဟူသည်။ ယင်းသို့လျှင် ထီးဖြူငါးစင်းသည် ရှေးထုံးစံအတိုင်းဖြစ်ပါသည်။ ယင်းသို့လျှောက်ထားပြီး အမတ်ကြီးက မင်းကောင်း၊ မင်းမြတ်၊ ဘုရားလောင်းတို့ တတ်ရာသောအကြောင်း ကျမ်းဂန်အလာနှင့် လျှောက်ထားပြန်ပါသည်။

အရှင်မင်းမြတ်။

သုတိသမ္ဘုတိသချာစ၊ ယောဂါနိတိဝိသေသကာ၊

ဂန္ဓဗ္ဗာဂဏိကာစေဝ၊ မနုဇေဒါစ ပေါရာဏာ၊
တိကိစ္ဆာ ဣတိဟာသဉ္စ၊ ဇောတိမာယာစဆန္ဒတိ၊
ကေတုမန္တ စသဒ္ဒါစ၊ သိပ္ပါဋ္ဌာရသကာက္ကမေ။
ထိုသို့ကျမ်းဂန်လာရှိပါသည်။ မင်းမြောက်တန်ဆာငါးပါးကို ကျမ်းဂန်လာသည်ကား–

စင်္ဂါစ ဆတ္တဥဏှိသံ၊ ဖါဒုကာဋ္ဌမီဇနိ
က္ကမေက ကုမဗန္ဓာနိ၊ ဘဝန္တိပဥ္စရာဇူနံ။
ယင်းသို့အရ အနက်မူကား–

၁။ သန်လျက်လည်း တစ်ပါး
၂။ ထီးဖြူလည်း တစ်ပါး
၃။ သင်းကျစ်လည်း တစ်ပါး
၄။ ခြေနင်းလည်း တစ်ပါး
၅။ သားမြီး ယပ်လည်း တစ်ပါး။ ယင်းမှတစ်ဖန် ရှိပြန်သေးသည်။

ပဥ္စဒူရိယာ–ငါးပါးဟူသည်ကား–

အာတတံ ဝိတတဉ္စေဝ၊ အာတတဝိတတိဃနံ။
သုတိရဉ္စေဝတူရိယံ၊ ပဥ္စဂိက၊ မုဒိရိတံ။
ဟူ၍ကျမ်းဝယ်ပြသည်။ အဓိပ္ပါယ်ကား–

၁။ တစ်ဖက်ပိတ်သောစည်။
၂။ နှစ်ဖက်ပိတ်သောစည်။
၃။ အလုံပိတ်သောစည်။
၄။ တစ်ခဲနက်အသံရှိသောစည်။
၅။ အခေါင်းရှိသောစည်။

တစ်ခဲနက်သောအသံရှိသည်မှာ မောင်း၊ကြေးနင်း၊လင်းကွင်း၊ ကြေးစည်။ အခေါင်းရှိသည်ကား– ခရာ၊ ဒုံမင်း၊ ခရုသင်း၊ နှဲ၊ ပြွေ၊ တံပိုး ဟူရာသည်။

ဘုရားလောင်းတို့ဖြည့်အပ်သော ပါရမီဆယ်ပါးကိုကျမ်းဂန် ပြပြန်သည်ကား–

ဒါနံသီလဉ္စနိက္ခမံ၊ ပညာဝီရိယပဉ္စမံ။
ခန္တီသစ္စာအဓိဋ္ဌာနံ၊ မေတ္တုပေက္ခာစိမေဒသ။

ယင်းသို့ ပါရမီဆယ်ပါးတရားတော်ကို ကျမ်းဂန်အလာနှင့်လျှောက်လေသော် မင်းကြီးလည်း ကြိုက်တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၅၃)

# အတွင်းသင်းမှုးချစ်သူကို သားတော်ထွေး၏ အကြီးတော် ခန့်သင့်၊ မခန့်သင့် လျှောက်ထုံး

တစ်ရံရောအခါ၌ကား သားတော်အထွေး စောနှောင်ခင်ကို ကျေးစား မာဂရောဇ် မြို့ ကထူး၊ ဟယ်၊ မြို့တို့နေသောအရပ်ကို ပေးတော်မူသည်အတွင်း သင်းမှူးချစ်သူကို သားတော်အား အထိန်းအအုပ်၊အကြီးပြုရန် ခန့်တော်မူမည်ရှိရာ အမတ်ကြီး မဟာပညာ ကျော်လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ။ရှေးသောအခါ သီလ၊သမာဓိရှိသော ရဟန်းတစ်ဦးသည် နိဂုံးရွာ တွင် ရောက်ရှိနေထိုင်လေသည်။ ထိုရွာနေလူတို့သည် မိမိတို့၏ မိရိုးဖလာ ကိုးကွယ်လေ့ ရှိသော မှားသောစရိုက်ရှိသည့် အလဇ္ဇီရဟန်းတို့ကို ကိုးကွယ်ဆည်းကပ် လှူဒါန်းများ စွာပြုလျက် နေထိုင်ကြသည်မှာ ရှည်ကြာလှလေပြီ။ နောက်မှ ရောက်လာသောသီလ၊ သမာဓိရှိသူ ရဟန်းက ထိုရွာသားတို့အား–မသမ္မာသောအကျင့်အယူ အသိတရားကို ကြည်ညိုချေက သံသရာရှည်လျက် အပါယ်ဘုံ၌သာ လူးလာဖြစ်ရာသည်။ ယင်းသို့လျှင် တရားတော်နှင့်လျော်စွာ ဟောပြောပြသလေသည်။ ရွာသားတို့သည် ရဟန်းတရားကို သဘောမကြိုက် မနှစ်လိုရှိကြသည်။ ထို့ကြောင့် ထိုရဟန်းထံ တစ်စုံတစ်ဦးမျှ အရောက် အပေါက် အလှူအတန်းမရှိ နေကြလေသည်။ ရဟန်းလည်း အနေအစား ခေါင်းပါးလေရ အား မဂ်လာတရားမစောင့် အသေဝနာစ ဗာလာနံ သူယုတ်တို့နှင့် ပေါင်းဖက်နေလေရာ သီလ၊သမာဓိရှိသော ရဟန်းမြတ်ဖြစ်လျက် ပျက်စီးရလေသည်။သူယုတ်တို့အလိုက် စရိုက်တူ ဖြစ်ရလေသောကြောင့် မောဟဖုံးလွှမ်းသော အကုသိုလ်တရားတို့ကြောင့် ထို ရဟန်း အပါယ်သို့လားရကြောင်း ထုံးဟောင်းကျမ်းဂန်ပါသည်။

တစ်ကြောင်းတုံလည်း အနိန္ဒမပြည့်ရှင်မင်းနှင့် သင်္ဂဟပြည့်ရှင်မင်းတို့ နှစ်ဦးသား ချစ်ကျွမ်းဝင်ကြလေသောကြောင့် သရက်ချိုပင်ရှိသော သင်္ဂဟမင်း ဥယျာဉ်တော်တွင် ဥပုသ်အတူ စောင့်ကြလေသည်။ ဥပုသ်စောင့်ရာတွင် သရက်ချိုသီးကို စားကြသောအခါ အလွန်ချိုလှသောကြောင့် အရိန္ဒမမင်းက မျိုးစေ့ပေးရန် တောင်းလေသည်။ သင်္ဂဟ မင်းလည်း သဝန်တိုလျက် မျိုးစေ့မပေးရှိလေသည်။

အရိန္ဒမင်းလည်း မကျေမနပ်ရှိသည်နှင့်အရေး၌ လိမ္မာသောမင်းစေ တစ်ယောက်ကို ထိုသရက်ချိုပင်အား အရသာပျက်အောင် ဖျက်ခဲ့ရမည်ဟု မင်းမိန့်ထား၍ လွှတ်လေသည်။ ထိုသူသည် သင်္ဂဟပြည်သို့သွား၍ ရောက်လေသော် ထိုသရက်ချိုပင်ရှိသော ဥယျာဉ်မှူးထံ အစေခံပြု၍ နေလေသည်။ ထိုသူလည်း အလုပ်ကိုကောင်းစွာလုံ့လပြု၍ လုပ်ချေသော် ထိုဥယျာဉ်၌ရှိသော သူတို့ထက် စိုက်ပျိုးရာတွင် ပို၍ကျွမ်းကျင်လေသည်။ ထိုသူ၏ အရည်အသွေးကို ဥယျာဉ်မှူးမြင်သိလေရာ ဥယျာဉ်တော်ရှိအပင်တို့ကို ကောင်းစွာ ပြုစုစောင့်ရှောက်ရန် တာဝန်အပ်နှံလေသည်။

ထိုသူသည် အပင်တို့ကိုပြုစုရာ၌ သရက်ချိုပင်အနီးပတ်လည်တို့၌ ခါးတတ်သော အပင်၊ ချဉ်တတ်သောအပင်၊ ဖန်တတ်သောအပင်၊ စပ်တတ်သော အပင်တို့ကို စိုက်ပျိုးလေသည်။ ထိုသရက်ချိုပင်၌ကား မဲဒါးရေကိုသာလောင်းလေသည်။ သရက်ပင် သီးချိန်ရောက်၍ သီးလေသောအခါရှေးနှင့်မတူ ချို၊ ချဉ်၊ ဖန်၊ စပ်ရှိလေသည်။ ထိုသူ သည် ဥယျာဉ်မှထွက်လေပြီး၊ မိမိအရှင် အရိန္ဒမင်းထံသွားလေသည်။ သရက်သီး အရသာ ပျက်လေပြီအကြောင်း လျှောက်ထားလေသည်။ ထိုမျှ နတ်မင်းစားသော အဗ္ဗန္တရ သရက်သီးကဲ့သို့ချိုသော အရသာရှိသောသရက်ပင်တုံမှလည်း သူမကောင်းအောင် ဖျက်လျှင်ပျက်စီးရကြောင်း ဇာတ်နိပါတ်သက်သေ ထွက်ပါသည်။

သင်းတော်မှူးချစ်သူ အုပ်ထိန်းလေသမျှသောအမှုထမ်း၊ ကိုယ်ရံတော်၊ သင်းတော် သားဟူသမျှတို့သည် လူကြမ်းစုချည်းသာ ဖြစ်ကြလေသည်။ သင်းတော်မှူး ချစ်သူသည် လည်းကြမ်းတမ်းသော အကျင့်ရှိသူသာဖြစ်ပါသည်။ သားတော်ကို ချစ်သူထံအပ်၍ ထိန်းစေသော်သားတော်လည်း ကြမ်းတမ်းခက်ထန်သော သဘောသာရှိပါမည်။

သို့ရာတွင် ရှေးပညာရှိသူတော်ကောင်းစကား၌ သူကောင်းသား ယဉ်ပါးသည်။ သူယုတ်သားကား ရမ်းကားသည်။ ယင်းသို့စကားကိုထောက်သော် အရှင်ဧကရာဇ် သားတော်သမီးတို့သည် သူနတ်ကဲ့သို့မဟုတ်ပါချေ။ သိမ်မွေ့ယဉ်ကျေးမှုသာ ကျက်သရေ ထွန်း၍ ပညာရှိတို့အချီးအမွမ်းကို အရှည်ခံရပါမည်။ ထိုသို့အမတ်ကြီးလျှောက်လေသော် ပြည့်ရှင်မင်းကြီးလည်းကြိုက်တော်မူ၍ သင်းမှူးချစ်သူကို အထိန်းအအုပ် မခန့်မထား။ လေး

မြို့စားကို အပ်တော်မူလေသည်။

ထိုလေးမြို့စားအမတ်မူကား စိန္တကဝံမြောက်သော အမတ်မျိုးဖြစ်ခြင်းကြောင့် သားတော်သည်လည်း ပညာရှိနည်းနာရလေသည်။ ယင်းသို့ရသည်ဖြစ်ခြင်းကြောင့် သက်တော် ခုနှစ်နှစ်သားအရွယ်ကပင် သိမ်မွေ့သော နှလုံးစွဲလျက် သဒ္ဒါ၊ သီလစသော သူတော်ကောင်းဥစ္စာခုနှစ်ပါးနှင့်ပြည့်စုံပြီး၊ ပဥ္စသီလ တရားငါးပါးကို စွဲမြဲဆောက်တည်တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၅၄)

## သေသောအခါ ငရဲသို့ရောက်အပ်သူကို လျှောက်ထုံး

တစ်ရံရောအခါ၌ ပြည့်ရှင်မင်းကြီးသည် အမတ်ကြီး မဟာပညာကျော်သို့ မေးတော်မူသည်။ လူတို့သည် သေခြင်းသို့ရောက်ပြီးသောအခါ၌ မချွတ်မလွဲ ငရဲသို့ ရောက်ရသောသူကား အဘယ်ကံထိုက်သောသူသည် ရောက်အံ့နည်း။ မေးတော်မူလေသော် အမတ်ကြီး မဟာပညာကျော်လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ အရိယသစ္စံ–အရိယာစသော မြတ်စွာဘုရား၏ သာသနာတော်၌ အကျင့်ကောင်း၊ အကျင့်မြတ်ဖြင့်နေကြကုန်သော၊ ဘိက္ခူ– ရသေ့ရဟန်းတို့သည် ပုနပ္ပုနံ– ဖေါက်ပြန်လတ်၍၊ ယော– အကြင်ရဟန်းသည်၊ အလဇ္ဇိနော– အလဇ္ဇီအကျင့်ကို ကျင့်ဆောင်လျက်၊ မရဏံ– သေခြင်းသို့၊ ဘဝေ– ရောက်လေအံ့။ ယော–အကြင်ရဟန်းသည်၊ အနိဌစာဂံ– ဆောင်ယူသော၊ မောဟ– တရားပို့လေရာ၊ နိယယေ– ငရဲသို့၊ ဥပ္ပဇ္ဇတိ– ရောက်လေရာ၏။ ရဋ္ဌ– အကြင်ပြည်တိုင်းကားကို အစိုးရသောရာဇာမင်းသည်လည်း ဒသပါရမီသစ္စံ– မင်းကျင့်တရားဆယ်ပါးတို့ မကျင့်မကြံ၊ ဖေါက်ပြန်လျက်၊ မိစ္ဆါဒိဋ္ဌိ– သူယုတ်တို့ အလေ့အကျင့်ရှိသဖြင့်၊ မရဏံ–သေခြင်းသို့၊ ဘဝေ–ရောက်အံ့။ ယော–အကြင်မင်းသည်၊ အနိဌစာဂံ– ဆောင်ယူသောမောဟတရားပို့သဖြင့်၊ နိရယေ–ငရဲသို့၊ ဌိတော ဝ– မချွတ်မလွဲ၊ ဥပ္ပဇ္ဇတိ–ရောက်လေ၏။

ရဋ္ဌ– တိုင်းပြည်ကိုဖျက်ဆီးတတ်သောသူသည်လည်းကောင်း၊ မံသမစ္ဆော– သားငါးစသော သတ္တဝါတို့ကို နှိပ်စက်သတ်ဖြတ်၊ ပစ်သတ်လေ့ရှိ သောသူလည်းကောင်း၊ (မာတာမိတာစ– ပုတ္တဒါရသ၊ ဉာတကာနစ္စ–မိဘဆွေမျိုး၊ လင်သားမယားစသော သူတို့အား သေစေမှုပြုတတ်သောသူ လည်းကောင်း၊ ဘုရားစသောအရိယာပုဂ္ဂိုလ်မြတ်တို့

အားပြစ်မှာသောသူလည်းကောင်း၊ ပါပံ–မကောင်းသောစရိုက်ရှိသည်ဖြစ်၍၊ ဇီဝိတိန္ဒြေတည်းဟူသော– သက်ရှည်ရုပ်ကြာသမျှ ကာလပတ်လုံး၌၊ ဇော–တစ်ယောက်သော၊ ပူရိသော သံဝါသော– ပညာရှိနှင့်တွေ့သော်လည်း၊ ယောနိသောမနသိတာရော– ထိုပညာရှိသူတော်ကောင်းတို့၏ စကားကိုမနာယူမူလျက်၊ မရဏံ– သေခြင်းသို့၊ ဘဝေ– ရောက်လေအံ့၊ တထာ–လာခြင်း သွားခြင်း၊ အမတံ– ပြန်ခြင်း မကောင်းသော၊ မနုဿဆပတံ–အလွန်ယုတ်မာလှသော ထိုခြောက်ယောက်သောသူတို့သည်၊ စတုအပါယေ– မကောင်းလေး၍ာ အပါယ်၍ာသို့၊ ဟိန္နံအနိတ္တံ–မသူတော်တို့ နေရပ်ဖြစ်သော အပါယ်ဘုံသို့ ရောက်လေရ၏။ အမတ်ကြီးလျှောက်လေသော်–ပြည့်ရှင်မင်းလည်း အလွန်ကြိုက်တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၅၅)

# မင်းတို့ ကျင့်အပ်၊ တင့်အပ်ရာ ဘုန်းကျက်သရေကိုညွှန်ပြသော လျှောက်ထုံး

တစ်ရံရောအခါ၌ ပြည့်ရှင်မင်းကြီးက မင်းတို့ကျင့်အပ် ဘုန်းကျက်သရေကို မေးတော်မူလေသည်။ ထိုအခါ အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးမူကား–

အရှင်မင်းမြတ်။ မင်းတို့အား တင့်အပ်သည့် ခြောက်ပါးသောဘုန်းမူကား–

၁။ ဣဿရိယ – ဟူသောအစိုးရခြင်း။

၂။ ယသ – ဟူသောအခြံအရံများခြင်း။

၃။ ဓမ္မ –ဟူသောအကျင့်တရား ထိုးထွင်းဉာဏ်ပညာရှိခြင်း။

၄။ သိရိ – ဟူသောအသွားအနေ၊ အစားအပြောအဆို၊ အအိပ်၊ အဝတ်အနေ အထိုင် တင့်တယ်ခြင်း။

၅။ ကာမ – ဟူသောခပ်သိမ်းသောအမှုတို့၌ အလိုတော်ရှိလျှင် ပြည့်စုံခြင်း။

၆။ ပယတ္တ – ဟူသောကောင်းသောနှလုံးနှင့်ပြည့်စုံခြင်း။

ထို့ပြင် ပြည့်ရှင်မင်းတို့၌ စက္ခုငါးပါးသည်ရှိအပ်၏။ ထိုစက္ခုငါးပါး ဟူသည်ကား–

အရှင်မင်းမြတ်။ မံသစက္ခု၊ ပညာစက္ခု၊ ဓမ္မစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခုတို့ပေတည်း။ ထိုငါးပါး၌

၁။ မံသစက္ခု – သည်ကား မိမိ၌ရှိမြဲစက္ခု

၂။ ပညာစက္ခု–မူကား၊ မူးမတ်ပြည်သူတို့ထက်ပညာကြီးကျယ် သိမြင်သော စက္ခု

၃။ ဓမ္မစက္ခု – မူကား၊ တရားတော်ကို ထိုးထွင်းသိမြင်နိုင်သော စက္ခု

၄။ ဒိဗ္ဗစက္ခု – မူကား၊ အမှုကြီးငယ်ရောက်လာ၍ ဆိုခွင့်ရှိလတ်မူ မပွားစေရ ထိုအမှု သေရာကိုမြင်တတ်သော စက္ခု

၅။ ဗုဒ္ဓစက္ခု – မူကားရတနာသုံးပါးကို ကြည်ညိုရ၍ မြတ်စွာဘုရား ကျေးဇူးတော်ကိုသိမြင်သော စက္ခု။

ဤသို့စက္ခုငါးပါးစုံသောမင်းတို့သည် အပါယ်သို့မလားနိုင်ရာ။ ထိုမှတပါးလည်း– အရိယဝံသ ဓမ္မလေးပါးရှိ၏။ ထိုလေးပါးကား–

၁။ စီဝရသန္တော – သင်္ကန်း၌ ရောင့်ရဲလွယ်ခြင်း။

၂။ ပိဏ္ဍပါပသံန္တောသ – ဆွမ်း၌ ရောင့်ရဲလွယ်ခြင်း။

၃။ သေနာသနသန္တောသ – နေရာကျောင်း၊အိပ်ရာတို့၌ ရောင့်ရဲလွယ်ခြင်း။

၄။ ဘာဝနာရာမတာ – ကမ္မဋ္ဌာန်းစီးဖြန်းရာ၌ မွေ့လျော်ခြင်း။ ယင်းသို့ ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ရဟန်းအား၊ ဆည်းကပ်၍ ပြည့်ရှင်မင်းသည် တရားစကားနာကြားအပ်ပါသည်။

ထိုမှတပါးလည်း မြွေလေစင်းသော်ကား၊ ဆဌမုခမြွေ၊ ပုတိမုခမြွေ၊ အဂ္ဂိမုခမြွေ၊ သတ္တမုခမြွေ။ ထိုမြွေနှင့် တူသောမဟာဘုတ်လေးပါး–

၁။ ပထဝီ မဟာဘုတ်နှင့် ဆဌခုမမြွေတူ၏။

၂။ အာပေါ် မဟာဘုတ်နှင့် ပုတိမုခမြွေတူ၏။

၃။ တေဇောမဟာဘုတ်နှင့် အဂ္ဂိမုခမြွေတူ၏။

၄။ ဝါယောမဟာဘုတ်နှင့် သတ္တမုခမြွေတူ၏။

ယင်းသို့ မြွေလေစင်း– မဟာဘုတ်လေးပါးကိုလည်း၊ ရေမြေသနင်း မင်းတို့ နိုင်နင်းအပ်ပါသည်။ (မှတ်ချက်။ ဓါတ်ကြီးလေးပါး သဘာဝတရား၌ ကျွမ်းကျင်နိုင်နင်း၊ သိမြင်ခြင်းကို ဆိုလိုသည်။)

ကျမ်းဂန်၌လည်း ဘုရားမြတ်စွာသည် ဆွမ်းစားရာသောအရပ်ကို ဆိုရာ၌မူကား–

ဗုဒ္ဓေါနာမ ပစ္စန္တဇနပဒေသုအဂုဏ်နဉ္စာပေတိ။ သို့ကျမ်းလာရှိသော အကြောင်းမူကား–မြတ်စွာဘုရားသည် ပစ္စန္တရာဇ်အရပ်၌ အာရုံခံတော်မူကြောင်းကို သိရာသည်။ ထိုနည်းတူ ရေမြေမင်းသည်လည်း တင့်အပ်သော အရပ်တွင်သာ စားသုံးရာသည်။

ပြည့်ရှင်မင်း၌အံ့ခြင်း ရှစ်ပါး၊ မဟာသမုဒ္ဒရာမှုလည်း အံ့ခြင်းရှစ်ပါး၊ မဟာသမုဒ္ဒရာကဲ့သို့ မင်းတို့ တူရာသည်။

မဟာသမုဒ္ဒရာ၌ အံ့ခြင်းရှစ်ပါး

၁။ သမုဒ္ဒရာ၌ လှိုင်းတံပိုးမကင်းခြင်း။

၂။ ကမ်းသို့ ရေမလွန်ခြင်း။

၃။ အပုတ်အနံ့အမှိုက်တို့ကို ကမ်းသို့တင်ခြင်း။

၄။ မြစ်ကြီးငါးစင်း စသောမြစ်ငယ်ချောင်းငယ် တို့သို့ပြည့်အောင် ရေဝင်စေခြင်း။

၅။ ကြည်လင်စွာရှိခြင်း။

၆။ ရတနာများခြင်း။

၇။ နတ်တို့ပျော်မြူးရာရှိခြင်း။

၈။ ကြီးစွာသော ငါးရှိခြင်း။

ယင်းသို့နည်းပင် မင်းတို့၌ အံ့ဘွယ်ရှစ်ပါးမူလည်း–

၁။ ပညာထိုးထွင်းကြီးကျယ်သည်ကိုအံ့ခြင်း။

၂။ တစ်တိုင်းတစ်ပြည်တို့နှင့်မိတ်ဆွေဝင်သည်ကိုအံ့ခြင်း။

၃။ လောကီ လောကုတ္တရာ ထိုနှစ်ဖြာသောအမှု ကျမ်းဂန်စသော နေသွား၊ လ သွား၊ နက္ခတ်တာယာ၊ ဆေးဗိန္ဒောထုံးဖောင်းနည်းနာ တတ်လိမ္မာသည်ကိုအံ့ခြင်း။

၄။ ပညာရှိမှူးကောင်း၊ မတ်ကောင်းရှိသည်ကိုအံ့ခြင်း။

၅။ ဆင်ကောင်း၊ မြင်းကောင်းပေါ်များ၍ သူရဲသူခတ်လက်နက်စုံသည်ကို အံ့ခြင်း။

၆။ ပြည်သူတို့၌ အခွန်ဘဏ္ဍာခံရတည့်မတ်သည်ကိုအံ့ခြင်း။

၇။ ပြည့်ရှင်မင်း၏ ကျက်သရေကို ထွန်းစေသောအင်္ဂါ ကျိုးပြစ်သိသောမင်းမိဖုရား မင်းသား မင်းသမီးများသည်ကိုအံ့ခြင်း။

၈။ အဝေးအနီးဟူ၍ ကတိမလိုက်၊ ဖြောင့်မတ်သည်ကိုအံ့ခြင်း။

ဤရှစ်ပါးတို့သည် မင်းကောင်းမင်းမြတ်တို့၏ ကျက်သရေယင်းသို့စုံရာသည်။ လျှောက်လေသည်။

ထိုမှတစ်ပါးမူလည်း–လူတို့သာ မိကဖြစ်သော မင်းမတောင့်တအပ် သည်သုံးပါး၊ ရှေးပညာရှိဆိုခဲ့သော အရာ၌–

၁။ တစ်တိုင်း တစ်ပြည်ကို အဓမ္မပြု၍ယူလိုခြင်းငှာ မတောင့်တအပ်။

၂။ မေထုံအကြိမ်များစွာ ဖြစ်စေလိုမှု မတောင့်တအပ်။

၃။ သတ္တဝါတို့အသားကို သတ်ညှစ်စားလိုမှု မတောင့်တအပ်။

ထို့ပြင်–မင်းမသုံးအပ်သောသူ ရှစ်ယောက်ဟူသည်ကား–

၁။ အမိဝမ်းထဲမှ အင်္ဂါမစုံသောသူအားလည်း မင်းမသုံးအပ်။

၂။ အနုဆယ်ပါးဝင် ရောဂါရှိသူအားလည်း မင်းမသုံးအပ်။

၃။ ယောင်ယန်းလန့်ဖျပ် ကြောက်တတ်သောသူအားလည်း မင်းမသုံးအပ်။

၄။ ပျက်ချော်သွပ်သွမ်း ဟော့ရမ်းစကားပြောတတ်သောသူအားလည်း မင်းမသုံးအပ်။

၅။ အရှယ်လွန်၍ ထိုင်းမှိုင်းသောသူအားလည်း မင်းမသုံးအပ်။

၆။ ကျိုးပြစ်မသိ၊ ငယ်သောသူအားလည်း မင်းမသုံးအပ်။

၇။ ယစ်မျိုးကိုကြိုက်တတ်သောသူအားလည်း မင်းမသုံးအပ်။

ယင်းသို့ရှစ်ယောက်ကိုသုံးချေသော် မင်းတန်ခိုးနည်းရာသည်။ မင်းတို့ မတိုင်ပင်ရာသောသူ ငါးယောက်ဟူသည်ကား–

၁။ အရွယ်လွန်၍ ထိုင်းမှိုင်းသောသူအားလည်း မင်းမတိုင်ပင်အံ့။

၂။ ယစ်မျိုးကြိုက်သော သေသောက်ကြူးကိုလည်း မင်းမတိုင်ပင်အံ့။

၃။ ဟော့ရမ်းသော့သွမ်း ပြောတတ်သောသူအားလည်း မင်းမတိုင် ပင်အံ့။

၄။ အပြစ်ကိုမသိသော သူမိုက်အားလည်း မင်းမတိုင်ပင်အံ့။

၅။ သဘင်သည်ကိုလည်း မတိုင်ပင်အပ်။ (ဧည၀တီအရေးတော်ပုံ၌ သဘင်သည်မပါ။ လေးဦးသာဆိုသည်။ မဟာပညာကျော်လျှောက်ထုံး၌သာ သဘင်သည်ကိုထည့်၍ ငါးဦးဆိုသည်။)

မင်းခွင့်မပေးသင့်သောသူ ကိုးယောက်ဟူသည်ကား–

၁။ ရသေ့ရဟန်းကိုလည်း မင်းခွင့်မပေးအပ်။

၂။ ပုဏ္ဏားကိုလည်း မင်းခွင့်မပေးအပ်။

၃။ အရူးကိုလည်း မင်းခွင့်မပေးအပ်။

၄။ မိန်းမကိုလည်း မင်းခွင့်မပေးအပ်။

၅။ သူငယ်ကိုလည်း မင်းခွင့်မပေးအပ်။

၆။ ရတနာသုံးပါးအမှန်မသိသူအားလည်း မင်းခွင့်မပေးအပ်။

၇။ သေသောက်ကြူးအားလည်း မင်းခွင့်မပေးအပ်။

၈။ သူမိုက်အားလည်း မင်းခွင့်မပေးအပ်။

၉။ အရွယ်လွန်၍ထိုးမှိုင်းသူအားလည်းမင်းခွင့်မပေးအပ်။

ယင်းသို့အကြောင်း ရှေးသူဟောင်းတို့ ပညတ်ထားခဲ့သော ကျမ်းဂန်၌လည်း

မဟာကမ္မံ ခုဒ္ဒကကမ္မံဝါ၊ သံကမ္မံတာတုမိစ္ဆတိ။

သမ္မာရမ္ဘေနကာတဗ္ဗံ၊ သီတရာဇာတဒါတဝေ။

ထိုသို့ဆိုရာသောအဓိပ္ပါယ်၌–မဟာကမ္မံဝါ–ကြီးသော လုံ့လကိုလည်းကောင်း၊ ခုဒ္ဒကကမ္မံဝါ–ငယ်သောလုံ့လကို သော်လည်းကောင်း၊ ယံကမ္မံဝါ–အကြင်အမှုတို့ကို၊ ငါတို့ပြု

သောအကြောင်းဖြင့်၊ ဣစ္ဆတိ–ဆင်ခြင်ထောက်ရှုလျက်၊ တံကမ္မံ–ထိုအမှုတို့သည်၊ သမ္မာရမ္မေန–ဉာဏ်ပညာဖြင့်၊ တာတမ္ဗံ–ဆင်ခြင်လျက်၊ သီဟရာဇာ–ခြင်္သေ့မင်းနှင့်တူစွာ၊ သမ္မာရမ္မေန–တည်ကြည်သော ရဲရင့်ခြင်း ရှိရာ၏ ဟူ၍ မြင့်မြတ်တော်မူသော ဉာဏ်တော်စွဲရင်း ရှိသောကြောင့်၊ ပတ္တမြားကျောက်မြတ်သည် အခံကောင်း၌တင်ထားရာ ဝင်းဝင်း တောက်ပြောင်အရောင်တင်ဘိသကဲ့သို့ လည်းကောင်း၊ တိမ်ပုတ်၊ တိမ်မည်း၊ တိမ်ပြာတို့ကို၊ ဥတ္တရေ–မြောက်အရပ်ကလာသော၊ ဝါသော–လေခတ်သဖြင့်၊ ထိုအညစ်အပုတ်သန့်စင်စွာရှိလတ်ရာ၌၊ သူရိယော–နေအရောင်မိုက်လတ်သော်၊ ထိန်ထိန်လက်လက် ပြိုးပြိုး ပြက်ပြက်ထွက်သော အလျှံအရောင်ပမာ၊ ပြည့်ရှင်မင်းမြတ် ဉာဏ်ပညာတော်သည်လည်း၊ တစ်ချက်တည်း အလုံးစုံကိုသိတော်မူလေသည်။ ပြည့်ရှင်မင်းကြီးသည် အမတ်ကြီးလျှောက်သောစကားကို အလွန်ကြိုက်တော်မူလျှက်၊ အမတ်ကြီးသို့ ရွှေဆောင်ကြိမ်နှစ်စင်း၊ မင်းစီးရထား၌ မိုးလေသောတံခွန်၊ ဆင်ပေါက်တန်ဆာတို့ကို ဆုပေးတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၅၆)

## ပဲခူးမင်းတမန် စကားတောင်စားအရေး၌ လျှောက်ထုံး

တစ်ရံရောအခါ ပဲခူးမင်း ကျော်ထင်နော်ရထာက စကားတောင်စားကိုစေ၍ သမီးတော်မြတ်ရှင်စောကို ပဲခူးမင်း၏သား မင်းသားသစ္စာသို့ ပေးပါမည့်အကြောင်းနှင့် အစေရောက်လာသည်။ ပြည့်ရှင်မင်းက အမတ်ကြီးမဟာပညာကျော်သို့ မေးတော်မူလေသော် အမတ်ကြီးလျှောက်သည်မှာကား–

အရှင်မင်းမြတ်။ ပဲခူးမင်းကျော်ထင်နော်ရထာအနွယ်သည်၊ မူလအစ ဆွာချောင်း နာ၊ ကမ်းပါးမြင့်ရွာစား၏သား သဝန်ကြီး၊သဝန်ငယ်နှစ်ဦးတို့သည် တောင်ငူမြို့ကို တည် ကာ မင်းပြုလျက် အုပ်စိုး၍နေကြသည်။ ထိုစဉ် ထီးလိုင်ရှင်ဖက်တွင် အသည်သားတစ် ယောက်ယာထွန်နေစဉ် ချွတ်ထားသော အင်္ကျီပေါ်တွင် မြွေငန်းကြီးသည် အခွေပြုပြီး နေလာသည်။ ဤသို့ခေတ္တနေပြီး မြွေငန်းကြီးသည် တောင်ဘက်အရပ်သို့ ထွက်သွား လေသည်။ မြွေငန်းကြီးသွားလေသည်ကို ထီးလိုင်ကျောင်းပုဂ္ဂိုလ်မြင်လေ၍ တောင်ဘက် တွင် ကောင်းစားမည်ဆိုလေသည်။ ထို့ကြောင့် ထိုလယ်ထွန်ယောကျ်ားသည် တောင် ဘက်သို့လာခဲ့ပြီး၊ ကင်းသာအရပ်တွင် နေထိုင်လေသည်။ ထိုသူသည် မိဘမရှိသော ကရင် မငယ်ကို မွေးစားသောကြောင့် ကရင်ဘ ခေါ်ကြလေသည်။

ထိုကရင်ဘ၌ လူသူအပေါင်းအဖက်များလာသည်။ ကရင်ဘသည် တောင်ဘက် သို့သွား၍ ပေါင်းလောင်းမြစ် အရှေ့ဘက်ကမ်းတွင် ရွာတည်၍နေလေသည်။ ထိုရွာ စည်ပင်ကြောင်းကိုကြားလျှင် တောင်ငူဘုရင် သဝန်ကြီးသဝန်ငယ်တို့သည် ကရင်ဘကို ခေါ်ပြီး ထောင်မှူးခန့်လျက် တောင်ငူတွင် မင်းဖြစ်လေသည်။ ထိုကရင်ဘမှဆင်းသက်ပြီး မင်းတရားရွှေထီးအနွယ်ဖြစ်လာပါသည်။ မင်းတရားရွှေထီးအနွယ်သည် ပဲခူးမင်းကျော်

ထင်နော်ရထာ ဖြစ်လာလေသည်။ သာကီဝံသမဟာသမ္မတ၊ စူဠသမ္မတ၊ သားတော်ဖြစ်သော သရေခေတ္တရာပြည့်ရှင် ဒွတ္တပေါင်မင်းကြီး အနွယ်တော်မဟုတ်ပါ။ ယင်းသို့ရာတွင် သာကီဝင်မင်းမျိုးမဟုတ်သော ဇိနင်္ဂလအမျိုးမင်းတို့သည် တရားမစောင့် ဝိလုပ္ပန္တော လုယက်ဖျက်ဆီး ကြမ်းတမ်းဆိုးသွမ်းကြောင်းကိုလည်း ကျမ်းဂန်၌–

ဒုအာရက္ခန္တော။ တရားမစောင့် ဒုစရိုက်တရားဆယ်ပါးနှင့် နေလေ့ရှိသောသူတို့သည်၊ ကုဒ္ဒါ–မစင်ဘင်ပုတ်၌၊ သူကရော–ဝက်သည် မစက်ဆုပ်သကဲ့သို့ ပါပံ–မကောင်းမှုကို၊ ဗာလော– သူမိုက်သည်၊ နပဿတိ–မစက်ဆုပ်၊ သာက–မီး၌၊ ဝါပကာ–ပိုးဖလံတို့သည် မကြောက်သကဲ့သို့ ဗာလော–သူမိုက်သည်၊ ပါပံ–မကောင်းမှုကို၊ နပဿတိ–မကြောက်တတ်။

ထိုသို့ကျမ်းဂန်လာသည့်အတိုင်း သူမိုက်မာနသည် တံခွန်လွှားလျက်ရှိပါသည်။ ယခုအကြည်တော် ပဲခူးမင်း တမန်စကားတောင်စားသည်လည်း၊ တရားအလွတ် စကားတတ်ဖြစ်ပါသည်။ ရှေးပညာရှိ အမှာကျမ်း၌လာသော ရန်အောင်ရာသောအကြောင်းမှာ–

ဇပ္ပေန မန္တေန သုဘာသုတေန
အနုပ္ပဒါနေ ပဝေဏိယာဝါ
ယထာယထာ ယတ္တလ ဘောထအတ္တံ
တထာ တထာတတ္တ ပရတ္တမေယျ။

ထိုသို့ဆိုခဲ့ပြီးသော အဓိပ္ပါယ်သော်ကား–

အရှင်မင်းမြတ်။ ။ဇပ္ပေနအင်းအိုင် ဆေးဝါးမန္တရားဖြင့်လည်းကောင်း ရန်ကိုအောင်ခြင်း။ မန္တေန– ပညာရှိတို့နှင့် နှီးနှောတိုင်ပင်ခြင်းဖြင့်လည်းကောင်း ရန်ကိုအောင်ခြင်း။ သုဘာသိတေန–ချစ်ဘွယ်သောစကားကို ဆိုခြင်းဖြင့်လည်းကောင်း။ အနုပ္ပါဒ္ဒါနေန–တံစိုးသပြာ၊ ရွှေငွေလက်ဆောင်ပေး၍လည်းကောင်း။ ပဝေဏိယာဝေ– အဆွေအမျိုးပြု၍လည်းကောင်း ရန်ကိုအောင်ခြင်း။

ယထာယထာ–အကြင်အကြင်သို့သော အခြင်းအရာဖြင့်၊ ယတ္တ အကြင်အကြောင်းရှိရာ၌၊ အတ္တံ– အကျိုးစီးပွားတို့ကို၊ ပရတ္တမေယျ–လုံ့လဖြင့် ဆောင်ရာသည်။ ထိုသို့ ထုံးဟောင်းကျမ်းလာရှိသည့်အတိုင်း တမန်ရောက်ရာ ရှေးအမှာနိဒါန်းမှလည်း–

ရာဇဝသတီ၊ အညီကျဉ်းရုံး၊ နိဒါန်းကုံးပိမ့်၊
ရှေးထုံးစဉ်လာ၊ ပြည်အောင်ချာဝယ်၊

မဟာဓမ္မရာဇ်၊ တက်သစ်နေနွယ်၊ ဘုန်းတော်ကြွယ်၍၊ အံ့ဘွယ်မကုန်၊ သိမ်းပိုက်ချီသည်၊ ဗိုလ်ပုံတိုင်းလုံးချစ်၏။ ဆန်းသစ်စလပမာ၊ ကျက်သရေမျိုး၊ စုံပြည့်ဖြိုးသည်၊

တန်ခိုးမင်းအာဏာတည်း။ ပညာတော်မြေအထု၊ စုံစေ့မြောက်မြား၊ မှူးမတ်အားလည်း၊ ရည်သွားသိအောင်ပြလော့။ လူမှုအလွန် ခက်လှစွာ၊ ပြည်သူကိုယသား၊ ယွင်းမမှားအောင်၊ ထားရသည့်မေတ္တာနှင့်၊ ရှေးထက်စဉ်လာ မင်းတို့တမ်း။ တစ်တိုင်းတစ်ပြည် အတည် တည်ကို၊ လှည့်လည် သံစေခန်း၍။ ထောက်လှမ်းမျှော်ရှုပြအပ်ရာ၊ သူကစေပြန်၊ အတန် တန်သည်၊ တမန်ရောက်တို့လာက၊ အင်္ဂါ မူလလူ့အနေ၊ မင်းတို့ဝလေ့၊ သိစုံစေမှ၊ အတွေ့ ခံသင့်ပေ၏။ စာပေမပါ၊ လူ၏ချည်းလာများမြောက်ပဏ္ဏာ၊ မင်းကိုသာလျှင်၊ ဆက်ရာ အနည်းနည်းနှင့်၊ ကပ်ချည်းလိုကြောင်းဆိုပစေ။ မင်းတို့ကျင့်ဝတ်၊ယွင်းမချွတ်က၊ လာဘ် မငဲ့သာ၊ သဝဏ်စာမူ၊ မပါမှန်တို့ချေက မင်းစေတမန်သင်း မဟုတ်၊ နှုတ်ပရိယာယ် အသွယ်သွယ်လျှင်၊ ဥပါယ်ဉာဏ်ဝေဝုတ်နှင့်၊ သူယုတ် မှန်တည့်သောအခါ ထိုက်ရာပြစ် ထား၊ ဖြောင့်ပေပြားမူ၊ ပြန်သွားစေတို့ရာ၏။ တမန်အင်္ဂါစုံစေလှ၊ သဝဏ်လည်းပါ၊ ဖြစ် ပေလာသော်၊ ပညာပဏ္ဏာတနှင့် ညှိနှိုင်းယူဆမေးမြန်းစေ။ မင်းချစ်စုံမက်၊ မိတ်ဆွေဆက် သည်၊ ရန်ဖက်ရန် အပြေဟု၊ တမန်သုံးတွေ ရှိစရိုးကောင်းကျိုးအမှန်၊ စေသည့်သံမူ၊ မင်းထံဝင်ထွက်၊ စဉ်မပျက်အောင်၊ နှုတ်ဆက်ပြုရမျိုးတည့်။ ရန်ပျိုးရန်စ၊ ရောက်ပေလာ။ ပြုစုအမျက်၊ ပြင်မထွက်ဘဲ ၊ ချစ်လျက်ကဲ့ပမာသို့၊ ကောင်းမွန်လှစွာကျွေးမွေးနည်း။ သူရဲသူခက်၊ ဗိုလ်လက်နက်ကို၊ ဝင်ထွက်သိစေပြီးမှ နှစ်လည်နေ့လ၊ရှည်မကြာ တာရှည် မညောင်း၊ ပြန်သင့်ကောင်းသည်။ ထိုးဟောင်းမှန်ဘိ၊ ဉာဏ်ကဝိ။ ဤသို့ ရှေးပညာရှိတို့ အမှာလာသည်နှင့်အညီ၊ ယခုရောက်လာသော တမန်တော်စကားတောင်စား၌လည်း သဝဏ်ရွှေပေပါလျက် အစုံနှင့်ဖြစ်ပါသည်။ အတွေ့ခံတော်မူ၍ အကြည်တော်ကပေးသော သဝဏ်ရွှေပေပါသည့် အတိုင်းအမျိုးအနွယ်တော်ဆက်ကြမှ နှစ်ပြည်ထောင်သတ္တဝါ ငြိမ်း ချမ်းပါမည်။ ထိုးဟောင်းသက်သေနှင့် အမတ်ကြီးလျှောက်လေရာ ပြည့်ရှင်မင်းမြတ်လည်း ကြည်လင်တော်မူလေ၍ တမန်စကားတောင်စားနှင့် အတွေ့ခံတော်မူလေသည်။

ပြည့်ရှင်မင်းက တမန်စကားတောင်စားကို ဟံသာဝတီပြည့်ရှင် အကြည်တော် ကျန်းမာပါ၏လော။ မေးတော်မူရာ ပဲခူးမင်းတမန် စကားတောင်စားက ရာဇဓိရာဇာဖြစ် တော်မူသော အကြည်တော်ကျန်းမာတော်မူပါ၏ဟု လျှောက်ထားသောစကား ကြားတော် မူလေသော်–ပြည့်ရှင်မင်းကြီး အမိန့်တော်ရှိသည်ကား–တမန်စကားတောင်စားသည် မောဟဖုံးလွှမ်းသော ကေဝဋ္ဋပုဏ္ဏား အမျိုးဒေါသလွန်၍ အယုတ်အမြတ်ကို မသိတတ် သောသူဖြစ်သည်။ လာရင်းအတိုင်း ပါရင်းရိက္ခာကိုစား၍ပြန်စေ အမိန့်တော်ရှိလေလျှင် ယင်းသောအခါ အမတ်ကြီး မဟာပညာကျော် လျှောက်ထုံးမူကား–

အရှင်မင်းမြတ်။ ဘုရားသခင်ဆုံးမတော်မူသော သာသနာတော်ကို မတည်သော

သူသည်၊ တရားလွတ်ကင်း၍အဓမ္မပြခြင်း။ အဓမ္မဆိုတတ်ပြော တတ်သောအလေ့ရှိခြင်း ကြောင့် နှလုံးလှဆိုရာ၌လည်းလက်ရုံး အားကိုးစကား ပါလျက်ရှိကြောင်း ထုံးဟောင်းရှိပါ သည်။ စကားတောင်စားအရှင် ပဲခူးမင်းလည်း နှလုံးရည်ကိုသုံးသောမင်းမဟုတ်ပါ။ လက်ရုံး ရည်ကိုသာကြိုက်တော်မူသော မင်းဖြစ်ပါသည်။ မြတ်စွာဘုရား ဆုံးမတော်မူသော မင်း ကောင်းမင်းမြတ်တို့ စေသုံးအပ်သောသူလေးယောက်ကို ကျမ်းဂန်အဆို၌ လာသည်ကား–

ဥတ္တရေသူရမိစ္ဆန္တိ၊ မန္တေသုအကုတူတလံ။

ပိယဉ္စအန္နပါနမှိ၊ အတ္တေဇာ တေစ ပဏ္ဍိတံ။ ထိုအဓိပ္ပါယ်သော်ကား–

ဥတ္တရေယေ– စစ်မြေအရပ်၌၊ သူရံ–ရဲစွမ်းရှိသူကို၊ ဣစ္ဆန္တိ–လိုကုန်၏။ မန္တေသု– စကားကောင်းတိုင်ပင်သောအခါတို့၌၊ အကုတူတလံ–အပြစ်မရှိ ငြင်းခုံခြင်းကင်းသောသူ ကို၊ ဣစ္ဆန္တိ–လိုကုန်၏။ အန္နပါနမှိ–အရသာရှိသော အစာမျိုးကိုစားသောအခါ၌လည်း၊ ပိယဉ္စ–ချစ်ဖွယ်အမူရှိသောသူကို၊ ဣစ္ဆန္တိ–လိုကုန်၏။ အတ္တေဇာတေ–ခဲခက်သောအမှုကို လည်းကောင်း၊ ခဲခက်သော အမေးပုစ္ဆာကိုလည်းကောင်း၊ ခဲခက်သောအရပ်ဒေသ၌ လည်း ကောင်း ပဏ္ဍိတံ–ပညာရှိသောသူကို၊ ဣစ္ဆန္တိ–အလုံးစုံပြီးစေသဖြင့်–လိုကုန်၏။ ထိုသို့ ကျမ်းဂန်လာသည်။

ထိုမှတုံလည်း မင်းကောင်းယုံအပ်သောသူ ပညာရှိအင်္ဂါလေးပါးဟူရာ၌လည်း သု ဘာသိတာ–ပိယဝါစာ၊ ဓမ္မာ၊သစ္စံ၊ကျမ်းဂန်လာသည့်အရသော်ကား–

၁။သုဘာသိတာ–ကောင်းသောအမှု၊ ကောင်းသောစကားကိုသာဆိုလေ့ရှိခြင်း။

၂။ဆိုသောစကားသည်လည်း ပိယဝါစာချစ်ဖွယ်သနားဖွယ်ရှိသော စကားကို ဆို တတ်ခြင်း။

၃။ ထိုစကားလည်း ဓမ္မာ–တရားနှင့်လျော်ညီခြင်း။

၄။ ဟုတ်မှန်သောအမှုကိုသာလျှင် ကျင့်ဆောက်တည်၍၊ သစ္စံ–သစ္စာမြဲခြင်း။

ယင်းသို့ သူတော်ကောင်းတရား အမှာရှိပါသည်။ မသူတော်စိုးသောအရပ်၌ မ ထွန်းကားနိုင်ရာ။ ပညာရှိသူတော်ကောင်း မထွန်းသောအရပ်၌တရား စောင့်သုံးမှုမရှိ။ တရားမစောင့်ချေက သာသနာတော်မတည်နိုင်ရာ။ သာသနာတော်မတည်သော အရပ် တို့သည် ရက်စက်ကြမ်းတမ်းဆိုးသွမ်းလုယူ၊ နိုင်နင်း နှိပ်စက်၊ လက်ရုံးထောင်လွှား ပြ လေ့ရှိခြင်းကြောင့် သတ္တဝါတို့ပျက်စီးသေကြေများ၍ ရန်သူငါးပါး ဆက်ဆံရာဖြစ်လျက် နှင့် စည်းစိမ်မတည် ရှိလေရာသည်။ ယင်းသို့ ဘုရားစသော သူတော်ကောင်းတို့ဆိုခဲ့သော ကျမ်းဂန်ထင်ရှား ရှိနှင့်ပါသည်။ သူတော်ကောင်းပညာရှိခြင်း ပေါင်းဖက်စောင့်ထိန်းသော်၊ တိုင်းပြည်ငြိမ်းချမ်းသာယာသောအကြောင်းကို ဆိုခဲ့ပြီးသော ရာဇဝသတီနိဒါန်း၌ လာပြန်

သည်မှာလည်း–

မင်းတို့သိက္ခာ၊ စောင့်အပ်ရာသည်၊ သာသနာရေး၊ မထွေးစေရ၊ သင်္ဂဟကို၊ နိစ္စပြပေ၊ များဝေနေအား၊ တရားမှန်ကြောင်း၊ ကောင်းသောလို့လ၊ အားထုတ်မှတည့်၊ လောဘတဏှာ၊ အဝိဇ္ဇာဖြင့်၊ မိစ္ဆာကျင့်ဆို၊ စစ်မထိုးအပ်၊ ပညတ်တစ်ချက်၊ အိပ်စက်ရန့်ကြမ်း၊ ပွဲလမ်းပျော်ရွှင်၊ ထွက်ဝင်သွားလာ၊ မများစေရာ။ မှုတကာကို၊ ယုတ္တာယုတ္တိ၊ ဆင်ခြင်ညှိ၍၊ ဇာတိမြောက်မြား၊ သူ့စကားကို၊ ကြားကထိုးထွင်း၊ ချက်ချင်းသိပေ၊ ဆိုတတ်စေသည့်၊ ပရမေထူး၊ ကျေးဇူးမြတ်လှ၊ မိဘဆရာ၊ သူနာသူမွန်၊ တမန်တလိုက်၊ နှုတ်ပိုက်တစ်သွယ်၊ သူငယ်တစ်ဦး၊ အရှုးကျိုးကန်း၊ ရှေးလမ်းသက်သေ၊ ရေမြေသခင်၊ မင်းမာန်ဝင်၍၊ ပြစ်တင်ကျူးလွန်၊ မင်းဒဏ်အာဏာ၊ မပေးရာတည့်၊ ညတကာသားချင်း၊ သင်းပင်းတစ်ဖေါ်၊ ဆွေမျိုးတော်ကို၊ မလျှော်နှိပ်စက်၊ ရမ္မက်ဖုံးလွှမ်း၊ မညှင်းပမ်းကောင်း၊ တစ်ကြောင်းတစ်မှု၊ သူ့လူကိုယ့်သား၊ မမှားဂတိ၊ မငြိစေရာ၊ ဘဏ္ဍာတုပ်ခွန်၊ မလွန်ရှေးမှီး၊ အသီးအပင်၊ သည်တွင်ခံမှု၊ ဆယ်စုတစ်ပုံ၊ လုံးစုံပြီးပြေ၊ အစေအသုံး၊ ပြည့်ပခုံးက၊ စသည်ရံပတ်၊ အမတ်တို့မှာ၊ အင်္ဂါရှစ်ပါး၊ ရည်သွားနက်တိမ်၊ စည်းစိမ်နိမ့်ဖြင့်၊ ထားသင့်တတ်ပြား၊ ဂုဏ်ကိုးပါးသည်။ မင်းအားနှလုံး စောင့်သည့်ထုံး။

ပြည်ကြီးအချာ၊ ရာဇာပဝရ၊ နရိန္ဒတို့၊ ပြည်မှုမူကွပ်၊ ယုံအပ်သူအား၊ ဂုဏ်ရှစ်ပါးမှာ၊ ပညာဆန်းကြွယ်၊ ပရိယာယ်လည်း၊ ဆိုဘွယ်မရှိ၊ ကတိမြောက်မြား၊ စကားကွေ့ကောက်၊ သူတစ်ယောက်လည်း၊ ထွင်းဖေါက်သိတတ်၊ တည့်မတ်သစ္စာ၊ ပဏ္ဍာမကြိုက်၊ ရင်၌တစ်ပါး၊ မခြားမွန်စွာ၊ အာဏာတန်ခိုး၊ မိုးသို့ထစ်ထစ်၊ ပစ်လိမ့်လန့်ကြောက်၊ တစ်ယောက်မူကုန်၊ ပိုက်မြို့တိုင်းရေး၊ မတွေးထင်ပေါ်၊ ရှစ်ရပ်ကျော်၍၊ ပြည်တော်သာဘိ၊ မတ်ကဝိသည်၊ အသိပြည့်စုံ ဂုဏ်ရှစ်ပုံ။

မင်းနှင့်အမတ်၊ ညီညွတ်တစ်မူ၊ အကျင့်တူသော်၊ နတ်လူကြည်ညို၊ ဗဟိုရ်အောင်ချက်၊ ထီးကနက်လည်း၊ မပျက်စည်ထွန်း၊ ရွာသွန်းပဇ္ဇုန်၊ လုံသည် မဆောင့်၊ မထောင့်နိုင်ငံ၊ ရေဆန်မရှား၊ တောသားမရဲ၊ ခပဲသတ္တဝါ၊ အနာမထူ၊ မပူငြိမ်းချမ်း၊ မသွမ်းစစ်မက်၊ ခိုးဝှက်မရှိ၊ ဇာတိစင်ကြယ်၊ မြွက်နွယ်သစ်ပင်၊ မြင်မြင်သမျှ၊ ဆေးရသည်သာ၊ လူသစ္စာကြောင့်၊ အနာပျောက်ကင်း၊ ဥပါဒ်ရှင်း၏။ မင်းလည်းသက်ရှည်၊ ပြည်လည်းကြာညောင်း၊ ခန္ဓာပြောင်းလည်း၊ မကောင်းပါယ်ရပ်၊ မကပ်နိုင်ဘိ၊ ပညာရှိသည်၊ ဇာတိမသုံ နတ်ခြောက်ဘုံ။

ထိုသို့စကားဟောင်း စာတမ်းတွင် ညွှန်ပြထားခဲ့သော ပညာရှိစကား ကျမ်းဂန်ထင်ရှားနှင့်ဖြစ်ပါသည်။ တမန် စကားတောင်စား တရားအလွတ် လျှောက်သည်ကို

သည်းခံတော်မူမှ ခန္တီပရမံတပေါ်–သူတော်ကောင်းတရား ထွန်းလင်းမည်ဖြစ်ပါသည်။

ယင်းသို့ လောကဓမ္မအကြောင်းနှစ်ပါးကို ထုတ်ဖော်၍ အမတ်ကြီး လျှောက်လေသော် ပြည့်ရှင်မင်းမြတ် ချမ်းမြေ့ကြည်လင်တော်မူ၍ တမန် စကားတောင်စားကို ကောင်းမွန်စွာ ထားမြဲပေးကမ်းပြီးသောအခါ နှစ်လကိုဆိုတော်မူပြီးမှ လောကဓမ္မ နှစ်ပါးနားလည် တတ်ကျွမ်းသူ သံတောင်စားနှင့်အခါပေး ပုဏ္ဏားတော် စကြာဝတေးကို သံဖက်၍ ထည့်တော်မူလျက် ပြန်စေသည်။

## လျှောက်ထုံးအမှတ် (၅၇)

# ရခိုင်ပြည်၌ တရားမစောင့်သောမင်းများအကြောင်း လျှောက်ထုံး

တစ်ရံရောအခါ၌ ပြည့်ရှင်မင်းကြီးမေးတော်မူသည်ကား–''ဤရက္ခပူရ တိုင်းပြည်တွင် တရားမစောင့်သော ဝိလုပ္ပန္နော လုယက်ဖျက်ဆီးတတ်သော ဇိနင်္ဂလအမျိုး မင်းပြဘူးခဲ့လေသလော'' မေးတော်မူလေရာ–အမတ်ကြီး မဟာပညာကျော် လျှောက်ထုံး သော်ကား–

အရှင်မင်းမြတ်။ ဝေသာလီမြို့၌ ဗြဟ္မဏရာဇာမင်းမျိုးတစ်ဆယ့် ခြောက်ဆက် အဆုံး ဗြဟ္မသိဒ္ဓိမင်းလက်ထက်မင်းနှင့် အမတ် တရားလွတ်ကြလေသည်။ ထို့ကြောင့် ပြည်သူတို့လည်း ရှန်းကြမ်းဆိုးသွမ်းလျက် အဓမ္မအမှုကိုသာ ပြုကြသည်များလေသည်။ နတ်မိစ္ဆာဆိုး၊ ယက္ခဘီလူးမျိုးတို့ ဝင်ရောက်ဖျက်ဆီးကြသည်ဖြစ်၍ လူအများ သေကြေပျက်စီးကြရာ၊ မြို့ရွာပျက်ဘူးပါသည်။

ယင်းသည့်နောက် ဓညဝတီမြို့တော် မာရယုမင်းအမျိုး ငါးဆယ့်လေးဆက် အဆုံး မင်းငယ်ပျော်လှစည်သူလည်း အမတ်ယုတ်တို့၏မှားယွင်းသော စကားကို နာယူလိုက်နာမိလေသောကြောင့် တရားပျက်လေ၍ တိုင်းပြည်မသာယာရှိဘူးပါသည်။

ဇိနင်္ဂလအမျိုး ဝိလုပ္ပန္နော–လုယက်ဖျက်ဆီးတတ်သော ဟိန္ဒဇာဂံ ယုတ်နွမ်းသော အကျင့်အကြံအပြုအမူရှိသော အမျိုးကိုးဆက်မင်းမူသောအခါ တိုင်းတစ်ပါးသို့လည်း မိတ်ဆွေမဝင်၊ ရန်တင်လျက်သာပြုသောကြောင့် ထိုမင်းတို့လက်ထက် ဥတုရာသီမမှန်၊ ဓါတ်လေးပါးမညီ၍ ကောင်းကင်၌ နေလနက္ခတ် တာယာမဖြောင့်လေရာ၊ ဝသန္တဥတု ချုပ်လေ၍ အစာရှားပါး၊ခိုးသားဓါးပြတို့ကြောင့် တိုင်းပြည်ပျက်ချေသည်။

သည့်နောက် ဘေးတော် ကံရာဇာကြီးမင်း ဆက်စိုးတော်မူသည်မှ အရှင်မင်းမြတ် တိုင် သာကီဝင်မင်းမျိုးတစ်ဆယ့်ငါးဆက်တို့တွင်လည်း၊ ဝိလုပ္ပနွေ–လုယက်ဖျက်ဆီး တတ်သော နိဇင်္ဂလ–အမျိုးငါးဆက် အကြား၊အကြားဝင်၍ ဖြစ်ဘူးပါသည်။ ထိုမင်း တို့လက်ထက် သာသနာတော်ကွယ်၍ တရားမရှိမင်းနှင့် အမတ်ပြည်သူတို့ ကတိလေး ပါးလိုက်စားကြ၍ သူမိုက်သူယုတ် စည်ကားဘူးပါသည်။

အရှင်မင်းမြတ်။ ဘုရားသခင် ဆုံးမတော်မူသော သာသနာတော်သည် ခေါက်ရှာ ငှက်ပျံသကဲ့သို့ ဘုန်းပညာကျက်သရေနှင့် ပြည့်စုံသောမင်း လက်ထက်ဖြစ်လျှင် သန့်စင် ဆေးတော်မူ၍ အလဇ္ဇီကျင့်သောရဟန်း၊ အလဇ္ဇီကျင့်သောလူမရှိခြင်းကြောင့် သာသနာ တော်ထွန်းလင်းပါသည်။ အလိမ္မာမရှိ၊တရား မသိသောမင်း၊ ရာဇသုံညလက်ထက်ဖြစ် လျှင် အလဇ္ဇီရဟန်း၊ သူသွမ်းသူမိုက် ထွန်းကားလေရာ သာသနာတော်ကွယ်သည်ပင်။

အရှင်မင်းမြတ်။ ။ ဘုရားသခင်တုံသော်လည်း၊ မင်းကိုအမှီပြုလျက်၊ သာသနာ တော်ကိုထားရကြောင်း ထုံးဟောင်းကျမ်းဂန်ထွက်ရှိပါသည်။ ယင်းသို့ အမတ်ကြီးလျှောက် လေသော် ပြည့်ရှင်မင်းတရားကြီး ကြိုက်တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၅၈)

# ပြည်အင်္ဂါ၊ မင်းအင်္ဂါ၊ မှူးမတ်အင်္ဂါ စသည်များကို လျှောက်ထုံး

တစ်ရံရောအခါ ပြည့်ရှင်မင်းကြီးက ကျမ်းအလာ ဇမ္ဗူဒီပါကျွန်း၌ဖြစ်သော တိုင်းပြည်ကြီးတို့ကိုလည်းကောင်း၊ ပြည်အင်္ဂါစသောအကြောင်းအရာ အလုံးစုံတို့ကိုလည်းကောင်း၊ မေးတော်မူလေရာ– အမတ်ကြီးမဟာပညာကျော် လျှောက်ထုံးမူကား–

အရှင်မင်းမြတ်။ တိုင်းကြီးတစ်ဆယ့်ခြောက်တိုင်းကို အင်္ဂုတ္တိုရ် ဝိသာခုပေါသထ သုတ်၌ လာသည်မှာ–

သေယျထိဒံအင်္ဂါနံ၊ မာဂဓာနံ၊ ကာသီနံ၊ ကောသလာနံ၊ ဝဇ္ဇီနံ၊မလ္လာနံ၊ စေတိယာနံ၊ ဝံသာနံ၊ ကုရုနံ၊ ပဉ္စာလာနံ၊ မစ္ဆာနံ၊ သူရသေနာနံ၊ အဿကာနံ၊ အဝန္တီနံ၊ ဂန္ဓာရာနံ၊ ကမ္ဗောဇာနံ၊ ယင်းသို့ကျမ်းဂန်အရသော်ကား–

၁။ အင်္ဂါနံ – အင်္ဂတိုင်း၌လည်းကောင်း၊
၂။ မဂဓာနံ – မာဂဓတိုင်း
၃။ ကာသီနံ – ကာသိကရာဇ်တိုင်း
၄။ ကောသလာနံ – ကောသလတိုင်း
၅။ ဝဇ္ဇီနံ – ဝဇ္ဇီတိုင်း
၆။ မလ္လာနံ – မလ္လတိုင်း
၇။ စေတိယာနံ – စေတိယတိုင်း
၈။ ဝံသာနံ – ဝံသတိုင်း
၉။ ကုရုနံ – ကုရုတိုင်း
၁၀။ ပဉ္စာလာနံ – ပဉ္စာလတိုင်း

၁၁။ မဇ္ဈာနံ – မဇ္ဈတိုင်း

၁၂။ သူရသေနာနံ – သူရသေနတိုင်း

၁၃။ အဿကာနံ – အဿကတိုင်း

၁၄။ အဝန္တီနံ – အဝန္တိတိုင်း

၁၅။ ဂန္ဓာရာနံ – ဂန္ဓာရတိုင်း

၁၆။ ကမ္ဗောဇာနံ – ကမ္ဗောဇတိုင်းလည်းကောင်း။ ထိုမှတစ်ပါး၊ ကမ္ဘာ့အဘိဓါန်ကျမ်းအဆို၌လည်း တိုင်းကြီးနှစ်ဆယ့်တစ်တိုင်းဟူလျက် လာပြန်ပါသည်။

ပုံဗဟုတ္တေကုရုသက္ကာ၊ ကောသလာ မာဂဓာသိဝိ။

ကလိင်္ဂါဝန္တိ ပဉ္စလာ၊ ဝဇ္ဇိဂန္ဓာရ စေတယော။

ဝင်္ဂါဝိဒေဟာ ကမ္ဗောဇာ၊ မဒ္ဒါဘဂ္ဂင်္ဂသီတဟာ။

ကသ္မိရာကသိ ပဏ္ဍာဝါဒိ၊ သိယုံဇနပဒန္တရာ။

ထိုသို့ဆိုရာ၌ ဇနပုဒ် အလိုစာဆိုယုတ်တက်ထွက်ရှိပါသည်။ ထိုမှတုံလည်း ပြည်ကြီးနှစ်ဆယ်ကို အဘိဓါန်ကျမ်း၌ လာပြန်သည်ကား–

| | |
|---|---|
| ၁။ ဗာရာဏသီပြည် | ၁၁။ သာကေတပြည် |
| ၂။ သာဝတ္ထိပြည် | ၁၂။ ရာဇဂြိုဟ်ပြည် |
| ၃။ ဝေသာလီပြည် | ၁၃။ ကပိလဝတ်ပြည် |
| ၄။ မိတိလာတိုင်း | ၁၄။ သံသုမာရဂိရိပြည် |
| ၅။ အာဠဝီပြည် | ၁၅။ ဣန္ဒပတ္တနဂိုရ်ပြည် |
| ၆။ ကောသမ္ဗီပြည် | ၁၆။ ဥတ္တရပြည် |
| ၇။ ဥဇ္ဇေနီပြည် | ၁၇။ ဝါဋလိပုတ်ပြည် |
| ၈။ တက္ကသိုလ်ပြည် | ၁၈။ စေတုတ္တရာပြည် |
| ၉။ စပ္ပာနဂိုရ်ပြည် | ၁၉။ သင်္ကဿနဂိုရ်ပြည် |
| ၁၀။ သာဂလပြည် | ၂၀။ ကုသိနာရုံပြည် |

ထိုသို့သော တိုင်းကြီးပြည်ကြီးတို့၌ ရာဇဗြော–မင်းတို့တုပ်ခွန်ဆက်သော ကျေးလက်ခရိုင် သဘော်ဆိပ်တို့ကိုဆိုရာ သရတ္တဒီပနီကျမ်းဂန်၌လာသည်ကား–

ဇမ္ဗုဒီ ပေါ်သကဋ္ဌသဏ္ဍာနော၊ ဆနဝုတိယာ

ပဋ္ဋနကောဋိသကာသဟ သောတိ။

ဆပဏ္ဍာသရတနာက ရေဟိနဝနဝုတိယာ

ဒေါနမုခသတဆတ သောဟိ။

တိက္ခတ္တုံ တေသဋ္ဌိယာ နဂရသဟ သေယတိစ သမန္တဂတော။

ထိုသို့ပါဠိအရသော်ကား– ဇမ္ဗူဒီပေ– ဇမ္ဗူဒိပ်ကျွန်းသည်၊ သကဋ္ဌသဏ္ဍာနော– လှည်းဥပမာရှိ၏။ ဆနဝု တိယာပန္နနကော ဋ္ဌိသတသဟသေယတိ၊ ကုဋ္ဌေကိုးသန်း ခြောက်သိန်းသော သဘော်ဆိပ်တို့နှင့်လည်းကောင်း၊ ဆပဏ္ဏာသရတနာကရေဟိ–ငါးဆယ့်ခြောက်ပါးသော ရတနာမျိုးတို့စည်ကား ရာဖြစ်ကုန်သော၊ နဝနဂုတိယာ ဒေါနမုခသတသဟသေယတိ– ကိုးသန်းကိုးသိန်းသော ကျေးလက်ခရိုင်တို့နှင့်လည်းကောင်း၊ တိက္ခတ္တုံ– သုံးထပ်သေသဋ္ဌိ ယာဂရသဟသေယဟိ–တစ်သိန်းရှစ်သောင်း ကိုးထောင်သောပြည့်ရုံတို့နှင့်လည်း၊ သမန္တာဂတော– ပြည့်စုံသည်ဟု ဆိုလိုသည်။ ထိုမှတုံလည်း–

တွေ့စအပါတာရ ပရိက္ခေပေါ် သာပဏော နိဂမော။

သပကာရာ ပဏံနဂရံ တံတံဝိပရိတော

ဂါမောတိက္က မေသံ တိဏ္ဏံ ဝိသေသော ဉာတဗ္ဗော။

ဆိုရာ၌–ပတ္တေဟ ဤအရာလည်း၊ အာပါကာရပရိက္ခေပေါ်တံတိုင်း အရံကင်းလျက်၊ သာပဏော–ဈေးပွဲ ရောင်းဝယ်ကုန်သည်တို့ဖြင့် စည်ကားသောရွာသည်၊ နိဂမော–နိဂုံးလျှင်တည်း။ သပါကာရဏံ–တံတိုင်းနှင့်ဈေး စုံစွာရှိသောဌာနသည်၊ နဂရံ–မြို့ဟူရာ၏။ တံတံဝိပရီတော– ယင်းသို့ဆိုခဲ့သောအရပ်၌၊ ဈေးတံတိုင်းမရှိသော အရပ်မူကား ဂါမောရွာလျှင်တည်း။ ထိုမှတုံသော်လည်း–

ဇနပဒေါတိကေသရဉောရဇ္ဇော ကောကောဌာသောရဋ္ဌတ္တိသကလံ ရဋ္ဌံ ဒေဝိတဗ္ဗံ။ ယင်းသို့ဟူရာ၌–

ဇနပဒေါတိ–ဇနပုဒ်မည်သည်ကား၊ သကလံရဋ္ဌံ–အလုံးစုံသော ကောင်းခြင်းနှင့် ပြည့်စုံသော၊ ရဋ္ဌံ–တိုင်းကြီး ပြည်ကြီးဟူ၍၊ ဝေဒိတဗ္ဗံ–သိအပ် ၏။ ထိုမှတုံလည်း ပြည်ကြီးတို့၌၊ မြို့အင်္ဂါခုနှစ်ပါးကို သတ္တနိကယ်–ကျမ်း၌အလာသော်ကား–

ဣဓဘိက္ခဝေ–ရဉောပစ္စန္တိမေနဂရေ

ကေသိဟောတိ။ ပရိက္ခရာဟောတိ။

အနုပရိယာယပထောဟောတိ၊ ဗဟုအဝုဓံ သန္နိခိတံဟောတိ၊ ဗဟုဗလကာယော ပဋ္ဌိဝသတိ၊ ဒေါဝါရိတောဟောတိ၊ ပါကာရောဟောတိ။

ဘိက္ခဝေ– ချစ်သားတို့၊ ဣဓလောကေ–ဤလောက၌၊ ရဉော– တရား၌ လိမ္မာသောမင်း၏၊ ပစ္စန္တိမေ– အစွန်ဖြစ်သော၊ နဂရေ– မြို့၌

၁။ သေိတာ – တံခါးတံတိုင်းသည်လည်းကောင်း၊

၂။ ပရိက္ခာ – ကျုံးမြောင်းသည်လည်ကောင်း၊

၃။ အနုပရိယာယတော– သူရဲပြေးသည်လည်းကောင်း၊

၄။ ဗဟုအဝုဓံ – များစွာသောလက်နက်ကို၊ သန္နိခိတံ–စုရုံးခြင်းသည်လည်းကောင်း၊ ဟောတိ– ဖြစ်၏။

၅။ ဗဟုဗလကာယော – များစွာသောဗိုလ်ခြေသူရဲ၊ သူခက်အပေါင်းလည်း ပဋိဝသတိ–စွဲရပ်နေ၏။

၆။ ဒေါဝါရိတော – တံခါးစောင့်သောလိမ္မာသူရှိခြင်းသည်၊ ဟောတိ–ဖြစ်၏။

၇။ ပါကာရော – မြို့တံတိုင်း ခိုင်လုံခြင်းရှိသည်၊ ဟောတိ– ဖြစ်၏။

ဣမေတိ သတ္တဟိ နဂရ ပရိက္ခရေတိ– ဤခုနှစ်ပါးသော မြို့အခြံအရံအင်္ဂါတို့ဖြင့်၊ သုပရိက္ခတ္တ–ကောင်းစွာ ဝန်းရံအပ်၏။ ထိုမှတုံလည်း မင်းတို့ပြုသသော တရားခုနှစ်ပါးကို ရာဇနီတိကျမ်း၌လာသည်ကား–

သာမိသာမိနုဂေါ မစ္စော၊ ဇနပဒေါပိသဇ္ဇနော။
ဒုဂ္ဂံဒုဂ္ဂဏော ပေတံ၊ ဒဏ္ဍော ဒေါသာနုရူပတော။
တောသောအယက္ခယသမ္ပတ္တိ၊ မိတ္တဥ္စဘယသံယုတ္တံ။
သတ္တပကတိယော– ဟောန္တိ၊ ဝုတ္တာနီတိ ဝိစက္ခဏာ။

၁။ သာမိ –အစိုးရတရားလိမ္မာသောမင်းလည်းကောင်း

၂။ သာမိနုဂေါ –မင်းအလိုကိုသိတတ်သော အမဇ္ဇောအမတ်လည်းကောင်း

၃။ သဇ္ဇနောဇနပဒေါပိ– သစ္စာဓမ္မစသောသူတော်ကောင်းစေ့စုံစွာသော ဇနပုဒ် ကျေးရွာ စည်ကားခြင်းလည်းကောင်း

၄။ ဒုဂ္ဂံဒုဂ္ဂဂုဏောပေတံ – ကျုံး မြောင်း ခိုင်ခန့်စွာပြအိုး၊ တန်ဆောင်း၊ ခက်ဘွယ်ရှိသောမြို့လည်းကောင်း

၅။ ဒေါသာနုရူပတောဒဏ္ဍော– အမှုကြီးငယ်ရှိလတ်သော်၊ အဝေးအနီး မရွေးမူလျက် အပြစ်နှင့်လျော်စွာ ဒဏ်ပေးခြင်းလည်းကောင်း

၆။ အက္ခယသမ္ပတ္တိကောသော– ကျီ၊ ကျ၊ တိုက်၊ စည်၊ ဘဏ္ဍာ မကုန်နိုင်အောင်ရှိခြင်းလည်းကောင်း

၇။ ဘယသံယုတ္တံမိတ္တံ – ရန်သူရောက်သောအခါ ကူညီညာသော မိတ်ဆွေပြည်ထောင်မင်းချစ်ကျွမ်းဝင်များခြင်းလည်းကောင်း။

ဣတိ ဤသို့၊ သတ္တပကတိယော–မင်း၏ပြကတေ့ခုနှစ်ပါးတို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

ထိုမှတုံလည်း မြို့၏ကိရိယာ အစာလေးပါးကို သတ္တနိပါတ်အဂုတ္တိုရ်ကျမ်း၌

လာသည်ကား–

ဗဟုတိကာကဗျောဒကံ–သန္ဓိခိတံဟောတိ။

ဗဟုသာလိယဝတံ သန္နိခိတံဟောတိ။

ဗဟုတိလမုဂ္ဂမာသာပရဏ္ဏံသန္တိခိတံဟောတိ။

ဗဟုဘေသဇ္ဇံ သန္တိခိတံဟောတိ။

ဣမေသံစတုန္နံအဟာရာနံနိကာမလာဘီ ဟောတိ။

၁။ ဗဟုသီကာကဗျောနဒကံ– များသောမြက် ထင်း ရေကို၊ သန္တိစိတံ– စုဆောင်း၍ ရှိခြင်းလည်းကောင်း။

၂။ ဗဟုသာလိယသတံ – များသောစပါး၊ ပြောင်းကို၊ သန္နိစိတံ– လုပ်ဆောင်ရာ ကြီးကျယ် ရှိခြင်းလည်းကောင်း။

၃။ ဗဟုတိလမုဂ္ဂမာလာပရဏ္ဏံ– များသော နှမ်း၊ ပဲ၊ ဟင်းသီးဟင်းရွက်မျိုးကို၊ သန္နိစိတံ လုပ်ခင်းရှိသောအရပ်လည်းကောင်း။

၄။ ဗဟုဘေသဇ္ဇံ– များသောထောပတ်၊ ဆီဥ၊ ပျားရည်ကို သန္နံစိတံ–ဆိုက်ရောက်ပေါ် များရှိခြင်းလည်းကောင်း။

ဣမေသံစတုန္နံ အဟာရနံ – ဤလေးပါးစုံသောအစာတို့၏၊ ယတ္တ –အကြင်မြို့၌ နိဘာမလာတိ–အလိုရှိ တိုင်းပြည့်စုံသည်၊ ဟောတိ–ဖြစ်၏။ စစ်အင်္ဂါလေးပါးတို့ကို အဘိ ဓါန်ကျမ်း၌လာသည်ကား–

ဟတ္တိဿရထပတ္တိ– ဟူရာ၌

၁။ ဟတ္ထိ – ဆင် ၂။ အဿ – မြင်း

၃။ ရထ – ရထား ၄။ ပတ္တိ –ခြေသည်

(စတုရင်္ဂိနိသေနာ စစ်အင်္ဂါလေးပါးဟူရာသည်။)

မင်းတို့အားဝါးပါးကို စတ္တာလိသနိပါတ်၌လာသည်ကား–

ဗလံပဉ္စဝိဓံလောကေ၊ ပုရိသသ္မိံမဟဂ္ဂတေ။

အတ္ထဗာဟုဗလံနာမ၊ စရိမံစုရုတေဗလံ

ဘောဂဗလဉ္စဒီဃာဝု၊ ဒုတိယံဝုစ္စတေဗလံ။

အမစ္စဗလဉ္စဒီဃာဝု၊ တတိယံဝုစ္စတေဗလံ။

အဘိဇစ္စဗလဉ္စေ၊ တံစတုတ္တံအသံသလံ။

ယာနိစေတာ နိသဗ္ဗာနိ အဓိဂဏှာတိပဏ္ဍိတော။

တိဗလာနံဗလံသေဌံ၊ အဂ္ဂံပညာဗလံဗလံ။

ပညာဖလေ–နပတ္တဒွေ–အတ္တံဝိန္ဒတိ ပဏ္ဍိတော။

မဟာရာဇာ–မြတ်သောမင်းကြီး၊ ပုရိသသ္မိ–ယောကျ်ားကောင်း၌၊ ပဓဝိစံ ငါးပါးသော၊ ဗလံ–အားသည်၊ ဗဟုလတံ ဟူရာ၌–

၁။ ဗဟုသုတအကြား အမြင်ထိုးကောင်းသက်သေပြည့်စုံလိမ္မာသော နှလုံးအား သာလျှင်အရင်း၊ လက်ရုံးအားမူကား–စရိယံ–ယုတ်သောအား။

၂။ မဟာရာဇာ– မြတ်သောမင်းကြီး။ ဘောဂဗလဥ္စ–ရွှေငွေစသည့်ဘဏ္ဍာထုပ် ခွန် အမှန်ကိုခံယူ၍များစွာရှိခြင်း၊ ဒုတိယဗလံ–နှစ်ခုမြောက်သောအား။

၃။ အမစ္စဗလံ– ပညာဆန်းကြယ် နက်နဲထိုးထွင်းသော အမတ်ကောင်းရှိခြင်း၊ တတိယဗလံ– သုံးခုမြောက်သောအား။

၄။ အဘိဇစ္စဗလံ– အလွန်အမျိုးစောင့်သောအမျိုးမြတ်ခြင်း၊ တံဖလံ ထိုအား သည် စတုတ္တဗလံ–လေးခုမြောက်သောအား။

၅။ ပညာဗလံ – ပညာထိုးထွင်းသိနိုင်ခြင်း။

သဗ္ဗာနိ–ခပ်သိမ်းကုန်သော၊ ယာနိစေတာနိ–အကြင်ငါးပါးတို့ကို။ ပဏ္ဍိတော ပညာရှိသောသူသာလျှင်၊ အသံသယံ–အချွတ်မယွင်း၊ အဓိဂဏှာ တိ–လွှမ်းမိုး၏။ တံသ္မာ– ထို့ကြောင့်၊ ဗလာနံ–လေးပါးသောအားတို့ထက် ပညာဗလံ–ပညာအားကိုသာလျှင်၊ သေဋ္ဌဗလံ–ချီးမွမ်းအပ်သောအားဟူ၍၊ အဂ္ဂဗလံ–မြတ်သောအားဟူ၍–ဝူစ္စတိ– ဆိုအပ်၏။

ထိုမှတစ်ပါးတုံလည်း မင်းကျင့်တရားဆယ်ပါးကို သုဝဏ္ဏသာမ ဇာတ်၌

၁။ ဓမ္မဥ္စမဟာရာဇ(မာတာပိတု–သုခတ္တိယ။)

ဣဓ ဓမ္မံစရိက္ခာန၊ ရာဇသဂ္ဂံဂမိဿတိ။

၂။ ပုတ္တဒါရေသု

၃။ မိတ္တာမစ္စေသု

၄။ ဝါဟနေသုဗလေသစု

၅။ ဝါမေသုနိဂမေသုစ

၆။ ရဋ္ဌေသုဇနပဒေသုစ

၇။ သမဏဗြဟ္မဏေသုစ

၈။ မိဂပက္ခိသု

၉။ ဓမ္မောသုစိဏ္ဏော သုခါဝဟော

၁၀။ ဓမ္မဥ္စရမဟာရာဇာ ဣန္ဒာ ဒေဝါသဗြဟ္မကာ သုစိဏ္ဏေနဒိဝံပတ္တာ၊ မာဓမ္မံ ရာဇပမာဒ။

မဟာရာဇာ–မြတ်သောအရှင်မင်းကြီး

၁။ မာတာပိတု – ဘိမတို့၌လည်းကောင်း

၂။ ပုတ္တဒါရေသု – သားသမီးတို့၌လည်းကောင်း

၃။ မိတ္တာ–မစ္စေသု – ဆွေမျိုးစသောမှူးမတ်တို့၌လည်းကောင်း

၄။ ဝါဟနေသုဗလသုစ– ဆင်မြင်းဗိုလ်ပါတို့၌လည်းကောင်း

၅။ ဂါမေသုနိဂမေသုစ– ရွာငယ် ရွာကြီးတို့၌လည်းကောင်း

၆။ ရဋ္ဌေသုဇနပဒေသုစ– ဇနပုဒ်နိုင်ငံအစွမ်းတို့၌လည်းကောင်း

၇။ သမဏဗြဟ္မဏေသုစ – ရဟန်း၊ ပုဏ္ဏား သူတော်မြတ်တို့၌လည်းကောင်း

၈။ မိဂပက္ခိသု – သားငှက်သတ္တဝါတို့၌လည်းကောင်း

၉။ ခတ္တိယ – ရေမြေအစိုးရသော မဟာရာဇာမြတ်သော မင်းကြီး၊ ဓမ္မံ–တရားကို စရ–ကျင့်တော်မူပါလော့။ သုစိဏ္ဏော–ကောင်းစွာ ကျင့်အပ်သော၊ ဓမ္မော– သူတော်ကောင်းတရားသည်၊

သုခါဝဟော– ချမ်းသာကိုဆောင်တတ်၏။ ရာဇ–မင်းမြတ်၊ ဣဓ–ဤလောက၌၊ ဓမ္မံ–တရားကို၊ စရိတ္ဂာန–ကျင့်၍၊ သဂ္ဂံ–နတ်ပြည်သို့၊ ဂမိဿ တိ–သွားရအံ့။

၁၀။မဟာရာဇ– မြတ်သောမင်းကြီး၊ ဓမ္မံ–တရားကို၊ စရ–ကျင့်တော်မူပါလော့၊ သဗြဟ္မကာ–ဗြဟ္မာနှင့်တကွ၊ ဣန္ဒာဒေဝါ–သိကြားမျိုးတို့သည်၊ သုစိဏ္ဏေန–ကောင်းစွာကျင့်သဖြင့်၊ ဒိဝံ–နတ်ပြည်သို့၊ ပတ္တာ–ရောက်ကုန်၏။ ရာဇ–မြတ်သောမင်း ဓမ္မံ–တရားကို၊ မာပမာဒ–မမေ့မလျော့သင့်။

ယင်းသို့ကျမ်းဂန်လာသည့်အတိုင်း ပညာရှိတို့ဆိုခဲ့သော ရာဇဝတ္တုစာဟောင်း၌ အလာမှုလည်း–

“ ဇေယျာကြွင်န်း၊ စိုးစံမြန်းသည်၊ ရွှေနန်းရှင့်” ဂုဏ်ကိုးအင်မင်းတို့မှာ တရားမစောင့်၊ ထီးဖြူစောင်းတို့၊ အကြောင်းကိရိယာကား၊ သတ္တဝါ အပေါင်းတို့အား၊ အနီးအဝေးမရွေး၊ ပညာများကိုလက်သုံးဓါးပမာ ထက်အောင်သွေး၍ ဆိုရေးရှိလတ်ရာလည်း၊ ယုတ္တာယုတ္တိညို၊ ဂတိမလိုက်၊ တိမ်တိုက် ချွန်လွှား၊ မိုးကြိုးသွားသို့ စကားတည်ကြည်၊ အရှည်ထွန်းလင်းဘိအောင်၊ ကဝိလူသမာ၊ ကြားသော်နှစ်မြို့သန်းမညိုးသည်၊ မင်းတို့လက္ခဏာတည်း။

ရတနာစုံပြည့်ဖြိုး၊ နဝရတ်ဂုဏ်ကိုးပါးခြီသည်။ လောက်လုံ မင်းကောင်းမျိုးတို့ကျင့်ရိုးပြည့်အင်္ဂါ၊ အပရိဟာနိ၊ ကျေးဇူးရှိသည်၊သတိမလွတ်သာတည်း။ ကျမ်းအမှာ သင်္ဂဟ၊ မခွဲစေလို၊ ဗြဟ္မစိုရ်မူ၊ နှလုံးဖြူ၍၊ အယူတည့်မတ်ရာ၏။ ဗဟုသုတဆိုသည်မှာ၊ စကား

နဂ္ဂိုကြားတိုင်းသိစေသား။ မေးပုစ္ဆာလာသမျှ၊ ရှင်းပြီးဖြေ၊ သူ့အနေကိုရိပ် ခြေသိတတ်မှ တည့်၊ ဉာဏာဉာဏ်မကျွိုင်၊ ဒသဆယ်ချက်၊ ယွင်းမကွက်အောင်၊ ရွှေလက်မြဲစွာကိုင်၍၊ ခရိုင်တိုင်းတပါးမကား နှုတ်ဆက်၊မေတ္တာရှက်အောင်၊အမျက်မလွန်၊ ထုံးနည်းညွှန်လျက်၊ မတ်မွန် စေလွှတ်ထားရှင့်၊ မိုက်မှားအဝိဇ္ဇာ မိစ္ဆာဖုံးလွှမ်း၊ မင်းကြမ်းမင်းဆိုး၊ နည်းကိုခိုး၍ စစ်ထိုးမပြုရာတည့်၊ လုပ်စားသီးပွင့်မျိုး၊ ဆယ်ဘို့တစ်ဘို့၊ မင်းအခွန်၊ မလွန်ခံ စားရိုးက၊ တိုး၍မယူသာ၊ သူလျောင်လျှောက်ထား၊ ဂုံးစကားကြောင့် အမှားမဆိုရာသည်။ မဟာဓမ္မရာဇ် တို့စောစစ်။

နွယ်မြစ်စဉ်လာ၊ မြတ်ရာဇာတို့၊ စကြာရောက်ရာ၊ အကြောင်းမှာပေ၊ ပရမေဘုန်းသမ္ဘာ၊ မဟာဇနိန်၊ သာကိန်ကေရာတို့၊ ကြီးကျယ်စွာမင်းတံဆိပ်၊ ဘိသိက်တော်ခံ၊ တိုင်းနိုင်ငံကို စိုးစံကွပ်ညှပ်နိုပ်၍၊ လူတို့ထိပ်မင်းစဉ်လာ၊ ဘိသိက်သွန်းရိုး၊ မော်ကွန်းထိုး၍၊ မင်းမျိုးမြတ်ကညာနှင့်၊ လက်ျာရစ်ခရုသင်း၊ မင်းတို့သုံးရ ဗြဟ္မဏလည်း၊ မူလသိက္ခာရင်းနှင့် မယွင်းကျမ်းအမှာ၊ ညီစွာကျင့်ရိုး၊ ဘိဘိုး ဆင်းသက်ဘိသိက် ဆက်မှန်ရာ၏။ ဂင်္ဂါငါးရပ်ရေ၊ စိုးထွေ မပြန်၊ ဝတ်ဆံကြာမျိုး၊ မညှိုးပန်းသပြေနှင့်၊ ညွန့်ဝေဝေမြက်မြေဇာ၊ ရေသဖန်း ပျဉ်ယှဉ်သည်နံ့သင့်ရာ၌၊ ပန်းစုံစွာသစ်လေးပင်၊ တောင်မြောက်လေးရပ်၊ တင့်အပ်စိုက်ထားကျင့်မူ၊ စစ်အင်္ဂါလေးပါးခင်း၊ ပုဏ္ဏားငါးရာ၊ ဖြူစွာခရုသင်းနှင့်၊ သဲတလင်းညီညွတ်ရာ၊ ဂင်္ဂါမြစ်ကမ်း ပွဲလမ်းမပြတ်၊ မဏ္ဍပ်သုံးဆောင်မှာလည်း၊ ဖြူနီဝါဆင်စရိုး၊ ငှက်ပျော၊ ကြံ၊ အုန်း၊ ပင်လုံးသီးပင်၊ ဝန်းကျင်ဆပ် သွား၊ ခရားခက်ဆိုင်၊ စကားလှိုင်၍၊ သင်းကြိုင်စေကြောင်းထားလော့၊ ဖြောင့်မမှားသည်၊ တရား၌လိမ္မာ၊ အမတ်သူဌေး၊ ဘိဘေးရိုးမှန်စွာနှင့်၊ မင်္ဂလာအခါ နက္ခတ်ကောင်း၊ ပညာမြော်မြင်၊ ရေမြွှေရှင်လည်း၊ ဂုဏ်လျှင်အသိ၊ ဂတိလေးပါး၊ တရားတည်စေကြောင်းတည်း။ ရှေးထုံးဟောင်း ကျမ်းအလာ၊ မညီယုတ်တတ်၊ ပေါ့ပျက်မရှိသာတည်း။

ကြီးတေဇာကျွန်းလုံးမိုး၊ ဘိသိက်ခံပြီး သစ္စာကြီးတည်၊ စောထီးမင်းကောင်းမျိုးတို့ ဆိုရိုးစဉ်လာ၊ ကိုယ်၏အသက်၊ ပစ္စတ်ခြပုန်း၊ နှလုံးမခြားသာ တည်း။ သတ္တဝါကို၊ မေတ္တာထုံးခွေရစ်၊ ညွှန့်သစ်တက်ဝေကျက် သရေကြောင့်၊ ဖြိုးဝေလူနတ်ချစ်၏။ လေးပါးအပြစ်ရှင်းရှင်းကွာ၊ ပြည်သူလုပ်ခွန် မလွန်စား ထိုက်ရာသည်။ မဟာနွယ်မြစ်၊ ဘုန်းပွင့်သစ်။ ရဟန်းသိက္ခာ၊ မင်းမှာဘိသိက်၊ သူတော်စိတ်သည်၊ မဖိတ်ကျင့်ရိုး၊ အမြတ်မျိုး။

ယင်းသို့ ဘိသိက်ခံသောမင်းတို့ကျင့်ရာသည့် အကြောင်းထုံးဟောင်းနှင့်အညီ အဂ္ဂတိုရ်ကျမ်း၌ အပရိဟာနိယတရား ခုနစ်ပါးတို့သည်ကား–

ကတာမေစလိဓဝိဝဓဇ္ဇိနံ၊ ဝုပိုယေဝပါဠိက်ခါ။ နောပရိဟာနိ။

ထိုသို့ဟူရာ၌–သတ္တစုနှစ်ပါးကုန်သော၊ အပရိယာနိယဓမ္မ–တိုင်းနိုင်ငံတို့ကို စည်ပင်စေတတ်သော တရားခုနှစ်ပါးသည်၊ ဘိသိက်ခံသောမင်းတို့ မမေ့စေရအောင် စောင့်အပ်သောတရားကို ပါဠိ၌ကဒ်ိအလိုရှိအပ်၏။ ပရိဟာနိ–ဆုတ်ယုတ်သော မကောင်းကျိုးတရားကို၊ နောပါဠိ၌ကဒ်ိ–အလိုမရှိရာ။ ယင်းတို့ ခုနှစ်ပါးတရား အဓိပ္ပါယ်သော်ကား–

၁။ပညာရှိမှူးကောင်းမတ်ကောင်းတို့နှင့် ပစ္စုပ္ပန်သံသရာ တိုင်းပြည်သာယာသော အကြောင်းများကို မပြတ်စည်ဝေးပြောဆိုခြင်း။

၂။ရှေးမင်းကောင်း မင်းမြတ်တို့ထုံးဥပဒေပြလျက်၊ ကောင်းသောအမှု ပညတ်ထားခဲ့သည်ကို မဖောက်ပြန်ခြင်း။

၃။သူတော်မြတ်တို့အား၊ ဂါရဝတရား မပြတ်ပြု၍ ကောင်းသောစကားကိုနားထောင်ခြင်း။

၄။ သွမ်းသွပ်၍ သူ့မယားတို့ကို ကျူးလွန်စွာမပြုခြင်း။

၅။ ပြည်တွင်း၊ ပြည်ပစောင့်နေကုန်သော သမ္မာဒေဝနတ်တို့အား၊ နတ်စာမပြတ်ပေးခြင်း။

၆။ရဟန်း၊ သံဃာတို့၌ကောင်းသောအကျင့်ကိုကျင့်ရာသောအကြောင်း ပညတ်စောင့်ရှောက်ခြင်း။

၇။ တိုင်းတပါး၌ရှိသော သူတော်ကောင်းပညာရှိတို့အား ရောက်ပေါက်ပေးကမ်း မင်းချင်းမိတ်ဆွေဝင်ခြင်း။

ဤခုနှစ်ပါးသောတရားတို့သည် တိုင်းပြည်သာယာသော အကြောင်းလျှင်တည်း။

ထိုမှသင်္ဂဟတရား လေးပါးဟူသည်ကား–

သဿမေဓံ၊ ပုရိသမေဓံ၊ သမ္မာပါသံ၊ ဝါစာပေယျန္တိ။

စတ္တာရိသင်္ဂဟဝတ္ထုနိ အဟေသုံ။

၁။ သဿမေဓံ –အခွန်အထုပ်ပြည်သူတို့၌ ဆယ်ဘို့တစ်ဘို့ခံယူရာ လွန်စွာမပြုလုပ်ခြင်း

၂။ ပုရိသမေဓံ – မင်းမှုထမ်းစွဲမြဲသူတို့အား၊ ရိက္ခာဝတ်စားပေးကမ်းခြင်း

၃။ သမ္မာပါသံ – ဆင်းရဲသားပြည်သူတို့အား ဥစ္စာရင်းနှီးပေးကမ်းခြင်း

၄။ ဝါစာပေယျံ – ဆွေကြီး မျိုးကြီး၊ သူတော်ကောင်းပညာရှိတို့အား ချစ်ဘွယ်သောစကားကိုဆိုတတ်ခြင်း။

က္ကတိက္ကမာနိစတ္တာရိ၊ ဤလေးပါးသောတရားတို့သည်၊ သင်္ဂဟဝတ္ထုနိ– သင်္ဂဟတရားတို့သည်၊ ဟေသုံ–ဖြစ်ကုန်၏။

အမတ်ကောင်းအင်္ဂါရှစ်ပါးရာဇနီတိကျမ်း၌လာပြန်သည်ကား–

သုတဝါ–သီလဝါသူရော၊ ဝီရဝါ၊ သိဒ္ဓိကောဗလံ၊

အလုဒ္ဓေါပိယစုပေါစ၊ မန္တိနေဌင်္ဂမုစ္စတေ။

၁။ သုတဝါ– အကြား၊ အမြင်၊ ထုံးဟောင်းသက်သေနှင့်ပြည့်စုံ၍ ဉာဏ်ပညာ ဆန်းကြယ်ကြီးရင့်ခြင်း။
၂။ သီလဝါ – သီလသီတင်း စောင့်ခြင်း။
၃။ သူရော – ရဲရင့်သောသတ္တိလည်းရှိခြင်း။
၄။ ဝီရဝါ – လုံ့လဝီရိယနှင့်ပြည့်စုံခြင်း။
၅။ သိဒ္ဓိကော – ရန်ကိုအောင်တတ်ပြီး စေတတ်သောစွမ်းရည်နှင့်ပြည့်စုံခြင်း။
၆။ ဗလံ – စွမ်းပကားခွန်အားလည်းရှိခြင်း။
၇။ အလုဒ္ဓေါ – သူ့စည်းစိမ်ဥစ္စာကိုဖျက်ဆီးလိုသောအကြံကင်းခြင်း။
၈။ ပိယရူပေါ – ချစ်ဘွယ်သောစကားကိုလည်းဆိုတတ်ခြင်း။

အဌင်္ဂ–ထိုအင်္ဂါရှစ်ပါးကို၊ မန္တိနော–အမတ်ကောင်း၏အင်္ဂါဟူ၍၊ ဝုစ္စတေ –ဆိုရာ၏။ စစ်သူကြီးအင်္ဂါကိုးပါးမူလည်း ပညာဝါပရမဒ္ဒန္တော ဗေယျာဘုမ္မိသုဇာနကံ။ ဗျူသနေ သု ပရိစ္စာဂံ၊ သမော ဒုက္ခံ သမောသုခံ၊ သမတ္ထံသုစိသတ္တညံ၊ ဝါဟနေသု အစေဒကံ။ ဝိရသူရဂုဏော ပေတံ၊ သေနာ–မောက္ခေဝိဓိယတေ။
၁။ ပရမဒ္ဒန္တော – တဘက်ရန်သူကိုနှိမ်နင်းရာ၌ ပညာဝါ–ထိုးထွင်းသော ပညာရှိခြင်း။
၂။ ဗေယျာဘုမ္မိသုဇာနကံ –အောင်မြေအောင်ရပ် စစ်ထွက်စစ်ချီ ကောင်းကင်တိမ်နီမိတ် နေသွားနေလာစသော အမှုတို့ကို တတ်သိလိမ္မာခြင်း။
၃။ ဗျူသနေသု – စစ်မြေမလှပျက်လတ်သောအခါ၌ အပရိစ္စာဂံ– ရဲမက်ဗိုလ်ခြေတို့ကို သိမ်းရုံး ချုပ်တတ်ခြင်း။
၄။ သမောဒုက္ခံသမောသုခံ– မင်းနှင့်ဆင်းရဲချမ်းသာပမာတူမျှပြုတတ်ခြင်း။
၅။ သမတ္ထံ – စွမ်းပကားခွန်အားလည်းရှိခြင်း။
၆။ သုစိ – သန့်ရှင်းစင်ကြယ်သောအလေ့ရှိခြင်း။
၇။ သတ္တညံ – သေနင်္ဂဗျူဟာစသော ကျမ်းဂန်ထုံးသက်သေတတ်ခြင်း။
၈။ ဝါဟနေသု – ရဲမက်ဗိုလ်ခြေတို့ကို အစေဒကံ– မပင်မပန်းစေမှုပြုတတ်ခြင်း။
၉။ ဝီရသူရဂုဏောပေတံ – လုံ့လဝီရိယနှင့်ပြည့်စုံခြင်း
တံ–ဤကိုးပါးသောအင်္ဂါတို့နှင့် ပြည့်စုံသောသူကို သေနာမောက္ခေ–သေနာပတိ စစ်သူကြီးအရာ၌၊ ဝိဓိယတေ–ခန့်ထားအပ်၏။

ထိုမှတုံလည်း တစ်တိုင်းတစ်ပြည်သို့စေသူ တမန်အင်္ဂါရှစ်ပါးကို အင်္ဂုတ္တိုရ်ကျမ်း၌လာ သည်ကား–

အဌဟိဘိက္ခဝေ–အင်္ဂေဟိ–သမန္နာဂတော ဒူတေယျံဂန္တုမရဟတိ။ကတမေဟိ

အဌဟိ။ သောတာစ ဟောတိ။ သာဝေတာစ။ ဥဂ္ဂဟေတာစ၊ ဓါရေ တာစ၊ ဝိညာတာစ၊ ဝိညာပေတာစ၊ ကုသလောစ၊ သဟိတာဟိတဿ။နောစ၊ ကလဟကာရကော။ မဟာရာဇာ–မြတ်သောမင်းကြီး၊ အဌဟိအင်္ဂေဟိ–ရှစ်ပါးသောအင်္ဂါတို့နှင့်၊ သမန္နာ ဂတော–ပြည့်စုံသောသူသည်။ ဒူတေယျံဂန္တုံ–တမန်အရာ၌ခန့်ခြင်းငှာ၊ အရဟတိ–ထိုက်၏။ ကတမေဟိ–အဌဟိ–ရှစ်ပါးဟူသည်ကား–

၁။သောတာစ – သူ့စကားကိုကြားလျှင် အစအဆုံးအဓိပ္ပါယ်ကို ကုန်စွာနားလည်ခြင်း။

၂။ သာဝေတာစ – ကြားသောစကားကို ဆန်းကြယ်အောင်ဆိုနိုင်တတ်ခြင်း။

၃။ ဥဂ္ဂဟေတာစ – အထူးအဖြင့်မှတ်သားသိတတ်ခြင်း။

၄။ ဓါရေတာစ – အမှတ်မြဲစွာမမေ့မလျော့ခြင်း။

၅။ ဝိညာတာစ – လူ၏အရိပ်အခြေကိုသိတတ်ခြင်း။

၆။ ဝိညာပေတာစ – လူ၏အရိပ်အခြေ၊ အရည်အချင်းကို သူတစ်ပါးအား ပြောဆိုလေ့ရှိခြင်း။

၇။ သဟိတာဟိတဿ– စီးပွားရေး၌ သန့်သောဥစ္စာနှင့်၊ ကုသလောစ–လိမ္မာသောအသက်မွေးမှုရှိခြင်း။

၈။နောစကလဟကာရကော– တစ်တိုင်းတစ်ပြည်သို့စေရာ၌ မျက်လိုကျူးလွန် စွာရန်ရှက်တင်မှု မရှိခြင်း။

ဤကျမေအဌဉ်ရှစ်ပါးတို့သည်တမန်စေရာ အမတ်တို့အင်္ဂါမည်၏။

ထိုမှတပါး ပြည့်ရှင်မင်းတို့၌ယုံအပ်သောကျွန်ကောင်းအင်္ဂါငါးပါး ရာဇနီတိကျမ်း၌ လာသည်ကား–

ပါပါစတုံနိဝါရေယျ၊ ဟိတေယောဇယျဂုံဟဏံ။ ဂုဟေယျစ ဂုဏံကရေ–အာပဒေ၀၊ နဇဟတေ။ ဒဒေယျကာ လေသုမိတ္တ၊ လက္ခဏံ ပဏ္ဍိတာအာဟု။ ဆိုရာ၌ သုမိတ္တာ–ကျွန်ကောင်းသည်–

၁။ စတုံ – အရှင်မင်းအား၊ ပါပါ–မကောင်းမှုမှ၊ နိဝါရေယျမဖြစ်စေရာ။

၂။ ဟိတေ – သံသရာအကျိုးစီးပွားတို့၌ ယောဇေယျ–ထွန်းလင်းစိမ့်သောငှာ၊ ဂုဟဏံ – အရှင်မင်းအား၊ ဂုဟေယျ– ပြောဆိုတတ်ခြင်း။

၃။ ဂုဏံ – အရှင်ကျေးဇူးရှိသောအမှုကို၊ ကရေ– ပြုရာ၏။

၄။ အာပဒေ– အမှုကြီးငယ်ရှိသောအခါ၌၊ ဏဇဟတေ–အရှင်မင်းကို မစွန့်စောင့်ရှောက်ရာ၏။

၅။ ကာလေ – သင့်သောအခါ၌၊ ဒဒေယျ–အရှင်မင်းအားပေးရာ၏။

ဣက္ကဒံ– ဤငါးပါးသောအင်္ဂါနှင့် ပြည့်စုံစွာ–သုမိတ္တလက္ခဏံ–ကောင်းသော လက္ခဏာရှိသောသူကို၊ သုဒ္ဓါသံ– ကျွန်ကောင်းဟူ၍၊ ပဏ္ဍိတာ–ပညာရှိတို့သည်၊ အာဟု–သိကုန်ရာ၏။

မဟာရာဇ–မြတ်သောမင်းကြီး ရှေးပညာရှိသူမြတ်တို့ ပညတ်လျှက်ထားခဲ့သော မင်းတို့ ကိရိယာ(၁၅)ပါးဟူသည်ကား–

၁။ ဆင်ယာဉ် မြင်းယာဉ်တို့၌အိပ်စက်မသွားအပ်။
၂။ ယစ်မျိုးငါးပါးကိုမသောက်မစားအပ်။
၃။ သင့်သောအရပ်ကိုလွှတ်၍တစ်ခြားအရပ်၌အိပ်စက်မနေအပ်။
၄။ စားသောအစာအာမှထွက်၍မကျအပ်။
၅။ ခါးဝတ်ပုဆိုးကိုဥက္ကောင်းတော်သို့မတင်အပ်။
၆။ ရာသီရောက်သောမိန်းမ၊ မီးယပ်နေသောမိန်းမတို့အား မနှီးနှောအပ်။
၇။ စကားထွက်ဝင်မဆိုအပ်။
၈။ အပျော်အရွှင်သဘင်လွန်စွာမပြုအပ်။
၉။ ရှေးမင်းကောင်းတို့ထုံးကိုမဖျက်အပ်။
၁၀။ မင်းကျိုးပြည်ရောင်ထွန်းအောင်ဆောင်သောသူအားအပြစ်မပြုအပ်။
၁၁။ မြေကိုနင်း၍မသွားအပ်။
၁၂။ သူတစ်ပါးချက်ပြုတ်၍ဆက်သောအစာကိုမစားအပ်။
၁၃။ အခင်းကြီးငယ်ရှိ၍သွားလာရာ၌ ရေမချိုးမဆေးမူလျှက်မနေအပ်။
၁၄။ ပြေးလွှားခုန်ပေါက်မသွားအပ်။
၁၅။ အဆိပ်ရှိသောသတ္တဝါကိုင်၊ဦးချိုရှိသောသတ္တဝါကိုင်းအရောမဝင်အပ်။

ဤတစ်ဆယ့်ငါးပါးသော မင်းကိရိယာကို ပျက်လွန်ကျင့်လေသော် မင်းသက်တို၍ ပြည့်သူ့ုံးယ်စွာ ရှိလေရာသည်။ ယင်းသို့ကျမ်းဂန်ထုံးဟောင်း သက်သေညွှန်ဆိုလျှက် အမတ်ကြီးလျှောက်လေသော် ပြည့်ရှင်မင်းကြီးကြိုက်တော်မူ၍ မင်းစီးဖောင်မှာသာ ထည့်သော မင်းဆောင်တန်ဆာ ‘‘ပေါင်းဖြူ’’ကို အမတ်ကြီးသို့ ဆုပေးတော်မူလေသည်။

*(မင်းဖလောင်းကြီးသည် ဘုရင်မင်းမြတ်တို့ကျင့်သုံးအပ်သော ရာဇဓမ္မဆယ်ပါး၊ သင်္ဂဟ တရားလေးပါး၊ နာယကဂုဏ်ခြောက်ပါး၊ ရာဇဂုဏ်ရှစ်ပါးစသော တရားအစုစု ကောင်းမှု အဖြာဖြာတို့ကို လွန်စွာအားထုတ်တော်မူလျှက် နန်းစံ ၂၂ နှစ်၊ သက်တော် ၅၉ နှစ်၊ သက္ကရာဇ် ၉၅၅ ခု၊ ဝါဆိုလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့တွင် နတ်ရွာစံတော်မူလေသည်။)*

## လျှောက်ထုံးအမှတ် (၅၉)

# မင်းရာဇာလက်ထက် တောင်ငူကို စစ်ကူသင့်၊ မကူသင့် လျှောက်ထုံး

မင်းဖလောင်းကြီးလွန်သော် သားတော်အိမ်ရှေ့မင်း သတိုးဓမ္မရာဇာသည် မြောက်သားတော် ဝိဇလာနှင့် သက္ကရာဇ် ၉၅၅ ခုဝါဆိုလဆန်း ၆ ရက်နေ့တွင် ထီးနန်းဆက်ခံ စိုးစံတော်မူလေသည်။ မင်းရာဇာဟူသော ဈေးဘွဲ့တော်၏အမည်ကို ခံယူတော်မူသည်။ ညီတော်မင်းစောလှကို စစ်တကောင်းမြို့စား ပေးတော်မူသည်။ နှစ်နှစ်ရှိလျှင် ညီတော်မင်းစောလှသည် ကုလားဘင်္ဂါတစ်ဆယ့်နှစ်မြို့ သက်မင်း ကောင်လှဖြူ မြို့လင်ကဲတို့နှင့်ပေါင်း၍ သောင်းကျန်းလေသည်။ သို့ကြောင့် သက္ကရာဇ် ၉၅၇ တွင် မင်းရာဇာကြီးသည် ကိုယ်တော်တိုင် ချီတက်တော်မူလေသည်။ ညီတော်မင်းစောလှ စစ်မပြိုင်ဝံ့၍ အညံ့ခံလျက် ကျိုးနွံစွာဝင်ရောက်လာပေသည်။ စစ်တကောင်းမြို့က ချီသွားလေ၍ ဒါဂါမြို့သို့ရောက်သော ကာလသင်းတို့မြို့ရွာသည် အကြိမ်များစွာ ဆိုးသွမ်းသူဖြစ်သည်။ ကုလားအကြီး ဒေးဝန်နပတ်ကို သစ္စာမစောင့်သောကြောင့် မျက်တော်ဝင်၍ဒေးဝန်း နပတ်ဌာနာ လူပေါင်းတစ်ရာကို တန်ဆာသိမ်းပြီးမှ မော်လိပ်အစို့မှာ ဖြည့်တော်မူလေသည်။

စစ်တကောင်းမြို့ကို ခမည်းတော်နည်း အမတ်ကြီးမဟာပညာကျော်သို့ ပေးမြဲပေးတော်မူသည်။ မဟာပညာကျော်သား ကျီးညိုကို ရောင်ဖြူမြို့စား ပေးတော်မူပြီး၊ သားတော်ဒီဃကို မောက်သူဇာတွင်အုပ်ချုပ်စေ၍ ကုလား ၁၂ မြို့ကို အပ်တော်မူခဲ့သည်။ ထိုသို့ အသီးသီးခန့်အပ်တော်မူပြီးလျှင် သက္ကရာဇ် ၉၅၇ တပို့တွဲလတွင် ပြန်တော်မူခဲ့သည်။

သက္ကရာဇ် ၉၅၉ ခုတွင် ကျော်ထင်ရာဇာ ညီတော်မင်းခေါင်၏သား မင်းရဲကျော်ထင်အမည်ရှိသော တောင်ငူမင်းသီဟသူသည် ဘကြီးတော် ကျော်ထင်နော်ရထာ၏ သား(ငါးဆူဒါယကာ နန္ဒဘုရင်ဟံသာဝတီပဲခူးမင်း)ကိုလုပ်ကြံလို၍ မင်းရာဇာကြီးထံ စစ်ကူတောင်းလာသည်။ ကြည်းတောင်စားနှင့် ကသာစား နှစ်ယောက်ကို အထူးထူးသော လက်ဆောင်ပဏ္ဏာများနှင့်အတူ ရွှေပေလွှာစေပို့ ရန်တမန်လွှတ်လေသည်။ တမန်နှစ်ယောက် ရောက်လာရာစာတွင် ပါသည်ကား– ''ပဲခူးမြို့ကို ကူညီတိုက်ယူ၍ ပေးတော်မူပါ။ ပဲခူးကိုရလျှင် သမီးကညာ ဆင်ဖြူရတနာကို ဆက်ပါမည်'' ယင်းသို့ စာတွင်ပါလာသည်ကို ကြားသိတော်မူလျှင် ပြည့်ရှင်မင်းက ချီတော်မူမည်။

အနောက်မျက်မှာ ဘင်္ဂါတစ်ဆယ့်နှစ်မြို့ သက်မင်းကောင်းလှဖြူ လင်းကဲ၊ မြို့မြို့စား ရွာစား ကျေးစားတို့ကို လက်နက်ရဲမက်အစုံနှင့် ပင်လယ်ကြောင်းမှာ ကုလားတစ်ဆယ့်နှစ်မြို့ သဘော်နှင့်အသင့်ရောက်စေ။

သက်မြီလင်းကဲတို့မှာလည်း ကြည်းကြောင်း၊ မျိုးရိက္ခာ၊လက်နက်အစုံနှင့် မြို့စားတို့က ကြီးကြပ်ခန့်ထား၍ရောက်စေ။ မြို့မှာလည်း တတ်သိလိမ္မာသူတို့ကို အစောင့်အနေ ထားခဲ့စေ။ အသီးသီး အမိန့်တော်ဆင့်ဆို၍ ချီတော်မူမည်။ စနည်းနာသော်–အဥ္စနန္ဒီ လေးမြို့ချောင်းတွင် သူငယ်တို့လှေလှော်လျက်နှင့် ဆိုကြသောတြင်းသံမှာ–

ဆင်ဖြူပေါင်ကျိုး၊ ထီးဖြူညိုး၍၊ ပဲခူးဘုရင်တို့အရှင်ထံဝင်လိမ့်မည်။

ထိုသူငယ်တို့အချင်း တြင်းသံအလိုကို  အမတ်မဟာပညာကျော် လျှောက်ထားသည်မှာ–

အရှင်မင်းမြတ်။ ကျမ်းဂန်တွင်လည်း မိတ်ဆွေဝင်သောမင်းတို့၌ အရေးအကြောင်းဆိုက်ရောက်သော် ကူညီသင့်ကြောင်း ထုံးဟောင်းရှိပါသည်။ ယခုအကြည်တော် တောင်ငူမင်းပေးလိုက်သော ရွှေပေတွင်လည်း အရှည်ထွန်းလင်းရာသော အကြောင်းဖြစ်ပါသည်။ သူငယ်တို့ တြင်းဆိုသည့်အလိုမူ အမှုလွယ်ကာပြီးကုန်ပါမည်။ လျှောက်လေသော် ချီတော်မူမည့် တပ်စဉ်အစီအရင် ခန့်ရပ်တော်မူသည်ကား–

လက်ဝဲကိုယ်ရံတော်နှစ်သောင်းမှာ– အမတ်ကုလားတန်စားစောနု တစ်ဗိုလ်။ အမတ်မြို့ချောင်းစား ရဲအောင်နိုင်တစ်ဗိုလ်။

လက်ျာသင်းကိုယ်ရံတော်နှစ်သောင်းမှာ– အမတ်တရွေးစားဂါမနိ တစ်ဗိုလ်။ အမတ်မြို့ချောင်းစားတစ်ဗိုလ်။

ကမံလေးကိုင် သူရဲတစ်ထောင်မှာ တောင်ကုတ်စား ရန်မျိုးအောင် တစ်ဗိုလ်။ ဒါးကိုင်လေးစွဲသူရဲကောင်း  တစ်ထောင်မှာ–အမတ်သံတောင်စား–တိုးညိုတစ်ဗိုလ်။

ကာစွဲဓါးကိုင် သူရဲတစ်ထောင်မှာ–အမတ်အမ်းစား တုရင်သူ တစ်ဗိုလ်။ သူရဲသုံးသောင်းမှာ– သက်မင်းကောင်းလှဖြူ မူးမတ်နှင့် သက်မင်းကို အစုစု သူရဲတစ်သိန်းတို့ကို အမတ်တော်ကိုယ်ရံကြီး ဓမ္မာသောက အချုပ်တပ်ဦးချီရသည်။

မောက်သူဇာ–ဘဂီကုလားသူရဲငါးထောင်မှာ–အမတ်တော်ဆင်ကဲကြီး မနူဟာအချုပ်။ သဘော်သုံးရာနှင့် ပသျှူးကျွန်းမော်တင်ဝက အမတ်ကြီးချုပ်၍ ကျွန်းတိုင်း၊ မြစ်ပေါက်တိုင်း စောင့်နေရသည်။

ပြည့်ရှင်မင်းကြီးတပ်တော်မှာ–လက်ဝဲသင်းကိုယ်တော်ရံ သုံးသောင်း။ လက်ျာသင်းကိုယ်တော်ရံ သုံးသောင်းဒိုင်းနက်သူရဲကောင်း။ သက်သူရဲ တစ်သောင်း။ ထီးလောင်းကာ၊ မီးပေါက်ပြောင်း၊ ဒိုင်းလွှားစွဲသူရဲနှစ်သောင်း၊ ရဲမက်တစ်သိန်း တပ်မတော်တွင်ပါသည်။ ကမ်းရံသူရဲသုံးသောင်း၊ ကုလားထီး လောင်းကာ၊ မီးပေါက်ပြောင်း ဒိုင်းလွှားသူရဲ နှစ်သောင်း။ သူရဲပေါင်းငါးသောင်းနှင့် သားတော်အိမ်ရှေ့မင်းခမောင်းကိုစိန်တင်စားဥက္ကါပျံနှင့် မော်တင်ချောင်း သံလျှင်မြို့သို့ ချီစေသည်။ ပြည့်ရှင်မင်းလည်း သက္ကရာဇ် ၉၆၀ တန်ဆောင်မုန်း လဆန်း ၁၁ရက်နေ့ ချီတော်မူသည်။

အမတ်ကိုယ်ရံကြီးတပ် မုတ္တမသို့ဆိုက်ရောက်လေရာ မုတ္တမမြို့ အရှေ့ကျွန်းကြီးမြို့တွင် လက်ဝဲသင်းကိုယ်တော်ရံ သူရဲကောင်းတစ်သောင်းနှင့် ကုလားတန်စား စောနုကို တပ်နှင့်ထားလေသည်။ ချုံးချုံးကျမှ လက်ျာသင်းကိုယ်တော်ရံ သူရဲတစ်သောင်းနှင့် တရွေးစားကို တပ်နှင့်ထားလေသည်။ လက်ျာသင်း ကိုယ်တော်ရံ သူရဲတစ်သောင်းနှင့် မြို့သစ်စား ဗလတင်ကိုအလံတင်ချောင်းတွင် တပ်နှင့်ထားလေသည်။ တောင်ထိပ်တွင် သူရဲတစ်သောင်းနှင့်သံတောင်စား ထုံးသိုကို တပ်နှင့်ထားလေသည်။ မုတ္တမမြို့ အရှေ့မြောက် ဟောင်းသရောမြစ်ညာလမ်း၊ မြရာဝတီမြို့ကသည် ကမော်ကလိုတောင်ထိ သက်မင်း ကောင်းလှဖြူကို သူရဲသုံးသောင်းနှင့် အခိုင်ထားလေသည်။ သားတော်အိမ်ရှေ့မင်းလည်း သံလျင်မြို့ကို လုပ်ကြံ၍ရလေလျင် သံလျင်တွင် စွဲရပ်နေလေသည်။

ပြည့်ရှင်မင်းရာဇာကြီးလည်း ချီသွားလေ၍ ပဲခူးအနောက်ဘက် ဟသ်ာဇိုင်းကနိုင်းတွင်တပ်ချ၍ ပဲခူးကိုဝိုင်းရံထားလေသည်။ ယိုးဒယားတို့လည်း အစာရိက္ခာ ရှားပါးသောကြောင့် တောင်ငူကခွာလေသည်။ ထိုခွာလာသော ယိုးဒယားတပ်ကို သက်မင်းကာင်းလှဖြူ ကျုံး၍တိုက်လေသည်။ ယိုးဒယားမင်း၏ညီ ဗျသမွန်ကို သက်မင်းကောင်းလှဖြူ လက်ရောက်ရလေ၍ ရခိုင်မင်းရာဇာသို့ ဆက်လှာသည်။ ပင်လယ်ကြောင်းချီလာသော ယိုးဒယားတပ်ကိုလည်း ဖိစီးတိုက်လေရာပျက်စီး၍ လက်နက်လူသူ များစွာရလေသည်။

ရခိုင်မင်းရာဇာကြီးသည် ယိုးဒယားမင်းညီ ဗျာသမွန်ကို ကောင်းစွာပြုစုထားရှိပြီး ယိုးဒယားမင်းထံမှ လက်နက်ပစ္စည်း၊ ဘဏ္ဍာများကို တောင်းခံလေသည်။ ယိုးဒယားမင်းလည်း ညီတော်ကိုရလိုသည်ဖြစ်၍ ရခိုင်မင်းသို့ လိုက်လျှောရလေသည်။

ယိုးဒယားမင်းက ပြောင်းမီးပေါက်သုံးထောင်။ နားဖဖေါက်သော ပြောင်းကြီး။ ဗျူဟတ္တသီ–ဟူသော ပြောင်းလက်နက်များကို ဆက်သရလေသည်။ ယိုးဒယားမင်းညီတော်ကိုလည်း ပြန်ပေးတော်မူလိုက်သည်။

တောင်ငူမင်းကလည်း ဟံသာဝတီသို့ ဘကြီးတော် ကျော်ထင်နော်ရထာလက်ထက် ယူဆောင်ခဲ့သော ယိုးဒယားမင်း ဗြဿာဓိရာဇာအရုပ်၊ မိဖုရားကြီး အရုပ်၊ ယိုးဒယားမင်းဆရာအရုပ်၊ ရောဝဏ်ဆင်ရုပ်၊ ယိုးဒယားတို့ ကိုးကွယ်သောရာမရုပ်၊ ဟနုမာ မျောက်ရုပ်၊ အလမ္ပါယ်မြွေသမားအရုပ် အစရှိသော ကြေးရုပ်များနှင့် ရွှေငွေဘဏ္ဍာများစွာတို့နှင့်တကွ အထူးထူးသောပုဆိုးကောင်း၊ ခါသာကောင်းမှိုင်းလုံး၊ ရွှေဖျင် စားဘွယ်မုံ့သနပ်မျိုးစုံတို့ကို လူသုံးထောင်စေ့ ကိုင်ဆောင်စေပြီး မင်းညီ၊ မင်းသား၊ မှူးမတ်များ ကြပ်မတ်စေလျက် ပို့ဆက်တော်မူရသည်။

ထို့နောက်မှ ဆင်ဖြူတော်တစ်စီးနှင့် ဟံသာဝတီရှင်ဘုရင် သမီးတော် ခင်မနှောင်းကို မိဖုရားကြီးတို့ အဆောင်အယောင်နှင့်တကွ၊ အထိန်းအချီ၊ ကတော်လေးယောက်၊ ကိုယ်လုပ်တော် သုံးကျိပ်ပေးတော်မူ၍ မှူးမတ်အပေါင်းခြံရံစေလျက် ဝေါနှင့်ထမ်းဆောင်ပြီး ရခိုင်ဘုရင်မင်းရာဇာကြီးသို့ ဆက်သတော်မူလေသည်။

မင်းရာဇာကြီးလည်း ယိုးဒယားမင်း၊ တောင်ငူမင်းတို့ဆက်သသော လက်ဆောင်ပဏ္ဏာများနှင့်တကွ ဟံသာဝတီမြို့ရှိ ယိုးဒယားအိမ်ထောင်စုသုံးထောင်၊ တလိုင်းအိမ်ထောင်စုသုံးသောင်း၊ လူပေါင်းသုံးသောင်းသုံးထောင်ကို သိမ်းခေါ်ပြီးလျှင် သက္ကရာဇ် ၉၆၁ ခုတွင် ပြန်တော်မူခဲ့သည်။

လမ်းခရီးအကြား မော်တင်သို့ရောက်သောအခါ အမတ်ကြီး မဟာပညာကျော် သေလွန်လေသည်။ ပြည့်ရှင်မင်းလည်းအမတ်ကြီး အသုဘကို ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြု သင်္ဂြိုဟ်တော်မူသည်။ အမတ်ကြီးသင်္ဂြိုဟ်သော သင်္ချိုင်းမြေနေရာပေါ်တွင် ဘုရားစေတီ တည်ထားခဲ့လေသည်။ ထိုစေတီကြီးကိုယခုတိုင်''မော်တင်စေတီကြီး''ဟုခေါ်ဝေါ်လျက် ထင်ရှားစွာ ရှိနေလေသည်။

ပြည်တော်သို့ရောက်လျှင် ယိုးဒယားတို့ကို အတီးအကစကျောအစို့၊ ၎င်းပြင် ကျွေတဲတပ်၊ ကျွေမသီတပ်၊ ရာဇဂြိုဟ်တပ်၊ တောင်ဘက်တပ်၊ မြို့သစ်တပ်၊ မှိုင်းတပ်၊ တောင်ငူတပ်၊ ကျွန်ကောင်းတပ်၊ ရှစ်တပ်အစုဖွဲ့တော်မူ၍ ကစ္ဆပနဒီ အရှေ့ဘက် ဆွဲထား

ကျွန်း၊ တောင်ရင်းကျွန်း၊ မြစ်အနောက်ဖက် ပေကျွန်း၊ ဦးရစ်တောင်ကျွန်း၊ မရိုးကျွန်း၊ ရမောင်းကျွန်းများမှာချတော်မူသည်။

ထို့ပြင် တလိုင်းသုံးထောင်ကို ဆင်အောင်းမသင်းများမှာ ဖြည့်တော်မူ၍ ဇေင်ရိုင်းကျွန်းတွင် ချတော်မူသည်။ ယိုးဒယားသဘင် အကလေးစို့သားတို့ကို အမတ်သူငယ်တော်သွေးသောက်သို့ အပ်တော်မူလေသည်။

စစ်တကောင်းမြို့စား အမတ်ကြီး မဟာပညာကျော်သားကျိုးညိုကိုလည်း အဘနည်းတူ သူကောင်းပြုတော်မူသည်။ စစ်တကောင်းမြို့ကို မြို့စားပေးပြီး ပညာဝံသအမည်ကိုပါ ပေးအပ်တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၆၀)

## မင်းရာဇာကြီးမှ သားတော်မင်းခမောင်းအား အပြစ်ပေးမည်ရှိရာ အမတ်ကြီးပညာဝံသ လျှောက်ထုံး

သက္ကရာဇ် ၉၆၇–ခုရောက်သောအခါ သားတော်အိမ်ရှေ့မင်း၊ မင်းခမေါင်းသည် ဘေးတော် ကောင်းမှုဆံတော်၊ အံတော်၊ နံတော်ဘုရားသုံးဆူကို အဖူးမျှော်သွားလိုကြောင်း ခမည်းတော်ထံ လျှောက်ထားလေသည်။ ခမည်းတော်ခွင့်ပေးတော်မူ၍ သံတွဲသို့ သွားလေသည်။ သံတွဲမြို့သို့ ရောက်သောကာလ ဘုရားသချိ တလိုင်းခေါင်းဆောင်းတော်ကျွန်း၊ ကုလားခေါင်းဆောင်းအင်ရှာ၊ မတူလာ၊ နောပံ၊ ကခီ၊ ထိုငါးယောက်က ခမည်းတော်လည်း ကြီးရင့်လှပြီ။ သားတော် သမီးတော်များစွာရှိသည်။ ခမည်းတော်ထင်ရှားရှိစဉ် ထီးနန်းတက်၍ ခမည်းတော်ကို သက်န်းဝတ်နှင့်ထားရလျှင် ပစ္စုပ္ပန်သံသရာ အကျိုးနှစ်ပါးပင် များလှမည်ဖြစ်သည်။ လှည့်ဖျား၍လျှောက်လေသော် မင်းခမောင်းလည်း မှောက်မှား၍ ခမည်းတော်ကိုနန်းချမည်အကြံနှင့် သင်းပင်းစုဆောင်း ဖွဲ့စည်းလေသည်။

ဘုရားသချိငါးထောင်အား သူရဲအစို့ဖွဲ့လေသည်။ ထိုတပ်ကို တပ်ဦးပြု၍ မြောက်ဦးမြို့သို့ ချီတက်လေသည်။ ထိုအကြောင်းကို ခမည်းတော် ကြားသိလေရာ ကြည်းတပ်၊ ရေတပ်များ၌ သူရဲလက်နက်အပြည့်အစုံဖြင့် ငါးစင်ရိုင်းကျွန်းဘားမြို့က ဆီးဆို့ တိုက်ခိုက်လေသည်။ သားတော်မင်းခမောင်းကို လက်ရဖမ်းဆီးမိလေသည်။ လူလက်နက်လည်း များစွာရလေသည်။

သချိအကြီးခေါင်းဆောင်နှင့် လူပေါင်းသုံးထောင်တို့သော်ကား သက္ကရာဇ် ၉၆၇ တွင် သားမယားတို့ကိုပါဆောင်ယူ၍ သဒေးချောင်းဖျားက အရှေ့ပြည်သို့ ထွက်ပြေးလေသည်။ ကျန်ကုလားငါးရာ၊ တလိုင်းငါးရာတို့ကို သံတွဲတွင်မထားတော့ဘဲ သိမ်းယူခေါ်ဆောင်ခဲ့ပြီး ရတနာပုံဘုရားမှာ ငါးရာ၊ မဟာမုနိဘုရားမှာငါးရာ လှူတော်မူသည်။ သား

တော်မင်းခမောင်းကို အပြစ်မေးမည်ရှိရာ အမတ်ပညာဝံသ လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ရှေးသောအခါ ဘုရားလောင်းဆင်မင်းသည် အရံတစ်ထောင်သောဆင်တို့နှင့် သစ္စာပြုလျက်နေတော်မူသည်။ အငေါ်လဟတ္ထိ ဆင်လည်း ဆင်ပေါက်တစ်ကောင်နှင့် နေသည်။ ဘုရားလောင်းဆင်မင်း၌ အမိန္ဒက ဟူသောညီတော်ရှိသည်။ ထိုညီတော်အမိန္ဒကဆင်ကို အငေါ်လဆင်က လှည့်ပတ်ဖျားယောင်းလေသည်။ အငေါ်လဆင်က အဆွေတော် မိန္ဒကဆင်အား–အဆွေတော်မိန္ဒကအစ္စယ် ကောင်းစွာသန်မာသောကာလ၌ မင်းပြုရမှသာ ကျေးဇူးထွန်းရှိနိုင်မည်။ အိုသောအခါ ပဇာအကျိုးရှိအံ့နည်း။ နောင်တော် ဆင်မင်းကိုပြစ်မှားစေရန် ဤသို့ဆိုလေသည်။ ညီတော်မိန္ဒကဆင်သည် အငေါ်လဆင်မှရသော ဆင်ရံငါးရာကို သင်းပင်းပြုလျှက် နောင်တော်ကိုတိုက်ခိုက်ရန် လာလေသည်။

ထိုအခါ ဘုရားလောင်းဆင်မင်းသည် မိမိ၏သင်းပင်းဆင် အပေါင်းတို့အား တိုက်ခိုက်ခြင်းမပြုစေဘဲ ငြိမ်းအေးစွာနေစေသည်။ ဘုရားလောင်း ဆင်မင်းသာ ကိုယ်တိုင်ထွက်၍ ညီတော်ဆင်ငါးရာတို့ကို တိုက်လေသည်။ ညီတော် ဆင်ငါးရာတို့သည် ဘုရားလောင်းဆင်မင်းကိုမခံဝံ့၊ ကြောက်လန့်သဖြင့် ထွက်ပြေးရှောင်ရှားကြလေသည်။ ဘုရားလောင်းဆင်မင်းသည် ညီတော်မိန္ဒကဆင်ကိုရရှိလေသည်။ ညီတော်အား အကြံပေးတိုက်တွန်းကူညီသော အငေါ်လဆင်မင်းလည်း ကြောက်လန့်ခြင်းဖြစ်၍ နေရာလွှဲပြောင်းပြေးသည်။ ထိုအငေါ်လဆင်၏ ထက်ဝက်သောသင်းပင်းဆင်တို့သည် ဘုရားလောင်းဆင်မင်းထံ လာရောက်နေထိုင်ကြလေသည်။ ထိုတောထိုတောင်၌ နေကြကုန်သောအခြားသောဆင်တို့သည်လည်း ဘုရားလောင်းဆင်မင်းထံ လာရောက်နေထိုင်ကြပြန်သည်။ ဘုရားလောင်းဆင်မင်းသည်ကား များစွာသောဆင်အပေါင်းတို့ဖြင့် စည်ကားလေသဖြင့် ဘုန်းရှိန်တန်ခိုး တိုးတက်ကြီးမားလေသည်။

ထိုသောအခါ ညီတော်အား ဘုရားလောင်းဆင်မင်းမိန့်တော်မူသည်မှာ–ငြိမ်စွာနေသောကာလ ငါ့ဘုန်းလက်ရုံးကို အများဆင်တို့မသိ၍ မကြောက်မလန့် ရှိကြသည်။ ငါ့ညီတော်မိန္ဒကပြု၍သာ နောင်တော်၏ခွန်အားဗလကြီးကြောင်း အများသိအောင်ပြခွင့်ဖြစ်ရပေသည်။ သို့ကြောင့် ဆင်အပေါင်းတို့ဝင်ရောက်လာကြသည်မှာ ညီတော် မိန္ဒကကျေးဇူးပင်ဖြစ်သည်။ ဤသို့ညီတော်အား ဆင်မင်းချီးမွမ်းကြောင်း ဇာတ်ထုံးဟောင်းသက်သေရှိသည်။

ယခုလည်း သားတော်အိမ်ရှေ့မင်းသည် အယုဇ္ဈပူရတိုင်း ဒွါရာဝတီမြို့က သူရဲလက်နက် ဆင်လုံးမြင်းရုံနှင့်ချီလာခဲ့၍ ခမည်းတော်ဘုရား ဘုန်းလက်ရုံးတော်ကို ထင်

ရှားပြသည့်အမှုမှာ ပြည်ထောင်ချင်းမင်းတကာတို့ တိုး၍ခန့်ညား ကြောက်လန့်ရာသောအကြောင်းသာဖြစ်သည်။ ယင်းသို့လျှောက်လေသော် ပြည့်ရှင်မင်းကြီးတစ်ဖန် အမိန့်တော်ရှိပြန်သည်ကား–

ပဲခူးမင်းရာဇဓိရာဇ်သည် သားတော်ဗောလောကြမ်းတောအား အသာ အာဏာ ပြစ်မှားမှုလည်း မရှိသေးစဉ်လျှက်၊ ဆင်အစွယ်ကို ချွန်သည့်အမှုနှင့်စီရင်ကြောင်း ထုံးဟောင်းသက်သေနှင့် ထင်ရှားထွက်ရှိသည်။ ထိုသို့အမိန့်တော်ရှိ ပြန်လေသည်။ ထိုအခါ အမတ်ကြီးလျှောက်ပြန်သည်ကား–

အရှင်မင်းမြတ်။ ။မြင့်မြတ်သောတရားကိုသာ အနွယ်တော် မင်းဆက်စောင့်ထိန်းတော်မူပါသည်။ လက်ရုံးအားကိုးပြသောမင်းများကို ဘုရားစသော သူတော်ကောင်းတို့ ကြိုက်တော်မမူပါ။ ကမ္ဘာအစ၊ မဟာသမ္မတ၊ ဝံသစဉ်လာ၊ သာကီအနွယ်ဝင်မင်းတို့မှာ အမျိုးစောင့်သောတရားကို ဖျက်မြဲမဟုတ်ပါ။ သာကီဝင်မင်းဖြစ်လျှင်၊ သာကီဝင်မင်းမျိုးမဟုတ်သော မိန်းမနှင့်စုံဖက်လေရာ ဖွားမြင်သောသားသမီးသော်လည်းကောင်း၊ လက်ရုံးအားကိုး မင်းမျိုးခြားမင်းမူသော်လည်းကောင်း၊ တရားမစောင့်၊ မဖြောင့်မမှန်၊ ဖောက်ပြန်ဆိုးသွမ်းတတ်ကြောင်း ထုံးဟောင်းကျမ်းဂန်ရှိပါသည်။

မုတ္တမမြို့ကို သမုတ်၍အစတည်လာသူ–မကတူးလည်းဇာ်လမျိုး၊ ထိုသူတို့ အကြောင်းပြ၍ ပဲခူးမင်းရာဇဓိ ရာဇ်တိုင်အောင်ဆိုခဲ့သော ထုံးရာဇဝင်တို့သည် ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်းဖွယ်ရာမပါ။ ရာဇဓိရာဇ်ကဲ့သို့ အယုဇ္ဈာပါဒလွန်ကျူး၍ သူတစ်ထူးကို တိုက်ခိုက်ဖျက်ဆီးသတ်ဖြတ်သော မင်းသုညတို့သည် ကိုယ့်အသက်စည်းစိမ်ကိုသာစုံမက်၍ သူတစ်ပါးအား သနားခြင်းကင်းလျှက် ရက်စက်စွာပြကျင့်သောထုံးဆိုးသာဖြစ်သည်။

ယင်းသို့ ထုံးကောင်းမဟုတ်၊ ထုံးဆိုးထုံးသွမ်းသည် သာသနာတော်မှအပဖြစ်သော မင်းသုညတို့၏ထုံးသာဖြစ်၍ မင်းကောင်းမင်းမွန်တို့ မလိုက်ပါအပ်ကြောင်းနှင့် အမတ်ပညာဝံသလျှောက်လေသော် အမျက်ပြေ၍သားတော်ကို အမတ်ကြီးသို့ အပ်တော်မူလေသည်။ မင်းခမောင်းလည်း အမတ်ကြီးကြောင့် ချမ်းသာရာရပြီး နောင်အခါ မင်းကောင်းတစ်ပါး ဖြစ်လာလေသည်။

သက္ကရာဇ် ၉၇၄–ခုရောက်သောအခါ မင်းရာဇာကြီး လွန်တော်မူလေသည်။ ခမည်းတော်လွန်တော်မူလျှင် သားတော်အိမ်ရှေ့မင်း မင်းခမောင်းသည် မြောက်သားတော်ဓမ္မာဒေဝီနှင့် ထိုသက္ကရာဇ် ၉၇၄၊ ဝါဆိုလဆန်း ၁၀–ရက်နေ့တွင် ပြည်စည်းစိမ်ကို ဆက်ခံစိုးစံတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၆၁)

# မင်းခမောင်းသားတော် သီရိသုဓမ္မရာဇာလက်ထက် သူငယ်တို့ဆိုသောစကားကို အမတ်လေက်ရုံး လျှောက်ထုံး

မင်းခမောင်းလွန်ပြီးနောက် သားတော်အိမ်ရှေ့မင်း မင်းဟရီသည်မိဖုရား နတ်ရှင်မယ်နှင့် သက္ကရာဇ် ၉၈၄–ခု၊ နယုန်လဆန်း ၁၀–ရက်နေ့တွင် ပြည်ထီးနန်းကို သိမ်းမြန်းစိုးစံတော်မူလေသည်။ နန်းတက်သောအခါ သီရိသုဓမ္မရာဇာ အမည်ကို ခံတော်မူသည်။ ထိုမင်းလက်ထက်တွင် အမတ်ပညာဝံသသား လေးမြို့စား လေက်ရုံးလည်းတစ်ယောက်၊ လောင်းကြက်မြို့စား ကေုသလလည်းတစ်ယောက်ရှိသည်။

လောင်းကြက်မြို့စား အမတ်ကေုသလနှင့် မိဖုရားနတ်ရှင်မယ်တို့ ချစ်ကြိုက်ကြသည်။ ကေုသလသည် ယတြာအတတ်၌ အလွန်ပင်ကျွမ်းကျင်သည်။ ထိုအတတ်ဖြင့် ပြည့်ရှင်မင်းကိုကြံ၏။ အင်းအိုင်မန္တာန်ယတြာများ စီရင်ပြီး နှိမ်ခြင်းပြုသည်။ ထိုသို့ပြုပြီး မင်းကြီးထံ လျှောက်ထားသည်ကား– အရှင်မင်းကြီးဆင်ဖြူတော် ရောက်ပါလိမ့်မည်။ ဆင်စာစပါးဟင်းစွကို ရေကန်တူး၍ ချထားရပါမည်။ ဤသို့လျှောက်ထားပြီး ဆင်စာစပါးဟင်းစွကို ရေကန်တွင်ချထားစေပြီး သူငယ်တို့ကို ကေုသလသင်၍ ဆိုစေသည်ကား– ''ညောင်ပင်ကြီးရင်း၊ ဟင်းစွခင်း၊ မင်းထီးတို့ရှင်၊ ဘုရင်နန်းရဖြစ်လိမ့်မည်။'' ယင်းသို့ သူငယ်တို့ဆိုသောစကားကို ပညာရှိလေက်ရုံးကြားလျှင် ပြည့်ရှင်မင်း သီရိဓမ္မရာဇာထံ လျှောက်ထားသည်ကား–

အရှင်မင်းမြတ်။ ဟင်းစွသည်အင်္ဂါနံ၊ ဟင်္သာဟူသောအမှုသည် ယုတ်သောစကား အရှင်မင်းကြီးလည်း နံတော်အင်္ဂါသား၊ နံကိုဆင်စီးနင်းသည်။ ဗုဒ္ဓဟူးသား အမတ်

လောင်းကြက်စား ကေသလဖြစ်ပါသည်။ ဆင်ကား ရောက်မည်မဟုတ်ပါ။ ဆင်နံ ဗုဒ္ဓဟူးသား မင်းဖြစ်လိုသောကြောင့် တပေါင်ကို ကေသလလုပ်ထား၍ အရှင်မင်းကြီး ကိုယ်တော်၌ ယခုဝေဒနာ ကပ်ရောက်လျှက်ရှိပါသည်။ ခုနစ်လနှင့် အရှင်မင်းကြီး နတ် ရွာလွန်တော်မူမည် အမှန်ဖြစ်သည်။ လျှောက်လေသော် ပြည့်ရှင်မင်းကြီးမယုံ၍ ငါ့ကို ထင်မြင်အောင်ပြရဦးမည် အမိန့်တော်ရှိလေသည်။ သို့ကြောင့် အမတ်လေက်ရုံးသည် လူ တစ်ယောက်ကို မြို့တွင်း၊ မြို့ပြင် တြင်းနာချေပြော၍ စေလွှတ်လေသည်။

တြင်းနာရကြားခဲ့သောတြင်းသံသော်ကား– ‘‘ မင်းဟရီမှောက်မှား အလားလား ဟရီလည်းသေ၊ ပြည်လည်းကြေ’’ ဟူသော ပထမတြင်း။

‘‘ကျွန်နှင့်မတန်၊ မင်းဖြစ်ကြီသည်၊ အမှန်တန့်တန့် ခုနစ်လတွင် မင်းဖြစ်အံ့’’ ဟူ သော ဒုတိယတြင်း။

‘‘ဖွတ်ကမီးချောင်းဖြစ်လျှင်၊ ချောင်းမြစ်မခံသာ၊ ကျွန်ကသူကောင်း ဖြစ်လျှင် တိုင်းပြည်မစည်ရာ’’ တတိယတြင်း၊ ယင်းသို့တြင်းသုံးရပ်အလိုကို အမတ်ပညာရှိ လေက် ရုံးလျှောက်သည်ကား။

အရှင်မင်းမြတ်။ ငယ်မည်သော်ကားမင်းဟရီဖြစ်ပါသည်။ အရှင် မင်းလည်းသေ တိုင်းပြည်လည်းကြေပါမည်။ ကျွန်ကသူကောင်းဖြစ်မည်မှာ ကေသလ ဆင်နံမင်းဖြစ် မည့်အကြောင်းဖြစ်ပါသည်။ ကေသလလက်ထက် နိုင်ငံပြည်သူ သတ္တဝါတို့ မီးကဲ့သို့ ပူပါ လိမ့်မည်။ လျှောက်ထားလေရာ အရေးမပြု နေလေသည်။ သီရိသုဓမ္မရာဇာ မင်းကြီးကို မိဖုရားနတ်ရှင်မယ်က လှည့်ပတ်ဖျားယောင်းလျှောက်ထားသောကြောင့် ယုံကြည်တော်မမူ ရှိလေသည်။ ကေသလအမတ်ကို မည်သို့မျှအပြစ်မပြု၊ အရာမပျက် ချမ်းသာစွာထားလေ သည်။ ထို့ကြောင့် အမတ်လေက်ရုံးသည် စိုးရိမ်ခြင်းများစွာဖြစ်လေသည်။ ပညာနည်း သော ဤမင်းထံ ဆည်းကပ်၍နေချေသော် နောင်အပြစ်ကြီးစွာဖြစ်ရာသည်ဟူ၍ မင်းထံ ခွင့်တောင်းပြီး ရဟန်းပြု၍နေလေသည်။ ခုနစ်လစေ့သောကာလ ဝေဒနာပြင်းထန်စွာ တိုးလတ်၍ မင်းကြီးလွန်တော်မူသည်။

## လျှောက်ထုံးအမှတ် (၆၂)

# နရပတိမင်းကြီးမှ ဘုရားတည်ရန်အကြောင်း မေးလျှောက်သည်ကို ဆရာတော်တစ်ကျိပ်နှစ်ပါးတို့ မင်းထံပြန်ဆိုသော ထုံး

အမတ်လောင်းကြက်စား ငကုသလသည် နရပတိကြီးအမည်ခံ၍ သက္ကရာဇ်(၁၀၀၀)ပြည့်တွင် နန်းတက်တော်မူသည်။ မင်းဖြစ်အံ့ဟူသော နောက်အနာဂတ်ကို သိမြင်သည့်အတိုင်း၊ မင်းအဖြစ်သို့ငါရောက်ပြီ။ နောင်အရှည်ထွန်းအောင်၊ မြင်တော်မူဘုရား၊ ထင်တော်မူဘုရား၊ ဘုရားနှစ်ဆူတည်တော်မူသည်။ ဈေးဘစောသီရိ မင်းဘကြီးတည်ခဲ့သော ရင်ရိုးတော်ဓါတ်စေတီ၊ နံရိုးတော်စေတီ၊ ဤစေတီနှစ်ဆူနေရာသည် လူတို့နေအိမ်နှင့် အနီးစပ်အရိပ်မဖျ မလွတ်ရှိလေသည်။ ထိုဓါတ်တော်နှစ်ဆူကိုပင့်ယူ၍ လျှောက်ပတ်ရာအရပ်၌ ကောင်းမွန်စွာတည်လိုကြောင်းနှင့် သာသနာပိုင် ဝိနည်းမိုရ်ဖြစ်တော်မူသော–

၁။ စန္ဒာရာမဆရာတော်

၂။ သကျမဥ္ဇူဆရာတော်

၃။ ဇိနမာန်အောင်ဆရာတော်

၄။ လောကမာန်အောင်ဆရာတော်

၅။ ရတနာစံဦးဆရာတော်

၆။ မနိသူရာမဆရာတော်

၇။ ရတနာစံရွှေဆရာတော်

၈။ ရတနာမဥ္ဇူဆရာတော်

၉။ မဟာဇောဓိဆရာတော်

၁၀။ မဏိသကျဆရာတော်

၁၁။ ရတနာမှန်ကင်းဆရာတော်

၁၂။ စန္ဒရာရာမဆရာတော်

ပေါင်းတစ်ကျိပ်နှစ်ပါးကို နန်းတော်သို့ပင့်ခေါ်၍ နရပတီမင်းကြီးကိုယ်တိုင် မေးလျှောက်တော်မူလေသည်။ ဆရာတော်တစ်ကျိပ်နှစ်ပါးကို ပြည့်ရှင်မင်းထံ ပြန်ဆိုသောထုံးကား–

သာသနဒါယကာ ဖြစ်တော်မူသော တကာတော်မင်းမြတ်။ သစ္စာလေးပါးတရားကို အလင်းမြင်တော်မူသော မြတ်စွာဘုရားရှင်သည် ရှေးဦးစွာ သူတော်ကောင်းကို အကြောင်းပြုလျက် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ကို ဟောကြားတော်မူရာ၌။

၁။ပတိရူပဒေသဝါသောစ–တင့်အပ်လျောက်ပတ်သောအရပ်၌နေရခြင်း မင်္ဂလာတစ်ပါး။

၂။ပုဗ္ဗေစကတပုညတာ–ရှေးဘဝ၌ပြုအပ်ခဲ့ပြီးသော ကောင်းမှုရှိသူဖြစ်ခြင်း မင်္ဂလာတစ်ပါး။

၃။အတ္တသမာပဏိဓိ– မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ဆောက်တည်ခြင်းဖြင့် ကျင့်ခြင်း မင်္ဂလာတစ်ပါး။

၄။ သပ္ပုရိသုပနိဿယ–ပညာရှိသူတော်ကောင်းတို့ကို ပေါင်းဖော်မှီဝဲ ဆည်းကပ်ခြင်းပြုသည့် မင်္ဂလာတစ်ပါး။

ဤလေးပါးသော မင်္ဂလာတရားနှင့်ပြည့်စုံခြင်းကို သမ္ပတ်စက်လေးပါးဖြင့် ပြည့်စုံခြင်းဟူ၍ ဆိုသည်။ ထိုလေးပါးတို့တွင် ရှေးဘဝ၌ပြုအပ်ခဲ့ပြီးသော ပုဗ္ဗေစကတပုညတာဟူသော သမ္ပတ္တိစက်တစ်ပါးသည် ပတိရူပဒေသဝါသသမ္ပ တိစက်၊ သပ္ပုရိသုပနိဿယသမ္ပတ္တိစက်၊ အတ္တသမာပဏိဓိသမ္ပတ္တိစက်သုံးပါးကို ပြီးစေနိုင်သည်။ ယင်းသို့ ပြီးစေနိုင်သောကြောင့် ရှေးဘဝ၌ ပြုအပ်ခဲ့ပြီးသော ကောင်းမှုရှိသည်ဖြစ်၍ တင့်အပ်လျောက်ပတ်သော ပတိရူပအရပ်၌ဖြစ်တော်မူကြကုန်သော အရှင်စိုးမင်း၊ မှူးမတ်၊ သူဌေးသူကြွယ်တို့သည် သပ္ပုသုပနိဿယဟုဆိုအပ်သော သူတော်ကောင်းတို့ကို ပေါင်းဖော်မှီဝဲဆည်းကပ်မေးမြန်းလျှက်၊ ပတိရူပ တင့်အပ်လျောက်ပတ်သောအရပ်၌ ပြုလုပ်ခြင်းသည် အတ္တဟိတ–ပရဟိတ လောကသံသရာ နှစ်ဖြာသောအကျိုး ပွားတိုးထွန်းလင်းရန်ရှိသည်။

ပညာရှိတို့ကို နှီးနှောမေးမြန်းခြင်းမရှိ၊ မိမိအလိုရှိရာမတင့်အပ်၊ မလျောက်ပတ်သူတို့၏နေရာအရပ်ကို ဖျက်ဆီး၍သော်လည်းကောင်း၊ ရွာသူတို့၏ အိမ်အနီးအစပ် အရိပ်မလွတ်ရာ၌သော်လည်းကောင်း၊ ဓါတ်တော်မွေတော်၊ ရုပ်ပွားတော်၊ ဆင်းတုတော်၊ ဂူလိုဏ်၊ တန်ဆောင်း၊ သိမ်၊ ကျောင်းဇရပ်၊ မဏ္ဍပ်စသော အဆောက်အဦးတို့ကိုလည်းကောင်း၊ ရဟန်းသံဃာတို့၏ အသုံးအဆောင်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာစသည်

တို့ကိုလည်းကောင်း တည်ထားပြုလုပ်ခဲ့သည်ရှိသော် ထိုလူတို့၏ နေအိမ်နှင့် နီးစပ်လေသောကြောင့် ရောနှောရောက်ပေါက် အိမ်အောက်အိမ်ပါး အလားအနေမသင့်ရှိလေလျှင်၊ ဆူးပေါ်ဖက်ကျပမာ ပတိရူပအရပ်မဟုတ်၊ မတင့်မတယ်သောအရပ်၌ ပြုမိလေသောကြောင့် ထိုကုသိုလ်ရှင်တို့သည် အသက်မရှည်။ စည်းစိမ်မတည်။ ပျက်စီးခြင်းသို့ ရောက်လေရာသည်။

ပညာရှိတို့ကို ပေါင်းဖော်မှီဝဲဆည်းကပ်မေးမြန်းလျှက် ပတိရူပ–တင့်အပ် လျှောက်ပတ်သောအရပ်၌ ကုသိုလ်ကောင်းမှုကို ပြုသည်ရှိသော်ကား လောကီ လောကုတ္တရာ ချမ်းသာစီးပွား များပြားတိုးတက်၊ အသက်ခန္ဓာမြင့်ကြာခွန့် ရှည်တည်ပေအံ့သောအကြောင်းဖြစ်ရာသည်။

ရေမြေသနင်း မင်းတို့မူလည်း အနေအသွားအစားအအိပ်မှစ၍ ပတိရူပ တင့်အပ်သောအရပ်၌သာနေရာ၊ သွားရာ၊ စားရာ၊ အိပ်ရာချေသည်။ မတင့်အပ်သောအမှုကို ပြုမိလေသော် ကျက်သရေမင်္ဂလာဆုတ်ယုတ်၍ စည်းစိမ်အသက် တိုလေရာသည်။

ရေမြေသနင်းမင်းတို့သည် ဓါတ်တော်၊ မွေတော်၊ ရုပ်ထုတော်များကို ဘေးဥပဒ်အန္တရာယ် ဖြစ်အံ့သည်ကိုငင်း၊ မတင့်အပ် မလျှောက်ပတ်သောအရပ်၌ ကျရောက်နေတော်မူသည်ကိုငင်း၊ မြင်လျှင်ဘေးအန္တရာယ်လွတ်အောင်ငင်း၊ တင့်အပ်လျှောက်ပတ်သောအရပ်သို့ ရွှေ့ပြောင်း၍ငင်း ထားတော်မူကြဘူးသည်မှာ–မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည့်နောက် တစ်နှစ်ကျော်မြောက်ရှိသည့်အခါ အရှင်မဟာကဿပ ရဟန္တာအရှင်မြတ်သည် ဓါတ်တော်တို့ကို တိတ္ထိတို့ကြောင့် ဘေးအန္တရာယ်ဖြစ်တော်မူအံ့သည်ကိုမြင်တော်မူ၍ ရာမရွာ၌ရှိသော ဓါတ်နှစ်ပြည်မှတစ်ပါး။ ကုသိနာရုံ၊ ကပိလဝတ်၊ ဝေသာလီ၊ ပါဝါ၊ ဝေဌဒီပ၊ အလ္လကပ္ပ၊ ရာဇဂြိုဟ်ပြည်တို့၌ စေတီတော်တို့မှ ဝေစုဓါတ်တော် တစ်ဆယ့်လေးပြည်တို့ကို ပင့်ဆောင်ပြီးမူ အဇာတသတ်မင်းထံအပ်၍ ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်ထောင့် တင့်အပ်လျှောက်ပတ်သောအရပ်၌ အတောင်ရှစ်ဆယ်ဥမင်တူး၍ အထူးထူးသော ရွှေငွေရတနာ နံ့သာကရက်မက်ကြုတ်စေတီတို့၌ သွတ်သွင်း၍ ဌာပနာထားခဲ့ကြောင်းကို သုတ်မဟာဝါအဋ္ဌကထာ၊ မဟာပရိနိဗ္ဗာနသုတ်အဖွင့်၌ လာရှိတော်မူပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူပြီးသည့်နောက် သာသနာ သက္ကရာဇ် ၂၂၂ ခုနှစ်တိုင်ရောက်သည့်အခါ သီရိဓမ္မာသောကမင်းကြီးသည် အဇာတသတ်မင်း ဌာပနာသွင်းထားတော်မူခဲ့သော ဓါတ်တော်တစ်ဆယ့်လေးပြည်တို့ကို ထုတ်ဖော်ယူဆောင်လျှက် ဇမ္ဗူဒီပါကျွန်းတွင် ရှစ်သောင်းလေးထောင်သော မြို့ကြီးတို့၌ တင့်အပ်လျှောက်ပတ်သော

ပတိရူပအရပ်ဝယ် ဓါတ်တော်များကိုဌာပနာ၍ စေတီတော်များ တည်ထားတော်မူခဲ့ကြောင်း ကို ပါရာဇီကဏ်အဌကထာတို့၌ လာပါသည်။

ဒသရာဇာမင်းကြီးသည်လည်း ဘေးလောင်းတော် မဟာစန္ဒသူရိယ မင်းမြတ် တည်ထားတော်မူခဲ့သော သီရိဂုတ်တောင်တွင်ရှိ မဟာမုနိရုပ်ရှင်တော်ကို လက်ယာ မင်းနန်းအား နန်းတင်လာသောပျူတလိုင်းတို့သည် ဖိုကျင်းထိုး၍ ကြေသားနှင့် ပေါင် တော်ကိုယူလေရာ ပလ္လင်တော်မှကျ၍ မလျှောက်ပတ်သော ချောက်ထဲတွင် မြေမှုံ့များ ဖုံးလျှက် တွေ့ရှိလေသည်ကို ဓညဝတီမြို့၏ မြောက်ဘက်အနီး၊ လျှောက်ပတ်သော ကတာသုတတောင်သို့ ရွှေ့ပြောင်းပင့်ဆောင်တော်မူ၍ခ–ဆပဉ္စာကိန်းကို ဖြိုပြီးနောက် သက္ကရာဇ် (၅၀၀)ပြည့်လောက်က သိမ်တော်ဆောက်လျှက် ကိုးကွယ်တော်မူဘူးပါသည်။

မြောက်ဉီးမြို့တည်စ သက္ကရာဇ် ၇၉၄ ခုနှစ်တွင်၊ ဘေးတော် မင်းစောမွန်လည်း မျက်မှောင်တော်ဓါတ်ကို မလျှောက်ပတ်သောအရပ်၊ လူတို့နေအိမ်အနီးအစပ် ဆည်ဝ တံခါးအတွင်း၌ စေတီတည်ထားခဲ့လေသော် မင်းဗာကြီးလက်ထက် ရောက်တော်မူသော ကာလမှ မလျှောက်ပတ်သောလူတို့နေအိမ်၊ အရိပ်မလွတ်ဖြစ်သည်။ ပြောင်းပြီးမှ ဓါတ် တော်ကိုပင့်တော်မူလေ၍ သက္ကရာဇ် ၈၉၄ ခုတွင် ပတိရူပ တင့်အပ်လျှောက်ပတ်သောအ ရပ် ဝသဲတောင်ထိပ်တွင် ထိုဘုရား မျက်မှောင်တော်ဓါတ်ကို ဌာပနာသွင်း၍ ကောင်းမွန်စွာ တည်ထားခဲ့ကြောင်းနှင့် သမိုင်းရာဇဝင် ထင်ရှားထွက်ရှိပါသည်။

ယခုလည်း မြို့တောင်ဘက်၊ လက်ဆေးကန် လူတို့နေအိမ်အနီးအပါး၌ ဘစော သီရိမင်းပါပြီးတည်ထားခဲ့သော ဓါတ်တော်ပါစေတီနှစ်ဆူကို ပြောင်းပင့်၍ ပတိရူပ တင့် အပ်လျှောက်ပတ်သောအရပ်၌ ကောင်းမွန်စွာတည်လုပ် ကိုးကွယ်တော်မူလျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာစည်ကားထွန်းလင်းလျှက် ပညာရှိသူတော်ကောင်းတို့ အချီးအမွှမ်းကို ခံရမည့်အကြောင်းသာ ဖြစ်ပါသည် ဒါယကာတော်မင်းမြတ်”

ဤသို့ဆရာတော် မိန့်ကြားတော်မူလေသော် ပြည့်ရှင်မင်းလည်း အလွန်ကြိုက် တော်မူလေသည်။ သို့ကြောင့် လက်ဆေးကန်နား၌ရှိသော ဘစောသီရိမင်းပါကြီး ကောင်း မှု ရင်ရိုးတော်ဓါတ်၊ နံရိုးတော်ဓါတ်စေတီနှစ်ဆူကို ပြောင်းရွှေ့လေပြီး ဓါတ်တော်ကို ရတနာပန်းတောင်းဖြင့် ပင့်ဆောင်တော်မူသည်။ သက္ကရာဇ်(၁၀၀၃)ခုတွင် ပတိရူပ တင့် အပ်လျှောက်ပတ်သော တောင်ထိပ်အရပ်၌ ဓါတ်တော်တို့ကို ဌာပနာသွင်းပြီး တည်ထား တော်မူသည်။ ရင်ရိုးတော်ဓါတ်ကို မြင်တော်မူစေတီ။ နံရိုးတော်ဓါတ်ကို ထင်တော်မူစေ တီ သမုဒ်လေသည်။ စေတီတော်တစ်ဆူတွင် ဒိုးကုလား တစ်ရာစီလျှုလျှက် ကမ္ပည်း ကျောက်စာ ထိုးတော်မူလေသည်။

## လျှောက်ထုံးအမှတ် (၆၃)

# မင်းမိဖုရား သားတော်သမီးတော်တို့ကို မှူးမတ်ပြည်သူတို့ အိမ်ထောင်ဖက် ပြုကောင်း၊ မပြုကောင်း ဆရာတော်တစ်ကျိပ်နှစ်ပါး မိန့်ဆိုသည့် ထုံး

တရံသောအခါ၌ အထက်သာကီဝင်မင်း၊ သီရိသုဓမ္မရာဇာ၏ ရွှေရေးဆောင် မိဖုရားကို နရပတိကြီးမင်း အမတ်၊ သံတောင်စားငတုံးညို သင့်မြတ်နေကြောင်း ပြည့်ရှင်မင်း နရပတိကြီးသိတော်မူလေသည်။ ပြည့်ရှင်မင်းကြီးသည် ထိုအကြောင်း သင့်မသင့် မေးလျှောက်လိုရကား ဆရာတော်တစ်ကျိပ်နှစ်ပါးတို့ကို နန်းတော်သို့ ပင့်ဖိတ်တော်မူလေသည်။ ဆရာတော်တစ်ကျိပ်နှစ်ပါးတို့ ကြွရောက်တော်မူပြီးသောအခါ မင်းကြီးကိုယ်တိုင် မေးလျှောက်တော်မူလေသည်ကား–

ထီးဖြူဆောင်း၊ ရာဇပလ္လင်ထိုင်၊ ဘိသိက်ခံသောမင်းဧကရာဇ် မိဖုရား၊ သားသမီးတို့ကို မှူးမတ်ပြည်သူတို့ အိမ်ထောင်ဖက်ပြုကောင်းပါအံ့လော။ ရှေးထုံးဟောင်းကျမ်းဂန်အလာနှင့် မိန့်ကြားတော်မူပါမည့်အကြောင်း ရှိသေစွာ ရှိခိုးလျှောက်ထားလေသော် ဆရာတော်တစ်ကျိပ်နှစ်ပါးတို့ မိန့်ဆိုတော်မူကြသည့်ထုံးသော်ကား–

သာသနဒါယကာဖြစ်တော်မူသော တရားမင်းမြတ်လူနတ်တို့၏ ဆရာ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူသော မင်္ဂလာတရားတော်၌ ဂါရဝေါစ–ရိုသေထိုက်သောသူတို့အား ရိုသေရခြင်းသည်လည်းကောင်း၊ နိဝါတောစ–မာန်မာနကို နှိမ့်ချထိုက်သောသူတို့၌ နှိမ့်ချခြင်းသည်လည်းကောင်း၊ ကတညုတာ–သူ့ကျေးဇူးကိုသိတတ်သောသူ၏ အဖြစ်သည်လည်းကောင်း၊ မင်္ဂလာတရားမည်၏ဟူ၍ ဟောကြားတော်မူသောကြောင့်

လောကုတ္တရာမှုဖြစ်လျှင် သတ္တဝါအပေါင်းတို့အား မဟာဂရုနာတော်ဖြင့် လွန်စွာသနား တော်မူ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ထုတ်ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် ကျေးဇူးအထူး ကြီးမြတ်တော်မူပါသည်။

လောကီမှုတွင် မိဘဆရာသမားတို့သည် သားသမီး တပည့်တပန်းတို့အား ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွားများပြားစေကြောင်းကောင်းမြတ်သော အလေ့အကျင့်ဖြင့် ဆုံးမပဲ့ပြင်တတ်သောကြောင့် ကျေးဇူးအထူးကြီးပါသည်။

ရေမြေသခင်ဘုရင်မင်းမြတ်တို့သည်လည်း တိုင်းနိုင်ငံသူ ရှင်လူရဟန်းတို့အား ရင်တော်၌ဖြစ်သောသားကဲ့သို့ အုပ်ထိန်းစောင့်ရှောက်၊ ထောက်မပြစု၊ သိမ်းမြန်းကြည့်ရှု နေတော်မူသောကြောင့် ကျေးဇူးရှင် အစစ်အမှန်ဖြစ်ပါသည်။

မင်းကျင့်တရားဆယ်ပါးနှင့် ဖြောင့်သားညီညွတ်သော ဧကရာဇ်မင်းတို့သည် ပူဇ နေယျာနံ– ပူဇော်ထိုက်သောမင်းမှန်ခြေသည်။ ယင်းသို့တရားမပျက်၊ ရှေးအထက်က၊ အဆက်ဆက်သော မင်းကောင်းတို့၏ထုံးနည်းကို မလွန်၊ အခွန်ဘဏ္ဍာကို ဆယ်ဘို့တစ် ဘို့ ခံယူသုံးဆောင်လျှက်၊ ဘုန်းကျက်သရေနှင့်ပြည့်စုံ၍ သာဓုနရတရားလေးပါး၊ သင်္ဂ ဟတရားလေးပါး၊ နာယကဂုဏ်ခြောက်ပါး၊ အပရိဟာနိယတရား ခုနှစ်ပါး၊ မင်းတို့ ပြုက တော့ တရားခုနှစ်ပါး၊ မင်းတို့ကျေးဇူးရှစ်ပါး၊ ရာဇဂုဏ်ကိုးပါးတို့ကို ဖြည့်ကျင့်တော်မူလျက် ဘိသိက်ခံတော်မူသော မင်းဧကရာဇ်တို့၏မိဖုရား၊ သားတော်သမီးတော်ဆွေမျိုးတို့၌ ပြစ်မှားလွန်ကျူးသောသူသည် ကတညုတ–တရားမရှိ၊ သူယုတ်မာ၏အလေ့ဖြစ်ချေသည်။ ထိုသူအား ဘုရားစသောသူတော်ကောင်းတို့ ချီးမွမ်းတော်မမူ။ ဒါးသွားဖျား၌တင်ထား သော ပျားသကာကိုသာမြင်၍ ဒါးသွား၏ဂုဏ် အပြစ်ဥပဒ်ဖြစ်အံ့သည်ကိုမသိ၊ အာဟာရ ၌ တပ်မက်၍လျက် မှားသောသူမိုက်နှင့်တူပါသည်။ အထိုက်အလျှောက် အပြစ်ရောက် သင့်ရာသည်။

တစ်ကြောင်းမူလည်း ယောရာဇာ–အကြင်မင်းသည်၊ ဘိသေကသစ္စံ–မင်းတို့ ခံမြဲရှိသော၊ ဘိသိက်သစ္စာကို မခံဝံ့သော်၊ ရာဇညသုညံ–ထိုမင်းသည်၊ အဇေယျံ–မအောင် သင့်သောအမှုတို့ကို၊ ဇေယျံ– အောင်တတ်ခြင်းလည်းကောင်း၊ ဝိလုပ္ပန္တံ–လုယက်ဆိုးသွမ်း ကြမ်းတမ်းခြင်းလည်းကောင်း၊ မဇ္ဇပါနာ–သေရည်သောက်စား သားငါးလိုက်တတ်ခြင်း လည်းကောင်း၊ အဗြဟ္မစရိယာ– မမြတ်သောအကျင့်ကို ကျင့်တတ်ခြင်းလည်းကောင်း၊ ယော–အကြင်မင်းကို၊ နရာဇာ– မင်းမဟူရာ၊ အမစ္စော– အမတ်တို့၌လည်း၊ အဌ– ရှစ်ပါးသောအင်္ဂါနှင့် အညီမကျင့်သော်၊ နအမစ္စော–အမတ်မမည်ရာ၊ ရှေးပညာရှိတို့ စ ကားဟောင်း အလာမူလည်း ရေမရှိသောကန်၊ ဆန်မရှိသောစပါး၊ တရားမရှိသောမင်း၊

အခိုးမရှိသောမီးပမာ တွေ့ရာလောင်တတ်ခြင်း၊ တထာ–ထို့အတူ တရားမရှိသောမင်းတို့သည် အနိမ့်အမြင့်၊ အယုတ်အမြတ်၊ ပဋိရူပ–တင့်အပ်နေခြင်းကိုမပြု၊ အသေဝနာစဗာလာနံ–သူမိုက်တို့ အလေ့အလာကိုသာ အားမူလျက်နေသောမင်းမျိုးအစိုးရသော တိုင်းပြည်နိုင်ငံ၌ သတ္တဝါအပေါင်း ချမ်းသာခြင်းမရှိ။ ထိုမင်းမျိုးအား ဘုရားစသော သူတော်ကောင်းတို့ မချီးမွမ်း။ အပြစ်များစွာ ကဲ့ရဲ့ဘွယ်သာဖြစ်သည်။ ကျေးဇူးမထွန်း ပင်ပန်းလေသောကြောင့် ပြည်သူပြည်သားတို့သည် ဒေါသစွန်းလျှက်သာ ရှိလေရာသည်။ ထိုသို့ ဆိုးသွမ်းရန်ကြမ်းသောမင်း၏မိဖုရား၊ သားသမီးဖြစ်ချေက ကတညုတာစ–ကျေးဇူးတရား ထောက်ထားတင်ရန်မပေါ်။ ယုတ်မာသော မသူတော်မင်းတို့နှင့် ကင်းကွာရခြင်းသည်ပင်၊ သာဓု– ကောင်းသည်သာတည်း။

ထိုသို့ ပညာရှိစကားတရားလမ်းကြောင်း အထင်အရှားရှိခြင်းကြောင့် ထိုမင်းပိုင်သော သားသမီး မယား၊ အခြွေအရံ၊ မောင်းမဖြစ်ချေသော်ကျေးဇူး ဂုဏ်အရည်မထောက်၊ ထိုသူပျောက်လေလျှင် နောက်ကိုယဉ်ပါးသော သူအား အပြစ်မရှိပါ တကာတော်မင်းမြတ်။ ထိုသို့ ဆရာတော်တစ်ကျိပ်နှစ်ပါး မိန့်ဆိုတော်မူကြလေသော် ပြည့်ရှင်မင်းနရပတိကြီး အမိန့်တော်ရှိသည်ကား ''ကျေးဇူးရှင် သီရိသုဓမ္မရာဇာသည်သာကီဝင်မင်းမျိုး စဥ်လာဘိသိက်ခံသော မင်းကောင်းမင်းမြတ်။ ပြည်သူတို့အားလည်း တရားသဖြင့် စောင့်ထိန်းတော်မူ သောမင်းဖြစ်ချေသည်။ ထိုမင်းမိဖုရားမောင်းမအား အခြားသူမနေသင့် သံတောင်စားတော့်ုးသိုသည် ကျေးဇူးမသိသော သူယုတ်မျိုးဖြစ်သည်။ စားကျေးကို နှုတ်၍ စီရီရေခတ်အစို့မှာ ပြည့်တော်မူသည်။ ရွှေရေးဆောင်မိဖုရားလည်း သိက္ခာပျက်သော ရဟန်းနှင့်တူသည်။ ပြည့်တန်ဆာမဖြစ်စေ'' မိန့်တော်မူ၍ ယောကျ်ားမိန်းမနှစ်ယောက်ကို ယုတ်သောအစို့၌ ပြည့်တော်မူသည်။

## လျှောက်ထုံးအမှတ် (၆၄)

# ထီးနန်းတိုင်းပြည်ကို မည်သို့သောသူမျိုးအား အပ်သင့်ကြောင်း ဆရာတော်တစ်ကျိပ်နှစ်ပါးတို့မိန့်သော ထုံး

နရပတိမင်းကြီးသည် သက္ကရာဇ် ၁၀၀၇ ခု၊ နန်းစံခုနှစ်နှစ်၊ သက်တော် ခြောက်ဆယ့်သုံးနှစ်ရှိလတ်သောအခါ သည်းထန်စွာ နာကိန်းဖြစ်တော်မူလေသည်။ ထိုမင်းကြီး၌သားတော်ကြီး ညိုရောင်ဖြူနှင့် သားတော်လတ်မြို့သစ်စား အောင်ကျော်စံဟူ၍ နှစ်ယောက်ရှိလေသည်။ ထိုနှစ်ယောက်တွင် သားတော်ကြီး ညိုရောင်ဖြူသည် ပညာရှိတို့နှင့်မနီးနှော၊ ပညာရှိစကားကိုမနာယူ၊ သွမ်းသွပ်ပြိန်ဖျင်းသော ကျေးကျွန်တို့နှင့်သာ အပေါင်းအဖက်ပြုပြီး နေထိုင်လေသည်။

သားတော်အလတ် မြို့သစ်စားအောင်ကျော်စံသော်ကား ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းသင်းပြီး မေးမြန်းနှီးနှောကာ အသိပညာဗဟုသုတ ရှာမှီးလျက်နေသည်။ ရှေးထုံးဟောင်းကျမ်းဂန်များကို လေ့လာသည်။ ကောင်းသောအကြံနှင့် ဟီရိဩတပ္ပတရားကို စောင့်သည်။ ပညာရှိအင်္ဂါလက္ခဏာနှင့်အညီ ရှိလေသည်။

နရပတိကြီးမင်းသည် ထိုသားတော်နှစ်ယောက်တွင် ထီးနန်းတိုင်းပြည်ကို မည်သူသို့ အပ်သင့်ကြောင်းနှင့် ဆရာတော်တစ်ကျိပ်နှစ်ပါးတို့အား နန်းတော်သို့ပင့်ပြီး မေးမြန်းလျှောက်ထားလေသည်။ ထိုအခါ ဆရာတော်တစ်ကျိပ်နှစ်ပါးတို့ မိန့်ဆိုသောထုံးသော်ကား–

သာသနာဒါယကာဖြစ်သော တကာတော်မင်းမြတ်။ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော မင်္ဂလာတရားတော်၌ ဗာလာနံ–

သူမိုက်တို့အား၊ ယာအသေဝနာစ– အကြင်မမှီဝဲမဆည်းကပ်ရခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ့– ပညာရှိသောသူတို့အား၊ ယာသေဝနာစ –အကြင်မှီဝဲ ဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပူဇနေယျာနံ့– ပူဇော်ထိုက်သောသူတို့အား၊ ယာပူဇာစ– အကြင်ပူဇော်ရခြင်းသည် လည်းကောင်း၊ အတ္တိ– ရှိ၏။ တေံ–ဤသုံးပါးသော တရားသည်လျှင်၊ ဥတ္တမံ– မြတ်သော၊ မင်္ဂလံ– မင်္ဂလာတရားတည်းဟူ၍၊ တွံ– သင်သည်၊ ဂနှာဟိ– မှတ်ယူလော့။ ယင်းသို့ ဆုံးမညွှန်ပြတော်မူသည်။

တစ်ကြောင်းတုံလည်း ပါပါ–မကောင်းမှုမှ၊ အာရတီ–ဝေးစွာ၊ ဝိရတီ–ဖဲကြဉ်ရှောင်ရှားရခြင်းသည် လည်းကောင်း၊ မဇ္ဇပါနာ–ဘိန်းဘင်းစသော သေရည်သေရက်သောက်စား၊ သားငါးထိုးသတ်ခြင်းမှ သံယမောစ– ဖဲကြဉ် ရှောင်ရှားရခြင်းသည်လည်းကောင်း၊ ဓမ္မေသု– ဆယ်ပါးသော ကုသိုလ်ကောင်းမှုတရားတို့ကို၊ ယောအပ္ပမာဒေါစ– မမေ့မလျော့ ကောင်းစွာအားထုတ် ဆောက်တည်ရခြင်းသည်လည်းကောင်း၊ အတ္တိ–ရှိ၏။ တေံ–ဤလေးပါးသောတရားသည်၊ ဥတ္တမံ–မြတ်သော၊ မင်္ဂလံ–မင်္ဂလာတရားတည်းဟူ၍၊ တွံ– သင်သည်၊ ဂနှာဟိ–မှတ်ယူလော့။ ထိုသို့ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း၊ ပူဇော်ထိုက်သောတရား ထိုသူ၌ ရှိချေမှလည်း ပြည်သူတို့ပူဇော်သည်ကိုခံယူ၍ လုပ်စားအခွန်ဘဏ္ဍာ ခံယူစားပိုင်ရာလေသည်။

တစ်ကြောင်းမူလည်း၊ သဗ္ဗိရေဝ–သူတော်ကောင်းတို့နှင့်သာလျှင်၊ သမာသေထ–ပေါင်းဖေါ်မှီဝဲ ယှဉ်တွဲကုန်ရာ၏။ သဗ္ဗိသူတော်ကောင်းတို့နှင့်၊ သန္တဝံ–မိတ်ဆွေပြု၍ ပေါင်းဖေါ်ခြင်းကို၊ ကုဗ္ဗေထ–ပြုကုန်ရာ၏။ သတံ– ဘုရားအစရှိသော သူတော်ကောင်းတို့၏၊ သဒ္ဓမ္မံ–ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ လေးပါးသောသတိပဋ္ဌာန်အစရှိသော သူတော်ကောင်းတို့၏ တရားကို၊ အညာမယ–သိ၍၊ သေယျော–ပွားစီးသဖြင့် မြင့်မြတ်ခြင်းသည်၊ ဟောတိ –ဖြစ်၏။ ပါပိယော–ယုတ်မာသောသူတို့အောက် ယုတ်မာခြင်းသည် ကုဒါစနံ– တစ်ရံတစ်ဆစ်မျှ၊ နဟောတိ–မဖြစ်စေကောင်း၊ ဤသို့လည်း ဓမ္မပဒစသော ကျမ်းဂန်တို့၌ လာပါသည်။

တစ်ကြောင်းမှာလည်း ပူဇော်ထိုက်ရာသောတရားမရှိမူ၊ ဗာလာနံ– သူမိုက်တို့အလေ့အလာကိုသာ ကြိုက်တတ်သောမင်း၌ ပြည်သူတို့သည် ယာသေဝနာစ– ဆည်းကပ်မိလေအံ့၊ ထိုပြည်သူအပေါင်းတို့မူလည်း မာန ထောင်လွှား၊ ရက်စက်ကြမ်းတမ်းလျက် ကိုယ်နှင့်ရင်းနှီးသူမှတစ်ပါး သနားခြင်းမရှိ၊ ပြုကျင့်ဆိုးသွမ်းကြလေသောကြောင့် သတ္တဝါတို့ ညှိုးနွမ်းပျက်စီးသေဆုံး များစွာရှိလေရာသည်။ ထိုမင်းကိုမူလည်း ဘုရားစသော သူတော်ကောင်းပညာရှိတို့ ချီးမွမ်းဘွယ်မရှိခြင်းကြောင့် အသက်စည်းစိမ် တိုလေ

ရာသည်။ ထိုပြည်တို့၌လည်း ဘုရားမြတ်စွာဆုံးမတော်မူသော သာသနာတော်တရား၌ မတည်လေ၍ ရန်သူငါးပါးရောနှောဆက်ဆံလျှက် နိုင်ငံချောက်ချား ပျက်စီးတတ်ကြောင်း ထုံးဟောင်းကျမ်းဂန်အလာမှာ–

ဝေသာလီမင်းတို့သည် အချင်းချင်းမညီမညွတ်၊ အပရိဟာနိယတရား ကင်းလွတ်အောင် ဝဿကာရပုဏ္ဏား လှည့်ဖျားဂုံးတိုက်ပြလေရာ၊ ပညာအဆင်အခြင်မရှိ နေမှားကြသည့်အတွက် ပျက်စီးဆုံးရလေကြောင်း ထုံးဟောင်းထင်ရှားရှိပါသည်။

ဇာတ်နိပါတ်တော်အလာ သံဝရမင်းသားသည် တစ်ရာ့တစ်ယောက်သောသားတို့တွင် အငယ်ဆုံးဖြစ်ပါလျှက်၊ ပညာရှိအမတ်ကောင်းနှင့် ပေါင်းဖော်မှီဝဲ၊ ယှဉ်တွဲနှီးနှောခြင်းပြုလေသောကြောင့် ခမည်းတော်မင်း၏အရိုက်အရာ ထီးနန်းတိုင်းပြည်ကို အပ်နှင်းခြင်းခံရကြောင်းကို သံဝရဇာတ်တွင်လာရှိတော်မူပါသည် ဒါယကာတော်မင်းမြတ်ဟု ဆရာတော်တို့ မိန့်တော်မူလေသော် ပြည့်ရှင်မင်းလည်း ကြိုက်တော်မူလေသည်။ သို့ကြောင့် သားတော်အကြီး ညိုရောင်ဖြူကိုထီးနန်းမအပ်။ သားတော်အလတ် မြို့သစ်စား အောင်ကျော်စံကိုသာ ထီးနန်းတိုင်းပြည် အပ်တော်မူလေသည်။

နရပတိကြီးမင်းသည် သည်းထန်သောဝေဒနာဖြင့် ထတော်မမူလေဘဲ သက္ကရာဇ် ၁၀၀၇–ခု၊ နတ်တော်လတွင် လွန်တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၆၅)

## အင်းဝ ကိုမတိုက်သင့်ကြောင်း လျှောက်ထုံး

သက္ကရာဇ် ၁၀၉၉–ခု ရောက်သောအခါ စန္ဒဝိဇယမင်း၏ညီတော် အိမ်ရှေ့မင်းသည် မိဖုရားရွှေရည်နှင့်ဘိသိက်ခံ၍ ရွှေနန်းတက်တော်မူသည်။ မင်းကို မှူးမတ်ပြည်သူတို့သည် ချစ်ခင်မြတ်နိုးရှိလေသောကြောင့် မေတ္တာရစ်ရာဇာဟူသောအမည်ကို မှည့်ခေါ်ကြသည်။ သူငယ်တော်သူကြီးကို လက်ျာမြန်အရာ ပေးတော်မူသည်။ ပိုက်သည်ပိုင်အမတ်ကို သံတောင်စားအရာ ပေးတော်မူသည်။ ကိုယ်ရံကြီးအမတ်ကား ရဲအောင်ဖြစ်လေသည်။ ရဲအောင်သည် အမတ်ကြီးမဟာပညာကျော်အနွယ်ဖြစ်သည်။

ထိုမင်းလက်ထက် သက္ကရာဇ် ၁၁၀၄–ခုတွင် အရှေ့ပြည်က ငစံဦး၊ ငရွှေလှော်၊ ငပုညိုတို့သုံးယောက်သည် ယောကျ်ားမိန်းမ လူပေါင်းတစ်ထောင်နှင့်ဝင်ရောက်လာ၍ မေတ္တာရစ်မင်းထံလျှောက်ထားသည်ကား–

အရှင်မင်းမြတ်။ အင်းဝမြို့မင်းသည် အကျင့်ပျက်၍ မှူးကောင်းမတ်ကောင်းတို့စကားကို မနာယူ၊ သွမ်းသွပ်သောအလေ့အလာကိုသာကြိုက်လေ၍ တိုင်းပြည် မငြိမ်မသက်ဖြစ်လျှက် ဆူပူသောင်းကျန်းများပါသည်။ ပြည်သူ ညှိုးငယ်ရှိပါသည်။ ချီသိမ်းတော်မူလျှင် လွယ်ကာနှင့်ရပါမည်ဆို၍ လက်ဆောင်ပစ္စည်း ပိုးထည်ငါးဆယ်နှင့် မြင်းကောင်းငါးစီး ဆက်သလေသည်။ယင်းသောအခါ ပညာရှိအမတ်မျိုး ကိုယ်ရံကြီးအမတ် ရဲအောင်လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ငရွှေလှော်၊ ငစံဦး၊ ငပုညိုတို့လျှောက်သော စကားအတိုင်းအကယ်၍မှန်စေကာမူ၊ ဥပမာထုံးသော်ကား ပျားတို့သည် အပေါင်းအစည်းပြု၍ ပျားအများ အုံဖွဲ့၍နေကြသောအခါ သဘာဝအလျှောက် ရောက်ရာပျံသွား နေတတ်ကြသည်။

ထိုပျားအုံကိုလူတွေ့၍ ဖွတ်သောအခါ မိမိတို့သားမြေးရှိရာ သင်းပင်းစုလျက် မကွဲမသွား စုပေါင်း ညီညာကြလျက် တတ်နိုင်သမျှ ကိုက်ခဲတုတ်ခတ်တိုက်ခိုက်ကြပါသည်။ ထိုပျားနှင့်စာမူ လူသော်ကားဆိုဘွယ်မရှိ။ မိမိတို့တိုင်းသားချင်းချင်းတွင် အချင်းချင်း နိုင်နင်းပြုလျက်ရှိစေကာမူ မညီမညွတ် မဆိုနိုင်ရာ။ တိုင်းတစ်ပါးက ဖျက်ဆီးမည်ရောက်လတ်လျှင် ကိုယ်စီအရေးနှင့်ချည်းဖြစ်သည်။ သားမယား၊ မိဘဆွေမျိုးကျေးကျွန်၊ ပစ္စည်းဥစ္စာ၊ အိုးအိမ်တို့၌ ခင်တွယ်လျှက်နှင့်ချည်းဖြစ်သည်။ အသီးသီးအချင်းချင်းသည် ပေါင်းစည်းကြပြီး ရန်မူခုခံတိုက်ခိုက်ကြမည် အမှန်ဖြစ်ပါသည်။

လူသတ္တဝါတို့ဓလေ့ မနိုင်သောအခါမှ လွတ်ရာလွတ်ကြောင်း တောတောင်ကြီးရာ ခိုမှီး ထွက်သွားလေရာသည်။ ယင်းတို့မခံ ခုခံတိုက်ခိုက်ချေကလည်း ကိုယ့်လူအများ သေဆုံးပျက်စီးမှ သူ့လူကိုရပါမည်။ သူ့လူလည်းအများပင် သေကြေပျက်စီးခြင်းသို့ ရောက်ရာသည်။ ရှေးသူဟောင်းစကား၌လည်း–

''တစ်ယောက်ချမ်းသာ၊ ကိုယ့်ဘို့ရှာ၍၊ သတ္တဝါပေါင်း၊ ဆုံးကြောင်းပျက်ရ၊ အဓမ္မမှု၊ သူပြသူ့ဝန်၊ သုခံခေတ္တ၊ ရေပွတ်မျှကို၊ နိစ္စထင်မှား၊ တောသားမုဆိုး၊ အားကြိုးမာန်တက်၊ လက်နက်စွဲကိုင်၊ ထိုမြိုင်ထိုတောင်၊ ကုန်အောင်လှည့်ပတ်၊ သားငါးသတ်သို့၊ မတတ်စရာ၊ ပမာထိုတူ၊ အယူမှောက်လှန်၊ ကျေးကျွန်ကိုယ့်သား၊ သူတစ်ပါးကို၊ မုန်းထားရန်စစ်၊ လောဘမြစ်ကို၊ နှုန်ပစ်လေပြီး၊ မင်းထီးစောထွတ်၊ နွယ်တော်မြတ်တို့'' ဟူ၍ ရှေးထုံးအဆိုရှိပါသည်။ ကျမ်းဂန်အလာ၌လည်း–ဟောရာဇာ–အကြင်မင်းသည်၊ အဇေယျံ–မအောင်အပ်သောအမှုတို့ကို၊ ဇေယ–အောင်ခြင်း၊ အောင်စေတတ်သော၊ သောရာဇာ – ထိုမင်းသည်၊ နရာဇာ–မင်းမမည်ရာ၊ အသေဝနာစ–သူမိုက်အလယ်၌၊ ပဏ္ဍိတော–ပညာရှိသည်၊ ဓမ္မံ–တရားကို၊ နဘာနန္တိ–မပြောမဆိုရာ။ အသေဝနာစဗာလာနံ– သူမိုက်အလယ်၌၊ ဓမ္မံ– တရားကိုဆိုလေ့ရှိသောသူမူလည်း၊ နသန္တော– သူတော်ကောင်းမဟုတ်ရာ။

ယင်းသို့ ထုံးသက်သေနှင့်လျှောက်လေလျှင် မင်းကြီးကြိုက်တော်မူလေသည်။ ငရွှေလျော်၊ ငစံဦး၊ ငပုညိုတို့နှင့်ပါသောသူတို့ကို ပေချောင်းတွင် ချထားတော်မူသည်။ ထိုလူတို့ဖြင့် လေးကြော့အစို့ဖွဲ့တော်မူသည်။ ငပုညိုကိုလည်း လေးခက်တောင်းစားအရာ ခန့်တော်မူသည်။ အမတ်ပညာရှိကိုယ်ရံကြီးရဲအောင်၏သား အကြီးမြကျော်ဦးကိုလည်း သမီးတော်မြတ်ဘုန်းကြွယ်နှင့် ပေးမြားတော်မူ၍ လသောင်းသွေးကျေးစား၊ ကောင်းကျော်ထင်ကျေးစား၊ သူငယ်သွေးကျေးစား၊ ဤသို့ကျေးစားအရာ သုံးထပ်ပေးတော်မူပြီးမှ အမိန့်တော်ရှိသည်ကား–

အမတ်တော်ကိုယ်ရံကြီးတို့အမျိုးသည် ပတ္တမြားကျောက်ကောင်းနှင့် တူသည်။ ထီးနန်းမင်းဆက် အရှည်ဆက်ကာ မင်းတိုင်ပင်အမတ်ချည်း ထွန်းလျက်လာသည်။ မင်းအားလည်း ပြစ်မှားသည်မရှိ။ မင်းမမှားစေရ။ လျှောက်ထား၍ လာခဲ့သည့်အမျိုး။ ပညာရှိအရာ အင်္ဂါပြည့်စုံစွာနှင့် ရာဇဝင်သမိုင်းထွက်ရှိသည်။ အရသာဩဇာရှိသောအပင် အသီးတို့ကို မျိုးစေ့မပျောက်စေရ။ ကောင်းမွန်စွာပျိုးရသကဲ့သို့ အမတ်ကြီးသားအငယ်–ရွှေသဲကိုလည်း သားအမှတ် ငါမွေးတော်မူမည်။ နို့ထိန်းအချီအယ အစုံပေးတော်မူပြီးသော် မိဖုရားကြီးသို့အပ်တော်မူ၍ နန်းမှာ ထားတော်မူလေသည်။

မေတ္တာရစ်မင်းသည် နန်းစံငါးနှစ်၊ သက္ကရာဇ် ၁၁၀၄–ခုနှစ်တွင် နာမကျန်းဖြစ်ပြီး လွန်တော်မူသည်။

## လျှောက်ထုံးအမှတ် (၆၆)

# ရခိုင်မင်းထံ အင်းဝအမတ်၊ မင်းကြီးနန္ဒကျော်ထင်၏ အင်းဝမြို့အကြောင်း လျှောက်ထုံး

မေတ္တာရစ်မင်း လွှန်တော်မူလေလျှင် ရမ်းဗြဲမြို့စားအမတ်သည် မိဖုရား စောသန္တာဝေနှင့် ဘိသိက်ခံ၍ သက္ကရာဇ် ၁၁၀၄–ခု၊ တပို့တွဲလဆန်း ဆယ်ရက်နေ့တွင် ပြည်၏စည်းစိမ်ကို အုပ်စိုးတော်မူသည်။ အမျိုးလေးပါး၊ ပြည်သူတို့အား ဘေးရန်မရှိစေသည်ကို အကြောင်းပြု၍ ''နရအဘယရာဇာ''ဟူသောအမည်ကို ခံတော်မူသည်။

ခေတ်ပြိုင်အားဖြင့် မြန်မာပြည်အင်းဝ၌ မဟာဓမ္မရာဇာဓိပတိမင်း စိုးစံသည်။ ဟံသာဝတီပဲခူးမြို့၌ မွန်ဘုရင် ဗညားဒလစိုးစံလျက်ရှိသည်။ ထိုစဉ် အင်းဝသည် များစွာအားနည်း လျက်ရှိသည်။ မဏိပူရကသည်းတို့သည် အင်းဝနယ်အနီးအပါး မြို့ရွာများကို လာရောက်တိုက်ဖျက်လုယူသည်။ ကသည်းတို့သည် အင်းဝနှင့်မျက်နှာချင်းဆိုင် တစ်ဘက်ကမ်း စစ်ကိုင်းသို့တိုင်ရောက်ရှိလုယူ ဖျက်ဆီးပြုကြသည်။ အင်းဝမြောက်ဘက် များစွာမကွာဝေးလှသော မတ္တရာအုတ်ဖိုမှ ကွေ့ချမ်းတို့ကလည်း ဩဇာမခံ ထောင်ထားခြားနားပြုကြသည်။ အစားဆန်ရိက္ခာများလည်း ရှားပါးလျက်ရှိရာ ခိုးသားဓါးပြများလည်း များစွာ သောင်းကျန်းလေသည်။

ထိုသို့အခြေအနေများလျှော့ပါးနေရာတွင် ဟံသာဝတီမှ ဗညားဒလနှင့် ဥပရာဇာတို့ ကွပ်ကဲဦးဆောင်သောမွန်တပ်များသည် ကြည်းကြောင်း ရေကြောင်း ချီတက်လာပြီး အင်းဝမြို့တော်ကို ဝန်းရံလုပ်ကြံကြလေသည်။ အင်းဝသားတို့ အတတ်နိုင်ဆုံးခုခံကြသော်လည်း မွန်တို့ကို နိုင်အောင်မတားနိုင်တော့ချေ။ မွန်တို့သည် အင်းဝမြို့ကို ရရှိသွားလေသည်။ မွန်တို့သည် စစ်သူကြီး တလပန်းကို အင်းဝတွင်အစောင့်အနေချထားပြီး အင်းဝ

မင်း မဟာဓမ္မရာဇာဓိပတိနှင့် မိဖုရားမင်းဆွေမင်းမျိုး၊ သူဌေး သူကြွယ်၊ ပစ္စည်းဘဏ္ဍာတော်အများအပြားကိုဆောင်ယူလျှက် မွန်တို့ ဟံသာဝတီသို့ပြန်ကြလေသည်။

အင်းဝပြည် ဤသို့ပျက်စီးလေလျှင်မင်းမှုထမ်း မှူးမတ်အချို့နှင့်ပြည်သူတို့သည် အားကိုးမှီခိုရာရှာလျက် ထွက်ပြေးကြလေသည်။ ဤသို့ထွက်လာကြသူများအနက် သက္ကရာဇ် ၁၁၁၅–ခုတွင် အင်းဝမင်းအမတ်မင်းကြီးနန္ဒကျော်ထင်ညီ တိုင်တားစား ရွှေဆင်လယ်ကိုင်း မြို့စားရာသီ အမတ်သုံးယောက်သည် နောက်ပါယောကျာ်း၊ မိန်းမလူ ပေါင်းနှစ်ရာနှင့် ရခိုင်မင်းထံရောက်ရှိခိုလှုံ နေထိုင်ကြလေသည်။ ရခိုင်မင်းလည်း ရောက်ရှိလာသောသူတို့ကိုသနားသဖြင့် ကောင်းစွာလက်ခံပြီး ပြုစုစောင့်ရှောက်ထားလေသည်။ တစ်နေ့သောအခါ ပြည့်ရှင်မင်းကြီးသည်အင်းဝမြို့အကြောင်းသိလိုသည်ဖြစ်၍ အမတ်–မင်းကြီး နန္ဒကျော်ထင်အား မေးတော်မူလေသည်။ ထိုအခါ အမတ်မင်းကြီးနန္ဒကျော်ထင် လျှောက်သည့်ထုံးသော်ကား–

အရှင်မင်းမြတ်။ ဘိုးဘေးစဉ်လာ၊ဟံသာဝတီ ပဲခူးမြို့မင်းဆက်များစွာ မှူးကြီး၊ မတ်ကြီးအရာနှင့် တိုင်းပြည်ကို အုပ်ထိမ်းလာခဲ့သောအမျိုးဖြစ်ပါသည်။ ပဲခူးမြို့သည် သတ္တဝါတို့ ကပ်ဥပါဒ်အလျောက်ပျက်သုဉ်း၍ အင်းဝမြို့၌ ဆင်ဖြူရှင်မင်းတရားသားတော်၊ ညောင်ရမ်းမင်းလက်ထက်တော်တွင်လည်း ခမည်းတော်ဆင်ဖြူမင်း တရားမြှောက်မြှင့်သည့်နည်း၊ သားမြေးဆက်ကာ အမတ်ကြီးနေရာနှင့်ချည်း တိုင်းမှုပြည်မှုများကို သုတ်သင်စီရင်ရပါသည်။ စနေမင်းသားတော် တနင်္ဂနွေမင်းလက်ထက်၊ အဘသသတိုးမင်းကြီး ကျော်ခေါင်မှာ သားတော်ယောကျာ်းသုံးယောက်ရှိသည့်အနက် သားအကြီးကို ရမည်းသင်းစား၊ မိဖုရားမင်္ဂလာသီရိတွင် ဖွားမြင်တော်မူသည့် သမီးတော်မင်းမြဦးနှင့် စုံဖက်တော်မူ၍ကူးခမ်းကြီးမြို့ကို ပေးတော်မူသည်။ သားအလတ်မှာ သားတော် အိမ်ရှေ့မင်းထံ သူငယ်တော်ခံ၍နေရပါသည်။ ညီအငယ်မှာမိဘနှင့် အတူမကွဲ ငယ်ရွယ်သူဖြစ်၍ နေရသည်နှင့် ထိုမင်းလွန်တော်မူရာ၊ သားတော်တနင်္ဂနွေမင်း ဆင်ဖြူရှင်နန်းတက်၍ တစ်နှစ်ရှိသောအခါ အဘသတိုးမင်းကြီးကျော်ခေါင် သေလွန်လျှင်အကိုကူးခမ်းစားကို အဘအရာ ဆောင်ရွက်မည်ရည်နှင့်တကွ ဆက်ခံရပါသည်။ ကျွန်တော်မှာသော်ကား မင်းကြီးနန္ဒကျော်ထင် အမည်နှင့် ထိုမင်း၏မိဖုရားတောင်သာ မြို့စားတွင်ဖွားမြင်တော်မူသော သမီးတော်မင်းရွှေကုံးနှင့်ပေးမြား၍ အင်းဝမြို့ဝန်ခန့်တော်မူပြီးလျှင် မိတ္ထီလာမြို့ကိုစားရပါသည်။

ညီရွှေဆင်မှာ သားတော်အိမ်ရှေ့မင်းထံ သူငယ်တော်ခံ၍နေရပါသည်။ ထိုမင်း လွန်တော်မူသော် သားတော် ကြာသပတေးမင်းနန်းတက်လေရာ အထက်ကနည်း မြှောက်မြှင့်တော်မူလျှက်၊ ညီရွှေဆင်ကို တိုက်ထားမြို့စား ပေးတော်မူပါသည်။ သက္ကရာဇ် ၁၀၉၅–

ခုတွင် ကြာသပတေးမင်းနန်းတက်၍ သက္ကရာဇ် ၁၁၀၅–ခုတိုင်အောင် တိုင်းပြည်သာယာပါသေးသည်။ နောက်သော်ကား–ယစ်မျိုးသောက်စား၊ သားငါးသတ်သုစ်၊ ကျင့်ကြံကြလျှက် အထိန်းတော်သားဖြူနှင့်ပေါင်းဖက်၍ မင်းကျင့်ပျက်လေရာ အကိုအမတ်ကြီးပါလေးယောက်သောအမတ်ကြီးတို့ကို စီရင်ရလေသည်။

ယင်းသို့နောက်သော်ကား ပြည်သူတို့ငြိုငြင်သဖြင့် အသီးသီးအလိုလို သောင်းကျန်းဆိုးသွမ်းပြလေရာ ထိုမင်းအမတ်ပဲခူးမြို့ကနေ၍ ခြားနားချီတက်တိုက်ဖျက်လာလျှင် သက္ကရာဇ် တစ်ထောင်တစ်ရာတစ်ဆယ့်သုံးခုတွင် အင်းဝမြို့ပျက်၍ ကြာသပတေးမင်းလည်း ပဲခူးသို့ပါသွားလေသည်။ အကြေအညာ မြို့ရွာများကိုလည်း မွန်တို့တိုက်ဖျက်၍ သေကြေများပြားသောကြောင့် လွတ်ရာလွတ်ကြောင်း တောင်ငူရာဇာနှင့် မင်းတုံးမြို့တွင်နေကြရာ တောင်ငူရာဇာသေလွန်လျှင် ပဲခူးကမွန်တို့ လာရောက်တိုက်ခိုက်လာပြန်မူ။ မခံမရပ်နိုင်အောင်ရှိသည် တစ်ချက်။ ဥတုရာသီမဖြောင့်၍ အစားရှားပါးတော်မွတ်ရှိသည်တစ်ခု၊ ထိုသို့အကြောင်းဆိုက်လတ်သော် ဘုန်းတော်မြတ်ကိုခိုလှုံလို၍ သားမယား၊ ကျေးကျွန်တစ်စုနှင့် ဝင်ရောက်လာကြောင်း တင်လျှောက်လေလျှင် အဘယရာဇာမင်းလည်း မင်းကြီးနန္ဒကျော်ထင်အမျိုးနှင့်အရည်ကို ကြိုက်တော်မူသဖြင့် ဆင်ကဲကြီးအမတ်ခန့်တော်မူသည်။ ညီရွှေဆင်ကို ကျွေတဲစား။ ရာသီကို–ကျွေးမသွေးစား အရာပေးတော်မူ၍ထားလေသည်။ နောက်ပါလူတို့ကိုလည်း ပြိုင်းချောင်းတွင်ရွာတည်၍ ချထားတော်မူသည်။ အချို့ကို တောင်စဉ်ခုနှစ်ခရိုင်ရွာတို့တွင် ချထားနေစေတော်မူသည်။

သက္ကရာဇ် တစ်ထောင့်တစ်ရာနှစ်ဆယ့်နှစ်ခုတွင် အမတ်ဆင်ကဲကြီး (နန္ဒကျော်ထင်)သမီး ရှင်စိုးမင်းကိုကောက်ယူတော်မူ၍ မြောက်မိဖုရားထားတော်မူသည်။ မြောက်မိဖုရားညီမ မိပန်းရုံကိုလည်း ရှေးပညာရှိအမတ်ကြီး သားရွှေသဲနှင့် ပေးမြားတော်မူပြီးလျှင် ရွှေတိုက်၊ ငွေတိုက်၊ လက်နက်တိုက်များကိုအပ်တော်မူ၍ စားကျေးရိုးကျွန်းနှင့်စိန်တင်(စိုင်းတင်)ကို ပေးတော်မူသည်။

သက္ကရာဇ် ၁၁၂၃–ခု၊ တန်ဆောင်မုန်းလတွင် အဘယရာဇာမင်း လွန်တော်မူသည်။

## လျှောက်ထုံးအမှတ် (၆၇)

# စန္ဒပရမရာဇာမင်း၏သားတော် ဥဘော်ဝေအတွက် နို့ထိန်းရွေးရန် လျှောက်ထုံး

အဘယရာဇာမင်းလွန်ပြီးသော် သားတော်ဒါးပိုင်ကြီးသည် မိဖုရားအောင်ကြော့စံနှင့် သက္ကရာဇ် ၁၁၂၃–ခုတွင် ရွှေနန်းတက်တော်မူသည်။ စန္ဒပရမရာဇာဟူသောအမည်ကို ခံယူတော်မူသည်။ ထိုမင်း၏ တောင်နန်းမိဖုရားတွင် သားတော်ဥဘော်ဝေကို ဖွားမြင်တော်မူသည်။ သားတော်ကိုနို့ထိန်း နို့တိုက်ပြုရန် နို့ထိန်းရွေးချယ်ရေးအတွက် စန္ဒပရမရာဇာမင်း မိန့်တော်မူသည်ကား–

"မဟာသမတမင်းကစဉ်လာ သာကီဝင်မင်းမျိုးတို့၌ သားတော် ယောကျ်ားသော်လည်းကောင်း၊ သမီးမိန်းမသော်လည်းကောင်း တောင်ညာထားတွင် ဖွားမြင်လေသော်၊ မင်းဆွေမင်းမျိုး၊ မျိုးရိုးမတ်ရိုးမမှန်သောမိန်းမအား နို့ထိန်းနို့တိုက် ထည့်မြဲထုံးတမ်းဟောင်းမရှိ၊ ငါ့သားတော်ဥဘော်ဝေကိုလည်း နို့ထိန်း နို့တိုက်ထားရန် ရှေးထုံးတမ်းနှင့် လျှောက်ရမည်" မိန့်တော်ရှိသောအခါ ရှေးပညာရှိအမတ်၊ မျိုးရိုးစဉ်လာဖြစ်သော စိန်တင်(စိုင်းတင်)စားအမတ် ရွှေသဲလျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ လောကဒီပဝင်ကျမ်းအလာမူကား ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းသည် ငယ်တော်မူစဉ် လက်ပန်းသည်တစ်ဦးကျောက်ကုန်း၌ စီးတော်မူခဲ့သောအကြောင်းဖြင့် မင်းဖြစ်တော်မူသောအခါ သဝရဟူသောအမည်နှင့် ကနီစာမြို့ကို စားကျေးပေးလေ၍ ထိုမင်းတွင် အဇာတသတ်သားတော်ကိုဖွားမြင်လေမူ၊ သဝရမယားဆိန္ဒပ္ပန္ဒကို အဇာတသတ်အား နို့ထိန်းပေးလေသည်။ ဆိန္ဒပ္ပန္ဒလည်း သုတမရှိ၊ သဝရလည်း ပညာမဲ့။ ထုံးဟောင်းစာဟောင်း မတတ်၊ လက်ပန်းသည်ရင်း ဆိန္ဒပ္ပန္ဒအမျိုး

မှူးမတ်သမီး အရိုးအစဉ်မဟုတ်၍ နို့ထိန်းအင်္ဂါကိုမသိ။ ခက်ထန်သောအလေ့နှင့် နေသောသူအား နို့ကိုစို့မိလေ၍ အဇာတသတ်အရွယ်ရောက်လတ်မူ အဘဗိမ္ဗိသာရမင်းအား ပြစ်မှားလေသည်။ အသိတဥ္စနပြည့်ရှင်မင်း နှမတော် ဒေဝဂဗ္ဘာသားတော် ဝါသုဒေဝ၊ဗလဒေဝ ညီနောင်တစ်ကျိပ်တို့အား အန္ဓဝိန္ဒကဟူသော စစ်မျိုးအမတ်မယား သာမန္ဒ နိဂုံးရွာသူ၊ နန္ဒိဂေါပါလကို နို့ထိန်းအပ်လေ၏။ ထိုမိန်းမသော်ကား တရားမရှိ၊ လောဘကပ်သောမိန်းမနှင့်ထားသဖြင့် ထိုမင်းသားညီနောင်တစ်ကျိပ် အရွယ်သို့ရောက်သောအခါ ဦးရီးတော်ကံသမင်းကို ပြစ်မှားလေသည်။

ဥတ္တရမဒူပြည့်ရှင် သာရဆိန္ဒမင်းကို သဘော်သူကြီးသန်မြင့်စွာက ထူးဆန်းသောရထားတစ်ခုဆက်လေရာ သဒ္ဓါကြီး၍ မကရူပိတိုင်းကို စားကျေးပေးတော်မူသည်။ ထိုမင်း၌ မိဖုရားကြီးတွင် သမီးတော်သုဝဏ္ဏကုမ္ဘာကိုဖွားလေလျှင် သန်မြင့်စွာ မယားအနဘက္ခသဘင်သည်မကို နို့ထိန်းပေးလေသော် ထိုမိန်းမ၌ အကျင့်မရှိ သွမ်းသွပ်သောအမူအယာကိုသာလေ့လာ၍ မင်းသမီး သုဝဏ္ဏကုမ္ဘာအရွယ်ရောက်လတ်ရာ စောင်းသည်နှင့် မှားဘူးသည်။

လူမှုတပါး စကားမတတ်သောမြင်းသတ္တဝါသည် ဗာရာဏသီပြည့်ရှင် ဥလ္လကာမင်း၌ သိန္ဓဝစဟူသောမြင်းကို ငယ်စဉ်က လူကုန်းတစ်ယောက်အပ်၍ ထိန်းစေရာ ထိန်းသူအလိုက် မြင်းတော်သိန္ဓဝလည်းကုန်း၍သွားလေလျှင်၊ လူစန့်ကို တစ်ဖန် အပ်ပြန်သည်တွင် မြင်းတော်သိန္ဓဝဖြောင့်ကြောင်း ထုံးဟောင်းထွက်ရှိပါသည်။ အသက်မရှိသော အဝိညာဏကဝေသာလီပြည်ရှင် စူလစန္တရားမင်း စားတော်သရက်ချိုပင်အပါး၌ ဥယျာဉ်မှူးက မဲဒါးပင်ကိုစိုက်ပျိုးလေရာ သရက်ချိုခါးသောအရသာရှိလတ်မူ အမတ်လိမ္မာတစ်ယောက်ကို မင်းစေလွှတ်ကြည့်စေသည်တွင် သရက်ချိုပင်အနီး၌ မဲဒါးပင်ကိုမြင်လေ၍ ထိုအပင်ကို ကုန်စင်အောင်နှုတ်ပစ်ပြီးမှ အမြစ်တို့ကိုလည်း တူးဆွယူစေသည်။ ယင်းသို့ပြီးမှ ပျားတင်လဲသကာတို့ကို အရည်ဖျော်လျှက် သရက်ချိုပင်ပတ်လည်၌ မပြတ်သွန်လောင်းစေရာ ခါးသောအရသာကွယ်၍ ရှေးအတူ ချိုသောအရသာ ရောက်မြဲရောက်ကြောင်း ထုံးဟောင်းထွက်ရှိပါသည်။

အရှင်မင်းမြတ်။ မင်းသားမင်းသမီးစသဖြင့်သော သဝိညာဏက၊ အဝိညာဏကတို့၌အာဒီအာစ–ထိန်းသူမူလ၊ သဝိညာဏကတို့မှာလည်း မိဘထိန်းသူတို့ မလိမ္မာ၊ လက်ရုံးမာန ကြမ်းတမ်းခက်ထန် ထောင်လွှားဆိုးသွမ်းချေက ထို့အတူ သားသမီး ဆိုးသွမ်းလေရာ၊ တထာဂတော–လာခြင်းကောင်းသော အတိဇာကသားဖြစ်မှ သာထိုးထွင်း၍ သိမြင်သောသတ္တိကြောင့်၊ အတိဇာတသားလည်း အလွန်ရှားကြောင်း ကျန်းဂန်ပြဆိုပါ

သည်။ အဝိညာဏကဥယျာဉ် လယ်ယာတို့မှာလည်း ထိန်းသူမကောင်းက ပျက်စီးခြင်းသို့ရောက်လေရာသည် အရှင်မင်းမြတ်။

ထိုမှတစ်ပါးတုံလည်း အသားဖြူသောမိန်းမ၌ နို့ရည်သည် ချိုသောအရသာရှိသည်။ ထိုနို့ကိုစို့သောသူအား လေဝေဒနာမြဲ၏။ အသားညိုသော မိန်းမ၌နို့ရည်သည် ဖန်သော အရသာရှိသည်။ ထိုနို့ကိုစို့သောသူအား ဥက္ကောင်း၌ဝေဒနာမြဲ၏။ အသားပြာသောမိန်းမ၌နို့ရည်သည် ချဉ်သောအရသာရှိသည်။ ထိုနို့ကိုစို့သောသူအား ဒွါရတို့၌ဝေဒနာမြဲ၏။ (အသားရွှေရောင်ရှိသော မိန်းမနို့ရည်သည် ဆိမ့်သောအရသာရှိသည်။ ထိုနို့ကိုစို့သောသူအား မြတ်သောနှလုံးမြဲ၏။) အသားမဲသောမိန်းမနို့ရည်သည် ခါးသော အရသာရှိသည်။ ထိုနို့ရည်ကို စို့သောသူအား ခြေလက်ဦးတို့၌ ဝေဒနာမြဲ၏။ အသားနီသောမိန်းမနို့ရည်သည် စပ်သောအရသာရှိသည်။ ထိုနို့ရည်ကိုစို့သောသူအား ရင်၌ ဝေဒနာမြဲသည်။

ယင်းသို့ထုံးဟောင်းသက်သေနှင့် ပညာရှိအမတ်လျှောက်လေသော် ပြည့်ရှင်မင်းအမိန့်တော်ရှိပြန်သည်ကား ''စိန်တင်စားတို့အမျိုးသည် ဓညဝတီ၊ ဒုတိယမြို့တည် ကံရာဇာကြီးမင်းကဆင်းသက်၍ မူးရိုးမတ်စဉ် သားမြေးစဉ်ဆက် ပညာရှိခံတွင်လျက် မင်းဆက်အများ နှစ်ပေါင်းအရှည် စိန်တင်စားတို့ အမျိုးမတိမ်း လရောင်ပမာ ချမ်းအေးစွာသာ မင်းထံလျှောက်ထားကြောင်း ထုံးဟောင်းထွက်ရှိသည်။ စိန်တင်စားမယား အမိလည်း အင်းဝမင်းသမီးတော်၊ အဘ မင်းကြီးနန္ဒကျော်ထင်၊ ဘိုးဘေးလည်း ပဲခူးမင်းကျော်ထင်နော်ရထာသား မြေးဆက်ကာအင်းဝမင်းလက်ထက်ဆင်ကဲကြီး၊ အမတ်တို့ အမျိုးမျုးရိုးမတ်ရိုး မပျက်၊ အင်းဝမြို့သည် ကာလဝိပ္ပတ္တိအလျှောက်ပျက်ခဲ့၍ ရက္ခပူရတိုင်းမြောက်ဦးမြို့သို့ ရောက်လာပြန်လျှင် အမျိုးစောင့်သောတရားမလွတ်။ မျုးမတ်အင်္ဂါနှင့် ပြည့်စုံသူဖြစ်၍ ခမည်းတော်အဘယမင်းက ဆင်ကဲကြီးအရာကို ပေးတော်မူသည်။ ဆင်ကဲကြီးသမီး မိပန်းရုံသည်လည်း မူးရိုးမတ်ရိုးသမီးမှန်သည်။ သတ္တိပညာ၊ ဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်။ ငါ့သားတော်ဥတော်ဝေကို တတ်လိမ္မာအောင် စိန်တင်စားထိန်းသိမ်းပြုသ ဆုံးမသွန်သင်စေ။ စိန်တင်စားမယား မိပန်းရုံ နို့တိုက်စေ'' အပ်တော်မူလေရာ ထိန်းသိမ်းတိုက်ကျွေးပြုရလေသည်။

## လျှောက်ထုံးအမှတ် (၆၈)

# အဘယမဟာရာဇာလက်ထက် အမတ်ခန့်ထားရန် လျှောက်ထုံး

သက္ကရာဇ်၁၁၂၆–ခုရောက်သောအခါ စန္ဒပရမရာဇာမင်းကို ယောက်ဖတော် ရမ်းဗြဲ သံတောင်စားလက်ဝဲမြန်အမတ် ပုန်ကန်ခြားနားလေသည်။ ထိုသက္ကရာဇ် ကဆုန်လဆန်းတစ်ရက်နေ့တွင် လက်ဝဲမြန်အမတ်သည် ယောက်ဖတော် စန္ဒပရမရာဇာမင်းကိုရလေပြီး မိဖုရားစောရွှေကြာနှင့် နန်းတက်တော်မူလေသည်။ နန်းတက်တော်မူသောအခါ အဘယမဟာရာဇာဟူသောအမည်ကို ခံတော်မူသည်။ ထိုမင်းသည် ယောက်ဖတော် စန္ဒပရမရာဇာကို ရဟန်းပြု၍ထားလေသည်။ စိတ်မချလေသောကြောင့် ယောက်ဖတော် နန်းကျမင်းကို ရဟန်းပြုထားရာမှယူစေပြီး၊ မြေငူကျွန်းသို့ ပို့စေတော်မူသည်။ အပို့စေသူ စက်ကန်ကျင်တို့သည် ထိုနန်းကျမင်းကို မြေငူကျွန်းသို့ယူဆောင်သွားကြရာ ဆင်တုံးမော်အရပ်သို့ရောက်သောကာလ ထိုသက္ကရာဇ် နယုန်လဆန်းတစ်ရက်နေ့တွင် ဝမ်းကျရောဂါဖြင့် ရုတ်တရက်သေဆုံးလေသည်။

လက်ဝဲမြန်အမတ်သည် အဘယမဟာရာဇာအမည်ဖြင့်နန်းတက်၍ မင်းဖြစ်ပြီးသောအခါ ယယ်ကျွန်ဖြစ်သော သက်လူမျိုးငသောက်ကြာနှင့် ငသောက်ကြယ် ညီအကိုနှစ်ယောက်ကို သဒ္ဒါတော်မူ၍ အမတ်ကြီးခန့်တော်မူမည်ရှိလေရာ ရှေးပညာရှိအမျိုးအတွင်းတော်မှူး စိန်တင်(စိုင်းတင်)စားအမတ် ရွှေသဲလျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ရှေးပညာရှိတို့ဆိုခဲ့သော ရာဇာမင်းတို့လက်သုံး ထုံးဟောင်းစာတမ်းအလာထွက်ရှိသည်မှာ ''ရေမြေသနင်း၊ မင်းတို့ကျင့်သုံး၊ ရှေးထုံးမသုံး၊ ရာဇဂုဏ်မြတ်၊ နဝရတ်ကိုးခိုင်၊ မဏ္ဍိုင်မပျက်၊ မင်းလက်နက်တည့်။ ဝေဝက်စိတ်ဖြာ၊ မလိမ္မာငြား၊

သူမိုက်သားကို၊ မှား၍ပြည့်ရှင်၊ သူကောင်းတင်လျှင်၊ တိုင်းခွင်ခရိုင်၊ အပိုင်ကံကျွေး၊ မင်းခွင့်ပေး၍၊ မှူးရေးမတ်ရာ၊ နှင်းအပ်ပါမူ၊ ပဇာကျိုးရှိ၊ နှမ်းရိသတ္တဝါ၊ မြို့ရွာတုန်လှုပ်၊ မင်းကျိုးယုတ်၏။ စက်ဆုန်သဖွယ်၊ ပျက်ရယ်တန္တု၊ ပြည်မှုရှုတ်ထွေး၊ တိုင်းဝေးတစ်ပါး၊ စကားမတည်၊ အရှည်မကောင်း၊ ဗူးတောင်းပမာ၊ မိစ္ဆာငှက်ဆိုး၊ လင်ကောင်ပိုးသို့၊ ဆိုရိုးတစ်ချက်၊ ကြွက်နှင့်မြွေတူ၊ သူ့မူမဖျောက်၊ မျောက်မှင့်မြေခွေး၊ ဆိုရေးတစ်သီး၊ ကျီးနှင့်ဝက်တူ၊ အမူယုတ်သွမ်း၊ သူကန်းအကြံ၊ လောဘလျှံသည်၊ မင်းထိန်းစပ် မသုံးအပ်။

ထိုသို့ဆိုသော ပညာရှိစကားအရကျမ်းဂန်တွင်လည်း ''အေဝပုတ္တာ– နတ်သား၊ ဗာလာနံ– သူမိုက်တို့အား၊ အသေဝနာစ– မမှီဝဲမဆည်းကပ်၊ မပေါင်းဖေါ်ရခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ– ပညာရှိသောသူနှင့်၊ သေဝနာစ– မှီဝဲဆည်းကပ် ပေါင်းဖေါ်ရခြင်းသည်လည်းကောင်း၊ ပူဇနေယျာနံ– ပူဇော်ထိုက်သောသူတို့အား၊ ပူဇာစ–ပူဇော်ရခြင်းသည်လည်းကောင်း၊ အတ္တိ–ရှိ၏။ တေံ–ဤလေးပါးသော တရားသည်၊ ဥတ္တမံ– မြတ်သော၊ မင်္ဂလံ–မင်္ဂလာတရားတည်းဟူ၍၊ တွံ–သင်သည်၊ ဂဏှာဟိ–မှတ်ယူလေလော့။

ယင်းသို့ မြတ်စွာဘုရားဟောတော်မူသော မင်္ဂလာတရားရှိပါသည်။

အရှင်မင်းမြတ်။ တစ်တိုင်းတစ်ပြည်အစိုးရသောမင်းတို့သည် သူမိုက်ကို မရှောင် ပေါင်းဖေါ်ပြလေငြားအံ့။ ထိုသူမိုက်ကြောင့် တိုင်းပြည်ပြိုပြင်လျက်နှင့် မင်းလည်းပျက်လေရာသည်။ တစ်တိုင်းတစ်ပြည် မိတ်ပြုရာ၌လည်း ထိုပြည်၏ အကြောင်းကိုစုံစမ်းပြီးမှ ဝံသူတော်ကဲ့သို့ကျင့်သောမင်းကိုသာ ဆည်းကပ်မိတ်ဝင်ရမူ အကျိုးထွန်းလင်းနိုင်ရာသည်။ ကြောင်သူတော်နှင့်တူသော မင်းဖြစ်ချေက ထိုမင်းဖျက်၍ ကိုယ့်ပြည်ပျက်လေရာသည်။ သူမတော်ကျင့်တတ်သော် လူအများက ကမ္ဘာရှည်သမျှကောင်းကျိုး မကောင်းကျိုးကိုသော်လည်း အကျိုးအပြစ်မရှိပါ။ ပညာရှိတစ်ယောက် အချီးအမွမ်းကိုသာ ကြိုက်တော်မူ၍ ကဲ့ရဲ့ချေသော် ကြောက်တတ်ရက်တတ်ရပါသည်။ ထိုသို့ပညာရှိအမတ် ရွှေသဲလျှောက်လေရာ အမတ်တော်သို့စားကျေးထပ်၍ မြို့သစ်ကို ပေးတော်မူလေသည်။ အမတ်ပညာရှိ မြို့သစ်စားမယား မိပန်းရုံကိုလည်း ရွေးမင်းများနည်း အသုံးအဆောင်ကိုပေးတော်မူ၍ နန်းတွင်း၌ မိဖုရားမောင်းမတို့ကို နားလည်အောင် ရွေးအသုံးအဆောင် အသွားအနေ မင်းခမ်းမင်းနားစသော အမှုများကိုပြသဆုံးမ ထိန်းသိမ်းရမည် အပ်တော်မူလေသည်။

ထိုမင်းကျွန်နှစ်ယောက်နှင့်စပ်သော စကားကိုမူ နာတော်မမူ။ အစ်ကို ဖြစ်သူငသောက်ကြယ်ကို လက်ျာမြန်အမတ်၊ ညီဖြစ်သူငသောက်ကြာကိုမူ ဓါးပိုင်ကြီး အမတ်ခန့်တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၆၉)

# ကျွန်တို့ကို လက်နက်အင်အားအပ်ရန် သင့်၊ မသင့် လျှောက်ထုံး

တစ်ရံသောအခါ ပြည့်ရှင်မင်းအဘယမဟာရာဇာသည် အုန်းကျွန်းနေ လယ်တော်လုပ် လမိုင်းသားမင်းတရားကျွန်တို့ကို သူရဲအမတ်ပြု၍ ဓါး၊ လှံ၊ ကာ၊ ဒိုင်း၊ လွှား၊ လက်နက်အပ်၍ တပ်တော်ဖွဲ့မည်ရှိရာ အမတ်ပညာရှိမြို့သစ်စား ရွှေသဲလျှောက်ထားသောထုံးသော်ကား–

အရှင်မင်းမြတ်။ မင်းတရားကျွန်လမိုင်းအစုသားတို့သို့ လက်နက်အပ်တော်မူချေသော် မျောက်ကိုချူဆွဲသည်နှင့် တူပါသည်။ မျောက်ကိုသနား၍ ချူဆွဲလေမူ အငြိမ်မနေစုန်ပေါက်ပြေးလွှားလျက်နှင့်သာ ရှိလေရာသည်။ ထို့အတူ သူမိုက်အလေ့ ကိုယ့်ဘို့သာလုံးပမ်းရှာ၍ သူ့ကိုသော်ကား သနားခြင်းမရှိ။ သားငါး ပစ်ခတ်၊ ထိုးသတ်သောက်စား၊ အတ္တနောမတိ၊ ကျင့်ကြံလျှက်နေလေ့ရှိသော အမျိုးသားတို့၌ လက်နက်ရောက်လေသော် အများသတ္တဝါသည် အတိမှာချမ်းသာရပါအံ့နည်း။ ဝိလုပ္ပန္တ–ရက်စက်ကြမ်းတမ်းတစ်မြို့တစ်ရွာကို ဖျက်ဆီးလုယူ နိုင်ထက်စီးနင်း အမျိုးသားချင်း၌လည်း ခင်မင်သော စာရိတ္တမမြဲ၊ ဖေါက်လွဲဖေါက်ပြန်၊ မမှန်သောအသိဖြင့်၊ လောဘ၊ ဒေါသ၊ မောဟ လွန်လေရာသည်။ ထို့ကြောင့် ရှေးပညာရှိစကား၌ ''သူမိုက်တို့မှာ၊ အင်္ဂါလေးမည်၊ စည်စည်ကားကား၊ ရမက်များသည်'' ယင်းသို့အဆိုသော်ကား လေးပါးဟူသည်မှာ–အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်း၊ ဥစ္စာရှာမီးခြင်း၊ သူမိုက်မိစ္ဆာ၊ အင်္ဂါ ဟူလျက် ရှေးသူမြတ်တို့ ဆိုရှိပါသည်။ မင်းတရားကျွန်လမိုင်းတို့သို လက်နက်အပ်ရန် မသင့်ပါ။ နောင်သောအခါ လူဆိုးလူကောင်း ရောနှောလျက် စီရင်ရပါလိမ့်မည်။ လျှောက်လေသော်–

ပြည့်ရှင်မင်း မနာမယူ။ မင်းတရားကျွန်လမိုင်းတို့ကို လက်နက်အပ်၍ တပ်တော်ဖွဲ့လေသည်။ တစ်နှစ်ခန့်ရှိလေသောအခါ ရမ်းဗြဲမြစ်စသည်တို့၌ အသွားအလာမျှ မပြုဝံ့ကြ။ မင်းတရားကျွန် လမိုင်းတပ်သားတို့ ဓါးပြတိုက်လုယက်လေကြရာ ပြည့်ရှင်မင်း အမျက်တော်ဝင်၍ လူပေါင်းငါးရာကျော်ကို အကုန်အစင်သတ်လေပြီးမှ လက်နက်များကို ပြန်လည်သိမ်းတော်မူရလေသည်။

## လျှောက်ထုံးအမှတ် (၇၀)

# ဓါးပိုင်ကြီး သောက်ကြာသည် စစ်တွေကျွန်းနေ ကုလားတို့ကိုဆုလာဘ်ပေးပြီး အင်အားစုနေကြောင်း လျှောက်ထုံး

အဘယမဟာရာဇာမင်းလက်ထက် တစ်ရံသောအခါဓါးပိုင်ကြီး သောက်ကြာသည် စစ်တွေကျွန်းနေ ကုလားတို့ကိုခေါ်ပြီး ဆုလာဘ်များပေး၍ ဘက်တော်သား အင်အားစုနေလေသည်။ ဤသို့အင်အားစုဆောင်းနေကြောင်းကို အမတ်ကြီးရွှေသဲ သိရှိလေ၍ ပြည့်ရှင်မင်းထံ လျှောက်ထားလေသည်။ ပြည့်ရှင်မင်းလည်း ငယ်ကျွန်တော် ဖြစ်သည်။ မိမိပင် ချီးမြှောက်သူကောင်းပြုထားသည်ဟု ယုံတော်မမူရှိသည်။

ပြည့်ရှင်မင်းယုံတော်မမူ အရေးမယူရှိလေသောကြောင့် အမတ်ကြီးသည် ရှေ့ရေးကို မြင်တွေးလေရကား ရင်လေးလျက်နှင့်ပင် သည်အရေးကို တဖန်ထပ်မံ၍ လျှောက်ထားပြန်လေသည်။ လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ ရှေးဘားမဲသိုက်၊ ဘားပုသိုက်အတွက်မူလည်း ''ထောင်ရာဝိသ၊ ဆတိုင်ကလျှင်၊ ပေတစ်ပင်ကို၊ ရေလျှင်သွန်းကြ၊ မိုးကိုးလ'' ယင်းသို့အဆိုကို ယတြာပြန်၊ အမှုပြုရန်မှာ–''နန်းစံတော်မူလျှင် ဘားဘူတောင်တွင် နံတော်ကို နဝကိန်ဓါတ်၊ ပါပဓါတ်၊ ရုပ်– စုတ်လပ်ပြု၍ယတြာထားတော်မူရမည်။ ထိုကိန်းဓါတ်အလို နန်းစံ ကိုးနှစ်ကိုးလ ထွက်ပါသည်။ အရှင်မင်းနောက်ကို သောကြာသားမင်းဖြစ်ရန် သိုက်ရှိပြန်သည်မှာ ကြွက်ကိုချောင်းသည့် ဖူးတောင်းမောင်သောကြာ'' ဆိုလေသောကြောင့် ဓါးပိုင်ကြီးသောကြာ သားဖြစ်ပါသည်။

အရှင်မင်းမြတ်။ ရှေးပညာရှိတို့ထားခဲ့သော မြောက်ဦးမြို့ဓါတ်သိုက် အလိုတွင်လည်း

‘‘ရလုရလူ ကိုးရလူ၊ ရလုကိုးမည်၊ မြောက်ဦးပြည်သာ၊ စည်တသောသော၊ ရလုလည်းကုန်၊ ပျက်ကိန်ကြုံ၊ လူပုံညာကြေမြော။ ထိုသို့ထွက်ရှိသော သိုက်တစ်ချက်။ မြို့တည်တြင်း ရှစ်ရပ်၊ ဂြိုဟ်သက်စန်းလက်နှင့် ကိန်းထားသောမြို့လက်နှင့် ကိန်းထားသော မြို့သက်သုံးရာ သုံးဆယ့်သုံးခုနှစ်တွင်သာ ရှိပါသည်။ သို့ရာတွင် ကိုယ်ကျင့်တရားသာ မူလမှန်သည်။

အရှင်မင်းမြတ်။ သူမိုက်တို့သည် ပိဋကတ်ဗေဒင်ကို သင်ကြား၍တတ်စေကာမူ အလင်္ကာရူပမာသာ ပညာရှိသူတော်ကောင်းစသောအမြင့်အနိမ့်၊ အယုတ်အမြတ် မူလအနာဂတ်ကို ဆုံးဖြတ်သိနိုင်သည်မဟုတ်ခြင်း အတတ်ကြောင့် ချင်းနစ်လေရာသည်။ ပညာသည် နေရောင်လရောင်နှင့်တူသောကြောင့် ကေသရာဇာခြင်္သေ့ မင်းအဆီနှင့်သော်လည်းကောင်း တူပါသည်။ နေလတို့သည်မူလည်း အခန့်သင့်သော်မှ ဖန်မှန်၌သာလျှင် မီးရေ စွဲရောက်ပါသည်။ ကေသရာဇာခြင်္သေ့မင်း အဆီတိုသော်လည်း ဇမ္ဗူရစ်ရွှေခွက်၌သာ တည်နိုင်ရာသည်။ ထိုအတူ ပညာရှိတစ်ယောက်စကားကို ပညာရှိတစ်ယောက်မှသာ သိနိုင်ပါသည်။ ရှေးသူဟောင်းအမှာတွင် ဟုတ်မှန်သောစကားကို ဆိုလေလျက် ခံသူမကြိုက်က အပြစ်ရောက်ရာသည်။ မဟုတ်မမှန်သောစကားကို ဆိုလေမူလည်း ခံသူကြိုက်မူ အကျိုးဖြစ်ရာသည်’’ ထိုသို့ထုံးသက်သေနှင့် ပညာရှိတို့ထုံးတမ်း မင်း၌အပြစ်ကိုမြင်လျှင် လျှောက်တင်မြဲ ရှေးထုံးဟောင်းနှင့်အညီလျှောက်လေသော်လည်း ထိုမင်း ကုသိုလ်အလျှောက် မသူတော်ကိုယုံသောသတ္တိစွဲသဖြင့် မည်သို့မဆိုနေတော်မူ၍ အမတ်ပညာရှိမြို့သစ်စားရွှေသဲသို့ ကောင်းကျော်ထင်ဟူသော မင်းတရားကျွန် လမိုင်းတစ်ရွာကိုစားစေရန်သာ ဆုပေးသနားတော်မူလေသည်။ ဓါးပိုင်ကြီး ငသောက်ကြာကိုကား မည်သို့မပြု ထားမြဲထားလေသည်။

အဘယမဟာရာဇာမင်းသည် ငသောက်ကြယ်၊ ငသောက်ကြာ ညီအစ်ကိုနှစ်ယောက်လုံးကို ငယ်ကျွန်တော်များဖြစ်သည့်အားလျော်စွာ ယုံကြည်အားထားသဖြင့် အစ်ကိုဖြစ်သူ ငသောက်ကြယ်ကို လက်ျာမြန်အမတ်အဖြစ်လည်းကောင်း၊ ညီဖြစ်သူ ငသောက်ကြာကို ဓါးပိုင်ကြီးအမတ်အဖြစ်လည်းကောင်း၊ သူကောင်းပြု ခန့်ထားတော်မူခြင်းဖြစ်သည်။ ထိုသူတို့သည်မိမိအပေါ်၌ မကောင်းမှု မပြုကျင့်တန်ရာဟူ၍ ယုံကြည်ရင်းရှိလေသည်။ သို့ကြောင့် ဓါးပိုင်ကြီး အမတ်ငသောက်ကြာနှင့်ပတ်သက်ပြီး အမတ်ပညာရှိရွှေသဲ အကြိမ်ကြိမ်လျှောက်တင်ခဲ့သော်လည်း စိတ်ကွက်ခြင်းဖြစ်တော်မမူ။ ထားမြဲသာထားခဲ့လေသည်။ ထိုမင်းသည် ကုသိုလ်ကောင်းမှုကို များစွာပြုစုတော်မူသည်။ သီလသီတင်းနှင့်လည်း ပြည့်စုံသည်။ အမျိုးလေးပါးကိုလည်း သနားကြင်နာစွာပြုသည်။ ပေးကမ်းစွန့်ကြဲခြင်းရှိသည်။ ရဟန်းသံဃာတို့အားလည်း အလှူအတန်းပြုသည်။

ထိုမင်း၏သားတော် အိမ်ရှေ့မင်းရဲဘော်သည်ကား မကောင်းမှုဒုစရိုက် အကျင့်ရှိသည်။ ရဟန်းသံဃာတို့အား ပုတ်ခတ်ဟီန္ဒပြုသည်။ ပြည်သူတို့အားလည်း အလွန်နှိပ်စက်သည် ဟူ၏။

ထိုအိမ်ရှေ့မင်းရဲဘော်သည် အခန့်မသင့်စိတ်ဖြစ်၍ ခမည်းတော်ခန့်ထားသော လက်ျာမြန်အမတ်သောကြယ်ကိုခေါ်လေ၍ သက္ကရာဇ် ၁၁၃၅–ခုတွင် သတ်ပစ်လေသည်။ အစ်ကိုဖြစ်သူ ထိုကဲ့သို့အသတ်ခံရသောအခါ ညီဖြစ်သူ ဓါးပိုင်ကြီးအမတ်သောက်ကြာ သည် မူလကပင် ကြီးစွယ်ရင်းရှိနေသောကြောင့် မြို့တော်မှထွက်လေပြီး မိမိလာဘ်ပေး စည်းရုံးစုဆည်းထားသော စစ်တွေကျွန်းနေ ကုလားတို့ကိုခေါ်ယူပြီး ဉီးရစ်တောင်တွင် တပ်ချစုရုံးထားလေသည်။ ဓါးပိုင်ကြီး သောက်ကြာသည် ဉီးရာဇ်တောင်မှ တိုက်စည် တိုက်မောင်းတီးလျှက် သောင်းကျန်းလေသည်။ ထိုသတင်းကို အဘယမဟာရာဇာမင်း ကြားသိတော်မူလျှင် တမန်တော်များစေလွှတ်၍ ကျေအေးစေရန် ဆောင်ရွက်တော်မူသည်။ မအောင်မြင်ဘဲရှိသည်။ သို့ကြောင့် ညီဖြစ်သူ ရမ်းဗြဲမြို့စားချစ်သူကိုခေါ်၍ ထပ်မံစေလွှတ် ရပြန်သည်။

ဓါးပိုင်ကြီးရှိရာ ရမ်းဗြဲစားချစ်သူရောက်ရှိသောအခါ ဓါးပိုင်ကြီးက ရွှေနန်းရှင် မင်းတရားကို မလုပ်ကြံပါ။ သားတော်အိမ်ရှေ့မင်း ရဲဘော်ကိုသာ လုပ်ကြံလိုခြင်းဖြစ်ပေ သည်ဟုဆို၍ နေလေသည်။

ဓါးပိုင်ကြီးသောက်ကြာသည် သက္ကရာဇ် ၁၁၃၅–ခု၊ တပို့တွဲလတွင် များစွာသော ရဲမက်အပေါင်းနှင့် ချီတက်လာခဲ့ပြီး၊ တိုက်ခိုက်လေသည်။ မြို့တော်နှင့် ထီးနန်းကို ရရှိလေသည်။ အဘယမဟာရာဇာမင်းသည် ဓါးပိုင်ကြီးသောက်ကြာ မထောက် မထားပြုသဖြင့် လွန်တော်မူလေသည်။

ဓါးပိုင်ကြီးသောက်ကြာသည် အဘယမဟာရာဇာမင်းကိုသတ်လေပြီး၊ ထို သက္ကရာဇ် ၁၁၃၅–ခု၊ တပို့တွဲလတွင် ပင်ပန်းသူဇာကိုမိဖုရားပြုပြီး နန်းတက်တော်မူပေ သည်။ စန္ဒသုမနရာဇာအမည်ကို ခံတော်မူသည်။

ထိုစန္ဒသုမနမင်းသည် အလွန်ဆိုးသွမ်းသော မင်းကြမ်းမင်းယုတ်ဖြစ်သည်။ အ ကျင့်မရှိ၊ အမျိုးမစောင့်၊ ပညာရှိကိုမသုံး၊ ရှေးပညာရှိ မူးကောင်းမတ်ကောင်းများကို ညှင်းပန်းနှိပ်စက်ပြုသည်။ အချို့ကို သတ်ပစ်သည်။ သို့ကြောင့် မူးမတ်ပညာရှိများ လွတ် ရာလွတ်ကြောင်း ထွက်ပြေးကြရသည်။ အများလူတို့သည်သည် ကံသာမြို့သို့ချည်း ရောက် ကြလေသည်။

စန္ဒသုမနမင်းသည် အမတ်ကြီးရွှေသဲကိုမူကား ရန်ငြိုးထားလေသည်။ အဘယ

မဟာရာဇာမင်းထံ မိမိအားအမတ်မခန့်သင့်ကြောင်းလျှောက်ထားသည့် တစ်ချက်။ စစ်တွေ အုန်းကျွန်းနေကုလားတို့ကို ဆုလာဘ်ပေးပြီး အင်အားပြုသည်ကို လျှောက်ထားသည် တစ်ချက်။ ဤအချက်တို့ဖြင့် အပြိုးရန်ထားပြီး အမတ်ကြီးရွှေသဲကို သတ်ပစ်လေသည်။

စာဆိုတော်ဦးပုညကို မြို့ဝန်ဦးသာအိုးသတ်ပစ်လေသောအခါ မင်းတုံးမင်းတရားကြီးမိန့်တော်မူသည့်အတိုင်း ‘‘လူကိုခွေးသတ်လေသည်’’ဟူ၍ပင် ပြောဘွယ်ရာဖြစ်လေသည်။

ပညာရှိအမတ်ကြီးရွှေသဲ သေလွန်သောအခါ မယားမိပန်းရုံနှင့် သားငယ် ကျော်စံ ကျန်ရစ်ခဲ့သည်။

## လျှောက်ထုံးအမှတ် (၇၁)

## စန္ဒဝိမလမင်းလက်ထက် နိမိတ်များအကြောင်း လျှောက်ထုံး

အထက်စန္ဒသုမနမင်းသည် တိုင်းပြည်အလုံး မခံချိအောင်အလွန်ပင်ဆိုးသွမ်းကြမ်းတမ်းလေသည်။ ထို့ကြောင့် မူးမတ်အမှုထမ်းများစွာတို့သည် ပြည်သူတို့နှင့် ပေါင်းဖက်ညီညွတ်ကြပြီး တော်လှန်ပုန်ကန်ကြသည်မှာ တိုင်းပြည်အနှံ့ အများအပြားပင်ဖြစ်လေသည်။ ထိုသို့တော်လှန်ပုန်ကန်ကြသည်ကို သမက်တော် လက်ဝဲမြန်အမတ် အနန္တသီရိကျော်ထင်ကို တိုက်ခိုက်ရှင်းလင်းစေသည်။ သက္ကရာဇ် ၁၁၃၉–ခု၊ ကဆုန်လတွင် ကံသာရေကျော်အရပ်သို့ လက်ဝဲမြန်အမတ်သည် သူပုန်ပြသူများကို တိုက်ခိုက်နှိမ်နှင်းရန် ရောက်လာလေသည်။

ထိုသတင်းကို စာဘတ်တတ်ဒိုးဝေတို့အုပ်စု ကြားသိလေ၍ လက်ဝဲမြန်တို့ကို လာရောက်တိုက်ခိုက်ကြလေသည်။ ဒိုးဝေတို့ဖက်မှ ထိုးလိုက်သောဝါးချွန်တစ်ခုသည် လက်ဝဲမြန်အမတ်ကို ထိပါးစူးချလေသည်။ အနာရလေသောကြောင့် မြို့တော်မြောက်ဦးသို့ ပြန်ပြေးလာသည်။ ရောက်၍ လေးရက်ကြာသောအခါ ဝါးချွန်စူးသောဒဏ်ရာဖြင့် လက်ဝဲမြန်သေဆုံးသည်။

စန္ဒသုမနမင်းသည် သမက်တော်လက်ဝဲမြန်သေဆုံးခဲ့လျှင် ရန်စစ်ကို နှိမ်နှင်းတိုက်ခိုက်ရန် အားထားရမည့်သူမရှိ ဖြစ်လေတော့သည်။ အမှုထမ်းအများတို့လည်း မိမိကိုမလို ဆန့်ကျင်ကြပြီး၊ ပြည်သူတို့နှင့်ပူပေါင်း၍သာ ခြားနားပုန်ကန်များလာသည်။ ထို့ကြောင့် စန္ဒသုမနမင်းသည် အလွန်ကြောက်လန့်မှုဖြစ်ကာ သက္ကရာဇ် ၁၁၃၉–ခု၊ ကဆုန်လဆုတ် နှစ်ရက်နေ့တွင် နန်းမှဆင်း၍ ပြေးလေတော့သည်။

စန္ဒသုမနမင်းနန်းမှ ဆင်းပြေးကြောင်းကို စာဘတ်တတ်ဒိုးဝေ၊ ကွမ်းပုံစားသာမ၊ တုံးကျော်ဝေတို့ ကြားသိလေလျှင် အချင်းချင်း ညှိနှိုင်းညီညွတ်ကြလေပြီး၊ ကိုယ်ရံတော် အမတ်ပိုးရွှေကို မိဖုရားဒါဖြူနှင့် သက္ကရာဇ် ၁၁၃၉–ခု၊ ကဆုန်လဆုတ်သုံးရက်နေ့တွင် နန်းတင်ကြလေသည်။ စန္ဒဝိမလရာဇာဟူသော အမည်ကို ခံတော်မူသည်။ နန်းမှဆင်းပြေးသောစန္ဒဝိမလမင်းကို ပြည်သူတို့ ဖမ်း၍ပို့လာကြသည်။ ထိုမင်းကို ရဟန်းပြုပြီး၊ ရှစ်သောင်းကျောင်းတိုက်တွင် ထားလေသည်။ ထိုစန္ဒသုမနမင်းသည် ဘုန်းကြီးဝတ်ဖြင့် နေရသော်လည်း သေရမည်ကိုစိတ်မချဖြစ်လျက်ရှိသည်။ သို့ကြောင့် ဓါးပိုင်ကြီးဖြစ်နေသော စာဘတ်တတ်ဒိုးဝေအား သမီးတော်ယက်သဲ့မယ်ကို ပေးလေသည်။ ထိုအခါတွင် ကွမ်းပုံတောင်စားသာမနှင့် တုံးကျော်ဝေတို့သည်မ ကျေမနပ်ဖြစ်ကြသည်။ ငါတို့ကိုတော့ သမီးတော်မပေး၊ ဓါးပိုင်ကြီးစာဘတ်တတ်ဒိုးဝေကိုသာ ပေးရာသလောဟု ဒေါပွကြသည်။ ထို့ကြောင့်ကွမ်းပုံတောင်စားသာမနှင့် တုံးကျော်ဝေတို့သည် ရဟန်းပြုထား၍ တစ်ဆယ့်ငါးရက်မြောက်သောနေ့တွင် ကျောင်းကယူ၍ စန္ဒသုမနမင်းကို မင်းထွတ်ဆည်ဝတွင် သတ်ပစ်ကြလေသည်။ အလောင်းကောင်သည် ရေတက်ရေကျ မျောနေလေသည်။ သုံးရက်ကြာမှ ဘုရားပေါ်ဘုန်းတော်ကြီးက စန္ဒဝိမလမင်းအားမေတ္တာရပ်ခံပြီး၊ ပတိန်းကျွန်းတွင်သဂြိုဟ်လေသည်။

စန္ဒဝိမလမင်းသော်ကား၊ ရှေးမှူးကောင်းမတ်ဟောင်းများကိုစိစစ်၍ ပညာအရည်အချင်းအလိုက် တန်ရာပေး၍မြောက်မြှင့်ထားလေသည်။ ပညာရှိအမတ် မြို့သစ်စားရွှေသဲ၏မယား မိပန်းယံကို စားကျေးရိုးကျွန်းနှင့်စိန်တင်(စိုင်းတင်)ကို ပေးတော်မူပြီးမှ ရှေးမင်းတို့နည်း နန်းသူမိဖုရား၊ မောင်းမများကို ရှေးထုံးမှန်အောင်ပြသရမည် မိန့်တော်မူလျက်အပ်တော်မူသည်။

ထိုမင်းနန်းတက်၍ နှစ်ဆယ့်ရှစ်ရက်ရှိသောအခါ နန်းတော်မှာ ဖွတ်တက်လာသည်။ ကျား မြို့တွင်းသို့ဝင်ပြီး မြူးခုန်ပြေးလွှားပြသည်။ အသံပြင်းစွာ ဟုန်မြည်သည်။ ပြီးမှ တောသို့ပြန်ထွက်သွားလေသည်။ နွေကာလဖြစ်လျက် မိုးကြီးရွာ၍ နန်းတော်ထောင့်စွန်းကို မိုးကြိုးပစ်သည်။ ယင်းသို့ထူးခြားသော အကြောင်းများဖြင့် အတိတ်နိမိတ်များဖြစ်လာသည်ကို ပြည့်ရှင်မင်းက မြို့သစ်စားမယား မိပန်းယံကို အမိန့်တော်ရှိသည်ကား–

''မြို့သစ်စားလည်း ပညာရှိအမတ်မျိုး ရှေးရိုးသာကီဝင် မင်းဆက်အရှည် မင်းတိုင်ပင်ခံ ပညာရှိအမတ်ခံလျက် ဆက်ကာလာခဲ့သူ။ သားမြေးစဉ်ဆက် ပြတ်သည်မရှိခဲ့။ သုမနသည် ဇာဂမရှိ ပြည်တန်သောပတ္တမြားကိုစပါးတစ်ခွက်နှင့် ရောင်းသောသူနှင့်တူသည်။ ဆိုးကောင်းမသိ ပြုခဲ့လေသည်။ မြို့သစ်စားကဲ့သို့ အသိအမြင်တူသောသူ မှူးမတ်

မရှိပြီ။ ယခုဖြစ်သော နိမိတ်အကြောင်းကို ရဟန်း၊ ပုဏ္ဏားစသော မျိုးမတ်တို့ လျှောက်ခဲ့ကြသော်လည်း ငါအယုံမရှိ။ မြို့သစ်စားမယားလည်း ပညာရှိနှင့် ပေါင်းဖက်ခဲ့သူဖြစ်သည်။ မြို့သစ်စားမသေမီ တိုင်းပြည်အကြောင်းအရာများကို မည်သို့ပြောဆိုဘူးသည်။ မှတ်သားသိသမျှ လျှောက်ရမည်" အမိန့်တော်ရှိလေသည်။ ထိုအခါ မြို့သစ်စားမယား မိပန်းယံ စကားပလ္လင်ခံသည်ကား ပညာရှိနှင့်ပေါင်းဖက်မိသည့်ကျေးဇူးဖြင့် မင်းတိုင်ပင်ခံရကြောင်း ထုံးဟောင်းရှိပါသည်။ ဤသို့ပြီး ဆက်လက်လျှောက်ထားလေသော လျှောက်ထုံးသော်ကား–

အရှင်မင်းမြတ်။ အမတ်မြို့သစ်စားပြောဆိုသော စကားမှတ်သားမိသည်မှာ ဓါတ်ကိန်းခန်းအလို မြောက်ဦးမြို့ကို သက္ကရာဇ်ကောဇာ ခုနှစ်ရာ့ကိုးဆယ့် နှစ်ခုတွင် မင်းစောမွန် နံတော်ကြာသပတေးသား တည်တော်မူသောအခါ၊ တြင်းအလို စာဟောင်းဆိုသည်မှာ မြောက်ဦးမြို့ဟူသောအရာသည် ရှေးကမျောက်နှင့်ဒေါင်းမ အိမ်ထောင်ဖက်ပေါင်း၍ ဤမြို့ရာ၌နေကြလေသော် ဒေါင်းဥကိုမျောက်ယူ၍ ဘုရားရှင်သို့လှူကြောင်း စာဟောင်းအရ၊ မျောက်မှာယာယီ၊ ဒေါင်းမူလကြာသပတေးသား အစပြုလေသည်။ စနေသားလက်ထက်မှ မြို့တန်ခိုးပေါ်သည်။ မြို့ခြာတိုင်စိုက်သောတွင်းက ကြွက်ဖြူ တစ်ဆယ့်ကိုးကောင်ထွက်လေရာ ဆယ်ကောင်ကြွက်ကို ကျီးချီယူသည့်အလို မင်းဆယ်ဆက်ကုလားပိုင်လေရာသည်။ ဤမြို့တွင်လည်း သာကီနွယ်ဝင်ဆယ့်ခြောက်ဆက်သာ ဖြစ်လေရာသည်။

မြို့တည်တြင်း၌ မျောက်၊ ဒေါင်း၊ ကြွက်၊ ပုစွန်၊ ကျီးကန်း၊ ဖါး၊ တောက်တဲ့၊ ကြောင် ထိုနိမိတ်ရှစ်ရပ်ကို ဂြိုဟ်သက်ထား၍ မြို့တော်စန်းလက်နှောမှု နှစ်ခုစွန်းသည်ကိုဓါတ်ကိန်းပြလျက် မြောက်လေသော် သုံးရာ့သုံးဆယ့်သုံးခု မြို့သက်ထွက်ပါသည်။ မြို့တည်ကောဇာ ခုနှစ်ရာ့ကိုးဆယ့်နှစ်ခုတွင်လောင်းသော် သက္ကရာဇ် တစ်ထောင့်တစ်ရာနှစ်ဆယ့်ငါးခုတွင်သာ ဤမြို့၌ မင်းဆက်ရှိသည်။ တစ်ထောင့်တစ်ရာနှစ်ဆယ့်ငါးခုတွင် မြို့ပြောင်းကိန်းရောက်သော်လည်း မင်းနှင့်အမတ်တို့ ကိုယ်ကျင့်သာမူလဖြစ်ကြောင်း အဘယမဟာရာဇာမင်းကြီးကို လျှောက်သောထုံး၊ ပိဋကတ်ဖေဒင် လောကုတ္တရာ၊ လောကီမှုများကို ပြသခဲ့ပါသည်။

ဖွတ်တက်၊ မိုးကြိုးပစ်၊ ပျားစွဲ၊ ငှက်နား၊ တောသားမြို့ဝင်စသော "မှတ်လောရှင်လူ၊ ခပ်သိမ်းသူတို့၊ စွဲယူသင့်ကြောင်း၊ နိမိတ်ပေါင်းကို၊ သူဟောင်းစကား၊ တောသားသတ္တဝါ၊ မြို့ရွာသို့ရောက်၊ လန့်ကြောက်၍သာ၊ ပြေးလာခဲ့မူ၊ ပြစ္ဆာမရှိ၊ မိမိအလျှောက်၊ ဝင်ရောက်မြူးခုန်၊ ပြတုံသောထွေ၊ နေလာပေက၊ မြို့နေအကြီး၊ အပြီးစိုးနှောင်း၊ ခန္ဓာပြောင်းလိမ့်၊ အကြောင်းအမှာ၊ သတ္တဝါပင်၊ ပြင်းစွာအသံ၊ မြည်တုံပြန်က၊ မချွတ်မြို့ရွာ၊

ပျက်တတ်စွာတည့်၊ မြွေဖါးဖွတ်မျောက်၊ အိမ်သို့ရောက်သော်၊ နောက်ကိုမနေ၊ စွန့်ပစ် ပေရှင့်၊ လင်းမြွေငန်းကျား၊ တက်လာမှားအံ့၊ အလားသင့်ဝင်၊ အိမ်ရှင်နှမ်းရိ၊ ရှိသူမှန်စေ၊ ဖျားရေကဲ့သို့၊ တက်ဖို့စီးပွား၊ ချမ်းသာများလိမ့်၊ ကြီးမားဂုဏ်ရှင်၊ ဖြစ်ခဲ့လျှင်လည်း၊ ကုန်စင်နိမ့်ကျ၊ ပျက်ရမချွတ်၊ အမှတ်ရှေးလာ၊ စာကျီးဆက်ရက်၊ သုံးရပ်ငှက်မ၊ နားသမျှမှာ၊ ယတြာပေ၊ ပြုလေခေါင်းဆေး၊ အရေးသင့်လှ၊ ထိုမှတစ်ခြား၊ တည်ပျားအိမ်တွင်၊ ဝင်၍ ခေတ္တ၊ နိမိတ်ပြသော်၊ ကြေမွထွားညက်၊ အသက်ကိုမျှ၊ အရကြိုးလေ၊ အနေသင့်စွ၊ ကာလအရှည်၊ အုံနှင့်တည်၍၊ ပျံသည့်အခါ၊ အရသာတွေ့၊ သူ့အရေကို၊ ယူလေဆောင်ငြား ထိုပျားသွားရာ၊ ယတြာဖြင့်၊ နံ့သာမွှေးပြောင်း၊ ဖယောင်းဆီမီး၊ သစ်သီးပန်းမျိုး၊ ရေပြည့်အိုးတွင်၊ မညှိုးသပြေ၊ မြေဇာစကား၊ စိုက်ထားစေလျှင်း၊ သဲကိုခင်းလျက်၊ နေ့ချင်းတွင်ပင် လင်နှင့်မယား၊ နှစ်ပါးစုံစွာ၊ ခေါင်းဆေးရာ၏။ ရသာစုံပေ၊ ထိုပျားရေကို၊ အနေမပျက်၊ ထားလျက်ပျံသော်၊ ကောင်းချီးကျော်၍၊ လိုတော်ရှိကုန်၊ ပြီးပြည့်စုံရှင့်၊ လူ့ဘုံထင်ရှား၊ အကျိုးများလိမ့်၊ မှတ်သားစွဲသုံး၊ ရှေးထုံးကဝိ၊ ပညာရှိတို့၊ အသိလိမ္မာ၊ အက္ခရာစည်း၊ ကမ္ဗည်း အတွက်၊ မိုးကြိုးစက်လည်း၊ လူ့ထက်တွင်သာ၊ ကျပြန်လာမူ၊ ထိုသူကိုယ်၌၊ မခိုက်မထိ၊ ပကတိလျှင်၊ ရှိသည်ဖြစ်သော်၊ တန်ခိုးကျော်၍၊ ထင်ပေါ်စရိုး၊ ဘုန်းတံခိုးကြီး၊ ပုတီးကျောင်း သိမ်၊ အချိန်သင့်ချင်၊ သစ်ပင်တောတောင်၊ တောက်လောင်ပစ်ချိုး၊ နန်ဆိုးမိစ္ဆာ၊ ခိုဝင်ရာသည်၊ အိမ်မှာကျလတ်၊ ဥပါဒ်အပြေ၊ အနေစွန့်ပစ်၊ အိမ်သစ်ဆောက်မှ၊ ချမ်းသာရသည်။ လောကမှတ်သုံး၊ ရှေးကျင့်ထုံး”

ထိုသို့ ရှေးပညာရှိမယား လောကီထုံးဟောင်းနှင့်လျှောက်လေသော် စန္ဒဝိမလမင်းသည် အလွန်ကြိုက်တော်မူ၍ မိပန်းယံကို၊ သီရိမလ္လာဟူသောအမည်ကို ပေးအပ်တော်မူလေသည်။

## လျှောက်ထုံးအမှတ် (၇၂)

## စန္ဒဝိမလမင်းလက်ထက် စနည်းသုံးရပ်အကြောင်း လျှောက်ထုံး

ထိုစန္ဒဝိမလမင်းနန်းတက်ပြီး၍ မကြာမြင့်မီကာလ၊ တောင်စဉ်သားတို့ချီလာကြောင်းကြားသိရလေသည်။ စနည်းနာစေရာ စံကားတောင်တံခါးဝတွင် မိန်းမတစ်ယောက်က ''အိမ်တွင်မွေးထားသည့်ကြွက် သောင်ခေါင်းကကောင်းသည်နှင့်၊ ကြောင်ဆိုးလာလျှင် သေမည်စိုးလှသည်။ ကျောင်းသို့ပို့ထားရမည်။ ထို့နောက် ဒုတိယစနည်းသော်ကား ပတ်ကျိနှစ်ကောင် အိမ်မိုးခေါင်သို့ တက်လာရာ၊ ဥဖျိုင်းအဖျားနား၍ အိမ်မိုးပျက်သည်။ ထို့နောက်တတိယစနည်း ဈေးချောင်းနားတွင် လူတစ်ယောက်ဆိုနေသည်ကား ''ကြွက်စားသည့်ခွေးကြောင့် အိမ်ပုတ်သည်။ မြို့လာလျှင် ပေးလိုက်ရမည်'' ယင်းသို့စနည်းသုံးရပ် တြင်းအလိုကို ဓါးပိုင်ကြီးအမတ်တို့ လျှောက်လေသောထုံးမှုကား–

အရှင်မင်းမြတ်။ ပထမစနည်းမှာ–အိမ်ဟူသည်ကား–ဤမြောက်ဦးမြို့တော်၊ ကြွက်ဟူမှုကား အရှင်မင်းမြတ်နံတော်၊ ကြောင်ဆိုးလာလျှင်သေမည် စိုးလှသည်မှာ–ယခုလာသော တောင်စဉ်သားတို့သည် ကြောင်သူခိုးနှင့်တူပါသည်။ အရှင်မင်းမြတ် စစ်ပြိုင်၍ နိုင်မည့်အကြောင်းမဟုတ်။ ကျောင်းသို့သွား၍ ရဟန်းပြုတော်မူရမည်ဟု ဆိုလိုသည်။

ဒုတိယစနည်းအရသော်ကား ပတ်ကျိနှစ်ကောင် အိမ်မိုးခေါင်သို့တက်သည်ဆိုသည်မှာ ကမ်းယံဘလဲမျိုးတို့သည် ပတ်ကျိကိုစားသည့်လူမျိုး၊ ဤမြို့တော်မှာ ကမ်းယံဘလဲမျိုး ပက်ကျိစားနှစ်ဆက်မင်းဖြစ်မည်ဟု ဆိုသည်။ ဖျိုင်းနား၍ အိမ်မိုးပျက်သည်ကား–ဖျိုင်းနံသည် မြန်မာကိုလည်းရပါသည်။ ရေးဓာတ်ကိန်းထားခဲ့သော မြောက်ဦး နတ်

သမီးသိုက်အဆိုမှုလည်း–ကုလားအဖိ၊ ပျူကအီ၊ မချိမြန်မာ ဘေးမလွတ်ရာကိုခို။ သဟာသ ပေါ်၊ ရာကျော်စတု၊ ဆပသျှူတွင် မြောက်ဦးမြို့ကြီး သမထီး၊ ဒိုင်းကျိဘုရားပေါ် လှေမ ရှား စည်ကား၊ တံတားခင်းလိမ့်မည်၊ ထီးစည်အရှိ၊ ဝါလလိ၊ ကောင်ဋ္ဌအဌ၊ သဟာသ၊ ဆသို့ရောက်ခါ၊ တရုတ်ကမိုး၊ ပျူကပြိုး၊ ပဲခူးအထောင်၊ ရှမ်းကမျှောင်၊ တစ်ထောင်ကု လား၊ မီးပွားစစ်ကြီးဖြစ်လိမ့်မည်။ ယင်းသောအခါ၊ မရမာတို့ ချမ်းသာစေကြောင်း မရိပ် ချောင်းသို့ခိုဆိုသော သိုက်လည်းရှိပါသည်။

တတိယစနည်းအလို ကြွက်စားသည့်ခွေးကြောင့် အိမ်ပုတ်သည်၊ မြို့လာလျှင် ပေး လိုက်မည်၊ အလိုသော်ကား–အရှင်မင်းမြတ်ကိုဖျက်ဆီးရန် ယခုလာသူသည် တနင်္လာသား ဖြစ်ပါသည်။ အရှင်မင်းလည်း ပျက်ပါမည်။ ထိုသူတို့လည်း မြို့လာမည်ဟူသောစကားအရ၊ မြို့နံ့သည် ပျူကိုရသည်။ ပျူတို့ကို ဖျက်ဆီးခေါ်ယူလေရာသောအကြောင်းဟု ဆိုလိုသည်။

တစ်ကြောင်းတုံလည်း အရှင်မင်းမြတ်မင်းတို့ အထွတ်အထိပ်ရောက်သောအခါ၌ ထိုမင်းသည် နန်းသက်မည်မျှနေရအံ့သောအကြောင်းကို နိမိတ် တြင်း ထင်မြင်မြဲ၊ ရှေး ပညာရှိတို့ ဆိုခဲ့သောထုံးဟောင်းနှင့်အညီ အရှင်မင်းမြတ် နန်းသိမ်းတက်တော်မူသော အခါ ကျွန်တော်နလုံးသွင်း၍ကြည့်သော် ကျွန်တော်ယပ်ချ၍ထားရာအောက်၌ ကြွက်တစ် ကောင်ဝင်လာသည်။ ထို့နောက် ကြိုးကြာငှက်မြည်သံ ကြားပါသည်။ ထို့နောက် နန်း တက်မီးပေါက်ဖောက်ရာ နှစ်ချက်အသံထွက်၍ ထို့ပြင်ဖောက်သော မီးပေါက်မှာ ရှုပ် သည်။ ယင်းသို့နိမိတ်အလို ယပ်အောက်ကိုကြွက်ဝင်သည်မှာ ကြွက်သော်ကား–အရှင် မင်းနံတော်။ ယပ်မှာ လေးခုရပါသည်။ နန်းသက်လေးရက်၊ ထိုကလွန်သော် ရက်ပေါင်း လေးဆယ်၊ ထိုကလွန်သော်လေးနှစ်၊ ဤသုံးချက် အလွန်ပြီး ယပ်သည်ရဟန်းနံ၊ အရှင် မင်းမြတ်လည်း ရဟန်းပြုတော်မူရအံ့ ယူပါသည်။ ထို့နောက် ကြိုးကြာငှက်အသံ ကြား ပြန်သည်မှာ နောက်တနင်္လာသားမင်းဖြစ်အံ့ယူပါသည်။ မီးပေါက်နှစ်ချက်သာ အသံထွက် သည့်အလိုသော်ကား ဤမြို့တော်တွင် နောက်ကိုမင်းနှစ်ဆက်သာရှိတော့သည်။

အရှင်မင်းမြတ်။ ရှေးပညာရှိရှေ့သဲဆိုခဲ့သော စကားဓါတ်ကိန်းခန်းကို မယား သီရိပလ္လာမိပန်းယံ တင်လျှောက်သောအကြောင်းလည်း စာဟောင်းထွက်မှန်ပါသည်။ ထို သို့ ဓါးပိုင်ကြီးတို့တင်လျှောက်လေသော် စန္ဒဝိမလမင်း အမိန့်တော်ရှိသည်ကား–''သတ္တဝါ တို့ ကပ်ဥပါဒ်အလျောက် ဆိုက်ရောက်လာသောအကြောင်း တောင်စဉ်သားဘလဲလည်း မင်းဖြစ်အံ့သော နိမိတ်တြင်းပြလာသည်။ ရှေးအကျိုးပေးရာ ကံကုသိုလ်မြောက် တစ် ယောက်ပေါ်မှ ရှိရင်းလူကလုံ့လဝီရိယထုတ်သော်လည်း ကံအကျိုးပေးကုန်ခြင်းကြောင့် ပျောက်ရသည်သာ ဓမ္မတာဖြစ်ချေသည်။ ပြည်သားပြည်သူ ပင်ပန်းသေကြေအောင်

ငါးစစ်မထိုးပြီ အမိန့်တော်ရှိပြီးမှနန်းတက်၍ အရက်လေးဆယ်ပြည့်လေသောနေ့တွင် ရဟန်းပြုတော်မူ၍ ရှစ်သောင်းသိမ်တွင် နေတော်မူသည်။

ထိုမင်းနောက် တောင်စဉ်ရမ်းမြသား ဖိုလ်မင်းအောင်စန်သည်၊ နန်းတက် မိဖုရားစိန်ခိုင်နှင့် သက္ကရာဇ် ၁၁၃၉–ခု၊ နယုန်လပြည့်ကျော် တစ်ဆယ့်သုံးရက်နေ့တွင် ထီးနန်းတက်၍မင်းပြုတော်မူသည်။ ဓမ္မရာဇ်ရာဇာအမည်ကိုခံသည်။ ထိုမင်းလွန်ပြီးနောက်–တူတော် လက်ဝဲမြန်သတိုးအောင်သည် မိဖုရားစောမယ်ပုံနှင့် သက္ကရာဇ် ၁၁၄၄–ခု၊ တန်ဆောင်မုန်း လပြည့်ကျော်တစ်ဆယ့်လေးရက်နေ့တွင် မဟာသမ္မတမင်းအမည်ဖြင့် ထီးနန်းစိုးစံတော်မူသည်။ သက္ကရာဇ် ၁၁၄၆–ခု၊ ပြာသိုလပြည့်ကျော်တစ်ဆယ့်ငါးရက်၊ လကွယ်နေ့တွင် ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်း ဥပရာဇာမင်းလက်သို့ ရောက်ရှိရလေသည်။ ရခိုင်ပြည်သည် ထိုအချိန်မှစ၍ ထီးနန်းမင်းဆက် ပြတ်လေသည်။

စန္ဒဝိမလမင်းနန်းတက်သောအခါ မီးပေါက်သေနတ်ပစ်ဖေါက်ရာ နှစ်ချက်သာ အသံထွက်ပြီး၊ နောက်ပစ်ဖေါက်သော မီးပေါက်သေနတ်များ အသံမထွက်ရှိခဲ့သည်ကို ဓါးပိုင်ကြီးအမတ်တို့က နောက်ကို ဤမြောက်ဦးမြို့တော်၌ မင်းနှစ်ဆက်စိုးစံရန်ရှိတော့ကြောင်း မင်းထံလျှောက်ထားခဲ့သည်မှာ မှန်လေတော့သည်။

**နန္ဒာထွန်း**

၂၈–၁၂–၉၇

# ကျမ်းကိုးစာရင်း


| | |
|---|---|
| ၁။ ဓညဝတီအရေးတော်ပုံ | အသျှင်ကဝိသာရမထေရ်၊ သံတွဲမြို့ နန်းမြင့်စာပေ၊ ၂၂၅–ပန်းဆိုးတန်း၊ရန်ကုန် |
| ၂။ မဟာပညာကျော်လျှောက်ထုံး | အသျှင်ကတိသာရမထေရ်၊ သံတွဲမြို့။ ဟံသာဝတီပုံနှိပ်တိုက်၊ အမှတ်(၅၃) နတ်မောက်လမ်းသွယ်၊ ရန်ကုန်မြို့။ |
| ၃။ ရခိုင်ရာဇဝင်သစ်ကျမ်း (ပထမအုပ်) | ဦးစန္ဒာမာလာမင်္ကာရ၊ ရမ်းဗြဲမြို့တောင် ကျောင်းဆရာတော်၊ ဟံသာဝတီပုံနှိပ်တိုက် မန္တလေး |
| ၄။ –ၚင်း–(ဒုတိယအုပ်) | –ၚင်း– |
| ၅။ ဓညဝတီရာဇဝင်သစ်ကျမ်း (ပထမတွဲ) | အထက်ကျောင်းတော်ဆရာတော် ဦးဉာဏ ရသေ့တောင်မြို့။ |
| ၆။ င/မည်ရာဇဝင် | ပေမူမှတဆင့်ကူးလျက် ရေးမူ တက္ကသိုလ်များစာကြည့်တိုက်၊ ရန်ကုန် |
| ၇။ မင်းရာဇာကြီးအရေးတော်ပုံ | –ၚင်း– |
| ၈။ မဟာရာဇဝင်တော်ကြီး | ဦးသာထွန်းအောင် ရခိုင်ပြည်သတင်းစာပုံနှိပ်တိုက်၊ စစ်တွေ |
| ၉။ ဝိမလလျှောက်ထုံးများ | ပေမူ၊ စာရေးသူထံတွင်ရှိ |
| ၁၀။ ဦးဦးသာထွန်း၏ မှတ်စုများ | လက်ရေးမူ |
| ၁၁။ ဖားပြုတ်ကေရာဇဝင် | ပေမူ၊ ဦးပညာစာရ၊ |
| ၁၂။ င/စည်ရာဇဝင် | မဟာမုနိဗုဒ္ဓဝိဟာရကျောင်း၊ စစ်တွေ |
| ၁၃။ ရခိုင်ကျမ်းနတ်ဓမ္မသတ် | ဦးပညာစာရ၊ မဟာမုနိဗုဒ္ဓဝိဟာရ၊ စစ်တွေ၊ အမျိုးသားစာကြည့်တိုက်၊ ရန်ကုန် |
| ၁၄။ သစ္စနိဒါန်းကျမ်း | ပေမူ၊ အမျိုးသားစာကြည့်တိုက်၊ ရန်ကုန် |
| ၁၅။ ဦးဒိုးဝေရာဇဝင် | ပေမူ၊ မြို့မကျောင်းတိုက်၊ တောင်ကုတ် |
| ၁၆။ မောင်ပုံရာဇဝင် | ပေမူ |
| ၁၇။ ကျောက်ရိုးရာဇဝင် | လက်ရေးမူ၊ စာရေးသူထံရှိ |